www.burmeseclassic.com



www.burmeseclassic.com

နိုင်ငံတော်ချစ်ကြည်ရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းပေါ်ပေါက်လာရေး
- ပြဋ္ဌာန်းပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

F I B

ဆုပြည့်စုံထွန်းစာပေ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၁၂၆၁၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၀၃၇၀၀၃၀၈

❖

ပုံနှိပ်ခြင်း

ပထမအကြိမ် ▸ (၂၀၀၈၊ ဧပြီလ)
အုပ်ရေ ▸ (၅၀၀)

❖

မျက်နှာဖုံး ▸ နီပိုဦး
ကွန်ပျူတာစာစီ ▸ *Quality*
အတွင်းဖလင် ▸ *Quality*

❖

နော်ဆဲနေမူး(ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊
အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

❖

ထုတ်ဝေသူ

မခင်မာရွှေ၊ (၀၃၉၀၅) (မြ)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး ▸ ၂၀၀၀ – ကျပ်

ဤဝတ္ထုအား
၁၉၅၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်ကာလများကို
အခြေခံ၍ ရေးဖွဲ့ထားပါသည်။
ဇာတ်လမ်းတွင်ပါဝင်သည့်
နောက်ခံရှုခင်းနှင့် အဖြစ်အပျက်များမှာ
ထိုခေတ်ကာလမှ အခြေအနေများသာ ဖြစ်ပါသည်။

ဆောင်းလုလင်

www.burmeseclassic.com

www.burmeseclassic.com

မိုးတွေ သည်းထန်စွာ ရွာသည့်တစ်နေ့တွင် သူမ ရောက်လာခဲ့သည်။

မနှင်းဖြူ ရောက်လာသည့်အကြောင်းကို တစ်ရွာလုံးက သင်္ဘောထားမိနေကြသည်။ ဤရွာမှာ ဧည့်သည်အရောက်အပေါက် နည်းသောနေရာဖြစ်၍လည်း ရွာသူရွာသားများက မနှင်းဖြူ ရောက်လာခြင်းကို အမှတ်ထင်ထင်ရှိနေရခြင်းဖြစ်သည်။

ထို့ပြင် ဒေသခံလူများနှင့် ပုံစံခြားနားနေပါသော မနှင်းဖြူဆိုသည့် သူငယ်မသားအမိ ရောက်လာပုံမှာလည်း ထူးခြားနေသည် မဟုတ်ပါလား။

ထိုနေ့က **ခင်စမ်း** နှင့်သူ့အမေ ဒေါ်မြတို့ မြို့ကို သွားကြသည်။ အောင်လံမြို့နှင့် ရွာမှာ အတော်အလှမ်းဝေးသည်မို့ နေ့စဉ် ကားမရှိပါချေ။ ခေတ်ကာလအလျောက် တစ်ပတ်မှ နှစ်ကြိမ်သုံးကြိမ်ခန့်သာ မြို့နှင့် အဆက်အသွယ်ရပေသည်။ ခုလို မိုးသည်းထန်စွာ ရွာသောကာလမျိုးဆိုပါက တစ်ပတ်တစ်ကြိမ်ပင် ကားက အနိုင်နိုင် ရောက်လေသည်။

အောင်လံမှာ ဆွေမျိုးများအလှူရှိ၍ ခင်စမ်းတို့ မြို့ကို လာခဲ့ကြခြင်းဖြစ်သည်။

အောင်လံမှကားမထွက်မီ မိုးက တဖွဲဖွဲသာ ကျသေးသည်။ တာလပတ်ကြီးနှင့် အလုံအုပ်မိုးထားသော လော်ရီကားကြီးအတွင်းမှာ လူက အပြည့်အသိပ်။ ခင်စမ်းသည် ခေါင်းကို တဘက်ကလေးနှင့်ပတ်ကာ ကားထောင့်တွင် ကျုံ့ကျုံ့လေး ထိုင်နေသည်။ ရသည့်နေရာလေးကို ကျပ်ကျပ်တည်းတည်း ထိုင်ရင်း အပြင်ဘက်ကို ငေးမောနေမိသည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အမျိုးသမီးတစ်ဦးသည် လက်တစ်ဖက်က ကလေးငယ်ကို ပိုက်၊ တစ်ဖက်က သံသေတ္တာတစ်လုံးကို မနိုင်မနင်းသယ်ကာ ကားရှိရာသို့ လာနေသည်ကို ခင်စမ်း တွေ့ရပါ၏။

ကားနားအရောက်တွင် မောပန်းသွားဟန်ဖြင့် သံသေတ္တာကို မြေပေါ်သို့ ခပ်ဆတ်ဆတ် ချလိုက်သည်။ သူမလက်ထဲက ကလေးကတော့ စူးစူးဝါးဝါး ငိုနေ၏။ သူမမှာရော ကလေးမှာပါ မိုးရေများ ရွဲစိုနေသည်။

"ဒီကားက ဘယ်ကိုသွားမှာလဲဟင်"

"သုဗလကို သွားမှာ"

အနီးဆုံးဖြစ်သည့် ခင်စမ်းကပင် သူမအမေးကို ပြန်ဖြေလိုက်ပါ၏။

"ရှင် သုဗလဆိုတာ ရွာလား"

"ဟုတ်တယ် . . . သမ္ဘူလရွာလေ။ ရှင် မကြားဖူးဘူးလား"

ခင်စမ်းက သမ္ဘူလဆိုသည့်အမည်ကို ဒေသခေါ်သည့် အသံအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

"နေရာရှိသေးလား။ ကျွန်မလည်း လိုက်မယ်"

သူမက ပြောပြောဆိုဆို သေတ္တာကို ကားပေါ်တင်လိုက်သည်။ ခင်စမ်းကပင် ဆီးယူကာ သူမကိုလည်း လက်တစ်ဖက်ကမ်းပေးရင်း ကားပေါ် ဆွဲတင်လိုက်ရ၏။

ကားက စက်နှိုး၍ ထွက်စပြုပေပြီ။

သူမက သေတ္တာပေါ်မှာပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ကလေးက အငိုမတိတ်သေးချေ။

သူမက ကလေးကိုချော့ရင်း ခေါင်းတွင်ပတ်ထားသည့် ပဝါလေးကို ဖြုတ်ချလိုက်သည့်အခါ နဖူးတည့်တည့်မှ မှဲ့နက်ကြီးတစ်လုံးမှာ ထင်းခနဲ ပေါ်လာရလေ၏။

ခင်စမ်းနှင့်တကွ ကားတစ်စီးလုံးရှိ တောသူတောင်သားများမှာ ထူးခြားသည့် သူမကို တအံ့တဩ ငေးကြည့်နေကြလေသည်။

ကလေးအငိုတိတ်သွားသည့်အခါ သူမနှင့် ခင်စမ်း စကားပြောဖြစ်ကြသည်။

သူမအမည်မှာ မနှင်းဖြူဟု သူ့ကိုယ်သူ မိတ်ဆက်၏။





အသားညိုညို၊ ထောင်ထောင်မောင်းမောင်းနှင့်မို့ မနှင်းဖြူ ဆိုသည့် အမည်နှင့်တော့ မလိုက်ဖက်ချေ။

မိုးက သည်းထန်လာပေပြီ။

ကားသည် နှေးသွား၏။

မိုးကြောင့် ပတ်ဝန်းကျင်ကလည်း မှောင်လာသည်။

ရွှံ့နွံများကြားတွင် ရုန်းကန်သွားနေရခြင်းကြောင့် ကားက ယိုင်ထိုးနေပြန်သည်။

မနှင်းဖြူက ကြမ်းတမ်းသည့်ခရီးကို မှုပုံမပေါ်ဘဲ သူမ အကြောင်းများကိုသာ ပြောပြလာခဲ့သည်။

"ကျွန်မက မုဆိုးမပါ။ လင်ယောကျ်ားကလည်း မရှိတော့ ကိုယ့်ဟာ ကိုယ်ပဲ လုပ်ကိုင်စားရတယ်လေ။ ကျွန်မအလုပ်ကတော့ ရွာကလေးတွေ လှည့်ပြီး ဈေးရောင်းတာပါပဲ၊ မိတ်ကပ်၊ ပေါင်ဒါနဲ့ အဝတ်အထည်လေးတွေ ရောင်းပါတယ်။ ခုလည်း ညီမတို့ရွာကို အထည်ရောင်းဖို့ လိုက်လာတာ"

မနှင်းဖြူ ပြောပြသည့်အကြောင်းများကို တစ်ကားလုံးလည်း ကြားလိုက်ကြရသည်။ အားလုံးက ကရုဏာသက်သွားကြ၏။

ကားက တောထဲ တစ်စတစ်စ ဝင်လာ၍ ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ မနှင်းဖြူက သူ့ကလေးကို တဘက်တစ်ထည်နှင့်ထွေးပိုက်ကာ "သမီးလေးလေ" ဟု ခင်စမ်းဘက် လှည့်၍ပြောလိုက်၏။

ခင်စမ်းက "ကျွန်မ ခဏပေးထားပါလား" ဆိုကာ ကလေးကို တစ်လှည့် ယူချီလိုက်သည်။ သမီးလေးက ချစ်စရာလေး။

မိုးခြိမ်းသံနှင့်အတူ လျှပ်စီးတစ်ချက် လက်လိုက်သောကြောင့် တောလမ်းခရီးမှ သစ်ပင်များ ယိမ်းထိုးလှုပ်ရှားနေပုံကို မြင်လိုက်ရသည်။ ကားနောက်မှာ မိုးပက်လာ၍ လူများအတွင်းသို့ စွတ်တိုးလာကြသည်။ နေရာက ပိုကျပ်ညပ်သွားလေ၏။

"ကားကလည်း ကျပ်လိုက်တာတော်။ နှေးလိုက်တာလည်း မပြောပါနဲ့တော့"

အဘွားကြီးတစ်ဦးက ညည်းညူလိုက်သည်။

"ဒီက ညီမတို့ရွာမှာ ထမင်းဆိုင်ရှိတယ်နော်"

မနှင်းဖြူက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်ရှိမှာလဲ မိန်းကလေးရယ်''

ခင်စမ်းအမေဒေါ်မြကြ ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

''ဟောတော့ ဒုက္ခပါပဲ။ ကျွန်မက ဆိုင်မှာပဲ ထမင်းဝယ်စားပြီး ညအိပ်ခွင့်တောင်းမလို့။ ဒီလိုဆို . . . ''

''မိန်းမရွယ်တစ်ယောက်တည်းနဲ့ကွယ်။ ကလေးကတစ်ဖက်နဲ့ ဒီလိုသာ သွားနေရင်းဖြင့် ကြောက်စရာ''

''ဒီလိုပဲ လုပ်ကိုင်စားနေရတာ အမေရဲ့''

''ကဲ . . . သုဗလ ရောက်ရင် ငါတို့ အိမ်မှာပဲနေ။ ငါတို့ကလည်း သားအမိနှစ်ယောက်တည်း။ မိန်းမတွေချည်းနေတာ''

''ဟုတ်သားပဲ အစ်မရဲ့''

''အားနာစရာတော့ ကောင်းနေပြီ''

''ဘယ်အားနာနေမလဲ။ ဂလိုင်ပဲ ကူညီရမယ့်ဟာ''

''ဟုတ်သပေါ့ . . . သူငယ်မ။ ညည်း အခြတို့ အိမ်တည်းတာ အကောင်းဆုံးပဲ''

အဘိုးကြီးတစ်ယောက်က ဝင်၍တိုက်တွန်းလိုက်ပြန်၏။

မနှင်းဖြူကို ကားပေါ်မှလူအားလုံးက သနားစရာမိန်းကလေးဟု မှတ်ယူကြသည်။ ယခုမှ တွေ့ဖူးသူပင်ဖြစ်သော်လည်း ရှိုးသားသူများပီပီ အနည်းငယ်မျှပင် သံသယမဝင်ကြချေ။

ခင်စမ်းကလည်း ဤအစ်မ သူတို့အိမ်လိုက်တည်းမည်ဆို၍ ဝမ်းသာသွားရသည်။ မနှင်းဖြူ၏သမီးလေးကိုလည်း ခင်စမ်းက ချစ်နေပါလေပြီ။

သို့ဖြင့် မနှင်းဖြူသည် ခင်စမ်းတို့အိမ်သို့ မိုးသည်းသည့်တစ်နေ့တွင် ရောက်လာခဲ့ခြင်း ဖြစ်သည်။

မနှင်းဖြူသည် ခင်စမ်းတို့သားအမိဘဝအား တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားအောင် ဖန်တီးမည့်သူဟူ၍ကား မည်သူမျှ မသိခဲ့ကြချေ။

၀



ယခင်ကဆိုတော့ ခင်စမ်းတို့ရွာကို မိတ်ကပ်၊ ပေါင်ဒါ၊ လက်သည်းဆိုးဆေးမှအစ ထမီ၊ မုဆိုး၊ ပဝါအဆုံး တန်ဖိုးနည်းပစ္စည်းလေးများကို ထန်းခေါက်ဖာနှစ်လုံးတွင်ထည့်ကာ ရှေ့တစ်လုံးနောက်တစ်လုံး ဆိုင်းကြိုးနှင့်ဆိုင်း၍ ထမ်းရောင်းသော နယ်လှည့်ဈေးသည်များသာ ရောက်လာတတ်သည်။ ခင်စမ်းတို့က ထိုဈေးသည်များကို အထမ်းသည်ဟု ခေါ်၏။

မနှင်းဖြူကတော့ အထမ်းသည်များနှင့်စာလျှင် အတော်ပင် အဆင့်မြင့်သောဈေးသည်ပါပေ။ မနှင်းဖြူပစ္စည်းများက အထမ်းသည်များထက် ပိုကောင်းပုံရသည်။ အရောင်စုံသည်၊ အဆင်အသွေးစုံသည်။ တောကြိုက်အရောင်တောက်တောက်ပပများမို့ ဈေးဝယ်သူများနှင့် ခင်စမ်းတို့ အိမ်ကလေး ပြည့်သွားပါ၏။

''အမယ်လေးလေး . . . ဒီအတိုင်းဆို ကျုပ်အိမ်ပြိုမယ်။ လာကြပါတော်။ ဟိုမန်ကျည်းပင်အောက်က ကွပ်ပျစ်ကလေးမှာ အေးအေးဆေးဆေး ဝယ်ကြပါ''

ဒေါ်မြက ဈေးဝယ်သူများကို အပြင်သို့ နေရာရွှေ့ရန် ပြောယူရသည်။

မနှင်းဖြူပစ္စည်းများထည့်ထားသော သံသေတ္တာကြီးကို ဝိုင်းမ,ရင်း အိမ်ရှေ့ကွပ်ပျစ်ပေါ် နေရာပြောင်းကြရ၏။

ဈေးဝယ်သူများကလည်း ပစ္စည်းဝယ်ချင်လွန်းလို့ချည်း မဟုတ်။ စိတ်ဝင်စားစရာနည်းပါးသော တောလေ့ထုံးစံအတိုင်း အိမ်ခြေ ၇၀ ခန့်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသော ရွာကလေးမှာ မနှင်းဖြူသည် အထူးအဆန်းသဖွယ် ဖြစ်နေသည့်မို့ အကြောင်းရှာ၍ လာကြည့်ကြသူများလည်း ပါသည်။

မည်သို့ပင်ဆိုစေ မနှင်းဖြူ၏ပစ္စည်းများမှာ နှစ်ရက်အတွင်း ကုန်သွားလေ၏။

ခင်စမ်းမှာ မနှင်းဖြူရောက်လာကတည်းက ပျော်နေသည်။ ကောက်စိုက်အငှားပင် မလိုက်တော့။ တစ်နေ့... တစ်နေ့ မနှင်းဖြူကို ဈေးကူရောင်း၊ ကလေးထိန်းပေးနှင့် အချိန်ကုန်နေလေ၏။

မနှင်းဖြူကလည်း ထမင်းဖိုးဆိုကာ တစ်နေ့သုံးကျပ်နှင့် ခင်စမ်းဖို့ ထမီအနီရဲရဲလေးတစ်ထည်၊ ဒေါ်မြဖို့ မွေးပွတဘက်ကြီးတစ်ထည် လက်ဆောင်ပေးထားရာ ကောဇူးတင်လို့ မဆုံးတော့ပေ။

မိုးကောင်းနေသဖြင့် မြို့မှ ကားရောက်မလာ။ မနှင်းဖြူ သမ္မုလရွာမှာ သောင်တင်နေသည်မှာ သုံးရက်ပင် ရှိသွားပြီ။

ဤသုံးရက်အတွင်းမှာပင် မနှင်းဖြူနှင့်ခင်စမ်းတို့ သားအမိ ရင်းနှီးလာသည်။ သံယောဇဉ် တွယ်လာသည်။

''မမရယ်... နောက်တစ်ခေါက်လည်း ခင်စမ်းတို့ရွာကို လာခဲ့ပါဦးနော်''

''ညီမရယ် ... မမက အခုတောင် ပြန်ချင်တော့တာ မဟုတ်ဘူးကွယ့်''

''ဂလိုဆိုလည်း ငါတို့နဲ့ပဲ လုပ်ကိုင်စားနေပါလားအေ''

ဒေါ်မြက ပြောင်းဖူးပက်ဆေးလိပ်ကြီးကို အားရပါးရ ဖွာနေရင်းမှ ဝင်ပြောလိုက်သည်။

''ပြောသာ ပြောတာပါအေ။ ညည်းတို့လို မြို့ကြီးသူတွေက တို့တောမှာ ပျော်မှာ မဟုတ်ပါဘူး''

''ဩော်... အရီးမြရယ်၊ လူဆိုတာ ပျော်ရာမှာမနေရဘူး၊ တော်ရာမှာသာ နေရတာ မဟုတ်လား။ ကျွန်မ အရီးတို့နဲ့ အတူနေချင်ပေမဲ့ နေလို့ မဖြစ်သေးပါဘူးရှင်။ ကျွန်မရဲ့ ဘဝပေးအခြေအနေကိုက ... ''

မနှင်းဖြူ စကားပြောရင်း အသံလေးများ တိမ်ဝင်သွားလေသည်။

''လူဆိုတာ ကိုယ်ချစ်တဲ့လူတွေနဲ့လည်း အတူနေချင်မှနေရတယ်။ ကိုယ်ပျော်ရာအရပ်မှာလည်း နေချင်မှနေရတာပါ။ ကျွန်မလေ အရီးမြတို့၊





ညီမလေးခင်စမ်းတို့ရဲ့ ဆင်းရဲပေမဲ့ အေးချမ်းတဲ့ဘဝလေးကို အားကျမိပါတယ်။ ကျွန်မမှာတော့ ... ''

စကားပြောရင်း ငိုရှိုက်သံလေးပါ ရိုက်ခတ်လာသည်မို့ ခင်စမ်းတို့သားအမိ အံ့အားသင့်သွားသည်။ ဒီအစ်မမှာ စိတ်ညစ်ညူးစရာအကြောင်း တစ်စုံတစ်ရာ ရှိနေပြီဆိုတာ ခင်စမ်း ရိပ်မိလိုက်သည်။

''စိတ်မကောင်းစရာ အကြောင်းတွေနဲ့များ ကြုံခဲ့ရလို့လား ပိန်းကလေးရယ်''

''ကမ္ဘာပေါ်မှာရှိသမျှ စိတ်ဆင်းရဲစရာအဖြစ်ဆိုးတွေဟာ ကျွန်မ တစ်ယောက်တည်းမှာ စုပြီးဖြစ်နေသလားလို့တောင် ထင်မိပါတယ် အရီးရယ်''

''ဘာတွေများဖြစ်ခဲ့လို့လဲကွယ်''

''မပြောပါရစေနဲ့အရီး။ အဟောင်းဟွေ အသစ်ဖြစ်မှာ စိုးလို့ပါ''

မနှင်းဖြူက ပြောရင်း မျက်ရည်များကျလာသည်။

ခင်စမ်း မကြည့်ရက်တော့။ မနှင်းဖြူ ငိုနေသည်ကို ခင်စမ်း မကြည့်ရက်တော့ပါ၍ ...

''စိတ်မကောင်းမဖြစ်ပါနဲ့ မမရယ်။ ခင်စမ်းက ဒီသမီးလေးကို ချစ်လွန်းလို့ ခင်စမ်းတို့နဲ့ အတူနေပါလို့ ပြောမိတာပါ''

''အေး ... မမလည်း ဒါကိုပဲ စဉ်းစားနေတာပါကွယ်။ မမရဲ့သမီးလေးကို ညီမတို့နဲ့ပဲ ထားခဲ့ရရင် ကောင်းမလားလို့''

''ရှင် ... ''

မနှင်းဖြူထံမှ မမျှော်လင့်သောစကားကြောင့် ခင်စမ်းတို့သားအမိ အံ့ဩရပြန်သည်။

''ဟုတ်တယ်။ မမလေ... နေရာတော်တော်များများကို ရောက်ခဲ့ပါပြီ။ ဟောဒီ သမီးလေးအတွက် အကောင်းဆုံးနေရာ သမီးလေးကို မေတ္တာငွေ့ ကောင်းကောင်းပေးနိုင်မယ့် အသိုင်းအဝိုင်းကို ရှာလို့ မတွေ့နိုင်ခဲ့ပါဘူးကွယ်။ ဒီရွာကိုရောက်လာမှ၊ ညီမတို့သားအမိနဲ့တွေ့မှ အရီးတို့ ညီမတို့ စေတနာကို မြင်လာရတဲ့အပြင် မိန်းမသားနှစ်ယောက်တည်း ဖြစ်တဲ့ အရီးတို့ သားအမိဟာ သမီးလေးအတွက် အကောင်းဆုံးအုပ်ထိန်းသူတွေ ဖြစ်လာနိုင်မလားလို့''



www.burmeseclassic.com

www.burmeseclassic.com



''နေပါဦး မနှင်းဖြူရဲ့။ ကိုယ့်သားသမီးကို ဘာလို့ သူများပေးပစ်ဖို့ စိတ်ကူးတယ်ဆိုတာ ပြောပြစမ်းပါဦး''

ဒေါ်မြကြ မေးလိုက်သည်။

''တကယ်တော့ ကျွန်မဟာ ဒီလိုရွာစဉ်လှည့်ဈေးရောင်းရလောက်အောင် ချို့ငဲ့သူ မဟုတ်ပါဘူး။ ကျွန်မမိဘတွေဟာ မြစ်ဝကျွန်းပေါ်ဘက်မှာ အတော်ကို ချမ်းသာတဲ့သူဌေးကြီးတွေပါ။ ဒီသမီးလေးဟာ ကျွန်မမိဘတွေ သဘောမတူတဲ့ ကျွန်မချစ်သူနဲ့ ရခဲ့တဲ့ကလေးပါ။ ကျွန်မချစ်သူဟာ ကျွန်မနဲ့ တစ်နှစ်လောက်ပဲ ပေါင်းခဲ့ရပြီး သေဆုံးသွားခဲ့ရပါတယ်''

''အို . . . ''

''ကျွန်မမိဘတွေဆီပြန်တော့ ဖေဖေက ဒီကလေးပါရင် အိမ်မှာ လက်မခံနိုင်ဘူး။ ဒီကလေးကို အပြီးအပိုင်စွန့်ပစ်ခဲ့မှသာ ကျွန်မကို ပြန်လက်ခံနိုင်မယ်တဲ့။ ပြီးတော့ သူတို့ပေးစားတဲ့ ယောကျ်ားကိုယူရမယ်တဲ့''

''ဟောတော်''

''ကျွန်မသမီးလေးကို ကျွန်မ သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ ရှေ့ရေးကို စဉ်းစားကြည့်တော့လည်း သမီးလေးနဲ့ မခွဲမခွာ အတူတူနေမယ်ဆိုရင် ကလေးရော၊ ကျွန်မပါ ဒုက္ခမျိုးစုံကြားမှာ အတော်ကြီးရုန်းကန်နေရမယ်။ ကျွန်မလည်း လူသားတစ်ယောက်ပဲ၊ ပြီးတော့ ငယ်စဉ်ကတည်းက လိုလေသေးမရှိအောင် နေလာခဲ့သူမို့ ချမ်းသာပြည့်စုံတဲ့ဘဝကို မက်မောနေမိဆဲပါပဲ''

''ဒါပေါ့လေ''

မနှင်းဖြူက စကားကိုရပ်လိုက်သည်၊ ခင်စမ်း ရင်ခွင်တွင် အိပ်ပျော်နေသော သမီးလေးကို ညင်သာစွာ ပြန်ယူလိုက်ရင်း . . .

''ကျွန်မ အိမ်ကိုပြန်ချင်တယ်။ ကျွန်မမိဘတွေ ဆုံးပါးသွားတဲ့အချိန်မှာဖြစ်စေ၊ အိမ်မှာ ကျွန်မ အာဏာတည်လာတဲ့အထိ အရေးပါလာတဲ့ အချိန်မှာဖြစ်စေ အဲဒီလိုအခါမျိုးကျမှ ကျွန်မ သမီးလေးကို ပြန်ခေါ်ရင် အဆင်ပြေမလားလို့ . . .

''ကျွန်မ နေရာအနှံ့မှာ သမီးလေးအတွက် မွေးစားသူကို ရှာဖွေခဲ့ပါတယ်၊ စိတ်ကြိုက်မတွေ့ခဲ့ဘူး။ အရီးနဲ့ညီမလေးကို တွေ့တော့ အရီးတို့ဟာ ဆင်းရဲပေမဲ့ ရိုးသားတယ်၊ တစ်ဖက်သားအပေါ်မှာ စေတနာထားတတ်တယ်၊ ခင်စမ်းကလည်း သမီးလေးကို သိပ်ချစ်ပြီး သံယောဇဉ်တွယ်နေတာ တွေ့ရ





တော့ သမီးအတွက် မိခင်ကောင်းကို တွေ့ပြီလို့ထင်မိပါတယ်။ တကယ်လို့ များ သမီးလေးကို အရီးတို့က လက်ခံမယ်ဆိုရင်လေ အခုလောလောဆယ် ကျွန်မမှာပါလာတဲ့ ငွေသုံးထောင်နဲ့အတူ အပ်ခဲ့ပါရစေလို့''

''သုံးထောင် . . . အမယ်လေး . . . သုံးထောင်''

ငွေသုံးထောင်ဟု ကြားလိုက်ရသည်ကိုပင် ဒေါ်မြကြ သူ့ရင်ဘတ်သူ ဖိရင်း အထူးအဆန်းအလား အံ့သြနေပါတော့၏။

အမှန်တကယ်လည်း သုံးထောင်ဆိုသော ငွေပမာဏသည် သူ့ကို့အတွက်တော့ အံ့သြစရာ၊ လိုချင်စရာ၊ မက်မောလောက်ဖွယ်ရာ မဟုတ်ပါလား။

သူတို့သားအမိ ကောက်စိုက်အငှားလိုက်သည်မှာ တစ်ရက်ကို တစ်ကျပ်ရသည်။ ဆန်တစ်တင်းလျှင် ၁၂ ကျပ်။ ရွှေတစ်ကျပ်သားကို ၁၅၀ ကျပ် ပေါက်ဈေးရှိသော ဤလိုခေတ်မျိုးဝယ် သုံးထောင်ဆိုသောငွေမှာ မက်မောလောက်စရာ ငွေအလုံးအခဲကြီးပင် ဖြစ်ပါတော့သတည်း။

၀

www.burmeseclassic.com

www.burmeseclassic.com

ခင်စမ်းတို့တဲလေးမှာ လူစည်ရပြန်ပြီ။

ခေါင်းရင်းဘုရားစင်ရှေ့တွင်တော့ ရွာဦးကျောင်းဘုန်းကြီးက ခန့်ခန့်ထည်ထည်ကြီး ထိုင်နေ၏။

ရွာသူကြီးနှင့် ရွာမှလူကြီးသူမအချို့ကလည်း ဘုန်းကြီးဘေးတွင် ဝိုင်းထိုင်နေကြသည်။ သူတို့အားလုံး၏အကြည့်များသည် ဤရွာကို ထူးဆန်းစွာ ရောက်လာသည့် မနှင်းဖြူထံတွင်သာ ဝဲလျက်ရှိကြ၏။

သမီးလေးကို ထွေးပွေ့ရင်း ခပ်ယို့ယို့ ထိုင်နေရှာသည့် မနှင်းဖြူတွင် မျက်ရည်များဝဲလျက်ရှိသည်။

''ကလေးကိုမထားခဲ့ဘဲ မိဘတွေနဲ့ အဆင်ပြေအောင် ကြိုးစားကြည့်ပါလားကွယ်''

သူကြီးက ဆိုသည်။

''မဖြစ်ပါဘူး ရှင်။ ကျွန်မအဖေရဲ့စိတ်ကို ကျွန်မ သိတာပေါ့။ ကျွန်မ အကြိမ်ကြိမ် စဉ်းစားပြီးမှ ဒီဆုံးဖြတ်ချက်ကိုချတာပါ။ နောက်ပြီး သမီးလေးကို တစ်သက်လုံး စွန့်ပစ်ထားခဲ့ဖို့ ရည်ရွယ်တာ မဟုတ်ပါဘူး။ ကျွန်မ အဆင်ပြေတဲ့ တစ်နေ့ကျ ပြန်ခေါ်မယ်လို့ စဉ်းစားပြီးသားပါ။ တကယ်လို့များ သမီးနဲ့ ပြန်လည်ဆက်သွယ်ခွင့်မရခဲ့ဘဲ ကျွန်မများ ကွယ်လွန်သွားမယ်ဆိုရင်တော့ . . . ''

မနှင်းဖြူက စကားကို ရပ်လိုက်သည်။

ဘေးရှိ လက်ဆွဲအိတ်ကလေးကို ကောက်ယူလိုက်ပြီး . . .





''ကျွန်မသမီးလေး အသက် ၁၈ နှစ်ပြည့်တဲ့နေ့အထိ ကျွန်မဘက်က ဆက်သွယ်မလာခဲ့ဘူးဆိုရင် ကျွန်မ လူ့လောကမှာ မရှိတော့ဘူးလို့သာ မှတ်လိုက်ပါ။ ကျွန်မသမီးလေးကိုလည်း ချမ်းမြေ့ရိပ်မြုံ သုခဘုံ လို့ခေါ်တဲ့ ကျောင်းကုန်းမြို့က အဘိုးအဘွားတွေရဲ့အိမ်ကို ပို့ပေးလိုက်ပါရှင်။ ဟောဒီမှာ ကျွန်မတို့ရဲ့ ကျောင်းကုန်းမြို့အိမ်ရဲ့ လိပ်စာအပြည့်အစုံ . . . ။

''ဒါက မြစ်ကမ်းပါးမှာရှိတဲ့ ကျွန်မတို့ရဲ့ ချမ်းမြေ့ရိပ်မြုံ သုခဘုံ ဆိုတဲ့ အိမ်ကြီးပါ။ အဲဒီအိမ်ကြီးမှာ ကျွန်မတို့ ညီအစ်မနှစ်ယောက် ရှိပါတယ်။ ကျွန်မအစ်မ မနှင်းသူကတော့ ရိုးရိုးအေးအေးမို့ မိဘအလိုကျပဲ နေနေပါတယ်။ အစ်မ မနှင်းသူကိုတော့ သမီးလေးနဲ့ပတ်သက်သမျှတွေ အကုန်လုံး ဖွင့်ပြောတိုင်ပင် ထားပါ့မယ်။ အဲ. . . ကကယ်လို့ သမီးလေး ၁၈ နှစ်ပြည့်တဲ့အထိ ကျွန်မဘက်က ဆက်သွယ်မလာခဲ့ရင်သာ''

''မနေပါဦးကွယ့်. . . မင်းရဲ့သမီးလေးကို ပြန်ခေါ်တဲ့အချိန်မှာ မင်း မိဘတွေက သဘောမတူဘူးဆိုရင်ကော''

''အဲဒီအချိန်မှာ သူတို့တစ်တွေ ရှိချင်မှရှိတော့မှာပါ။ ရှိဦးမယ်ဆိုရင်လည်း ကျွန်မကို ခွင့်လွှတ်နိုင်တဲ့အချိန်မျိုး ရောက်နေလောက်ပြီလို့ ယုံကြည်ပါတယ်''

မနှင်းဖြူက စကားကိုခေတ္တရပ်ရင်း လက်ဆွဲအိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူနေပါသည်။ သူမလက်ထဲတွင် ဘူးလေးတစ်ခုပါလာ၏။

''ကျွန်မ အဓိကမှာချင်တာကတော့ သမီးလေးအတွက် အခု ပေးခဲ့မယ့် ပစ္စည်းလေးအတွက်ပါပဲ''

လူအားလုံးက ဘူးလေးထဲမှ ထွက်လာမည့်ပစ္စည်းအပေါ် အာရုံရောက်သွားကြပြန်သည်။

မနှင်းဖြူက ကတ္တီပါဘူးအပြာလေး၏ အဖုံးကို ညင်သာစွာ ဖွင့်လိုက်သည်တွင်တော့ . . .

''ဟယ်''

''လှလိုက်တာ''

''တော်တော်အဖိုးတန်မယ့် ဘယက်ကြီးပဲ''

''ဟုတ်ပဟယ်''

လူအားလုံးထံမှ အာမေဍိတ်သံများ ထွက်ပေါ်လာလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



မနှင်းဖြူ လက်ထဲမှာပါလာသည့် ဘယက်ကြီးမှာ တဖိတ်ဖိတ် အလက်သက် တောက်ပနေပါတော့၏။

"ဒါဟာ နဝရတ်ကိုးသွယ်လို့ခေါ်တဲ့ အဖိုးတန် ကျောက်ကိုးမျိုးနဲ့ စီခြယ်ထားတဲ့ ဘယက်ကြီးပါပဲ"

"အံ့သြလောက်အောင် လှတာပဲ။ မှန်းစမ်းဟဲ့ . . . ကိုင်ကြည့်ရအောင်"

သိက္ခာရှင်ဘုန်းကြီးပင် ဟန်မဆောင်နိုင်တော့ဘဲ မနှင်းဖြူ လက်ထဲက ဘယက်ကြီးကို တောင်းယူကြည့်နေပါတော့၏။

"အလို . . . တောင်းလိုက်တဲ့ဟာကြီးကွယ်၊ လက်ရာလည်း မြောက်ပါပေ့"

ဒေါ်မြမှာ ဘယက်ကြီးကိုကြည့်ရင်း မျက်လုံးများ တလက်လက် အရောင်တောက်လာ၏။ ဒါမျိုး တစ်ခါမှ မမြင်ဖူးဘူး။ ဘယ်လောက်များ တန်ဖိုးရှိမယ့်ဟာကြီးပါလိမ့်၊

"ကျွန်မဖေဖေ အင်္ဂလန်သွားတုန်းက လုပ်ခဲ့တဲ့ ဘယက်ကြီးပေါ့။ ဒီလိုဘယက်မျိုးနှစ်ခုပဲ ရှိပါတယ်။ တစ်ခုက ကျွန်မအစ်မ မနှင်းသူဆီမှာပါ။ ဘယက်ခွက်အလယ်က လူဦးခေါင်းပုံကတော့ ကျွန်မဖေဖေ ဦးသုခ ရဲ့ပုံပါပဲ"

"အေးလကွယ့်၊ ဘယက်ခွက်မှာ လူခေါင်းကြီးပါလာ၊ အဲဒါ ညည်း အဖေ"

အားလုံးက ဘယက်ကြီးကို စိတ်ဝင်စားစွာ စိုက်ကြည့်နေကြသည်။ ကိုယ်တိုင် ကိုင်တွယ်ကြည့်ချင်စိတ်များ ပေါ်နေကြ၏။

"သမီးလေး ၁၈ နှစ်ပြည့်လို့ ကျွန်မတို့ဆီ ရောက်လာတဲ့အခါ ဒီဘယက်ဟာ အကောင်းဆုံး သက်သေခံပစ္စည်း ဖြစ်လာပါလိမ့်မယ်၊ တကယ်လို့ ကျွန်မများ အဲဒီအချိန်မှာမရှိတော့ဘူးဆိုရင် ဒီဘယက်ပါလာတာနဲ့ပဲ သမီးဟာ ချမ်းမြေ့ရိပ်မြုံသုခဘုံရဲ့ အဆက်အနွယ်ဆိုတာ သိသာနိုင်ပါလိမ့်မယ်။ ဒါကြောင့် ဘယက်ကို အသက်နဲ့အမျှ သိန်းသိမ်းစောင့်ရှောက်ထားပါလို့ မှာခဲ့ပါရစေ အရီးမြနဲ့ ညီမလေးတို့ရယ်"

မနှင်းဖြူက ဘယက်ကို ဒေါ်မြလက်သို့ ကမ်းပေးရင်းမှ အလေးအနက် ပြောရှာသည်။ ဒေါ်မြက ဘယက်ကို တုန်တုန်ယင်ယင်နှင့် လှမ်းယူရင်း "စိတ်ချပါဟယ်" ဟု ပြောလိုက်သည်။

အပြည့်စုံထွန်းစာပေ



မနှင်းဖြူက ခင်စမ်း ရင်ခွင်ထဲမှ သမီးလေးကို ခေါ်ယူလိုက်သည်။ သမီးလေးကို ငုံ့၍နမ်းရင်း ဝမ်းပန်းတနည်း ငိုချလိုက်ပါတော့၏။

"ဩော် . . . နောက်ပြီး ခင်စမ်းတို့ကို အလေးအနက်ထားပြီး မှာခဲ့ချင်ပါတယ်။ သမီးလေးကို စာသင်ဖြစ်အောင် သင်ပေးပါကွယ်။ ကျောင်းထားဖြစ်အောင်တော့ ထားပေးပါ ညီမရယ်"

"ဟုတ်ကဲ့"

"ဒါတော့ စိတ်ချပေါ့။ ကလေးမ အရွယ်သင့်လာတဲ့အခါကျ ဘုန်းကြီး ကိုယ်တိုင် ခေါ်သင်ပေးလိုက်ပမကွယ်"

ဘုန်းကြီးက ဝင်ပြောသည်။ အတန်းကျောင်းများ မရှိသေးသော ခေတ်မို့ စာသင်လိုပါက ဘုန်းကြီးကျောင်းကိုသာ အားကိုးရလေသည်။

မနှင်းဖြူက မျက်ရည်တစမ်းစမ်းနှင့် သက်၍ငိုရှိုက်နေရှာသည်။ မမေဒိုလေတော့ သမီးလေးကပါ ဘာမသိညာမသိ ရော၍ ငိုလေသည်။

"ဟဲ့ . . . ဒါထက် ကလေးနာမည်က ဘယ်လိုတဲ့တုံး"

အဘိုးကြီးတစ်ယောက်က သတိတရ မေးလိုက်သည်။

"သမီးလေးအတွက် ကျွန်မ စိတ်ကြိုက်မှည့်ထားတဲ့ နာမည်လေး ရှိပါတယ်"

မနှင်းဖြူက မျက်ရည်များကြားမှ အားယူရင်း . . .

"သမီးလေးအတွက် နာမည်ကတော့ ဖြူ–ဖွေး–ဖော့ ပါတဲ့ရှင်။ ဖြူဖွေးဖော့ လို့။ ကျွန်မသမီးလေးဟာ ဖြူဖွေးဖော့ ဆိုတဲ့နာမည်နဲ့ပဲ ကြီးပြင်းလာပါစေရှင်"

ကြားရသူအားလုံးက သမီးလေး၏ထူးခြားသော နာမည်လေးကို နှစ်မြို့က်သွားကြသည်။

အားလုံးသည် ဖြူဖွေးဖော့ဆိုသည့်နာမည်လေးကို စိတ်တွင်းမှ နှစ်မြို့က်စွာ ရေရွတ်ကြည့်နေမိကြ၏။

"ဖြူဖွေးဖော့ တဲ့"

"ဖြူဖွေးဖော့"

"ဖြူဖွေးဖော့"

○

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းနှစ်ဆယ် ကြာသောအခါ ...

-၁-

မိန်းကလေးက အတော်ကိုလှပါသည်။

ကိုသက်ဆွေသည် မိန်းမလှလေးတွေမြင်တိုင်း ငေးတတ်သည့် ယောကျ်ားတစ်ယောက်တော့ မဟုတ်ပါ။ ဒီမိန်းကလေးကတော့ ငေးကြည့်ချင်စရာကောင်းလောက်အောင်ကို လှလွန်းနေသည်မို့ ကိုသက်ဆွေ မပြတ်တမ်း ငေးမောကြည့်မိခဲ့သည်။

မိန်းကလေးကို ဟသာ်တဘူတာမှာကတည်းက ကိုသက်ဆွေ သတိထားမိခဲ့သည်။ သူမသည် ဘူတာထဲသို့ တစ်ယောက်တည်းပင် ဝင်လာခဲ့သည်။ ရထားလက်မှတ်ဝယ်သည်။

ရထားပေါ်တက်အလာတွင်တော့ ကိုသက်ဆွေရှေ့ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ အမှတ်မထင် လာထိုင်မိလျက်သား ဖြစ်နေပါ၏။ ရထားက အမြန်ရထားမဟုတ်သည်မို့ ထိုင်ခုံနံပါတ်မရှိ။ ကြုံရာခုံတွင် ထိုင်ရသည်။ မိမိ နှစ်သက်ရာခုံကို နေရာဦး၍ ထိုင်နိုင်လေသည်။

မိန်းကလေး သူ့ရှေ့ရောက်လာကတည်းက ကိုသက်ဆွေ ငေးကြည့်ချင်တိုင်း ကြည့်နေတော့သည်။

မိန်းကလေးကတော့ ပတ်ဝန်းကျင်ကို သတိထားမိပုံပင် မပေါ်။ ရထားထွက်ကတည်းက တစ်ယောက်တည်း တိတ်ဆိတ်စွာ တွေတွေငေးငေးလေး လိုက်ပါလာရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ရထားရှေ့နှ ခုတ်မောင်းရာဘက်သို့ မျက်နှာပြု ထိုင်နေခြင်း ဖြစ်သည့်အတွက် ပြတင်းပေါက်မှ ကျော်ဝင်လာသောလေများက မိန်းကလေးကို တို့ထိကျီစယ်လျက်ရှိသည်။ လေပြင်းပြင်းတစ်ချက် ဝှေ့လိုက်တိုင်း မိန်းကလေး၏ဆံပင်များသည် မျက်နှာပေါ် တစ်စွန်းတစ်စ အုပ်၍သွားတတ်၏။ ထိုအခါများတွင် မိန်းကလေးသည် စိတ်ညစ်ညူးဟန်ဖြင့် ဆံပင်များကို ဖယ်ရှားပစ်တတ်လေသည်။

ရထားက နေးကွေးစွာပင် ခပ်မှန်မှန် ခုတ်မောင်းနေ၏။

ဤဒေသသည် မိန်းကလေးအဖို့ အသစ်အဆန်း ဖြစ်နေသည်။ မြစ်ဝကျွန်းပေါ်ဒေသသို့ ယခင်က တစ်ကြိမ်မျှ မရောက်ဖူးခဲ့ပေ။ မိန်းကလေး နေထိုင်ခဲ့ရာ မြေလတ်ဒေသနှင့် ကွာခြားသောရှုခင်းများက ဒီတ်ငင်စားစရာ ပါပဲ။

သို့သော် မိန်းကလေးက ရှုခင်းသစ်များအပေါ်မှာ စိတ်ပျော်မွေ့ မနေနိုင်အား။ ယခုတိုင် သူမကို အနှောက်အယှက်ပေးနေသော အတွေးများက ခြောက်လှန့်လျက်ရှိသည်။

ဒေသစိမ်းမှ မျက်နှာစိမ်းများအလယ်သို့ သွားနေသော ဤခရီးက သူမအတွက် အဆင်မှပြေပါ့မလား။

မမျှော်လင့်သောဖြစ်ရပ်များသည် မိန်းကလေးဘဝတွင် ဖြစ်ခဲ့ရ၏။

''တကယ်တော့ အမေဟာ သမီးရဲ့အမေအရင်း မဟုတ်ဘူး'' ဆိုသော စကားကို အမေ့နှုတ်မှပြောခဲ့စဉ်က မိန်းကလေး မယုံကြည်နိုင်ခဲ့ပေ။ အံ့သြခဲ့ရသည်။ အမေသည် အလွန်တရာ မမာမကျန်းဖြစ်နေချိန်တွင် ကျိုးစယ် သည့်စကားမျိုးတော့ မပြောတန်ရာ။

အမေသည် ထိုအချိန်မှစ၍ အိပ်ရာထဲလဲခဲ့သည်မှာ သေသည် အထိပင်။

ဤလောကတွင် သူမအတွက် အချစ်ဆုံး၊ အားအထားရဆုံးမှာ အမေသာ ဖြစ်သည်။ ဖြူဖွေးဖော့အတွက် မေမေဒေါ်ခင်စမ်းသည်သာ အားကိုးရာ၊ ချစ်ခင်ရာ မဟုတ်ပါလား။

အမေ့ထံမှ ဒီလိုစကားမျိုးကြားရတော့ ဖြူဖွေးဖော့ မယုံကြည်နိုင် ပေ။ သူ့အပေါ်မှာ ချစ်မြတ်နိုးစွာ ဂရုတစိုက်နဲ့ စေတနာထား ပြုစုယုယခဲ့သော အမေသည် အမေအရင်းသာ ဖြစ်ရပေမည်။ မွေးစားအမေသည် မွေးစား





သမီးအပေါ် ဤမျှချစ်ခင် စေတနာထားယုယမည် မဟုတ်ဟု ဖြူဖွေးဖော့ ထင်သည်။

သို့သော် အဖြစ်မှန်များကတော့ ဖုံးကွယ်လို့မရခဲ့ချေ။

ဒေါ်ခင်စမ်းသည် အိပ်ရာပေါ်လဲနေသည့် ကာလတစ်လျှောက် ဖြူဖွေးဖော့အား နောက်ကြောင်းပြန်ပြခဲ့သည်။

လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ်နီးပါးခန့်က အောင်လံမြို့နယ်၊ သမ္ဘူလ ရွာသို့ မိုးသည်းထန်သည့် တစ်နေ့တွင် ရောက်လာခဲ့သည့် မနှင်းဖြူ အမည်ရှိ မိန်းမတစ်ယောက်၏ ဇာတ်ကြောင်း။

ပြီးတော့ မနှင်းဖြူပေးထားခဲ့သည့် သမီးလေး ဖြူဖွေးဖော့။

ဖြူဖွေးဖော့ မယုံချင်။

ဖြူဖွေးဖော့ လူမှန်းသိတတ်စကတည်းက ယုံမှတ်လာခဲ့သည်မှာ မေမေသည် ဒေါ်ခင်စမ်း၊ ဖေဖေသည် ဦးဘမောင်။

လွန်ခဲ့သည့်လေးနှစ်က သေဆုံးခဲ့ပြီးဖြစ်သော ဖေဖေဦးဘမောင် ကိုလည်း အဖေအရင်းဟု ယုံကြည်စွာချစ်ခဲ့ရသည်ပင်။ ဖေဖေ ဖြူဖွေးဖော့ကို ချစ်ပုံကလည်း အခြားဖခင်များထက်ပင် ပိုဦးမည်ပင်။

ဒီလိုမိဘများရဲ့ ကြီးမားသော မေတ္တာများကြောင့် မေမေ ပြောခဲ့ သော အကြောင်းများကို မယုံနိုင်ခဲ့ခြင်းဖြစ်သည်။

''မေမေဟာ သမီးကိုမွေးစားခဲ့တယ် ဆိုပေမဲ့ တကယ့်သမီးအရင်းနဲ့ မခြား ချစ်ခဲ့တယ်ဆိုတာတော့ ယုံပါကွယ်။ သမီးရဲ့ဖေဖေဟာလည်း သမီးကို မွေးစားခဲ့တယ်လို့တောင် သဘောမထားဘဲ သမီးအရင်းလေးလို ချစ်ခဲ့တာ သမီးအသိပဲ မဟုတ်လား''

ဖြူဖွေးဖော့အဖို့တော့ ဤစကားများသည် ခါးသီးလှပါသည်။

''ဟိုး... သမီးငယ်ငယ်က မေမေတို့ အောင်လံမြို့မှာ နေခဲ့တာကို သမီး မှတ်မိတယ်နော်''

''မှတ်မိပါတယ် မေမေ''

''သမီးရဲ့အမေအရင်း မနှင်းဖြူဟာ သမီးကို ငွေသုံးထောင်နဲ့အတူ အပ်ထားခဲ့ပြီးနောက်ပိုင်းမှာ မေမေ့တို့ဟာ သမ္ဘူလရွာကနေ အောင်လံမြို့ပေါ် ကို ပြောင်းခဲ့ကြတယ်။ အဲဒီတုန်းက သမီးရဲ့အသွားလည်း မသေသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဟောင်လံမြို့ကိုရောက်မှ သမီးမေမေ ကိုဘမောင်နဲ့ မေမေတို့ အကြောင်းပါ ကြတာ''

''ကိုဘမောင်ကရော၊ မေမေကပါ သမီးကိုခပ်းနဲ့ လွယ်မွေးရသလို ချစ်ခဲ့တယ်ဆိုတာ ယုံပါကွယ်။ ဒီအကြောင်းတွေကို မေမေ ပြန်မပြောချင်ပါဘူး၊ မဖြစ်သာလို့သာ ရင်နာနာနဲ့ပြောရတာ သမီး။ မေမေတို့ အောင်လံမြို့ကနေ ဒီမြို့ကို ပြောင်းလာတာ ဘာဖြစ်လို့လဲ သိလား။ သမီးလေးကို ချစ်လွန်းလို့ကွယ့်''

လက်ရှိ ဖြူဖွေးဖော့တို့ နေထိုင်နေသည့်မြို့ကလေးမှာ ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှ ကံမ မြို့ကလေး ဖြစ်ပါသည်။

''ကိုဘမောင်နဲ့မေမေတို့မှာ သားသမီး မရနိုင်ခဲ့ဘူး။ ဒီတော့ မွေးစားထားတဲ့ သမီးလေးကိုပဲ ချစ်ခဲ့ရတာပေါ့ကွယ်၊ သမီးလေးကို ချစ်လွန်းတော့ မေမေတို့ဟာ တစ်ချိန်ချိန်မှာ သမီးရဲ့အမေအရင်း မနှင်းဖြူလက်ထဲ ပြန်ထည့်လိုက်ရမှာ စိုးရိမ်လာတယ်။ သမီးကို အမေအရင်း လက်ထဲပြန်မပေးချင်တော့ဘူး။

''နောက်ပြီး အောင်လံမှာနေရတာက သမ္ဘုလနဲ့ အမြဲအဆက်အသွယ် ရှိနေတယ်ကွယ့်။ မနှင်းဖြူက တစ်ရွာသားရေမှာ သမီးကို အပ်ခဲ့တာ မဟုတ်လား။ ဒီတော့ သမီးဟာ မေမေတို့ရဲ့ သမီးအရင်း မဟုတ်ဘူးဆိုတာကို အဲဒီနယ်တစ်ဝိုက်က သိနေကြတာပေါ့။

''သမီးအရွယ်ရောက်လာတဲ့အခါ ဒီမိဘနှစ်ပါးဟာ အမေရင်း အဖေရင်း မဟုတ်ဘူးဆိုတာကို သမီးသိသွားမှာ ကြောက်လာခဲ့ကြတယ်။ သမီးလေး အချစ်လျော့သွားမှာကို စိုးရိမ်မိတာပေါ့ကွယ်။ ဒါနဲ့ပဲ သမီးရဲ့ အမေအရင်းက ပြန်ဆက်သွယ်ရင်လည်း မသိရအောင် မွေးစားမှန်းသိတဲ့ ပတ်ဝန်းကျင်ကလည်း ဝေးအောင်ဆိုပြီး ဟောဒီကံမမြို့ကို ပြောင်းလာခဲ့ကြတာပဲ သမီး''

တန်ခိုးသာရှိလျှင် ဤပြင်ရပ်များကို ဖြူပြင်ပစ်လိုက်ချင်သည်၊ ပြောင်းလဲပစ်လိုက်ချင်သည်၊ ဖြူဖွေးဖော့တစ်သက်မှာ ဒီအကြောင်းတွေ သိရတာထက် စိတ်ဆင်းရဲတာ မရှိတော့။

''ခုတော့ မဖြစ်တော့ဘူး။ သမီးကို သမီးရဲ့အမေအရင်းဆီ ပြန်ပို့မှ ဖြစ်တော့မယ်''





''အို... မသွားဘူး... မသွားဘူး''

''ဘယ်ဖြစ်မလဲသမီး။ မေမေ မရှိတဲ့နောက်ပိုင်းမှာ သမီး ဘယ်သူနဲ့နေမလဲ''

''အို... မေမေက ဘာလို့မရှိရမှာလဲ''

''မေမေ့ဟာမေမေ သိတာပေါ့ သမီးရယ်။ ရောဂါက ကျွမ်းလှပြီကော''

''ဟင့်အင်း... မေမေ မသေပါဘူး။ မသေပါဘူး''

''လောကမှာ ဖြစ်ချင်တိုင်း မပြစ်ရပါဘူးကွယ်။ နားထောင်စမ်း သမီး။ သမီးကို ဒီအကြောင်းတွေ ဖွင့်မပြောခင်ကတည်းက မေမေအားလုံး စီစဉ်ခဲ့ပြီးပြီ။ သမီးအမေ မနှင်းဖြူဆီကို မေမေ စာရေးဆက်သွယ်ခဲ့တယ်၊ သူပေးသွားတဲ့ လိပ်စာအတိုင်း သူ ရှိနေတုန်းပဲ''

''ဟင်... ''

ကိုယ့်ကိုမွေးထုတ်ခဲ့တဲ့ အမေအရင်းတစ်ယောက်ဟာ တစ်နေရာမှာ အကယ် ရှိနေသေးတယ်ဆိုတာ သိလိုက်ရတော့ ဖြူဖွေးဖော့ တုန်လှုပ်သွားသည်။

''သူ... သူ... ဘယ်မှာလဲဟင်''

''ဒီစာကိုဖတ်ကြည့် သမီး။ မနှင်းဖြူ ရေးလိုက်တဲ့စာတော့ မဟုတ်ဘူး။ မနှင်းဖြူရဲ့ ညွှန်ကြားချက်အရ သူ့ခင်ပွန်း ရေးလိုက်တဲ့စာ''

မေမေအိပ်ရာအောက်က ထုတ်ယူပေးတဲ့စာကို ဖြူဖွေးဖော့ အံ့သြတကြီး လှမ်းယူလိုက်သည်။ ဖွင့်ကြည့်လိုက်ရာ ရှေးဆန်သောလက်ရေးနှင့် စာတစ်စောင် ထွက်လာ၏။

*ဒေါ်ခင်စမ်း ခင်ဗျာ*

*ဒေါ်ခင်စမ်း ပေးပို့လိုက်သည့်စာကို ကောင်းမွန်စွာပင် လက်ခံရရှိပါသည်။*

*ကျွန်တော်သည် မနှင်းဖြူ၏ခင်ပွန်း ဘသော် ဖြစ်ပါသည်။ ဤစာကို မနှင်းဖြူဆန္ဒအရ သူမကိုယ်စား ကျွန်တော်ကပင် ရေးသား ပြန်ကြားလိုက်ပါသည်။*

*ဒေါ်ခင်စမ်းထံမှ ဆက်သွယ်လာလိမ့်မည်ဟု မနှင်းဖြူ တစ်*



www.burmeseclassic.com

www.burmeseclassic.com



ပယောက် လုံးဝ မမျှော်လင့်တော့ပါ။ အကြောင်းမှာ လွန်ခဲ့သည့် ပါးနှစ်လောက်က အောင်လံမြို့နယ်၊ သမ္ဗုလရွာသို့ စာရေးဆက်သွယ်ကြည့်ရာ ဒေါ်ခင်စမ်းတို့ ၎င်းရွာမှ ပြောင်းရွှေ့သွားသည်မှာ ကြာပြီဖြစ်ကြောင်း သိရပါသည်။

ထို့ကြောင့် သူမအော်သမီးလေးနှင့် ဖတ်သက်၍ သိပ်မျှော်လင့်ချက် မထားတော့ကြောင်း မနှင်းဖြူက ပြောမှုးပါသည်။

ဒေါ်ခင်စမ်းထံမှ စာကို ပြီးခဲ့သည့်အပတ်က ရမ္မသာ မနှင်းဖြူ တစ်ယောက် ဝမ်းသာအားရရှိနေပါ၏။ ဒေါ်ခင်စမ်းတို့ ကံမမြို့ ပြောင်းသွားကြောင်းကိုလည်း ထိုအခါမှ သိရပါသည်။

သမီးလေးဖြူဖွေးဖော့လည်း သက်ရှိထင်ရှား ကျန်းမာစွာ ရှိနေသည်ဆို၍ ဝမ်းသာနေပါသည်။ သမီးလေးမှာ ဆယ်တန်းစာမေးပွဲကိုပင် ဖြေဆိုလားပြီဆို၍ ဤအခြေအနေ ရောက်အောင် ပြုစုခဲ့သည့် ဒေါ်ခင်စမ်း၏ကျေးဇူးကိုကား စာဖြင့် ရေးပြရန်ပင် မထိုက်တော့ပါ။

ကျွန်တော်နှင့်မနှင်းဖြူလည်း လက်ထပ်ခဲ့ပြီးချိန်မှစ၍ သားသမီး တစ်ဦးမျှ မထွန်းကားခဲ့ပါ။ ဟိုယခင် မနှင်းဖြူ ဖြစ်ပျက်ခဲ့သမျှကိုလည်း သူမ ပြောပြထား၍ အားလုံးသိပြီးပါပြီ။ ကျွန်တော်အနေနှင့်လည်း ခွင့်လွှတ်ပါသည်။

ထို့ကြောင့် ကျွန်တော်လည်း သမီးလေးဖြူဖွေးဖော့ကို မမြင်ခင်ကပင် ချစ်နေမိပါပြီ။ သမီးတစ်ယောက် ရတော့မည်ဟူ၍ ဝမ်းသာပါသည်။ မနှင်းဖြူကား ပြောဖွယ်ရာ မရှိတော့ပါ။

သို့သော် သမီးလေး၏ဓာတ်ပုံလေးတစ်ပုံတော့ ဒေါ်ခင်စမ်း ထည့်ပေးလိုက်ဖို့ ကောင်းပါသည်။ သတိမေ့လျော့သွားသည်ဟုပဲ ထင်ပါသည်။ မနှင်းဖြူကတော့ တဖျစ်တောက်တောက် ပြောမဆုံးတော့။

ကျွန်တော်တို့နှစ်ဦးစလုံးလည်း သမီးလေးဖြူဖွေးဖော့ကို တွေ့ချင်လွန်း၍ လာလိုသော်လည်း ကျန်းမာရေး မကောင်းကြပါ။ အိမ်မှာလည်း လူခွဲမရှိပါ။ ဒေါ်ခင်စမ်း လာပို့နိုင်ပါက ပို့စေလိုပါသည်။

စာပြန်ရေးပါဦး။

လာမည်ဆိုပါက လမ်းစရိတ် တင်ပို့လိုက်ပါမည်။





သမီးလေးအား တွေ့ချင်လှပြီ ဖြစ်၍ အမြန်လာစေလိုပါသည်။

မနှင်းဖြူတစ်ယောက် မကျန်းမာပြီး အတန်အားနည်းနေပါ၍ ကိုယ်တိုင်စာမရေးနိုင်သည်ကို ခွင့်လွှတ်စေလိုပါသည်။

ဤမျှစာရလျှင် အကျိုးအကြောင်း စာပြန်ပါဦးခင်ဗျား။

ဒေါ်ခင်စမ်း၏မေတ္တာစေတနာအား လေးစားစွာဖြင့်

ဘသော်

ချမ်းမြေ့ရိပ်မြုံ သုခဘုံ

ကျောင်းကုန်းမြို့

ရောဝတီတိုင်း။

၀

www.burmeseclassic.com

www.burmeseclassic.com

မီးရထားက ပုန်ပုန်ခုတ်မောင်းနေသည်။

လယ်ကွင်းများကို ဖြတ်၍ တိုက်ခတ်လာသောလေက အေးမြနေ၏။ ဖြူဖွေးဖော့က အနွေးထည်လေးကို ရင်ဘတ်စေ့ကာ ကြယ်သီးတပ်ထားလိုက်သည်။ ရထားပြတင်းမှ အကျဉ့်မြင်နေရသော လယ်ကွင်းပြင်များက အပြန့်အပြောကျယ်လှပါသည်။ စပါးပင်တို့ဖြင့် စိမ်းလန်းစိုပြည်နေသည်။ လေထဲမှာ ယိမ်းနွဲ့နေကြသည်။

ခပ်လှမ်းလှမ်းက လယ်ကွက်ထဲမှာတော့ ကောက်စိုက်သမတစ်စု ခမောက်ကိုယ်စီဆောင်းကာ ကောက်စိုက်နေသည်ကို မြင်ရ၏။ ဒီရှုခင်းများကိုမြင်တော့ ထွေပြားနေသော ဖြူဖွေးဖော့စိတ်များ ပြန်လည်လန်းဆန်းလာသည်။

မီးရထားထဲမှာတော့ လူတွေက များပြားလှချေ၏။ ပြည့်ကျပ်နေသည်။ အလယ်လမ်းမ ကြမ်းပြင်ပေါ်တွင်ပင် ထိုင်နေသူအချို့ရှိသည်။ ထိုင်ခုံလက်တန်းများပေါ်မှာလည်း ကပ်ကပ်သပ်သပ် ထိုင်နေကြသေးသည်။ လမ်းပန်းဆက်သွယ်ရေး ခေါင်းပါးသော ဒေသဖြစ်ပုံရ၏။

ရထားသည် ဘူတာငယ်တစ်ခုမှာ ခေတ္တရပ်သည်။

ဘူတာအမည်ကို ဖတ်ကြည့်လိုက်တော့ 'နိုဗ္ဗာန်'တဲ့။

ဖြူဖွေးဖော့ ယာခုဦးတည်သွားနေသည်ကတော့ ကျောင်းကုန်းမြို့က ချမ်းမြေ့ရိပ်မြုံ သုခဘုံ ဆိုသည့်အိမ်ကြီးဆီသို့ ဖြစ်သည်။ ချမ်းမြေ့ရိပ်မြုံ သုခဘုံသည် အမည်နှင့်လိုက်စွာ ချမ်းသာသုခကို ပေးစွမ်းနိုင်ပါမည်လား။





မိခင်ရင်းဆိုသော မိခင်အသစ်ထံမှ ပေမေဒေါ်ခင်စမ်းထက် ပိုသော မေတ္တာကို ရနိုင်ပါမည်လား။

ဒီလိုဆိုတော့ တမလွန်ဘဝက ပေမေဒေါ်ခင်စမ်းကို ဖြူဖွေးဖော့ သတိရပြန်ပါသည်။ ဒေါ်ခင်စမ်းသည် မွေးစားအမေ ဆိုသော်လည်း ဖြူဖွေးဖော့အပေါ် ချစ်သည့်အချစ်ကတော့ တုန္ဓိုင်းရန်ပင် ခက်ခဲပါသည်။ အမေ အသေစောသည်။ အမေ့အသက် လေးဆယ်ကျော်ပဲ ရှိသေးသည်။ အမေသာ မသေခဲ့လျှင် ဖြူဖွေးဖော့ ဤခရီးကို လာစရာမလိုပါ။

ဖြူဖွေးဖော့ ဆယ်တန်းအောင်တာကိုတော့ မေမေ သိသွားရှာသည်။ မေမေမဆုံးခင်မှာပင် အောင်စာရင်းတွေ ထွက်ခဲ့၏။ မေမေ အရမ်းဝမ်းသာရှာသည်။

"အဲဒါကြောင့် ပြောတာပေါ့။ သမီးအမေအရင်းဆီ ပြန်ပါ။ သမီး ဒီမှာဆက်နေရင် စီးပွားရေးအခက်အခဲကြောင့် တက္ကသိုလ်ဆက်တက်ဖို့ ခဲယဉ်းသွားပြီ၊ သမီးအမေ ဒေါ်နှင်းဖြူတို့က သိပ်ချမ်းသာတာတဲ့။ သမီးလေး ပျော်မှာပါကွယ်။ သူတို့ကလည်း မျှော်နေကြရှာပြီ။

"မနှင်းဖြူကို သမီးမမြင်ဖူးသေးလို့သာပါကွယ်။ သမီးတွေ့ရင် သိပ်ချစ်မှာ၊ သိပ်ခန့်ညားတဲ့ မိန်းမချောကြီးပေါ့။ အသားကတော့ သိပ်မဖြူဘူး။ သမီးလောက် မဖြူဘူး။ အသားညိုညို ထောင်ထောင်မောင်းမောင်းပဲ။ ကျက်သရေကလည်း ရှိပါ့။ အဲ... သူ့မှာ ထူးခြားတာက နဖူးကမှည့်ကြီးကွယ့်။ မှဲ့နက်ကြီးတစ်လုံးဟာ နဖူးပေါ်မှာ တင်ထားသလိုကို ရှိနေတာ။ အဲဒါကိုက သူများနဲ့မတူတဲ့ ဆွဲဆောင်မှုတစ်မျိုးပဲ။ မေမေနဲ့ လေးငါးရက်လောက်ပဲ အတူနေခဲ့ဖူးပေမဲ့ မမေ့နိုင်ပါဘူးကွယ်"

ထို့နောက်ပိုင်းရက်များဝယ် မေမေ့အခြေအနေမှာ ဆိုးဝါးလာခဲ့သည်။ ဆွေမျိုးသားချင်းမရှိသော ဖြူဖွေးဖော့အဖို့ အားငယ်စရာပင်။

ဒေါ်ခင်စမ်း ကွယ်လွန်ပြီးနောက် ဖြူဖွေးဖော့ မိခင်ရင်းထံသွားဖို့ ဆုံးဖြတ်လိုက်ရသည်။ ဆွေမျိုးမရှိ တစ်ကောင်ကြွက် မိန်းကလေးမှာ အပျိုအရွယ်လေးလည်း ဖြစ်နေသေးသည်မို့ တစ်ယောက်တည်း နေဖို့ မသင့်တော်ချေ။

ပြီးတော့ မမြင်ဖူးသေးသည့်မိခင်ရင်းတွင် အခြားသားထောက် သမီးခံ မထွန်းကားဘူးဆိုတော့ သူမအတွက် ရင်အေးစရာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ ဒေါ်နှင်းဖြူရှိရာ ကျောင်းကုန်းမြို့သို့ စာရေးအကြောင်း ကြားလိုက်ရာ အမြန်ဆုံးလာခဲ့ဖို့ အကြောင်းပြန်ခဲ့သည်။

မိခင်ရင်းဆိုသူကို အားကိုးစွာဖြင့် ဒီခရီးကို ဖြူဖွေးဖော့ ထွက်လာခဲ့ခြင်းဖြစ်သည်။

ကံမကာ အိမ်ကလေးကိုတော့ အိမ်နီးချင်းများကိုအပ်ကာ သော့ပိတ်ထားခဲ့ရ၏။ နောက်မှ ရောင်းချဖို့ဖြစ်စေ စီစဉ်ရတော့မည်။

ဒေါ်ခင်စမ်းသည် ဖြူဖွေးဖော့အတွက် ဤအိမ်လေးတစ်လုံးမှလွဲ၍ ဘာအမွေအနှစ်မျှ မထားနိုင်ခဲ့ပါ။ ဖခင်ဦးဘမောင် ဆုံးပြီး မုဆိုးမဘဝဖြင့် ရုန်းကန်ခဲ့ရသော ဒေါ်ခင်စမ်းသည် ကွယ်လွန်ချိန်တွင် ငွေသား ၃၅၀ သာ ကျန်ရစ်ပါ၏။

သို့သော် ဒေါ်ခင်စမ်း သစ္စာရှိခဲ့သည်။

မည်မျှငွေကြေးကျပ်တည်းစေစေ မနှင်းဖြူပေးခဲ့သည့် ဘယက်ကြီးကို ပေါင်နှံခြင်း၊ ရောင်းချခြင်း မပြုခဲ့ပါ။

ဒေါ်ခင်စမ်း မဆုံးပါးမီ တစ်ပတ်ခန့်ကပင် ဖြူဖွေးဖော့အား ထိုဘယက်ကြီးကို ထုတ်ပေးခဲ့ပါသည်။ ဤဘယက်သည် ဖြူဖွေးဖော့အား ဒေါ်နှင်းဖြူ၏သမီးဖြစ်ကြောင်း ထောက်ခံချက်ပေးနိုင်သည့် တစ်ခုတည်းသော သက်သေခံပစ္စည်းဖြစ်သည်။

ဤဘယက်ကြီးကို ငယ်စဉ် နားထွင်းမင်္ဂလာပွဲတုန်းက တစ်ကြိမ်သာ ဖြူဖွေးဖော့ ဝတ်ခဲ့ဖူးသည်။ သို့သော် အမှတ်မထင်သာရှိခဲ့၏။ ယခုမှ ဘယက်ပေါ်မှ လူဦးခေါင်းပုံမှာ မိမိအဘိုး ဦးသာခပုံဆိုတာ သိရတော့သည်။

ချမ်းမြေ့ရိပ်မြုံသုခဘုံသို့ ရောက်သည့်အခါ ဤဘယက်ကို ပြရမည်၊ ဒေါ်နှင်းဖြူကလည်း ဘယက်ကို တစ်ပါတည်းယူခဲ့ရန် စာထဲတွင် သတိပေးထား၏။

မေမေဒေါ်ခင်စမ်း ပေးခဲ့သည့်ပစ္စည်းတစ်ခု ရှိသေးသည်။ တစ်ထွာခန့် ရှိသည့် သစ်သားဘူးကလေး။ အလုံပိတ်ထားသော ဘူးကလေး ဖြစ်ပါသည်။ ဘူးကလေးကို ဖွင့်လိုလျှင် သစ်သားများကို အပြီးဖျက်ဆီးပြီးမှ ဖွင့်ရပေမည်။

"ဒီဘူးကလေးဟာ သမီးအတွက် မေမေ့ရဲ့တစ်ခုတည်းသော အမွေပဲ။ ဒီဘူးကလေးထဲမှာ ဘာပစ္စည်းပါတယ်ဆိုတာကိုတော့ မေမေ မပြောတော့





ဘူး၊ သမီးလည်း မသိချင်ပါနဲ့ဦး။ သမီး မေမေ့ကို ကတိတစ်ခုပေး"

"ဘာများလဲ မေမေရယ်"

"ဒီဘူးကလေးကို မေမေ ခွင့်ပြုတဲ့အချိန်ကျမှ ဖွင့်ကြည့်မယ်ဆိုတဲ့ ကတိလေ"

"ရှင် . . . "

"မေမေ သေပြီးတဲ့နောက်ပိုင်းလည်း သမီး ဒီဘူးလေးကို ဖွင့်မကြည့်နဲ့ဦး။ သမီး ဘွဲ့ရပြီးတဲ့အချိန်၊ အိမ်ထောင်ကျပြီးတဲ့အချိန်၊ ကုန်ကုန်ပြောရရင် ကွယ် သမီးဘဝလုံးဝအေးချမ်းငြိမ်သက်သွားတဲ့ အချိန်ကျမှ ဖွင့်ကြည့်ပါ့မယ်ဆိုတဲ့ ကတိပဲ"

'ဒီဘူးထဲမှာ ဘာများပါလို့လဲ မေမေရယ်"

"အဲဒါက လျှို့ဝှက်ချက်ပေါ့ကွယ်။ ဒီဘူးထဲမှာ ဘာပါတယ်ဆိုတာကို လောလောဆယ် သမီး မသိစေချင်ဖို့ပေါ့။ ဒါကြောင့် သမီးဘွဲ့ရလို့ အလုပ်တွေ ဘာတွေလုပ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့အချိန်ကျမှ ဒီဘူးလေး ကို ဖွင့်စေချင်တာ"

"သမီး ကတိပေးပါတယ် မေမေရယ်"

"အေး . . . ကတိတည်ပေစေနော်။ အဲ . . . အဲ . . . ဒီဘူးလေးကို သမီးကို မေမေက ပေးခဲ့တယ်ဆိုတဲ့အကြောင်းကိုလည်း သမီး ဘယ်သူ့ကိုမျှ အသိမပေးမထားနဲ့။ ဘူးလေးကို ဖွင့်ကြည့်ဖို့အချိန်အခါကျရင်လည်း သမီး တစ်ယောက်တည်း ဘယ်သူမျှမရှိတဲ့နေရာမှာ ဖွင့်ကြည့်။ ယုတ်စွအဆုံးကွယ် အဲဒီအချိန်မှာ သမီး အိမ်ထောင်ရက်သားကျနေပြီဆိုရင်တောင် သမီးရဲ့ အချစ်ဆုံးခင်ပွန်းကို မသိစေနဲ့ကွယ်"

"စိတ်ချပါ မေမေရယ်။ မေမေ့စကားကို သမီး အမြဲနားထောင် ခဲ့တာပဲဟာကို"

မေမေ့လုပ်ရပ်တွေက ပဟေဠိဆန်လှသည်။ ဖြူဖွေးဖော့ကတော့ မကျွန်းမာသော မိခင်ကြီးစိတ်ချမ်းသာစေရန် ကတိတွေ အထပ်ထပ် ပေးခဲ့ပါ သည်။ ဘူးနက်ကလေးကိုလည်း လုံလုံခြုံခြုံ သိမ်းဆည်းထားခဲ့သည်။

ယခုလည်း ယင်းဘူးနက်ကလေးကို ကိုယ်နှင့်မကွာ ယူဆောင်လာခဲ့ ပါသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

အတွေးထဲမှာချည်း နစ်မျောနေလို့ မဖြစ်သေး။ ဆင်းရမယ့် ဘူတာ ကျော်ပါသွားမှာ စိုးရသည်။ အသုတ် ဆိုတဲ့ဘူတာမှာ ဆင်းရမှာတဲ့၊

ဖြူဖွေးဖော့က ဘေးက အဘွားကြီးကို ကြည့်လိုက်သည်။ အိပ်ငိုက်နေ၏။ မျက်နှာချင်းဆိုင်ခုံက အဒေါ်ကြီးကလည်း တစ်ပက်လူနှင့် လှမ်းစကားပြောနေသည်။ မျက်နှာချင်းဆိုင်ခုံမှ လူရွယ်ကိုသာ မေးရပါတော့၏။

"အသုတ်ဘူတာကိုရောက်ဖို့ နီးပြီလားရှင်"

မိန်းကလေးက ရုတ်တရက် စကားပြောလိုက်၍ ကိုသက်ဆွေ ကြောင်သွားသည်။

"ဟုတ်ကဲ့ . . . အဲ . . . လိုပါသေးတယ် ခင်ဗျ။ နောက်တစ်နာရီလောက်ကြာမှ အသုတ်ကို ရောက်မှာ"

စကားက အယောင်ယောင် အမှားမှား ဖြစ်သွားလိုက်သေးသည်၊

သူမက 'ဩော်' ဆိုကာ ပြတင်းပေါက်မှ အပြင်သို့ ငဲ့၍ ငေးကြည့်နေပြန်၏။

ကိုသက်ဆွေသည် သူစိတ်ဝင်စားမိသည့် မိန်းကလေးက စကားစပြောပါလျက် စကားဝိုင်းဆက်မဖြစ်လိုက်သည်ကို မချင့်မရဲ ဖြစ်သွားမိသည်။

ခကြာတော့ . . .

"တံခါးလေး ပိတ်လို့ရမလားဟင်။ ကျွန်မ ချမ်းလို့ပါ"

"ဩော် . . . ရပါတယ်ခင်ဗျာ၊ ပိတ်ပါ"





ဖြူဖွေးဖော့က အပေါ်အံထဲသို့ထိုး၍ ပင့်တင်ထားသည့် ရထားပြတင်း တံခါးကို ထ၍ ပိတ်လိုက်သည်။

တံခါးပေါင်ကကျပ်နေပါ၍ တံခါးရွက်က တော်တော်နှင့်ကျမလာ။

"ပေး . . . ပေး . . . ကျွန်တော် လုပ်ပေးမယ်။ ရပါတယ်။ ထိုင်နေပါ"

ကိုသက်ဆွေက အမြင်မတော်၍ ထပြီးကူညီပေးလိုက်သည်။

ပြတင်းတံခါးမှာ အတော်ပင်ကျပ်နေပါ၍ လက်ဖြင့် ရိုက်ချရ၏။ အပေါ်မှ လက်သီးနှင့်ထုပြီး ကျန်လက်တစ်ဖက်ဖြင့် အောက်သို့ ဆွဲချလိုက်သည့်အခါ . . .

"အား . . . "

တံခါးရွက်က အရှိန်ဖြင့်ကျလာပြီး ကိုသက်ဆွေ၏ ဘယ်ဘက်လက်ကို ပြတင်းပေါင်နှင့် ညပ်သွားစေပါတော့၏။

"ဟော . . . တံခါးညပ်သွားတယ်။ မှန်း . . . ဘာဖြစ်သွားလဲဟင်"

ဖြူဖွေးဖော့က ကိုသက်ဆွေလက်ကို မဝံ့မရဲကိုင်ရင်း စိုးရိမ်စိတ်ဖြင့် မေးလိုက်သည်။

"ဟယ် . . . ညိုသွားတယ်"

"ကိစ္စမရှိပါဘူး။ မနာပါဘူး"

"ကြည့်စမ်း . . . ဖြူ့ကြောင့် . . . ဖြူ့ကို တံခါးပိတ်ပေးလို့"

"မဟုတ်တာဗျာ"

"ပရုပ်ဆီလိမ်းထားနော်"

"ရပါတယ်"

"တော်ကြာ ရောင်လာမယ်"

ဖြူဖွေးဖော့က သူမ၏စလင်းဘက်အိတ်ထဲမှ ပရုပ်ဆီဘူးကို ရှာယူလိုက်သည်။ ကိုသက်ဆွေလက်ကို အသာအယာ ပွတ်ပေးလိုက်၏။

"ညီမက အသုတ်ကိုသွားမှာလား။ ကိုယ်လည်း အသုတ်မှာ ဆင်းမှာ"

ဒီတစ်ခါတော့ စကားဆက်မပြတ်အောင် ကိုသက်ဆွေကပင် စ၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား... ဖြူက ဒီဘက်ပိုင်းကို မရောက်ဖူးဘူးလေ၊ အသုတ်ကနေ ကားပြောင်းစီးရဦးမယ်လို့ ပြောပါတယ်။ ဟုတ်တယ် မဟုတ်လားဟင်။ ကျောင်းကုန်းကို ကားတစ်ဆင့်စီးရဦးမှာ မဟုတ်လား"

"ဩော် ... ကျောင်းကုန်းကိုသွားမှာလား။ ကိုယ်လည်း ကျောင်းကုန်း အထိသွားမှာ"

ကိုသက်ဆွေက ဝမ်းသာအားရပြောလိုက်သည်၊

အသုတ်မှာ အိမ်ကကားလာကြိုနေမည်မို့ မိန်းကလေးကို ကျောင်းကုန်းရောက်သည်ထိ ကူညီနိုင်ပေတော့မည်။

"ဩော်.. ခရီးချင်းတူနေပြီ၊ ဝမ်းသာစရာပဲ။ ဖြူ့အတွက် အဖော်ရတာပေါ့ရှင်။ ဒီကအစ်ကိုက ကျောင်းကုန်းမှာနေတာလားဟင်"

"ဟုတ်ပါတယ်။ အိမ်မှာက ဈေးဆိုင်ရှိတယ်လေ၊ ခုလည်း ဟသ်ာတကနေ ကုန်ဝယ်ပြီး ပြန်လာတာ"

ကိုသက်ဆွေက ကြမ်းပြင်ပေါ်မှ အထုပ်အပိုးများကို ညွှန်ပြရင်း ပြောလိုက်သည်။

"ကျောင်းကုန်းမှာနေတာဆိုတော့ ဖြူသွားမယ့်နေရာကိုများ သိမလား မသိဘူး"

"ဒီက ညီမက ဘယ်ကိုသွားမှာလဲ"

"ချမ်းမြေ့ရိပ်မြုံ သုခဘုံတဲ့"

"ဟင် ..."

ကိုသက်ဆွေ အံ့ဩသွားရသည်၊ ဒီသူငယ်မ ချမ်းမြေ့ရိပ်မြုံနဲ့ ဘယ်လိုများ ပတ်သက်ပါလိမ့်။

"သိ... သိပါတယ်။ ချမ်းမြေ့ရိပ်မြုံကို သိပါတယ်။ ဟို... ဒီက ညီမက... ဩော်... ကိုယ့်နာမည်က သက်ဆွေပါ။ မှတ်ထားပါ"

"ဟုတ်ကဲ့ ... ဖြူ့နာမည်အပြည့်အစုံက ဖြူဖွေးဖော့ပါ"

"ဗျာ ... ဖြူ ... ဖွေး ... ဖော့"

"ဘာ ... ဘာဖြစ်လို့လဲရှင်"

"ဘာမှမဖြစ်ပါဘူး။ ညီမနာမည်က ဆန်းလို့ အံ့ဩသွားတာပါ"

မြတ်စွာဘုရား ... ဒီကလေးမနာမည်က ဖြူဖွေးဖော့ဆိုပါလား။ သူ သွားမှာကလည်း ချမ်းမြေ့ရိပ်မြုံအိမ်ကြီး။





ဒီအကြောင်းတွေကိုသာ ဖေဖေနဲ့ ညီမလေးသိရင် ဘယ်လိုများနေကြမလဲ။ ဒီကမ္ဘာပေါ်မှာ ဖြူဖွေးဖော့ဆိုတဲ့နာမည်ရှင် ဘယ်နှစ်ယောက်တောင်ရှိနေပြီလဲ။ ကိုသက်ဆွေသည် ချမ်းမြေ့ရိပ်မြုံသုခဘုံအိမ်ကြီးနှင့် ပတ်သက်သည့် အကြောင်းများကို သိထားပြီးဖြစ်ပါ၍ မိန်းကလေးအတွက် ရင်ထဲမှာ ဒိုးလိုးဒုလု ဖြစ်မိနေ၏။

ယခုမှခင်မင်ခါစရှိသေး၍ သိလိုသောအကြောင်းများကို မေးလိုစိတ်အား မျိုသိပ်ပစ်လိုက်ရသည်။

နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်သွားမိကြ၏။

"ဟော ... အသုတ်ကိုရောက်ဖို့ နီးလာပြီ"

ကွင်းကြီးဆိုသည့်ဘူတာကို ကျော်အလာတွင် ကိုသက်ဆွေက သတိပေးလိုက်သည်။ ဖြူဖွေးဖော့မှာ သယ်စရာပစ္စည်း သိပ်မပါ။ ကိုသက်ဆွေကတော့ ပစ္စည်းတွေ များသည်။

"နောက်တစ်ဆင့် ကူးရဦးမှာဆိုတော့ ပစ္စည်းတွေ အများကြီးနဲ့ ကိုသက်ဆွေ ပင်ပန်းမှာပဲနော်"

"အိမ်က ကားလေး လာကြိုလိမ့်မယ်လေ။ ကိုယ့်ညီမလေး လာကြိုလိမ့်မယ်။ ဖြူဖွေးဖော့ကို ကိုယ့်ညီမနဲ့ မိတ်ဆက်ပေးမယ်။ ကိုယ်တို့ကားနဲ့ပဲ ကျောင်းကုန်းအထိ လိုက်ခဲ့ပေါ့"

"အားနာစရာ ကိုသက်ဆွေရယ်"

"လိုက်ခဲ့ပါ ဖြူဖွေးဖော့။ ရထားဆိုက်ရင် ဟိုဘက်ကားပေါ် အလုအယက် ပြေးတက်ရတာ။ နေရာရဖို့ မလွယ်ဘူး။ ကားရှားတော့ တစ်ခါတလေ အမိုးပေါ်ကတောင် စီးရတာ။ ဟော ... ပြောရင်းဆိုရင်း အသုတ်ဘူတာ ပေါ်လာပြီ"

ရထားက အရှိန်လျော့သွားသည်။

ဖြူဖွေးဖော့ မတ်တတ်ထရပ်ပြီး ထမိကို ပြင်ဝတ်လိုက်သည်။

"ညီမလေးရေ... ကိုကို ဒီမှာဟေ့"

ကိုသက်ဆွေက ဘူတာဘက်သို့ လှမ်း၍အော်ပြောလိုက်သည်၊ ခဏအကြာတွင် မိန်းမငယ်တစ်ဦးသည် လူအုပ်ကြားထဲမှ တိုးဝှေ့ပြီး ကိုသက်ဆွေရှိရာတွဲဆီသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ့်ညီမလေးပဲ၊ ညီမလေးရေ... ဒါ ကိုကိုတို့ရဲ့ မိတ်ဆွေ သစ်။ ကဲ... ကဲ... ကားပေါ်ရောက်တော့မှ မိတ်ဆက်ပေးတော့မယ်။ ပစ္စည်းတွေ ချရအောင်"

ကိုသက်ဆွေက ရထားပြတင်းပေါက်မှ ပစ္စည်းတွေကို ချပေးသည်။ သူ့ညီမက အောက်မှလှမ်းယူ၏။ သူတို့ကိုကူညီရန် ဖြူဖွေးဖော့ အောက်ဆင်းခဲ့သည်။

ကိုသက်ဆွေ၏ညီမမှာ ဖြူဖွေးဖော့ထက်တော့ အနည်းငယ် ကြီးပုံရပေသည်၊ သူမက ဖြူဖွေးဖော့ကို ပြုံးပြလိုက်သည်။ ထိုအခါ သူမ၏ညာဘက်ပါး၌ ပါးချိုင့်ကလေး ထင်းခနဲ ပေါ်သွားလေ၏။ ဒီအစ်မလေးကို မြင်မြင်ချင်း ဖြူဖွေးဖော့ ချစ်သွားရလေပြီ၊

၀

ကျောင်းကုန်းကားဂိတ်က အသုတ်ဘူတာနှင့် ကပ်လျက်ပင်။

ကိုသက်ဆွေ ပြောခဲ့သည့်အတိုင်းပါပဲ။ ကျောင်းကုန်းသို့ ခရီးဆက်မည့်သူများက ရထားပေါ်မှ အပြေးဆင်းလာကြကာ ကားနေရာလုကြသည်။ ခရီးသည်ကမှများများ၊ ကားကနည်းနေ၍ ချက်ချင်း ကားအားလုံး လူပြည့်သွားရသည်။ ယောကျ်ားလေးအချို့က ကားခေါင်မိုးပေါ်ပင် ရောက်နေကြပြီ၊

အကြောင်းမသိသော ဖြူဖွေးဖော့အဖို့ နောက်တစ်နာရီလောက်ကြာမှ ထွက်မည့်ကားကို ပျင်းအောင်စောင့်စီးရပေမည်။

ကိုသက်ဆွေတို့မောင်နှမက သူတို့ကားနှင့် လိုက်ခဲ့ဖို့ ခေါ်သည်ကိုပင် ကျေးဇူးတင်ရပါတော့သည်။

ကိုသက်ဆွေတို့ကားလေးမှာ ဂျစ်ကားလေး ဖြစ်သည်။ အလုပ်သမားများ အကူအညီဖြင့် ခဏချင်းမှာပင် ပစ္စည်းများ ကားပေါ်သို့ တင်ပြီးဖြစ်သွား၏၊

"ကဲ... ညီမလေးရေ ဟောဒီက ညီမကလည်း ကျောင်းကုန်းကို သွားမှာတဲ့ကွ။ တစ်ခါမှ မရောက်ဖူးသေးဘူးတဲ့။ ကိုကိုတို့ကားနဲ့ပဲ ခေါ်ခဲ့ရမှာ"

"ဟုတ်ကဲ့ ကိုကို၊ ညီမလေးက မမတို့ကျောင်းကုန်းကို ဒါ ပထမဆုံးလာတာပေါ့၊ ဟုတ်လား"

ကိုသက်ဆွေ၏ညီမက ဖြူဖွေးဖော့လက်မောင်းလေးကို ရင်းနှီးစွာ ကိုင်ရင်းမှ ပြုံးပြုံးလေးနှင့် မေးရှာသည်။ သူမအပြုံးတွင် ပါးချိုင့်လေး တွဲပါနေသည်မှာ ချစ်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်အိမ်သွားမယ်ဆိုတာသာ ညီမလေးသိရင် အံ့ဩသွားမှာပဲ"

"ဆိုပါဦး ကိုကို၊ ဒီကညီမလေးက ညီမတို့အသိထဲက တစ်ယောက်ယောက် အိမ်ကိုသွားမှာမို့လို့လား။ ဘယ်သူနဲ့များ အမျိုးတော်နေပါလိမ့်"

"ဖြူက ချမ်းမြေ့ရိပ်မြုံသုခဘုံဆိုတဲ့ အိမ်ကြီးကို သွားမှာပါ မမ"

"အို . . . "

ဖြူဖွေးဖော့က ကြားဝင်အဖြေပေးလိုက်သည့်အခါ ကိုသက်ခွေ၏ ညီမလေးသည် တကယ်ပင် အံ့ဩသွားပါလေ၏။ ပါးစပ်ကလေး အဟောင်းသားဖြင့် ဖြူဖွေးဖော့ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း . . .

"သူ . . . သူက . . . ချမ်းမြေ့ရိပ်မြုံ သုခဘုံကိုသွားမှာ ဟုတ်လား"

"ဟုတ်တယ်လေ . . . ဟုတ်တယ်။ သူ့နာမည်လေးရော သိချင်သေးသလား။ ဖြူဖွေးဖော့တဲ့ . . . ဖြူ . . . ဖွေး . . . ဖော့"

"အမယ်လေး . . . ဖြူဖွေးဖော့၊ ဖြူဖွေးဖော့ ဟုတ်လား"

ကိုသက်ခွေညီမလေးက အလန့်တကြားပင် ဖြူဖွေးဖော့အမည်ကို ရွတ်ဆိုလိုက်သည်။ အလွန်တရာ အံ့ဩလွန်းသော အရိပ်အယောင်များက သူမ အမူအရာတွင် ထင်ဟပ်နေသည်။ ဖြူဖွေးဖော့အမည်ကို ကြားလိုက်ရသည့်အခိုက်အတန့်တွင် သူမလက်ထဲက ပိုက်ဆံအိတ်ကလေးပင် အောက်သို့ လွတ်ကျသွားရပါလေသတည်း။

ဖြူဖွေးဖော့စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားရသည်။

ဇဝေဇဝါစိတ်များလည်း ဝင်လာရသည်။

ကိုသက်ခွေညီမလေးက ပျက်နေသောမျက်နှာကို ပြန်ပြင်လိုက်ကာ ပိုက်ဆံအိတ်ကလေးကို ပြန်ကောက်လိုက်၏။

"ကိုယ့်ညီမလေး နာမည်လည်း မှတ်ထား။ ဖြူဖွေးဖော့ နာမည်နဲ့ ခပ်ဆင်ဆင်ပဲ။ ခင်ဖြူဖြူ တဲ့"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် မမခင်ဖြူဖြူ"

ခင်ဖြူဖြူကတော့ ဘာမျှပြန်မပြောနိုင်တော့။ ဖြူဖွေးဖော့ လက်ဖဝါးများကိုသာ အသိအမှတ်ပြုသည့်အနေဖြင့် ဆုပ်နယ်နေမိတော့သည်။

"ကဲ . . . ကားပေါ်တက်ကြ ညီမတို့။ နောက်ကျနေမယ်"

ကိုသက်ခွေ သတိပေးလိုက်မှ မိန်းကလေးနှစ်ဦး သတိဝင်လာကာ





ကားပေါ်တက်ထိုင်လိုက်ကြသည်။

သုံးယောက်စလုံး ကားရှေ့ခန်းမှာပင် ကျပ်ကျပ်သပ်သပ် ထိုင်ရပါ၏။ ကားနောက်ခန်းက ပစ္စည်းများဖြင့် ပြည့်နေသည်။

ကားကို ကိုသက်ခွေက မောင်းကာ အသုတ်ပြို့မှ ထွက်လာခဲ့ကြလေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

ဒေသစိမ်းဇော်ပတ်ဝန်းကျင်သစ်ကို ငေးကြည့်ရန်ပင် ဖြူဖွေးဖော့ ပေ့လျော့နေရပါသည်။

ဖြူဖွေးဖော့ရင်ဝယ် သိချင်လှန်းသောအကြောင်းများ၊ မေးလိုက်ချင်သော မေးခွန်းများဖြင့် ဘောင်ဘင်ခတ်လျက်ရှိ၏။

သူမ ဘေးရှိမောင်နှမနှစ်ယောက် အပြုအမူများကြောင့် ဖြူဖွေးဖော့ စိတ်ထဲတွင် ထင့်နေသည်။ သံသယအကျိတ်အခဲလေးများ ခိုဝင်နေရသည်။

မီးရထားပေါ်တုန်းက ကိုသက်ခွေအား ကျောင်းကုန်းမြို့က ချမ်းပြေ့ရိပ်မြုံသုခဘုံသို့ သွားမည်ဟုလည်းကောင်း၊ သူမ၏အမည် ဖြူဖွေးဖော့ ဖြစ်ကြောင်းကိုလည်းကောင်း ပြောခဲ့စဉ်က ကိုသက်ခွေသည် အထူးသင် အံ့သြနေခဲ့၏။

ခင်ဖြူဖြူနှင့် မိတ်ဆက်ပေးသည့်အခါတွင်တော့ ခင်ဖြူဖြူသည် လက်ထဲက ပိုက်ဆံအိတ်ကလေး လွတ်ကျသွားသည့်အထိပင် အမူအရာ ပျက်သွားရပြန်၏။

ဒီမောင်နှမသည် လူမှုရေးခေါင်းပါးသော အရိုင်းအစိုင်းတွေ မဟုတ်လေမှန်းတော့ သူတို့၏ယဉ်ပွန်းသော အမူအရာများက ဖော်ပြနေသည်ပင်။ သို့ပါလျက် သူတို့သည် ဘာကြောင့်များ ညှော်စိမ်းဖြူဖွေးဖော့ စိတ်အနှောင့်အယှက် ဖြစ်စေမည့်အပြုအမူတွေကို ပြုခဲ့ကြသည်မသိ။

သူမအမည်သည် ဖြူဖွေးဖော့ဆိုတာသိရရုံနှင့် ဘာများ ဂူကျွေခြေမှုကျက်စရာ လိုသနည်း။





ဖြူဖွေးဖော့မှာ ကျောင်းကုန်းဆိုသည့်မြို့ကလေးကို မရောက်မီကပင် စိတ်ထဲမှာ အဖုအထစ်ကလေးများနှင့် ကြုံနေရလေပြီ။

"ရှေ့လမ်းခွဲကနေသွားရင် ပုသိမ်ကို ရောက်တယ်လေ။ ဒီနေရာကို သုံးခွ လို့ ခေါ်တယ်"

ကိုသက်ခွေ စကားက ဖြူဖွေးဖော့အတွေးများကို ဖြတ်တောက်ပစ်လိုက်သည်။ သူပြောသည့် လမ်းသုံးခွဆုံရာကို ကြည့်လိုက်ရာ မြားသင်္ကေတန် သစ်သားဆိုင်းဘုတ်ကလေးများတွင် ရှေ့တည့်တည့်လမ်းသို့ ညွှန်ထားသော ဆိုင်းဘုတ်၏ ကျောင်းကုန်းသို့ ဟူ၍လည်းကောင်း၊ ညာဘက်သို့ ခွဲချွဲသွားသောလမ်းမကို ပုသိမ်သို့ ဟူ၍လည်းကောင်း ညွှန်ပြထားသည်ကို တွေ့ရလေသည်၊

ကိုသက်ခွေက ကျောင်းကုန်းသို့ သွားသည့်လမ်းအတိုင်း ရှေ့တည့်တည့်သို့ ဆက်မောင်းသွားသည်။

ပတ်ဝန်းကျင်မှာတော့ ရွာငယ်များနှင့် လယ်ကွင်းများ။

"မမက စကားပြောရင် ဖြူကလေ... ဖြူကလေလို့ ပြောနေကျကွယ့်။ ဒီက ညီမလေးနာမည်က ဖြူဖွေးဖော့ဆိုတော့ မမက ဖွေး လို့ပဲ ခေါ်မယ်နော်"

ခင်ဖြူဖြူက ဖြူဖွေးဖော့ဘက်ကို လှည့်ကြည့်ရင်း ပြောလိုက်သည်။

"ကိုကိုလည်း အဲဒီလိုခေါ်တာလေးကို သဘောကျတယ်ကွ"

"မမဖြူနဲ့ကိုသက်ခွေ ကြိုက်သလိုခေါ်ကြပါရှင်။ ဖြူ့ကို အဲ... ဖွေးကို အဲသလိုခေါ်တဲ့လူ တစ်ယောက်မှ မရှိသေးဘူး"

သုံးယောက်သား ပြုံးတူရယ်လိုက်မိကြသည်။

"ဒီကားလမ်းကြီး ဆုံးပေမဲ့ ကျောင်းကုန်းကို မရောက်သေးဘူး ဖွေးရဲ့"

"ဟုတ်တယ် ဖွေး၊ ကားလမ်းဆုံးရင် ချောင်းတစ်ခု တွေ့မယ်။ အဲဒီချောင်း လို့ခေါ်တယ်။ အဲဒီချောင်းကို လှေကလေးနဲ့ဖြတ်မှ ဟိုဘက်ကမ်းက ကျောင်းကုန်းမြို့ကိုရောက်မှာ။ ဒီဘက်ကမ်းမှာလည်း လူတွေ နေကြပါတယ်။ ချောင်းဟာ ကျောင်းကုန်းမြို့ကလေးကို အလယ်က ဖြတ်စီးနေတဲ့ ပုံမျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''အို... ဒါဆို မွေးက လှေစီးချင်းမှာပေါ့။ ဟင်း... ဒီခရီးကို လာရတာ မလွယ်ပါလား မမရယ်၊ လေယာဉ်တစ်မျိုးပဲစီးစရာ ကျန်တော့တယ်''

မွေးက သူမ လာခဲ့ရသည့် ခရီးစဉ်ကို ပြောပြလိုက်သည်။

ကံမမှုပြည်သို့ မော်တော်ဖြင့် ဧရာဝတီမြစ်ကို ဖြတ်ခဲ့ရသည်။ ပြည်မှာ တစ်ညအိပ်ပြီး လက်ပံတန်းသို့ မီးရထားဖြင့် ခရီးဆက်ခဲ့ရ၏။ လက်ပံတန်းရောက်တော့ သာရဝေါရထားကို ပြောင်းစီးရသည်။ သာရဝေါမှတစ်ဆင့် ဧရာဝတီမြစ်ကိုပင်ဖြတ်ပြီး သဘော်နှင့်ကူးလိုက်သည့်အခါ ဟင်္သာတမြို့သို့ ရောက်လေသည်။ ရွှေပြောင်ပြောင်ဆိပ်ကမ်းဟုခေါ်သော ဟင်္သာတဆိပ်ကမ်းမှ ဘူတာရုံသို့ ဆိုက်ကားစီးရသေးသည်။ ဟင်္သာတက အသုတ်ကို ရထားနှင့်၊ အသုတ်ကနေ ကျောင်းကုန်းကို ယခုကားနှင့်၊ ကားလမ်းဆုံးလျှင် ကျောင်းကုန်းမြို့ရောက်ဖို့ ချောင်းကို ဖြတ်ကာ လှေစီးရဦးမည်ဆိုတော့...

''ဟုတ်ပါရဲ့ကွယ်။ ညီမလေးမွေးလည်း ခရီးပန်းလိုက်တာနော်''

◈ ◈ ◈

–၂–

## ချမ်းမြေ့ရိပ်မြုံ သုခဘုံ

သစ်သားဆိုင်းဘုတ်ရှည်မလေးက ယိုယွင်းပျက်စီးနေပြေပြီ။ အနားပေါင်များကွဲအက်ကာ တစ်ဖက်သို့ စောင်း၍နေ၏။ တစ်ချိန်ကတော့ လှပထည်ဝါခဲ့ပုံရလေသည်။

မြူမွေးဖော့သည် ကျယ်ဝန်းသော ခြံကျယ်ကြီးအတွင်းရှိ အိမ်ကြီးဆီသို့ မျှော်ကြည့်လိုက်သည်။ လူတစ်ဦးတစ်ယောက်၏ အရိပ်အယောင်ကိုမျှပင် မမြင်ရပေ။

ချမ်းမြေ့ရိပ်မြုံသုခဘုံအိမ်ကြီးမှာလည်း အိမ်၏အမည်ကို အမှတ်အသား ပြုထားသည့် ဆိုင်းဘုတ်ငယ်အတိုင်းပင် သစ်လွင်တောက်ပမှုများ ဆိတ်သုဉ်းနေပါသည်။

အုတ်စည်းရိုးတွင် နွယ်ပင်များ တက်နေသည်။ ရေညှိများ ဖုံးနေသည်။ ခြံထဲတွင်လည်း ချုံပင်များ ထူထူထဲထဲ ပေါက်ရောက်နေပါ၏။

အိမ်ကြီးမှာလည်း ပြူပြင်ထိန်းသိမ်းမှု ကင်းဝေးခဲ့၍ထင်သည်။ ပုံပြင်ထဲက ခဲတိုက်အိုကြီးသဖွယ် ညှိုးမှိုင်းနွမ်းအိုနေသည်။

မြူမွေးဖော့ ခဏကြာမျှရပ်နေပါသော်လည်း လူသူအရိပ်အယောင်မမြင်ရသေးချေ။ တံခါးတွင်လည်း လူခေါ်အချက်ပေး ကိရိယာတစ်ခုမျှ တပ်ဆင်ထားသည်ကို မတွေ့ရချေ။

လာခဲ့ပါမည်ဟု စာကြိုရေးထားပါလျက် ဘာကြောင့် ကြိုဆိုမှု ရပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဆွေတို့မောင်နှမက သူမကို ချမ်းမြေ့ရိပ်မြုံအိမ်ကြီးသို့ လိုက်မပို့ခဲ့ချေ။

တာဦးဆိပ်ကမ်းဟုခေါ်သည့် ဟိုဘက်ကမ်းကိုရောက်သည်နှင့် ကားပေါ်မှပစ္စည်းများကိုချကာ လှေပေါ်ပြောင်းတင်ရသည်။ လှေဖြင့် ဒီဘက်ကမ်းကို ကူးခဲ့ကြသည်။

လှေဆိပ်မှ တက်တက်ချင်း ကိုသက်ဆွေတို့အိမ်ကို ရောက်လေ၏။

ကမ်းနားလမ်းပေါ်မှာပင် ကိုသက်ဆွေတို့အိမ် ရှိ၏။ အိမ်ရှေ့မှာ အတန်ငယ် ကျဉ်းပြွန့်သော ဈေးဆိုင်တစ်ဆိုင်ကို တွေ့ရ၏။ ဆိုင်ကိုအလယ်မှ ကန့်၍ နှစ်ခြမ်းခြမ်းထားသည်။ တစ်ခြမ်းမှာ ကုန်မျိုးစုံ၊ ငါးပိ၊ ငါးခြောက်မှစ၍ ကလေးသရေစာမုန့်မျိုးစုံအထိ တင်ရောင်းသော ကုန်စုံဆိုင်ကြီးဖြစ်၏။ တစ်ခြမ်းကိုတော့ ရှုမဝစာပေဆိုပြီး စာအုပ်အငှားဆိုင် ဖွင့်ထားလေသည်။

ဆိုင်ကိုကြည့်ခြင်းဖြင့် ကိုသက်ဆွေတို့ စီးပွားရေးအခြေအနေကို ခန့်မှန်းနိုင်ခဲ့သည်။

"ဖွေး ... မမတို့အိမ်မှာ ခဏဝင်ထိုင်ဦးနော်"

"မထိုင်တော့ပါဘူး မမဖြူ။ ဖွေး ချမ်းမြေ့ရိပ်မြုံကို ရောက်ချင်လှပါပြီ။ နောက်တော့မှ မမတို့ဆီ လာလည်ပါ့မယ်။ အိမ်သိသွားပြီပဲ"

"လာလည်ဖြစ်အောင် လည်လှည့်နော် ဖွေး"

ကိုသက်ဆွေက ဆိုက်ကားတစ်စီးခေါ်ပေးကာ ဖွေးကို ချမ်းမြေ့ရိပ်မြုံအိမ်ကြီးသို့ ပို့ခိုင်းလိုက်သည်။

ကမ်းနားလမ်းအတိုင်း ငါးမိနစ်ခန့် ဆိုက်ကားစီးလာသည့်အခါ ချမ်းမြေ့ရိပ်မြုံအိမ်ကြီးသို့ ရောက်ခဲ့လေ၏။ ချမ်းမြေ့ရိပ်မြုံကား အခြားလူနေအိမ်များနှင့် ဝေးကွာစွာ သီးခြားတည်ရှိနေပါ၏။

ဆိုက်ကားသမားလေး ပြန်ထွက်သွားသည့်အခါ ဖြူဖွေးဖော့ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

ခြံထဲမှာ လူမတွေ့ရ။

အချိန်ကလည်း ညနေ ၆ နာရီရှိပြီ။ မှောင်စပြုနေပြီမို့ ဖြူဖွေးဖော့ သည်းမခံနိုင်တော့ဘဲ ခြံတံခါးကို တွန်းကြည့်လိုက်၏။ တံခါးက အတွင်းမှ ပိတ်မထား၍ ဖြူဖွေးဖော့တွန်းလိုက်သည့်အခါ ကျွီခနဲ သံရှည်ဆွဲမြည်ရင်း ပွင့်သွားလေသည်။

ဆုပြည့်အံ့တွန်းတာယ



တံခါးကို အသာပြန်စေ့ရင်း အိမ်ကြီးရှိရာသို့ ပဝံပရဲဆက်လျှောက်လာခဲ့သည်။

ခြံထဲမှာ သစ်ပင်မြင့်ကြီးများ အုပ်မိုးထားမှုကြောင့် ပို၍ပင် မှောင်နေသလို ထင်ရ၏။

"ဟိတ် ... "

သစ်ပင်အကွယ်မှ ရုတ်တရက် ထွက်ပေါ်လာသော လူတစ်ယောက်ကို မြုန်းခနဲ တွေ့လိုက်ရသည်။ အမှတ်တမဲ့မို့ ဖြူဖွေးဖော့ လန့်သွားရ၏။

"ဪ ... မင်း"

သစ်ပင်အကွယ်မှထွက်လာသူက ဖြူဖွေးဖော့ကို မည်သူမည်ဝါဟု သိသွားဟန် တူလေသည်။ သူသည် အသက်ငါးဆယ်ထက် မနည်းရှိမည့် အဘိုးအိုတစ်ဦးပင် ဖြစ်ပါသည်။

"မင်း ရောက်လာပြီကိုး။ ဖြူဖွေးဖော့နော်"

"ဟုတ်ကဲ့"

အဘိုးကြီး၏စကားကို ဖြူဖွေးဖော့က ခေါင်းညိတ်၍ အဖြေပေးလိုက်၏။

"ငါတို့လည်း မင်းကို မျှော်နေကြတယ်"

"ဟုတ်ကဲ့"

"ငါကတော့ မင်းရဲ့အဖေပဲ"

"ရှင်"

ဖြူဖွေးဖော့၏ ရုတ်တရက်အံ့အားသင့်သွားပြီးမှ သူသည် ဒေါ်နှင်းဖြူ၏ခင်ပွန်း ဦးဘသော် ဆိုသူဖြစ်ကြောင်း သိလိုက်ရ၏။

"ဝမ်းသာတယ်ကွယ်။ သမီးရောက်လာတာ သိပ်ဝမ်းသာတယ်ကွယ့်၊ ကဲ ... ကဲ ... လာ ... သမီး၊ အိမ်ထဲသွားရအောင်။ မနှင်းဖြူဆီကို သွားကြစို့"

အဘိုးအိုက အိမ်မကြီးထဲသို့ ဦးဆောင်၍ ခေါ်သွားလေ၏။

အိမ်အတွင်းဘက်သို့ ရောက်လာသည်။

ဧည့်ခန်းထဲဝယ် လျှပ်စစ်မီးရောင်မှိန်မှိန်လေးသာ ထွန်းထားသည်ကို တွေ့ရပါ၏။

၀

www.burmeseclassic.com

www.burmeseclassic.com

နှစ်မိနစ်လောက် ကြာသည့်အထိ ဒေါ်နှင်းဖြူ ရောက်မလာသေးချေ၊ ဖြူဖွေးဖော့ စိတ်ညစ်သွားသည်။

နှစ်ပေါင်းများစွာ ကွဲကွာနေသည့် သမီးကို အသင့်ဆီး၍ ကြိုနေသင့်ပါလျက် ဒေါ်နှင်းဖြူမှာ တော်တော်နှင့်ပေါ်မလာချေ။

"မနှင်းဖြူရေ... ဟောဒီမှာ သမီးလေး ဖြူဖွေးဖော့ ရောက်လာပြီလေကွယ်"

ဦးဘသော်က အပေါ်ထပ်က ကြားလောက်သည့်အထိ အသံကျယ်ကျယ်နှင့် နောက်တစ်ကြိမ် အော်ခေါ်လိုက်သည်။

ဖြူဖွေးဖော့ ဒေါ်နှင်းဖြူ ဆင်းအလာကို စောင့်ရင်း ဧည့်ခန်းကျယ်ကြီးကို အကဲခတ်ကြည့်လိုက်သည်။

ကျယ်ဝန်းသော ဧည့်ခန်းကြီးထဲဝယ် မီဝ အားမီးလုံးတစ်လုံးတည်းကို နံရံခပ်မြင့်မြင့်၌ ချိတ်ဆွဲထားရာ အလင်းရောင်က မှိန်ပျပျသာရှိနေ၏။

ဧည့်ခန်းနံရံပေါ်မှာတော့ ပန်းချီကားကြီးနှစ်ချပ်ကို ချိတ်ဆွဲထားလေသည်။ ပန်းချီကားတစ်ချပ်မှ ရေးဆန်ဆန်အမျိုးသားကြီးပုံမှာ ဖြူဖွေးဖော့တွင်ရှိသည့် ဘယက်ချက်ပေါ်မှပုံနှင့် တထေရာတည်း တူနေပါ၍ အဘိုးဦးသုခ၏ပုံဆိုတာ သိလိုက်ရသည်။ ထိုပန်းချီကားနှင့် ယှဉ်လျက်မှ အမျိုးသမီးကြီးပုံမှာ ဦးသုခ၏ဇနီး ဖြူဖွေးဖော့ အဘွားဖြစ်သူပုံ ဖြစ်ရပေမည်။

"ဟော... သူလာပြီ"

ဦးဘသော်၏အသံကြောင့် ဖြူဖွေးဖော့အကြည့်များက ကျွန်းလှေကားကြီးဆီ ရွေ့သွားရလေသည်။





အမျိုးသမီးကြီးတစ်ဦးသည် လှေကားပေါ်မှ တရွေ့ရွေ့ ဆင်းလာလျက် ရှိသည်၊ သူမသည် အတော်ပင် အားနည်းနေပုံရ၏။ ခန္ဓာကိုယ်မှာ ပိန်လှီလွန်းလှသည်။ သွေးမရှိသလို ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ လက်ပြင်တစ်လျှောက်မှာ အကြောများထင်းလျက် ရှိတာကို အတိုင်းသား မြင်ရသည်။

ဒေါ်နှင်းဖြူသည် ဖြူဖွေးဖော့ကို မမိုတ်မသုန် ကြည့်ရင်း လှေကားပေါ်မှ တစ်လှမ်းချင်း ဆင်းလာနေ၏။

ဖြူဖွေးဖော့မှာ ရင်ခုန်မြန်လာသည်။ သူဟာ ငါ့အမေ၊ ငါ့ကို ဝမ်းနဲ့လွယ်မွေးထုတ်ထားတဲ့အမေ ဆိုသည့်အသိက ရင်ကို ခြောက်လှန့်နေ၏။

ဒေါ်နှင်းဖြူကို ထပဲကြိုရတော့မလို၊ ပြေးပဲဖက်ရတော့မလို စိတ်ထဲမှာ ဂနာငြိမ် ဖြစ်နေရသည်။

ထိုအတွင်းမှာပင် ဒေါ်နှင်းဖြူသည် ဖြူဖွေးဖော့အနီးသို့ တစ်စစရောက်ရှိလာသည်၊ ဖြူဖွေးဖော့ရှေ့တွင် ရပ်လိုက်သည်။

"ညည်း... ရောက်လာပြီပေါ့"

ဒေါ်နှင်းဖြူ၏ သံပြတ်စကားကြောင့် ဖြူဖွေးဖော့ တွန့်ခနဲ ဖြစ်သွားသည်။

ဖြူဖွေးဖော့ ဘာမျှပြန်မဖြေမိပေ။ ခေါင်းညိတ်ပြဖို့ပင် မေ့နေ၏။

"ဝမ်းမသာဘူးလား မနှင်းဖြူ။ မင်းရဲ့သမီးလေး ရောက်လာပြီလေ။ ကိုယ်တို့အိမ်ကြီး ပြန်ပြီး စိုစိုပြည်ပြည် ဖြစ်တော့မှာပေါ့ကွယ်။ ဝမ်းသာတယ် မဟုတ်လား ဟင်"

ဦးဘသော်က ဒေါ်နှင်းဖြူ လက်မောင်းကိုကိုင်လှုပ်ရင်း ပြောလိုက်သည်။ ဖြူဖွေးဖော့နှင့် အနီးဆုံးကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စေလိုက်၏။

"ကလေးမ ရောက်လာတာကို ကျွန်မ မြင်ပါတယ် ကိုဘသော်"

"ဟော... "

"သူ အိမ်ရှေ့ခြံဝမှာ လာရပ်ကတည်းက ကျွန်မ သေသေချာချာကြည့်နေတာ"

"ဩ... ဩ"

"ကျွန်မစိတ်ထဲမှာ ဒီမိန်းကလေးကို ကျွန်မသမီးလို့ မထင်မိဘူး"

"ရှင်... "

"ဟော... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းဖြူစကားကြောင့် ဖြူဖွေးဖော့ ကြက်သီးများ ထသွားရသည်။ မျက်နှာတစ်ပြင်လုံး ထူပူသွားရ၏။

"ဘယ်လိုပြောလိုက်တာလဲ မနှင်းဖြူရယ်"

"ဟုတ်တယ်... ကျွန်မစိတ်ထဲမှာ ဒီကလေးမဟာ ကျွန်မသမီး အစစ် မဟုတ်ဘူးလို့ ထင်နေမိတယ်။ ကျွန်မ သူ့ကို ချစ်လို့မရဘူး"

ဖြူဖွေးဖော့အသားတွေ တဆတ်ဆတ် တုန်လာသည်။

လာလမ်းအတိုင်း ပြန်လှည့်ပြေးချင်စိတ်ပင် ပေါက်လာ၏။

"မနှင်းဖြူရေ... မင်းတော်တော်ခက်ပါလား၊ ခုမှရောက်လာတဲ့ သမီးလေး စိတ်ဆင်းရဲအောင် မင်းဆို ပြောရက်တယ်၊ မင်းသမီးမဟုတ်ဘဲနဲ့ တခြားတစ်ယောက်က ဒီထိ ဟန်ဆောင်ပြီး လာရဲမှာလား"

"မဟုတ်ပါဘူး၊ ကျွန်မစိတ်ထဲမှာ သူဟာ ကျွန်မသမီး မဟုတ်ဘူး လို့ ထင်နေတဲ့အထင်ကို ပြောမိတာပါ"

ဒေါ်နှင်းဖြူလေသံက ပြန်လည်ပျော့ပျောင်းသွားပြန်သည်။

"ကျွန်မ တောင်းပန်ပါတယ်။ ရှင့်ကိုလည်း တောင်းပန်ပါတယ်။ ကလေးမကိုလည်း တောင်းပန်ပါတယ်၊ အဲလေ ... သမီးလေးကိုလည်း တောင်းပန်ပါတယ်ကွယ်"

"ခုတစ်လော မင်းစိတ်ဟာ အမျိုးမျိုးပဲ မနှင်းဖြူ။ ကဲပါ ... မင်းရဲ့သမီး ဟုတ်မဟုတ်ကြည့်ရအောင် သူ့ဆီက နဝရတ်ကိုးသွယ် ဘယက် ကြီးကို တောင်းကြည့်တော့လေ။ ပြီးတော့ မင်းရဲ့အစ်မ မနှင်းသူရဲ့ ဘယက် ကြီးနဲ့ တိုက်ကြည့်ပေါ့"

"တိုက်ကြည့်စရာ မလိုပါဘူးရှင်။ ကမ္ဘာပေါ်မှာ နှစ်ခုတည်းသာ ရှိတဲ့ ဒီဘယက်ကို ကျွန်မ အသေအချာ သိပါတယ်။ မှတ်မိပါတယ်"

ဖြူဖွေးဖော့က သူမ အသေတ္တာလေးကို ဖွင့်လိုက်သည်။ မမှော်လင့် သော ဖြစ်ရပ်များနှင့် ကြုံရသည်မို့ သူမလက်များ တုန်နေရပါ၏။

သူမလက်ထဲတွင် ဘယက်ထည့်ထားသော ဘူးပြားကလေး ပါလာ သည်။ ဖြူဖွေးဖော့က ဒေါ်နှင်းဖြူရှိရာသို့ ကမ်းပေးလိုက်၏။

ဒေါ်နှင်းဖြူက ဘယက်ကို ထုတ်ယူလိုက်သည်။

နဝရတ်ကိုးသွယ်ဘယက်သည် မီးရောင်မှိန်မှိန်အောက်မှာပင် အရောင်မျိုးစုံလင်းလက်နေတော့၏။





"မှန်ပါတယ်။ ဒါဟာ ချမ်းမြေ့ရိပ်မြုံသုခဘုံပိုင် ဘယက်နှစ်ခုထဲက တစ်ခုပါပဲ။ သူဟာ ကျွန်မ သမီးလေးပါလေ"

ဒေါ်နှင်းဖြူအမူအရာများက ပြောင်းလဲသွားပြန်သည်။ တင်းမာမှု များ လျော့နည်းသွားခဲ့သည်။ သို့သော် မိခင်တစ်ယောက်၏ အကြင်နာ မျက်ဝန်းများကိုတော့ မတွေ့ရသေးပါချေ။

ထိုစဉ် အတွင်းခန်းမှ မိန်းကလေးတစ်ဦး ထွက်လာ၏။

"ဟဲ့... နော်ထူး လာဦး"

ဒေါ်နှင်းဖြူက မိန်းကလေးကို လှမ်းခေါ်လိုက်သည်။ မိန်းကလေးက ဖြူဖွေးဖော့တို့အနီးမှာ လာရပ်၏။ အိမ်ဖော်တစ်ဦး ဖြစ်ပုံရသည်။

"သူဟာ ဖြူဖွေးဖော့ပဲ"

"ဪ ... မဖြူဖွေးဖော့"

သူမက ဖြူဖွေးဖော့အကြောင်း ကြားဖူးပြီး ဖြစ်ပုံရသည်။

"ကဲ... သမီးရေ၊ နော်ထူးနဲ့ လိုက်သွားနော်။ မနက်ကျမှ တို့များ အေးအေးဆေးဆေး စကားပြောကြတာပေါ့ကွယ်။ ခုတော့ သမီးလည်း ခရီး ပန်းလာတယ်။ အနားယူလိုက်ပေဦး"

"ဟုတ်... ဟုတ်ကဲ့၊ မေ... မေမေ"

နော်ထူးက သူမသေတ္တာကို ဆွဲယူသွားရာ နော်ထူးနောက်သို့ လိုက်ခဲ့သည်၊ ကျွန်းလှေကားကြီးအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့ကြသည်။

ဖြူဖွေးဖော့အတွက် ပြင်ဆင်ထားသော အခန်းထဲသို့ ရောက်သည့် အခါ နော်ထူးက သေတ္တာကိုချပြီး ဖြူဖွေးဖော့ခါးကိုဖက်၍ လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

"မမက သိပ်လှတာပဲ။ သိပ်ချစ်ဖို့ ကောင်းတာပဲ"

၀

www.burmeseclassic.com

www.burmeseclassic.com

ညဦးသန်းခေါင်အချိန်တွင် ဖြူဖွေးဖော့ လန့်နိုးလာခဲ့သည်။ နိုးနိုးချင်း ဘယ်ရောက်နေပါလိမ့်ပေါ့ စဉ်းစားလိုက်မိ၏။ အိပ်ရာပြောင်းအိပ်လျှင် ဖြစ်လေ့ရှိသည့်အတိုင်း တစ်ရေးနိုးလာပြီး ဇဝေဇဝါ ဖြစ်နေမိသည်။

အိပ်စက ခနီးပန်းလာ၍ အိပ်ပျော်သွားသော်လည်း တစ်ရေးနိုးတွင် နေရာစိမ်းကြောင့် ပြန်အိပ်လို့ မရတော့။

ချမ်းမြေ့ရိပ်မြုံအိမ်ကြီး၏ အခန်းတစ်ခန်းထဲမှာ ရောက်ရှိနေသည့် အဖြစ်ကို သတိရလိုက်သည်။

အိပ်မပျော်သူတို့ ထုံးစံအတိုင်း ရောက်တတ်ရာရာများကို တွေးတော မိသည်။

ချမ်းမြေ့ရိပ်မြုံသို့ ရောက်ရောက်ချင်းမှာပင် ဖြူဖွေးဖော့ စိတ်ပျက် ရသည်။ ဒေါ်နှင်းဖြူ၏ မပွယ်ရာသော ဆီးကြိုမှုများကြောင့်ပင်။

ဖြူဖွေးဖော့ ဒေါ်နှင်းဖြူ၏ အမူအရာများကို ပြန်လည်မြင်ယောင် လာမိ၏။

''ဟင်... မှဲ့ ... မှဲ့ ... မှဲ့လည်း မရှိပါလား''

ဖြူဖွေးဖော့သည် သတိတစ်ခုဝင်လာကာ အိပ်နေရာမှ ထထိုင်လိုက် မိသည်အထိ ထိတ်ခနဲ ဖြစ်သွားမိသည်။

''သမီးမေမေဟာ မနှင်းဖြူဆိုပေမဲ့ အသားတော့ သိပ်မဖြူဘူး။ အသားညိုညိုနဲ့ ထောင်ထောင်မောင်းမောင်းပဲ''

မေမေ ဒေါ်ခင်စမ်း မကွယ်လွန်ခင်ပြောခဲ့သော စကားများ။





ဖြူဖွေးဖော့ တွေ့ခဲ့ရသောဒေါ်နှင်းဖြူသည် အသားအလွန်ဖြူနေ၏။ ခန္ဓာကိုယ်ကလည်း မထွားကျိုင်းပါချေ။ ပိန်သွားခြင်းဖြူး မဟုတ်ဘဲ နဂိုကပင် သေးသွယ်သော မိန်းမတစ်ဦး ဖြစ်ပုံရပေသည်။

မေမေဒေါ်ခင်စမ်း ပြောခဲ့သည်များနှင့် အကွဲလွဲဆုံးအချက်မှာ–

''သူ့မှာ အထူးခြားဆုံးကတော့ နဖူးက မှဲ့ကြီးပဲကွယ့်။ မှဲ့နက်ကြီး တစ်လုံးဟာ နဖူးတည့်တည့်ပေါ်မှာ တင်ထားသလိုကို ရှိနေတာ။ ဒါကိုက သူများထက် ထူးခြားတဲ့အချက်တစ်ခုပဲ။ မှဲ့ကြီးကြောင့် သူဟာ ပိုပြီး ကျက်သရေရှိနေသလိုပဲကွယ်''

ဖြူဖွေးဖော့နှင့် ညနေကဆုံခဲ့သည့် ဒေါ်နှင်းဖြူမျက်နှာပေါ်တွင် မှဲ့တစ်လုံးမျှ ရှိမနေပါချေ။

''ဘယ်လိုလဲ''

ဖြူဖွေးဖော့သည် သံသယအတွေးများကြောင့် ပြန်၍ အိပ်မပျော် တော့ပေ။

၀

www.burmeseclassic.com

www.burmeseclassic.com

ဖြူဖွေးဖော့ အိပ်ရာမှ နိုးလာသည့်အခါ အခန်းထဲမှာ နော်ထူး ရောက်နေတာ တွေ့ရ၏။ နော်ထူးက အခန်းပြတင်းပေါက်ကိုပင် ဖွင့်ထားပြီး ပြီ။ နေရောင်ခြည်များ အခန်းထဲဝင်နေ၏။

စားပွဲပေါ်တွင် စားပွဲခင်းအသစ်စက်စက်ကို တွေ့ရ၏။ စားပွဲတင်နာရီ တစ်လုံး ချထားပေးသည်ကိုလည်း တွေ့ရပါ၏။ ဒါတွေ ညက မရှိသေး၊ မှန်တင်ခုံအနီးတွင်လည်း ကျောက်ပြင်နှင့် သနပ်ခါးတုံးချထားပေးသည်။

ဖြူဖွေးဖော့ အိပ်ရာပေါ်မှ ထလိုက်သည့်အခါ တံမြက်စည်း လှဲနေ သော နော်ထူးက လှည့်ကြည့်သည်။

"ဟော ... မမနိုးပြီ"

"အေးကွယ် ... နည်းနည်းတော့ အိပ်ရာထနောက်ကျ သွား တယ်"

"ခရီးပန်းတာကိုး။ မျက်နှာသစ်ရင် ရေချိုးခန်းမှာ သွားသစ် မမ။ ဒီအပေါ်ထပ်မှာပဲ ရေချိုးခန်းရှိတယ်။ တည့်တည့်လျှောက်သွားရင် နောက် ဘက်အကျဆုံးမှာ တွေ့ရလိမ့်မယ်၊ သွားတိုက်ဆေးနဲ့ သွားပွတ်တံလည်း အဆင်သင့် ရှိပါတယ်။ အိမ်သာလည်း တွဲလျက်ပဲ"

"အေးကွယ် ... မမ မျက်နှာသစ်လိုက်ဦးမယ်နော်"

"ဩော် ... မမ။ ဒေါ်ဒေါ်ဖြူက မမနိုးလာရင် လွှတ်လိုက်ပါတဲ့။ အောက်ထပ်ကထမင်းစားခန်းမှာ သူစောင့်နေမယ်တဲ့။ ကော်ဖီသောက်ဖို့လေ"





"မမ မျက်နှာသစ်ပြီးရင် သွားလိုက်ပါ့မယ်"

အိမ်ကြီးသည် အပြင်မှကြည့်တော့သာ ယိုယွင်းနေပြီ ထင်ရသော် လည်း အတွင်းမှာတော့ ခိုင်ခန့်ထည်ဝါဆဲ ဖြစ်သည်။ အိမ်က ကြီးမားပြီး နေတဲ့လူက နည်းသည်မို့ အိမ်၏တံခါးပေါက် တော်တော်များများကို ပိတ်ထား ရသည်။ ထိုအခါ လေဝင်လေထွက် မမှန်ဖြစ်ပြီး အလင်းရောင် အားနည်းနေ သည်၊ အိမ်ကြီးမှာ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေရပါ၏။

မျက်နှာသစ်အပြီးတွင် ဖြူဖွေးဖော့ အောက်ထပ်သို့ ဆင်းခဲ့သည်။

ထမင်းစားခန်း ရှိမည်ထင်ရာဘက်သို့ မှန်းဆလျှောက်သွားရာ ထမင်းစားခန်းထဲသို့ပင် တန်းရောက်သွားပါ၏။ ဒေါ်နှင်းဖြူက အသင့်ထိုင် လျက် စောင့်ကြိုနေပေသည်။

"လာ ... သမီး။ မေမေ စောင့်နေတာ"

"အားနာလိုက်တာ၊ အိပ်ရာထ နောက်ကျသွားတယ်"

"ကဲ ... ကော်ဖီနဲ့ လက်ဖက်ရည်တော့ သမီးကြိုက်ရာ ဖျော် သောက်ပေတော့။ ဟောဒီမှာ မုန့်ဟင်းခါး"

ဒေါ်နှင်းဖြူက မုန့်ဟင်းခါးကို သူကိုယ်တိုင် ပြင်ပေးနေသည်။ ဒီလိုတော့လည်း ကြင်နာဖော်ရွှေရှာသား။

"ညက သမီးလေး ရောက်လာလာချင်း စိတ်ညစ်အောင်လုပ်မိတာ ခွင့်လွှတ်ပါကွယ်"

ဖြူဖွေးဖော့ ဘာမှပြန်မပြောတတ်အောင် ရှိသည်။

"ခုတလော မေမေ့ရဲ့စိတ်တွေဟာ တစ်မျိုးဖြစ်နေတယ်။ အိပ်မက် ဆိုးတွေ မက်တယ်၊ ကယောင်ချောက်ချားတွေ ကြုံရတယ်။ အလိုလိုနေရင်း စိတ်ညစ်ညူးနေမိတယ်။ ဒါတွေကြောင့် သမီးရောက်လာလာချင်း မဖွယ်မရာ တွေ ပြောမိဆိုမိတာပါကွယ်၊ အိပ်ရာထဲရောက်မှ တစ်ညလုံးတွေးပြီး စိတ် မကောင်း ဖြစ်ရတယ် သမီး"

ဖြူဖွေးဖော့သည် ညသန်းခေါင် တစ်ရေးနိုးစဉ်က တွေးခဲ့မိသော အတွေးများကို ပြန်၍သတိရလိုက်သည်။ အမှန်ကိုသိချင်စိတ်များက သူမ ရင်မှာ ပြင်းထန်စွာ ဖြစ်ပေါ်လာမိ၍ သို့ဝှက်မထားချင်တော့ပေ။ မေးလိုက်မိ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး တစ်ခုမေးပါရစေ။ ဒီမေးခွန်းအတွက် မေမေ့မှာ စိတ်အနှောင့်အယှက် ဖြစ်သွားမယ်ဆိုရင် ခွင့်လွှတ်ပါ"

"အလို . . . ဘာများပါလိမ့်ကွယ်"

"ဒီလိုပါ . . . သမီးရဲ့မွေးစားမေမေ ဒေါ်ခင်စမ်းက ပြောခဲ့ပါတယ်။ အဲ . . . အခု မေမေဒေါ်နှင်းဖြူနဲ့ ပတ်သက်လို့ပေါ့။ မေမေဟာ ဒေါ်ခင်စမ်းတို့ရွာမှာ ငါးရက်လောက် အတူနေခဲ့တယ် မဟုတ်လား။ ဒေါ်ခင်စမ်းက မေမေ့ရဲ့ပုံပန်းသဏ္ဌာန်ကို ပြောပြခဲ့ပါတယ်"

"သိပြီ . . . သိပြီ . . . ရိပ်မိပြီ၊ သမီး ဘာကိုမေးချင်တယ်ဆိုတာ မေမေ ရိပ်မိပါပြီကွယ်"

"ဟုတ်ကဲ့ . . . မေမေ ဒေါ်ခင်စမ်း ပြောခဲ့တဲ့အထဲမှာ မေမေဟာ အသားညိုတယ်။ ခန္ဓာကိုယ်ထွားကျိုင်းတယ်တဲ့။ နောက်ပြီး မေမေ့ရဲ့ နှဖူးမှာ မှဲ့ကြီးတစ်လုံး ပါတယ်တဲ့"

"ဟုတ်လား . . . သူက ဒီလိုပဲ ပြောခဲ့သလား။ ဟား . . . ဟား ဟား . . . ဟား"

ဒေါ်နှင်းဖြူက ဖြူဖွေးဖော့မေးခွန်းကို ရယ်မောပစ်လိုက်သည်။

"အင်းလေ . . . ဒေါ်ခင်စမ်းအနေနဲ့ သူ့ကိုပဲ မနှင်းဖြူလို့ ထင်နေမှာပေါ့"

"ရှင် . . . "

"သမီးကို ဒေါ်ခင်စမ်းတို့ဆီ လာပို့ခဲ့တာ မေမေမှ မဟုတ်ဘဲ"

"အို . . . "

"သမီး နားရှုပ်သွားပြီလား။ မေမေလည်း ရုတ်တရက် သမီးကို အကြောင်းစုံ ရှင်းမပြတတ်ဘူးကွယ်။ ဒါတွေဟာ ခင်မေဘ လာရင်တော့ ရှင်းသွားမှာပါ"

"ဘယ်သူ . . . ခင်မေဘ"

"ဟုတ်တယ် . . . ခင်မေဘလေ။ သူက ဟိုဘက်ကမ်းမှာ နေတယ်ကွယ့်။ ခင်မေဘကလည်း သမီးရောက်လာမှာကို မျှော်လင့်နေသူတစ်ယောက်ပေါ့။ သမီး ချမ်းမြေ့ရိပ်မြုံကို ရောက်နေပြီဆိုတာသိရင် ချက်ချင်း ပြေးလာမှာပါကွယ်။ သူဟာ သမီးကို သိပ်ချစ်ရှာတယ်"

"သူ . . . သူက"





"ခုတော့ ဒါတွေကို မေ့ထားလိုက်ဦး သမီး။ မေဘ ရောက်လာလို့ မေမေနဲ့မေဘ နှစ်ယောက်ပေါင်းပြီး ရှင်းပြလိုက်ရင် သမီး နားလည်သွားပါလိမ့်မယ်"

ဖြူဖွေးဖော့အတွက် မရှင်းလင်း။ ဝေဝါးဝါးသာ။

"ကဲ . . . ကဲ . . . မုန့်စားလိုက်ဦး သမီး"

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

## -၃-

ကျောင်းကုန်းမြို့၊ ကမ်းနားလမ်းရှိ ရွှေစဝ စားအုပ်အငှားဆိုင်နောက်မှ အိမ်ကလေးထဲတွင် ဖြစ်သည်။ သားအဖသုံးယောက် နံနက်စာစားရင်း စကား ပြောနေကြသည်။

စကားကို အလျှဉ်မပြတ်ပြောနေကြခြင်း မဟုတ်။ တစ်ယောက်က တစ်ခုဝင်ပြောလိုက်၊ သုံးယောက်သား စဉ်းစားလိုက်နှင့် ဘေးလူမြင်လျှင် ပျင်းစရာ စကားဝိုင်းတစ်ခုသာ ဖြစ်သည်။

ဖခင်ဖြစ်သူမှာ ညာဘက်ခြေထောက်တစ်ဖက် မရှိချေ။ စစ်ပွဲတစ် ပွဲတွင် စွန့်လွှတ်ခဲ့ရခြင်း ဖြစ်သည်။ ယခုအချိန်တွင် တပ်မှပင်စင်ယူထား သည့် အငြိမ်းစား စစ်ပြန်ကြီးတစ်ဦးဖြစ်ပါ၏။ အမည်မှာ ဦးအောင်ခက် ဖြစ်သည်။ တပ်ထဲတွင် တပ်ကြပ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူး၏။

ဦးအောင်ခက်၏ သားနှင့်သမီးမှာ ကိုသက်ဆွေနှင့် ခင်ဖြူဖြူတို့ပင် ဖြစ်ပါသည်။

ဦးအောင်ခက်သည် ထမင်းစားနေသော်လည်း စားလို့မဝင်။ သား နှင့် သမီးတို့ ယူလာသောသတင်းက သူ့ရင်ကို ပြည့်စေသည်။

မနေ့က သားနှင့်သမီးတို့ ခရီးကြုံ၍သိကျွမ်းခဲ့ရသော ဖြူဖွေးဖော့ဆို သည့် မိန်းကလေးနှင့်ပတ်သက်၍ပဲ ဖြစ်သည်။ သားနှင့်သမီးဆီက ထိုမိန်း ကလေး သတင်းကိုကြားရတော့ အံ့အားသင့်မိသည်။ စိုးရိမ်ပူပန်မှုလည်း ဖြစ်ရသည်။ ဒေါသလည်းဖြစ်ရသည်။

"ဖြူ ... ဖွေး ... ဖော့"





ဤအမည်က မိန်းကလေးဘယ်နှစ်ယောက်မှာများ ရှိနေသလဲ။ အမည်တူနေ၍များလား။

"ဖြူဖွေးဖော့ဆိုတာ နာမည်တူများဖြစ်နေပလား ငါ့သားရယ်"

"ဖြူဖွေးဖော့ဆိုတဲ့နာမည်ကို ဘယ်သူမဆိုမှည့်နိုင်တာမို့ တူတယ်ပဲ ထားပါဦး။ ချမ်းမြေ့ရိပ်မြုံနဲ့ပတ်သက်တဲ့ ဖြူဖွေးဖော့ကတော့ ဘယ်နှစ်ယောက် ရှိနေမှာမို့လဲ ဖေဖေရယ်"

"ဒါဆို သားတို့တွေ့ခဲ့တဲ့ မိန်းကလေးဟာ အလိမ်အညာမလေးပေါ့"

"ဘယ်လို ဖေဖေ"

"ရှင်းပါတယ် သားရဲ့၊ ဒီကောင်မလေးဟာ ချမ်းမြေ့ရိပ်မြုံက ဒေါ် နှင်းဖြူရဲ့သမီးအစစ် မဟုတ်ဘူး။ သူဟာ ဖြူဖွေးဖော့အဖြစ်နဲ့ အယောင် ဆောင်ပြီး ချမ်းမြေ့ရိပ်မြုံကို လာခဲ့တာပဲပေါ့။ ချမ်းမြေ့ရိပ်မြုံရဲ့ အမွေအနှစ် တွေကို ပိုင်ဆိုင်ချင်လို့ မနှင်းဖြူရဲ့ သမီးဖြူဖွေးဖော့ဟန်ဆောင်ပြီး လာခဲ့တာပဲ ဖြစ်မှာပေါ့"

"ဒီလိုတော့လည်း ဟုတ်ဟန်မတူပါဘူး ဖေဖေရယ်"

ခင်ဖြူဖြူက ငင်ပြောလိုက်သည်။

"အဲဒီဖြူဖွေးဖော့ဆိုတဲ့ မိန်းကလေးဟာ ဖေဖေထင်သလို မိန်းမ လည်၊ မိန်းမညာလေးတော့ ဟုတ်ဟန်မတူဘူးလို့ သမီးထင်တယ်။ သူ့ အသွင်သဏ္ဍာန်ဟာ ရိုးသားတယ် ဖေဖေ"

"အို... လူလိမ်ဟာ နဖူးပေါ်ကပ်နေတာမှ မဟုတ်ဘဲကွယ်"

ဦးအောင်ခက်က ဤကိစ္စနှင့်ပတ်သက်၍ လုံးဝမခံမရပ်နိုင် ဖြစ်နေရ ပါသည်၊ သို့သော် သားနှင့်သမီးကတော့ ထိုမိန်းကလေးကို ခွင့်လွှတ်နေပြန်၏။

အမှန်တော့ ဖြူဖွေးဖော့ဆိုသည့် ထိုမိန်းကလေးသည် မိမိတို့သား အဖသုံးယောက်စလုံး၏ ရန်သူပင် မဟုတ်ပါလား။

အထူးသဖြင့် သမီးလေးခင်ဖြူဖြူ၏ရန်သူ။

ယခုတော့ သမီးလေးခင်ဖြူဖြူကပင် ထိုမိန်းကလေးဘက်မှ ကာ ကွယ်ပြောနေပြန်သည်။

သမီးလေးခင်ဖြူဖြူကိုလည်း ဦးအောင်ခက် သနားရပါသည်။ အမှန် တော့ ခင်ဖြူဖြူသာလျှင် ချမ်းမြေ့ရိပ်မြုံသုခဘုံ၏ အရှင်သခင်မလေး ဖြစ်ရ မည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ခက်သည် ခင်ဖြူဖြူလေးကို ပေါ်ဆဲ့ကာတည်းက မွေးစားခဲ့ခြင်း ဖြစ်ပါသည်။ ခင်ဖြူဖြူသည် ဦးအောင်ခက်၏ သမီးအရင်းမဟုတ်။

ခင်ဖြူဖြူလေးဘဝက သနားစရာပင်။

ခင်ဖြူဖြူ၏မိခင်ရင်းသည် ခင်ဖြူဖြူလေး မွေးကင်းစမှာပင် အခြားသူများကို ပေးပစ်ခဲ့သည်။

သို့သော် ယင်းမွေးစားမိဘများသည် မကြာမြင့်လင့်ဘဲ ရုတ်တရက်ကွယ်လွန်သွားခဲ့၏။ ထို့နောက် ခင်ဖြူဖြူလေးသည် ဦးအောင်ခက်တို့ထံ ရောက်လာရသည်။

ခင်ဖြူဖြူလေးအား ပထမမွေးစားခဲ့သည့်ပတ်ဝန်းကျင်မှ နီးစပ်သူများ၏ ပြောပြချက်အရ ခင်ဖြူဖြူလေး၏ မိခင်ရင်းမှာ ဒေါ်နှင်းဖြူဆိုသူ ဖြစ်ကြောင်း၊ ထို မနှင်းဖြူသည် ကျောင်းကုန်းမြို့မှ ချမ်းမြေ့ရိပ်မြုံသုခဘုံအိမ်ကြီးတွင်နေကြောင်း သိရှိခဲ့ရသည်။

နောက်ပြီး ခင်ဖြူဖြူအား သူမ၏မိခင်ရင်း မနှင်းဖြူကိုယ်တိုင် ပေးထားခဲ့သည့် အမည်ရင်းရှိသေးသည်။

ဖြူဖွေးဖော့ပါတဲ့။

ဖြူဖွေးဖော့ဆိုသည့်အမည်မှာ ဆန်းလွန်း၊ ညွှန့်လွန်း၊ ကောင်းလွန်းနေပါ၍ ခင်ဖြူဖြူဆိုသည့် နာမည်ရိုးရိုးလေးကို ပထမမွေးစားသူများက ပြောင်းပစ်ခဲ့သည်ဟု သိရပါသည်။

ထိုကဲ့သို့ မရေမရာ ကြားသိထားရသည့် ဇာတ်လမ်းလေးကို အကြောင်းပြု၍ ဦးအောင်ခက်သည် ဤမြို့သို့ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်ပါသည်။ သမီးလေးအား သူမ၏မိခင်ရင်း၏ ပြည့်စုံချမ်းသာသော အသိုင်းအဝိုင်းထဲသို့ ပြန်လည်ဝင်ရောက်စေလိုသော စေတနာနှင့်ပါ။

ဒီရောက်တော့ ချမ်းမြေ့ရိပ်မြုံသုခဘုံကို အဆင်းသက်သက် ဝင်ရောက်ဖို့မှာ အခက်တွေ့နေရသည်။

ဤအတောအတွင်းမှာပင် . . .

မနေ့က ဖြူဖွေးဖော့ဆိုသည့်အမည်ဖြင့် အခြားမိန်းကလေးတစ်ယောက်က ချမ်းမြေ့ရိပ်မြုံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါ၏။

ဦးအောင်ခက် သိခဲ့ရသည့်ဇာတ်ကြောင်းမှာ မှန်မှမှန်ပါလေစဟု သံသယဝင်လာရသည်။





"တစ်နေ့ရာရာမှာတော့ အမှားအယွင်းတစ်ခုခုရှိနေလို့ပဲ။ ဖေဖေ သိခဲ့ဖူးတဲ့အကြောင်းတွေဟာ မှားယွင်းပြီး ဟိုမိန်းကလေးဟာပဲ မနှင်းဖြူရဲ့ တကယ့်သမီးအရင်း ဖြစ်နေမလား။ ဒါမှမဟုတ် ဖေဖေ့အထင်အတိုင်း ဟိုမိန်းကလေးဟာ အကြောင်းစုံကိုသိလို့ မနှင်းဖြူရဲ့သမီး အယောင်ဆောင်ပြီး ချမ်းမြေ့ရိပ်မြုံရဲ့ အမွေအနှစ်တွေကို အပိုင်စီးဖို့ လာတာလား၊ တစ်ခုခုတော့ တစ်ခုခုပဲပေါ့ သားတို့ သမီးတို့ရယ်"

"ဒီအတွက် စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ ဖေဖေ။ သားလည်း တတ်နိုင်သလောက် စုံစမ်းကြည့်ပါဦးမယ်။ တစ်နေ့တော့ အမှန်တရားအတိုင်း ဖြစ်လာရမှာပေါ့ ဖေဖေ"

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

-၄-

အိမ်ကြီးကို ပိုင်းပတ်ပေါက်ရောက်နေသော သစ်ပင်ကြီးများ၏ အရိပ်ကြောင့် နေရောင်ခြည်ပင် သိပ်မဝင်နိုင်။ ထို့ကြောင့် အပင်ငယ်များ ဖြစ်သော မြက်ပင်များမှာ နေရောင်မရဘဲ ဖြူဖျော့နေရပါ၏။

မြက်ပင်များသည် စိမ်းလန်းမှုကင်းဝေးနေသော်လည်း ရှည်လျားစွာ ကားနေပါသည်။ မညီမညာနှင့် ရှည်လျားရှုပ်ထွေးလှသော မြက်ပင်များက တစ်ခြံလုံးပြည့်နေ၏။

ဖြူဖွေးဖော့က တစ်နှိုက်တွင် ခြံကိုသပ်ရပ်အောင် ရှင်းလင်းပစ်ရန် စေးမှတ်ထားလိုက်သည်။

ချမ်းမြေ့ရိပ်မြုံအိမ်ကြီး၏ ဘေးတွင်တော့ ဒါးကမြစ်က စီးဆင်းနေသည်။ ချမ်းမြေ့ရိပ်မြုံသည် ဒါးကမြစ်ကမ်းပါးတွင် တည်ထားသော အိမ်ကြီး တစ်လုံးဖြစ်ပါ၏။

ဖြူဖွေးဖော့က ခြံထဲသို့လျှောက်ကြည့်ရင်း မြစ်ထဲမှ ရေသမှန်များ၊ ဗေဒါပင်များနှင့် သဘာဝအလှများကို ငေးမောကြည့်နေမိသည်။

ထိုစဉ်မှာပင် . . .

"ဟေး . . . "

အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်မိ၏။

ခြံအပြင်ဘက်တွင် ရပ်နေသော မိန်းမကြီးတစ်ယောက်ကို တွေ့ လိုက်ရသည်။ သူမက ဖြူဖွေးဖော့ကို လက်ယပ်ခေါ်လျက်ရှိသည်။ တံခါးဖွင့်ပေး ရန် လှမ်းခေါ်နေခြင်းပဲ ဖြစ်ပါ၏။





ဖြူဖွေးဖော့က ခြံတံခါးရှိရာသို့ လျှောက်လာခဲ့သည်။

"သမီးလေး . . . သမီးလေးဟာ ဖြူဖွေးဖော့ မဟုတ်လားကွယ်"

အမျိုးသမီးကြီးက သံတိုင်ကိုဆုပ်ကိုင်ထားရင်းမှ ဖြူဖွေးဖော့ကို ကြည့်ကာ ထပ်၍မေးလိုက်သည်။

"ဟင် . . . သမီးလေး ဖြူဖွေးဖော့ မဟုတ်လားဟင်"

"ဟုတ်ပါတယ်"

"တံခါးဖွင့်စမ်းပါဦး သမီးရယ်။ ဝမ်းသာလိုက်တာ"

ဖြူဖွေးဖော့က ခြံတံခါးကို ဖွင့်ပေးလိုက်သည်။

အမျိုးသမီးကြီးက အငမ်းမရပင် ခြံထဲသို့ဝင်လာခဲ့ပြီး ဖြူဖွေးဖော့ အား ပွေ့ဖက်လိုက်ပါလေတော့သည်။

"သမီးလေး . . . သမီးလေးဖြူဖွေးဖော့၊ လှလိုက်တာကွယ်။ ချစ် စရာကောင်းလိုက်တာကွယ်"

အမျိုးသမီးကြီးသည် မည်သူမည်ဝါဖြစ်ကြောင်း ဖြူဖွေးဖော့ မသိ သေးချေ။ သို့သော် သူမ၏ဖော်ရွေလွန်းသော၊ ကြင်နာတတ်သော ဟန်အမူ အရာများကြောင့် ဖြူဖွေးဖော့ အမျိုးသမီးကြီးကို ခင်မင်သွားရလေသည်။

"ဟော . . . "

ဖြူဖွေးဖော့က အံ့သြစွာ ရွတ်ဆိုလိုက်မိသည်။

အမျိုးသမီးကြီး၏နှဖူးတည့်တည့်တွင်ရှိနေသော မှဲ့နက်ကြီးတစ်လုံး ကြောင့်ပင် ဖြစ်ပါ၏။

"ဒေါ်ဒေါ်ဟာ . . . ဒေါ်ဒေါ်ဟာ . . . "

"သမီး ဒေါ်ဒေါ်ကို ဘယ်သိဦးမလဲကွယ့်။ ဒေါ်ဒေါ့်နာမည်က ဒေါ်ခင် မေဘာတဲ့"

"အို . . . ဒေါ်ဒေါ့်နာမည်ကို မေမေက ပြောပြထားပါတယ်"

"မနှင်းဖြူ အိမ်မှာရှိတယ်မဟုတ်လား"

"ရှိပါတယ် ဒေါ်ဒေါ်၊ သမီးတို့ အိမ်ထဲဝင်ကြရအောင်"

ဖြူဖွေးဖော့က ဒေါ်ခင်မေဘာကို အိမ်ထဲသို့ ခေါ်လာခဲ့သည်။

"သမီးလေး ရောက်ပြီလို့ သတင်းကြားကြားချင်း ဒေါ်ဒေါ် ပြေးလာ ခဲ့တာပဲကွယ့်"

ဒေါ်ခင်မေဘာက ပြောပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖွေးဖော့သည့် ဒေါ်ခင်မေဘော်နှုတ်က မဲ့နက်ကြီးကို ကြည့်ရင်း ဟက်ရုံဘာဝတ်ကို သဘောပေါက်လာသလိုရှိ၏။

အိပ်ရေ့ခန်းတွင် သတင်းစာဖတ်နေသည့် ဒေါ်နှင်းဖြူကို အဆင်သင့် ပင် တွေ့ရ၏။

"မေဘ... မေဘ... လာ"

"သမီးလေး ရောက်တယ်ကြားတာနဲ့ ပြေးလာခဲ့တာ။ လုပ်လက်စ အလုပ်တွေ ပစ်ထားခဲ့တယ်လေ"

"ကောင်းပြီ။ ညည်းက ဒီသမီးအတွက်ဆို ငါ့ထက်တောင် သည်း သေးတယ်"

"ဩော် ... မနှင်းဖြူရယ်၊ မနှင်းဖြူက သမီးလေးကို မွေးထုတ်ရုံ မွေးထုတ်ခဲ့တာပါလေ။ ကျွန်မက ဒီသမီးလေးကို မွေးကင်းစကတည်းက အရပ်ထောက်လှည့်ပြီး ကျွေးမွေးသုတ်သင်ခဲ့ရတာ မဟုတ်လား။ အဲဒီးယံယော ဇဉ်ကလည်း မသေးဘူးရှင့်"

"မေဘရေ... သမီးလေးက ဒီမနက်ပဲ မေးခွန်းတစ်ခုမေးတယ်တဲ့။ အဲဒါ မေဘပဲ ရှင်းပြလိုက်ပါဦးဟယ်"

"သမီးက ဘာများမေးလို့လဲ မနှင်းဖြူ"

"ဩော် ... သမီးရဲ့မွေးစားအမေမခင်စမ်းက ပြောခဲ့တယ်တဲ့လေ။ သမီးအမေအရင်း မနှင်းဖြူဟာ အသားညိုတယ်၊ နဖူးမှာ မှဲ့ကြီးတစ်လုံး ပါတယ်တဲ့"

"ဩော် ... ဒါပေါ့လေ။ မခင်စမ်းတို့ကတော့ ကျွန်မကိုပဲ မနှင်းဖြူ လို့ ထင်နေကြမှာကိုး။ ဒါကို သမီးလေး သံသယရှင်းသွားအောင် ရှင်းပြရမှာ ပေါ့။ အင်း ... ပြောရင်းဆိုရင်း မခင်စမ်းကိုတောင် သတိရလာမိတယ်။ ပြန်ပြီးမြင်ယောင်လာမိတယ် မနှင်းဖြူရယ်။ ဟောဒီသမီးလေးကို မွေးစားခဲ့တဲ့ မခင်စမ်းလေးဟာ သိပ်စိတ်ထားကောင်းရှာတာ မနှင်းဖြူရဲ့။ သားအမိ နှစ် ယောက်စလုံးပါပဲလေ။ သူတို့ကျေးဇူးကြောင့်လည်း တို့သမီးလေးကို ခုလို ကောင်းကောင်းမွန်မွန် ပြန်ဆုံခွင့်ရတာ မဟုတ်လား"

"ဒေါ်ဒေါ်တို့ ဘာတွေပြောနေကြတာလဲဟင်။ သမီးတော့ နားလည် လို့ မရအောင်ဘဲ"





"အဲဒါကိုပဲ ရှင်းပြမှာပါ သမီးလေး။ ဒီလိုကွယ့်... အစက စပြော ရရင်တော့ ဒေါ်ဒေါ်ဟာ ဘယ်သူဆိုတာက စပြောရမှာပဲ"

ဒေါ်ခင်မေဘောက နောက်ကြောင်းပြန်ပါလေတော့သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က ဒေါ်ဒေါ်ဟာ ဟောဒီ ချမ်းမြေ့ ရိပ်မြုံသုခဘုံအိမ်ကြီးရဲ့ အစေခံမတစ်ယောက်ပေါ့ကွယ်"

"အို ... "

"ဟုတ်တယ် ... ပထမဆုံးအနေနဲ့တော့ ဒေါ်ဒေါ်ဟာ ဒီအိမ်ကြီးရဲ့ အစေခံမတစ်ယောက်လို့ မှတ်ထားလိုက်ပေတော့။ အဲ... ဒေါ်ဒေါ် အစေခံ လုပ်နေတဲ့အချိန်မှာ မနှင်းဖြူဟာ ကျောင်းသူပဲ ရှိသေးတာပေါ့ကွယ်။ အဲဒီ တုန်းက မနှင်းဖြူမှာ ချစ်သူတစ်ယောက် ရှိခဲ့တယ်ကွယ့်။ စောသာအောင် တဲ့။ ကျောင်းကုန်းမြို့နဲ့သိပ်မဝေးတဲ့ မင်းမနိုင်ဆိုတဲ့ရွာက ကောင်လေး တစ် ယောက်ပေါ့။ မနှင်းဖြူနဲ့ စောသာအောင်ဟာ ကျောင်းမှာတွေ့ပြီး ချစ်ကြိုက် ခဲ့ကြတာပဲ။ ဒီတုန်းက ဒေါ်ဒေါ်ဟာ သူတို့ရဲ့အကျိုးဆောင် အောင်သွယ် တစ်ယောက်ဆိုပါတော့။

"အဲဒီအချိန်ဟာ ချမ်းမြေ့ရိပ်မြုံရဲ့စီးပွားရေးဟာ အကောင်းဆုံး၊ အတိုးတက်ဆုံးအချိန်ပေါ့ကွယ်။ ချမ်းမြေ့ရိပ်မြုံရဲ့အရှင်သခင်ကြီးလို့ ဆိုရမယ့် ဦးသုခဟာ အမြဲမြို့အနယ်နယ်မှာ ကုန်ကူးသန်းရောင်းဝယ်နေခဲ့တယ်။ အိမ်ကို ပြန်မကြည့်နိုင်ချိန်ပေါ့။ မနှင်းဖြူမှာ မနှင်းသူဆိုတဲ့ အစ်မတစ်ယောက် ရှိသေး တယ်။ ခုတော့ ... ဆုံးသွားရှာပါပြီ။ သူက အိမ်ထောင်မကျခဲ့ဘူး။ အပျိုကြီး ဘဝနဲ့ပဲ အသက် ၃၀ မှာဆုံးရှာတယ်။

"ဆိုပါတော့ကွယ်။ တစ်နေ့မှာ အိမ်ကိုပြန်ရောက်လာတဲ့ ဦးသုခဟာ မနှင်းဖြူမှာ ချစ်သူရှိနေပြီ။ သမီးရဲ့ချစ်သူကလည်း တောသူတောင်သား၊ လက်လုပ်လက်စားထဲကဆိုတာ သိလိုက်ရတော့ သိပ်စိတ်ဆိုးသွားခဲ့တယ်။ ဘဘကြီးဦးသုခဟာ သိပ်ပြီး ငွေဂုဏ်၊ ဓနဂုဏ် မောက်ခဲ့တာပေါ့။ လုပ်သမျှ လည်း အောင်မြင်နေတဲ့အချိန်ကိုး။ ဦးသုခက ပုသိမ်က သူဌေးသားကိုတသော် နဲ့ မနှင်းဖြူကိုပေးစားဖို့ လူကြီးချင်း စကားပြောဆိုပြီးသားကွယ့်။ ဒါပေမဲ့ ကွယ်။ အဖြစ်တွေက လွန်ခဲ့ပြီ။ လူငယ်ချင်း မှားယွင်းခဲ့ကြလို့ မနှင်းဖြူမှာ စောသာအောင်ရဲ့ကိုယ်ဝန် စွဲကပ်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသုခဟာ စောသာအောင်နဲ့ မနှင်းဖြူချစ်ခြင်းကို ခွဲခဲ့ပေမဲ့ မနှင်းဖြူရဲ့ကိုယ်ဝန်ကိုတော့ မွေးဖွားခွင့်ပေးခဲ့တယ်။ ဗုဒ္ဓဘာသာဆိုတော့ကာ ဖြစ်ပြီးတဲ့ ကိုယ့်ဝန်ကို ဖျက်ဆီးပစ်ဖို့တော့ မတိုက်တွန်းခဲ့ဘူး။ ဒီအိမ်ကြီးထဲမှာပဲ အပြင်မထွက်ရိုင်းဘဲ မွေးဖွားစေခဲ့တာမို့ တစ်မြို့လုံးကလည်း ဘယ်သူမျှမရိပ်မိလိုက်ကြဘူးကွယ့်။ အဲဒီလို မွေးလာတဲ့ကလေးကတော့ ဟောဒီသမီးလေး ဖြူဖွေးဖော့ပေါ့ကွယ်"

"ဒါဖြင့် သမီးဟာ ဟောဒီအိမ်ကြီးထဲမှာပဲ မွေးခဲ့တာပေါ့နော်"

"ဒါပေါ့သမီးရယ်။ သမီးကို ချမ်းမြေ့ရိပ်မြုံမှာပဲ မွေးခဲ့တယ်၊ သမီးရဲ့ အဖေအရင်းနာမည်က ဦးစောသာအောင်တဲ့၊ ခုတော့ သူလည်း မရှိရှာတော့ပါဘူး။ သမီးလေးမွေးဖွားပြီး မကြာခင်မှာပဲ ရေနစ်သေဆုံးသွားတယ်လို့ ကြားလိုက်ရတယ်"

တစ်ချိန်လုံး ငြိမ်နေသည့် ဒေါ်နှင်းဖြူက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ဒေါ်နှင်းဖြူမျက်ဝန်းမှာ မျက်ရည်စများဝဲနေ၏။

"ဆက်ပြောရရင်တော့ကွယ်။ ဦးသုခဟာ သမီးမနှင်းဖြူကို နဂိုစီစဉ်ထားတဲ့အတိုင်း ကိုဘသော်နဲ့ ပေးစားချင်တယ်၊ မနှင်းဖြူ ဖြစ်ခဲ့တဲ့ ဇာတ်ကြောင်းတွေကိုလည်း ပြည်ဖုံးကားချလိုက်ချင်တယ်၊ ကိုဘသော်ကို ဒီအကြောင်းတွေ မသိစေချင်ဘူး။ အဲဒီတော့ အကောင်းဆုံးနည်းလမ်းဟာ မနှင်းဖြူရဲ့သမီးလေးကို ချမ်းမြေ့ရိပ်မြုံမှာ ရှိမနေစေဖို့ပဲ၊ ကလေးကို စွန့်ပစ်လိုက်ဖို့ပဲ"

ဖြူဖွေးဖော့ရင်မှာ နာကျင်ကြေကွဲစွာ ခံစားလိုက်ရသည်၊ မိမိကို စွန့်ပစ်ဖို့ အမိန့်ပေးခဲ့သည့် အဘိုးဦးသုခကိုလည်း စိတ်နာမိသည်။

ဒေါ်ခင်မေဘာ ဆက်လက်ပြောပြသည့်အကြောင်းများက ဖြူဖွေးဖော့မျက်စိထဲ၌ ရုပ်လုံးပေါ်ထင်မြင်လာရလေသည်။

❀

"မေဘာ"

"မနှင်းဖြူ ဘာလိုသလဲပြောလေ"

မနှင်းဖြူအသားအရေများမှာ ကလေးမွေးပြီးစမို့ ဖြူဖျော့နေသည်။ ခင်မေဘာမှာ မနှင်းဖြူ၏ အဆင်မပြေသောအချစ်ရေးကို ကိုယ်တိုင် မြင်တွေ့နေရသည်မို့ သနားနေရ၏။

"မေဘာရယ်... ငါ... ငါ့သမီးကို စွန့်လွှတ်ရတော့မယ်။ ခွဲခွာရတော့မယ်"

"ဒါတွေ မပြောနဲ့ဦးလေ မနှင်းဖြူ။ သက်သာအောင်နေလိုက်ဦးကွယ်။ နေကောင်းလာမှ... "

"မဟုတ်ဘူး မေဘာ။ ငါ့သမီးလေးကို ငါ သိပ်ချစ်တယ်။ မခွဲချင်ဘူးအေ"

ခင်မေဘာမှာ မနှင်းဖြူကို သနားရလေသည်။ မနှင်းဖြူသည် ခင်မေဘာကို အစေခံတစ်ယောက်ကဲ့သို့ မဆက်ဆံ၊ ညွှေမျိုးသားချင်းတစ်ယောက်လို တန်းတူဆက်ဆံရှာသည်။ ညှာတာထောက်ထားတတ်သည်။

ယခု အချစ်ရေး အဆင်မပြေရှာလေသည့် မနှင်းဖြူကလေး သမီးငယ်အတွက် ထပ်ဆင့်စိတ်ဆင်းရဲနေရပြန်တော့ ခင်မေဘာမှာ မနှင်းဖြူကို သနားလို့ မဆုံးတော့။

"ကျွန်မ ဘာကူညီရမလဲ မနှင်းဖြူ။ ကျွန်မ ဘာလုပ်ပေးရမလဲ မှာင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . ငါ့သမီးလေးကို သူများလက်ထဲတော့ ပစ်လက်ခတ် ပေးမပစ်နိုင်ဘူးအော"

"ဒါပေါ့ မနှင်းဖြူရယ်"

"သမီးလေးကို ကောင်းကောင်းမွန်မွန် မွေးစားမယ့်လူကို ငါ ကိုယ်တိုင် ရှာပြီး သေချာအပ်ချင်တယ်"

"ကောင်းသားပဲ မနှင်းဖြူ"

"ဒါပေမဲ့ အချိန်ကမရတော့ဘူးအေ့။ မေမေက ငါ့ကို ကိုဘသော်ဆိုတဲ့ လူနဲ့ နောက်သုံးလအတွင်းမှာ ပေးစားမှာတဲ့။ ဒီအတွင်း ငါ့ကို အပြင်ထွက် ခွင့်ပေးမှာ မဟုတ်ဘူး၊ အဲဒီတော့ ဘယ်လိုလုပ်ပြီး သမီးကိုမွေးစားမယ့် သူကို ကိုယ်တိုင်ရှာဖွေ အပ်နှံနိုင်တော့မှာလဲကွယ်။ ငါ စဉ်းစားထားတာတစ်ခု ရှိတယ်၊ နှင် ငါ့ကို ကူညီပါလားဟင်"

"ကူညီရမှာပေါ့၊ ကျွန်မအပေါ်မှာ မနှင်းဖြူတို့မိသားစု ကျေးဇူးတွေ အများကြီးရှိတာ။ ကျွန်မ ဘာလုပ်ပေးရမလဲ . . . ပြော"

"ငါ့ကိုယ်စား သမီးလေးကို ခေါ်သွားပါ။ သမီးလေးကို ကြင်ကြင် နာနာ မွေးစားမယ့်မိဘကို ရှာပါ။ ယုံကြည်လောက်တဲ့လူကိုမှ သမီးလေးကို ပေးပစ်ခဲ့ပါ၊ ဒါပေမဲ့ သမီးလေးကို လုံးဝဥသုံ စွန့်လွှတ်ပစ်လိုက်မှာ မဟုတ် ဘူး။ သမီးအရွယ်ရောက်လာတဲ့ အချိန်မှာ ပြန်ခေါ်မှာ ဆိုပါတော့ကွယ်။ ငါ့ ဘဝကို ချုပ်ချယ်လွှမ်းမိုးတဲ့မေမေ မရှိတော့တဲ့အချိန်မှာ သမီးလေးကို ပြန်ခေါ်မယ်၊ ငါ လောကမှာအကြောက်ဆုံးဟာ မေမေပဲ။ လေးလည်း လေး စားတယ်။ ငယ်ကြောက်မို့ မေမေ့ကိုတော့ မတော်လှန်ရဲဘူးအေ။ မေမေ မရှိတော့ရင်ဖြင့် ငါ ဘယ်သူ့ကိုမှမကြောက်ပါဘူး။ အားလုံးကို ရင်ဆိုင်ဝံ့ပါတယ်"

"ဟုတ် . . . ဟုတ်တယ်လေ"

"ဒီတော့ သမီးကို မွေးစားမယ့်မိဘတွေကိုပြော။ သမီးကို တစ်သက် လုံး မွေးစားဖို့ပေးတာ မဟုတ်ပါဘူးလို့။ အဆင်ပြေတဲ့ တစ်နေ့ကျ ပြန်ခေါ် မှာပါလို့၊ သဘောကတော့ဟယ် . . . သမီးကို ခေတ္တခဏ ထိန်းသိမ်း စောင့် ရှောက်ခိုင်းတဲ့သဘောပေါ့။ ဒီအတွက် ငါက မွေးစားမယ့်သူတွေကို ထိုက် ထိုက်တန်တန် အဖိုးအခပေးမှာပါ။ နောက်ပြီး ငါ့ရဲ့ နဝရတ်ကိုးသွယ်ဘယက် ကြီးကိုလည်း သမီးလေးအတွက် ပေးလိုက်မယ်"

"အမယ်လေး . . . ဘယက်ကြီးကို ပေးလိုက်မယ်"





"ဟုတ်တယ် . . . သမီးလေးအရွယ်ရောက်လာတဲ့အခါ ငါ့ရဲ့ သမီး အစစ်အမှန်ဖြစ်ကြောင်းသက်သေအဖြစ်ပေါ့"

"မနှင်းဖြူမဂ်လာဆောင်တဲ့အခါကျတော့ ဒီဘယက်ကြီးကို ဝတ်ရ မှာဆို"

"ဒါက လွယ်ပါတယ်။ မမနှင်းသူကို အကျိုးအကြောင်း ပြောပြပြီး သူ့ဘယက်ကို ခဏငှားဝတ်ရုံပေါ့။ ဒါအတွက် မပူနဲ့။ အရေးကြီးတာက သမီးလေးကိုပေးဖို့ရာမှာ ညည်းဟာ ခင်မေဘအနေနဲ့ သွားရမှာ မဟုတ်ဘူး။ ငါ့အနေနဲ့ သွားရမှာ။ မနှင်းဖြူအနေနဲ့ သွားရမှာ"

"ရှင် . . . "

"ညည်းဟာ မနှင်းဖြူဆိုတဲ့နာမည်နဲ့ပဲ လူသိခံရမယ်"

"ကျွန်မ မနှင်းလိုက်တာ မနှင်းဖြူရယ်"

"ဒီလိုအေ . . ညည်းဟာ သမီးရဲ့အမေအရင်း မဟုတ်ဘူး. မဟုတ် လား။ အမေအရင်းမဟုတ်တဲ့ မိန်းမတစ်ယောက်က ကလေးတစ်ယောက်ကို စွန့်ပစ်တယ်ဆိုရင် လူတွေက ဘယ်လိုထင်ကြမလဲ"

မနှင်းဖြူက ရှင်းပြသည်။ ရေရေလည်လည် ရှင်းပြမှ ခင်မေဘ သဘောပေါက်သွားတော့၏။

မိခင်ရင်း မနှင်းဖြူကိုယ်တိုင်က သူမသမီးလေးကို မလွဲသာ၍ စွန့်လွှတ်ရသည့်ပုံမျိုး ဖြစ်စေရမည်။

ထို့ကြောင့် ခင်မေဘက သူမကိုယ်သူမ မနှင်းဖြူဟု ပြောရမည်။ မနှင်းဖြူအဖြစ် အယောင်ဆောင်ရမည်။

"ဖြစ်ပါ့မလား မနှင်းဖြူရယ်။ မနှင်းဖြူနဲ့ကျွန်မက တူမှမတူဘဲ"

"အို . . . ဒီနေရာမှာ လူချင်းလဲတာဟာ ရုပ်ချင်းဆင်စရာ မလိုပါ ဘူး၊ သမီးလေးကို ပြန်ခေါ်တဲ့အခါကျမှ ဒီလို ဒီလို အခက်အခဲတွေကြောင့် ခင်မေဘကနေ မနှင်းဖြူ ဖြစ်ရတယ်လို့ ရှင်းပြလိုက်ရုံပေါ့"

ထို့ကြောင့် ခင်မေဘသည် မနှင်းဖြူအမည်ခံခဲ့ရသည်။

မနှင်းဖြူက သူမ၏သမီးလေးကို ဖြူဖွေးဖော့ ဟု အမည်မှည့်ခေါ် စေလိုက်သည်၊ မှာကြားစရာရှိသည်များကို ခင်မေဘအား လုံးစေ့ပတ်စေ့ သင်ပြမှာကြားလိုက်သည်။

ခင်မေဘသည် မနှင်းဖြူအဖြစ် အရပ်တကာ လှည့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မခင်စမ်းတို့ရွာကို ရောက်ခဲ့၏။

မခင်စမ်းသည် သမီးလေးအတွက် အသင့်တော်ဆုံး မွေးစားမိခင်ဟု ယူဆခဲ့၏။

မခင်စမ်းအား ငွေသုံးထောင်၊ ဘယက်နှင့်အတူ ဖြူဖွေးဖော့အား အပ်နှံခဲ့လေတော့သည်။ သို့သော် ခင်မေဘာအနေနှင့် ပေးအပ်ခဲ့ခြင်းမဟုတ်။ မနှင်းဖြူအနေဖြင့် ပေးအပ်ခဲ့ခြင်းသာတည်း။

ထို့ကြောင့် မခင်စမ်းက ခင်မေဘာအား မနှင်းဖြူအစစ်လို့ပဲ ထင်ခဲ့သည်။ နောက်ဆုံးအချိန်အထိ ဖြူဖွေးဖော့ကို မနှင်းဖြူ၏ပုံစံပြောပြရာတွင်လည်း ခင်မေဘာမှာရှိသည့် နဖူးပေါ်က မှဲ့နက်ကြီးအကြောင်းကို ထည့်သွင်း မပြောကြားခဲ့ခြင်း ဖြစ်ပါသေးသတည်း။

၀

"ကဲ ... ခုတော့ ရှင်းသွားပြီမဟုတ်လားကွယ်"

"ရှင်းသွားပါပြီ မေမေ"

ဖြူဖွေးဖော့မှာ သံသယတွေ ကင်းပျောက်သွားရပါပြီ။ မိမိအတွက် ပင်ပန်းဆင်းရဲခံခဲ့သည့် ဒေါ်ခင်မေဘာ၏စေတနာကို လည်းလေးစားရပါသည်။

"တကယ်တော့ ဒေါ်ဒေါ်မေဟာ သမီးကို လသမီးအရွယ်ကတည်းက ချိုးပြီးထိန်းကျောင်းခဲ့ရတာပါ၊ ခုထိလည်း မမေ့နိုင်သေးပါဘူးလေ။ မနှင်းဖြူက သမီးကို မွေးရုံမွေးထုတ်ခဲ့တာပါကွယ့်။ ဒေါ်ဒေါ်မေလောက် အပင်ပန်းခံထိန်းကျောင်းခဲ့ရတာ မဟုတ်ပါဘူး။ ဒါကြောင့် ဒေါ်ဒေါ်မေ့အချစ်က မနှင်းဖြူထက်တောင် ပိုပါဦးမယ်ကွယ်"

"ဟော့ ... မေဘာ။ သားအမိကြားမှာ သွေးခွဲစကားမပြောနဲ့လေ။ သူ့စကားတွေ အားလုံးမယုံနဲ့ သမီးရေ။ မေဘာက သမီးကို မေမေ့ဆီကခေါ်ပြီး ထွက်သွားလိုက်တာ တော်တော်နဲ့ ပြန်ပေါ်မလာဘူးလေ။ နှစ်နှစ်လောက်ကြာသွားတော့ မေမေ့မှာ စိတ်ပူရတာပေါ့။ ဟော ... မယ်မင်းကြီးမကတော့ အိမ်ထောင်တွေ ဘာတွေကျပြီး နှစ်နှစ်ကျော်ကြာမှ ပြန်လာတယ်လေ။ အဲဒီတော့မှ သမီးသတင်းကို သိရတော့တာ"

"ဟင် ... ဟုတ်လား"

ဖြူဖွေးဖော့ စိတ်ဝင်စားသွားရပြန်သည်။

ဒေါ်ခင်မေဘာက ရှက်ရယ်ရယ်လိုက်သည်။

"ဒီလိုကွယ့် ... ဒေါ်ဒေါ်မေဟာ သမီးကို မခင်စမ်းတို့ဆီမှာ အပ်ခဲ့သည်းပြီးရော ကျောင်းကုန်းကို ပြန်မယ်ဆိုပြီး ပြန်လာခဲ့တာပါပဲ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွယ် ပြည့်ဖြိုးလည်း ရောက်ပါလေရော ဖျားပါလေရောကွယ်၊ ဒါနဲ့ အိမ်တစ်အိမ်မှာ ဝင်နားနေရတယ်။ ဒီလိုနဲ့ ကိုတုပ်ဖား ဆိုတဲ့လူနဲ့ တွေ့လို့ ချစ်ကြိုက်မိပြီး အဲဒီကိုတုပ်ဖားနဲ့ပဲ အိမ်ထောင်ကျခဲ့တယ်လေ"

"ဟောတော့ . . . "

"ဒါနဲ့ပဲ ကျောင်းကုန်းကို မပြန်ဖြစ်တော့ဘဲ ပြည်မှာ သောင်တင်နေရတော့တာပေါ့"

"မပြန်ဖြစ်တော့လည်း ဒေါ်ဒေါ်မေက မေမေ့ဆီ အကျိုးအကြောင်း စာမရေးဘူးလား"

"အမယ်လေးလေး . . . ဘယ်ရေးလို့ဖြစ်မှာလဲကွယ်။ အဲဒီအချိန်မှာ မနှင်းဖြူဟာ ကိုဘသော်နဲ့ မင်္ဂလာဆောင်ပြီးလောက်ပြီလေ၊ မတော်တဆ စာကို ကိုဘသော်ဖတ်မိရင် ငါးပါးမှောက်ကုန်မှာပေါ့"

"အင်း . . . ဟုတ်သားပဲ"

"အဲဒါသာကြည့်သမီးရေ . . . မေဘဟာ ယောကျ်ားလည်းရရော၊ အားလုံးကိုမေ့ရော။ မေမေ့မှာ သမီးသတင်းကို မသိရလို့ စိတ်ပူလိုက်ရတာ။ နှစ်နှစ်ကျော်သို့ သူပြန်လာမှ အကြောင်းစုံသိရတော့တယ်။ ဒါတောင် သူ့ယောကျ်ား သေသွားလို့ပါလား။ သူ့ယောကျ်ားသာ မသေခဲ့ရင် ဒီကျောင်းကုန်းကို တစ်သက်လုံး ပြန်လာချင်မှတောင် လာတော့မှာ"

"ဟုတ်တယ် . . . ဒေါ်ဒေါ်မေ့ယောကျ်ားဟာ အစာအိမ်ရောဂါနဲ့ ဆုံးသွားခဲ့တယ်။ ဒါနဲ့ပဲ မွေးရပ်ကို ပြန်လာခဲ့တာ၊ ကိုတုပ်ဖားထားခဲ့တဲ့ ငွေလေးနဲ့ပဲ လုပ်ကိုင်စားနေတော့တယ်လေ၊ ချမ်းမြေ့ရိပ်မြုံမှာတော့ အလုပ်ပြန်မလုပ်ဖြစ်တော့ဘူး"

တစ်တိုင်တည်းမှာပင် ဒေါ်ခင်မေဘ၏ ဘဝအစိတ်အပိုင်းပေါင်းများစွာကို သိခွင့်ရခဲ့လေသည်။

◈ ◈ ◈

## -၉-

"ဟော . . . ဖွေး"

ခင်ဖြူဖြူက ဆိုင်ထဲသို့ ဝင်လာသော ဖြူဖွေးဖော့ကို မြင်လိုက်၍ အားရဝမ်းသာ လှမ်းခေါ်လိုက်သည်။

"ဖွေး . . . မမဖြူတို့ဆီ လာလည်တာလားဟင်"

"ဒါပေါ့ မမဖြူရဲ့။ အခု ဖွေး ဟိုဘက်ကမ်းကနေပြန်လာတာ။ အသွားတုန်းက ဒီရှေ့က ဖြတ်သွားတာပဲ၊ မမတို့ကို ကြည့်သေးတယ်။ မတွေ့ဘူး"

"မနေက အိမ်ထဲမှာ ထမင်းချက်နေတယ်လေ။ ကိုကိုကတော့ ဈေးဘက် ခဏထွက်သွားလို့"

ဒီဘက်ခြမ်းက ကုန်စုံဆိုင်မှာရော၊ တစ်ဖက်ခြမ်းက စာအုပ်အငှားဆိုင်မှာပါ ဈေးဝယ်သူ၊ စာအုပ်ငှားသူများနှင့် ရှုပ်နေသည်။

"ဖွေးက ဟိုဘက်ကမ်းကိုတောင် အလည်သွားနေပြီဆိုတော့ မိတ်ဆွေတွေ တိုးနေပြီ ထင်တယ်"

"ဖွေးအဒေါ်တစ်ယောက်ပါ မမ။ ဒေါ်ခင်မေဘဆိုတာ ဟိုဘက်ကမ်းမှာ နေတယ်လေ။ သူကခေါ်လို့ ခဏလိုက်လည်တာ။ ဒါနဲ့ ကိုသက်ဆွေရော"

"ကိုကို ရှိပါတော်။ ကိုကိုရေ . . . ကိုကို . . . ဒီမှာ ဖြူဖွေးဖော့ လာလည်တယ် ကိုကိုရဲ့"

ခင်ဖြူဖြူက အိမ်ထဲသို့ လှမ်းအော်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ . . . လာပြီ" ဆိုသည့်အသံနှင့်အတူ ကိုသက်ဆွေ ရောက်လာသည်။

"ဟော . . . ဖွေး . . . မနေ့ကတည်းက မျှော်နေတာ"

"ဖွေးလည်း လာမလို့ပါ။ မအားဟာနဲ့လေ"

"ကိုယ်တို့ဘာကူညီရဦးမလဲ ဖွေး"

"ကျေးဇူးတင်ပါတယ် ကိုသက်ဆွေ။ ဖွေး အားလုံး အဆင်ပြေပါတယ်။ ဖွေးကို ကူညီချင်တယ်ဆိုရင်တော့ ဆိုင်ကစာအုပ်တွေသာ အလကား ငှားလိုက်ပေတော့ . . . ဟဲ . . . ဟဲ"

"ရပါတယ် ဖွေးရဲ့၊ ကြိုက်သလောက် ယူသွား"

"နောက်တာပါ။ ဖွေး အလကား မငှားပါဘူး"

"လာပါ ဖွေးရယ်။ ကြိုက်တဲ့စာအုပ် ရွေးယူသွားစမ်းပါ"

ခင်ဖြူဖြူက ဖွေးကို စာအုပ်ဆိုင်ဘက်ခြမ်းသို့ ခေါ်သွားသည်။

၀

ဦးအောင်ခက်သည် "ဖြူဖွေးဖော့ လာလည်တယ်" ဟု ခင်ဖြူဖြူ ဒအော်ပြောလိုက်သံကို ကြားလိုက်သည်။ သားဖြစ်သူကိုသက်ဆွေ ပြေးထွက်သွားသည်ကိုလည်း မြင်လိုက်ရသည်။

ထို့ကြောင့် ချိုင်းထောက်ကိုယူ၍ အိမ်ရှေ့ဘက်သို့ ထွက်ခဲ့၏။

ဦးအောင်ခက် ဖြူဖွေးဖော့ကို သိပ်တွေ့ချင်နေသည်။

ဟော . . . တွေ့ပါပြီ။

သပိုးနှင့်အတူ စာအုပ်တွေရွေးနေသည့် ဖြူဖြူချောချော မိန်းကလေး။

"ဟော . . . ဖေဖေ၊ ဒီမှာ သမီးတို့ပြောတဲ့ ဖြူဖွေးဖော့လေ"

ခင်ဖြူဖြူက ဦးအောင်ခက် လျှောက်လာသည်ကို မြင်၍ ဖြူဖွေးဖော့နှင့် မိတ်ဆက်ပေးလိုက်သည်။ ဖြူဖွေးဖော့ကို လက်ဆွဲ၍ ဦးအောင်ခက် ရှိရာဆီ ခေါ်သွားလိုက်၏။

"ဖွေးရေ့ . . . ဒါတို့ဖေဖေလေ၊ ဦးအောင်ခက်တဲ့။ မမတို့မှာ မေမေ မရှိတော့ဘူးကွယ့်"

"အေး . . . အေး . . . တွေ့ရတာ ဝမ်းသာသကွယ်"

ဖြူဖွေးဖော့သည် ဦးအောင်ခက်၏ ချိုင်းထောက်နှင့် အဖြစ်ကို မြင်လိုက်ရ၍ ကရုဏာသက်မိရသည်။

"သမီးကို ဒီမြို့မရောက်ခင်ကတည်းက မမဖြူတို့ မောင်နှမက ကူညီခဲ့တာပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"နောင်လည်း အကူအညီလိုတာ တောင်းပါ။ အိမ်လည်း လာလည်ပါ။ စာအုပ်တွေလည်း ယူဖတ်ပေါ့ကွယ်။ စာအုပ်တွေ ရွေးနေသလား။ သွား သွား . . . ရွေးချေပါကွယ်"

ဦးအောင်ခက်က မြူခွေးဖော့ကို နှုတ်ဆက်ပြီး အိမ်ထဲပြန်ဝင်ခဲ့၏၊ အိမ်ထဲမှနေ၍ မြူခွေးဖော့ဆိုသူလေးကို ငေးကြည့်နေမိပြန်သည်၊ ဦးအောင်ခက် ရင်မှာ ဗလောင်ဆူလျက် ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ဖြစ်ရပ်များကို မျက်လုံးထဲတွင် မျက်ဝါးထင်ထင် ပြန်၍မြင်ယောင်လာရလေ၏။

၈

အမှန်တော့ ကိုသက်ခွေနှင့် ခင်ဖြူဖြူတို့သည် ဦးအောင်ခက်၏ သားအရင်း၊ သမီးအရင်းများ မဟုတ်။ နှစ်ယောက်စလုံးကို မွေးစားထားခြင်းသာ ဖြစ်ပါသည်။

ဦးအောင်ခက်မှာ သားသမီးအရင်း မရှိပါ။

လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော် ၁၉၅၉ ခုနှစ်က ဖြစ်ပါသည်။ ထိုစဉ်က ဦးအောင်ခက်သည် ခလရ(  )တွင် တပ်ကြပ်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

တစ်နေ့ . . .

ရှေ့တန်းမှ ပြန်အလာတွင် အနားရနေပါ၍ ကိုအောင်ခက် မြို့ထဲသို့ ထွက်ခဲ့သည်။ ဈေးနားက မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးဝင်စားသည်။ ထိုစဉ်တွင် သူငယ်လေးတစ်ယောက်ကို ကိုအောင်ခက် သတိပြုမိလိုက်သည်။ သူငယ်လေးမှာ ငါးနှစ်ကျော်လောက်သာ ရှိဦးမည့် ကလေးငယ်လေးပါ။ ကလေးငယ်သည် အလွန့်တရာ ဆာလောင်မွတ်သိပ်နေဟန်ရှိ၏။ ကိုအောင်ခက် စားနေသော မုန့်ဟင်းခါးများကို အငမ်းမရ ငေးမျှော်ကြည့်နေသည်။

ပထမတော့ ထိုသူငယ်ကို သူတောင်းစားများလားဟု ကိုအောင်ခက် ထင်မိသေးသည်။ သို့သော် ကလေးငယ်၏ရုပ်ရည်နှင့် အတန်ငယ် သစ်လွင်သော အဝတ်အစားများက အဆင့်အတန်းမနိမ့်လှကြောင်း ဖော်ပြလျက်ရှိ၏။

"မင်း စားမလားကွ"

ကိုအောင်ခက်က မေးလိုက်သည့်အခါ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး ဝယ်ကျွေးမယ်ဆိုရင် စားချင်ပါတယ်"

ကလေးငယ်က ရည်ရည်မွန်မွန် ပြန်ပြောရှာသည်။

ကိုအောင်ခက်က ကလေးငယ်ကို စိတ်သည်းခံစား၊ စေတနာလည်း ရှိပါ၍ မုန့်ဟင်းခါးများ တဝဝယ်ကျွေးလိုက်ပါ၏။

"ဟော ... ကောင်လေး ပျောက်သွားပါတယ်လို့ လိုက်ရှာတယ်၊ မင်းက ဒီမှာရောက်နေတာကိုး။ ဘာလဲ မင်းက တောင်းစားနေတာလားဟင်"

ထိုသို့ပြော၍ ကလေးငယ်ကုပ်ကို လှမ်းဆွဲလိုက်သူမှာ ရဲသားတစ်ဦး ဖြစ်သည်။

"ဩော် ... ကျွန်တော် ဝယ်ကျွေးတာပါ ခင်ဗျ။ ဒီကလေးက ဘာများဖြစ်လို့လဲ ခင်ဗျာ"

ကိုအောင်ခက်က ရဲသားကို ရှင်းပြရင်း မေးလိုက်သည်။

"ဩော် ... ဟိုတစ်ပတ်က ရန်ကုန်–မန္တလေးရထားကို မိုင်းဗုံး မိတယ်လေ ဆရာ။ ဒီကလေးရဲ့အဖေရော၊ အမေရော သေသွားကြတယ်။ သူ့ကို မေးကြည့်တော့လည်း အဖေအမေနာမည်ပဲ ပြောတတ်တယ်။ ဘယ်မြို့က လာတယ်ဆိုတာ မသိရှာဘူး။ ဆွေမျိုးသားချင်းတွေလည်း မေးလို့ မရဘူး။ ဒါနဲ့ ကျွန်တော်တို့ဝန်းကပဲ ခဏဘာဝန်ယူထားရတာပါ။ ခု သူ ပျောက်သွားလို့ လိုက်ရှာပါတယ်။ ကိုယ်တော်လေးက ဒီရောက်နေတာကိုး"

"ဦးတို့က မနက်စာမကျွေးဘဲ။ ကျွန်တော့်အိမ်မှာဆို မောက်ဖိနဲ့ မုန့်ဟင်းခါး မနက်တိုင်း စားရတယ်၊ ဒီဦးဦးက ဝယ်ကျွေးတော့ စားလိုက်တာပေါ့။ ကျွန်တော် တောင်းစားတာ မဟုတ်ဘူး"

ကိုအောင်ခက်မှာ ကလေးငယ်အကြောင်းကို သိရ၍ စိတ်မကောင်း ဖြစ်ရသည်။ မိဘနှစ်ပါးလုံးဆုံးပါးပြီး တစ်ကောင်ကြွက် ကျန်ခဲ့ရသည့် သူ့ဘဝရှေ့ရေးမှာ မလွယ်ပါ။ ဘယ်အရပ်ကမှန်းလည်း မပြောတတ်ရှာ။ ကလေးကတော့ အတော်သွက်လက်ချက်ချာလေသည်။

"ချာတိတ် ... မင်းနာမည် ဘယ်လိုလဲကွ"

"မောင်သက်"

ထိုစဉ်ကတည်းက မောင်သက်ကလေးကို စိတ်ထဲမှာ အမှတ်တရ ရှိနေခဲ့မိသည်။

နောက်ပိုင်းတွင် ကိုအောင်ခက် ရှေ့တန်းထွက်ရသည်။





ထိုကာလက ပြည်တွင်းသောင်းကျန်းသူ သူပုန်များ ထကြွသောင်းကျန်းနေသည့်အချိန်။ သူပုန်တွေက ရွာများကို တားပြတိုက်သည်။ ဆက်ကြေးကောက်သည်။ ဓားရှိသည်။ အပြစ်မဲ့ပြည်သူများကို ရထားမိုင်းဗုံးထောင်ခြင်းစသည်များဖြင့် အနှောင့်အယှက်ပေးသည်။ ကိုအောင်ခက်တို့တပ်မတော်က တိုင်းပြည်ရန်သူရောင်စုံသူပုန်များကို နှိမ်နင်းခဲ့ရသည်။

ထိုအခေါက် ရှေ့တန်းတိုက်ပွဲတစ်နေရာတွင် ကိုအောင်ခက် မိုင်းဗုံးနင်းမိခဲ့သည်။ အပြင်းအထန် ထိခိုက်ဒဏ်ရာရခဲ့သည်။

ဆေးရုံတက်ရသည်။

ဆေးရုံပေါ်တွင် ကိုအောင်ခက်ကို ပြုစုကူညီသူမှာ အခြားသူ မဟုတ်။ တစ်ခါက မုန့်ဟင်းခါးဝယ်ကျွေးဖူးသည့် မောင်သက်ကလေးပင်တည်း။

"သားကို ရဲကြီးတွေက ဂတ်တဲမှာ မွေးထားတာဗျ။ ဂတ်က ဆေးရုံနဲ့ နီးနီးလေး။ ဟိုဘက်နားဘင် ဦးရေ၊ သား နေ့တိုင်း ဒီဆေးရုံဝင်းထဲ လာလာဆော့တာ။ ဟိုတစ်နေ့က ရောက်လာတဲ့ လူနာအသစ်ကို ကြည့်လိုက်တော့ ဦးဦးဖြစ်နေလို့။ ဦးကို သား မှတ်မိတာပေါ့။ မုန့်ဟင်းခါး ဝယ်ကျွေးဖူးတယ်လေ။ သား ဦးဆီကို နေ့တိုင်းလာတယ်။ သုံးရက်ရှိပြီ။ ဦးဦးက သတိ မရဘူး။ အခုမှ သတိရလာတော"

မောင်သက်က ကိုအောင်ခက်ကို သံယောဇဉ်တွယ်နေသည်။ ကလေးနှင့် မလိုက်အောင်ပင်။ မုန့်ဟင်းခါး တစ်ခါဝယ်ကျွေးဖူးတာကို မှတ်ထားသည်။ ကိုအောင်ခက် ဆေးရုံတက်နေစဉ်အတွင်း နေ့တိုင်းလာသည်။ ကိုအောင်ခက်အတွက် လိုတာဝယ်ပေးသည်။ တတ်နိုင်သမျှ ပြုစုရှာသည်။ အားသည့်အချိန်မှာ သူ့ရဲ့တွတ်ထိုးတွက်တာစကားလေးများကို နားထောင်ရင်း ကိုအောင်ခက် အပျင်းပြေရသည်။

သွက်လက်ချက်ချာသော မောင်သက်ကလေးကို ကိုအောင်ခက် ချစ်နေရပါပြီ။

တစ်နေ့တွင် မောင်သက်ကလေး ကိုအောင်ခက်ထံ အပြေးအလွှား ရောက်လာသည်။ ကိုအောင်ခက်ကို ဖက်ကာ ရှိုက်ကြီးတငင် ငိုပါလေတော့သည်။

"ဦးဦးရဲ့ ... ဦးဦးရဲ့ခြေထောက်ကြီးကို ဆရာဝန်ကြီးတွေက ဖြတ်ပစ်တော့မယ်တဲ့ ... ဟီး ... ဟီး ... ဟီး"



www.burmeseclassic.com

www.burmeseclassic.com



သူကလေး ဘယ်က သတင်းရလာသည်မသိ။ ကိုအောင်ခက်ကတော့ သူ့ခြေထောက် ဖြတ်ပစ်ရမည်ဆိုတာကို သိပြီးဖြစ်သည်။ စစ်သားကောင်း တစ်ယောက်မို့ ဝမ်းနည်းအားငယ်ခြင်း မဖြစ်မိပေ။

မောင်သက်ကလေးကတော့ ကိုအောင်ခက် ခြေထောက်ဖြတ်မည့်ကိစ္စအတွက် အတော်ပင် စိတ်ထိခိုက်ရှာလေသည်။

ဆေးရုံမှဆင်းသောအခါ စစ်တပ်မှ ပင်စင်ယူလိုက်သည်။

ပင်စင်ယူပြီးနောက် မွေးရပ်မြေဖြစ်သော သရက်မြို့သို့ ပြန်ခဲ့သည်။ သရက်မြို့ မြောက်ဘက်ရှိ စမ်းအိုင့်ရွာ ကလေးသည် ဦးအောင်ခက်၏ မွေးဇာတိပင်။

ဦးအောင်ခက်သည် မိဘမဲ့မောင်သက်ကလေးအား သရက်မြို့သို့ ခေါ်လာခဲ့သည်။ သားအဖြစ် အပြီးအပိုင်မွေးစားလိုက်သည်။ မောင်သက်ဆွေဟု အမည်ပြောင်းပေးခဲ့သည်။

စစ်ပြန်တပ်ကြပ်ဟောင်းကြီး ဦးအောင်ခက်မှာ လူပျိုကြီးဘဝနှင့်ပင် သားတစ်ယောက်အဖေ ဖြစ်ခဲ့ရပါလေသတည်း။

ဝ

စမ်းအိုင့်ရွာကလေးမှာ ဦးအောင်ခက်နှင့် မောင်သက်ဆွေတို့အတွက် အစစအရာရာ အဆင်ပြေပါသည်။ ရွာခံလူထုက စစ်ပြန်ကြီးတစ်ဖြစ်လဲ သူတို့အရပ်သား ဦးအောင်ခက်ကို ဝမ်းမြောက်စွာ ကြိုဆိုကြသည်။

ဦးအောင်ခက်တို့သားအဖအတွက် ရွာမြောက်ပိုင်းတွင် အိမ်ကလေး တစ်လုံးကို ရွာသားလူငယ်များက စုပေါင်းဆောက်လုပ်ပေးကြသည်။

လယ်ယာအလုပ်မျိုးကို မလုပ်နိုင်သော ဦးအောင်ခက်မှာ ပထမ၌ အားလပ်နေသည်။

အားလပ်နေသည့် အချိန်ပိုများကို မည်သည့်နည်းနှင့် အသုံးချရမည်နည်းဟု ရှာကြံကြည့်သောအခါ ရွာဦးမူလတန်းကျောင်းတွင် ဆရာနည်းနေသည်။ ရွာအတွက် အကျိုးရှိသောလုပ်ငန်းလေးလည်း ဖြစ်ပါ၍ ဦးအောင်ခက်သည် မူလတန်းကျောင်းကလေးတွင် စေတနာဆရာအဖြစ် စာသင်ပြပေးခဲ့သည်။

ထိုမူလတန်းကျောင်းကလေးမှာပင် ဆရာမလေး မယဉ်သန့် နှင့် တွေ့ဆုံခဲ့ရခြင်း ဖြစ်ပါ၏။

အစက ထိုကျောင်းကလေးတွင် ဆရာမဆို၍ မယဉ်သန့် တစ်ယောက်သာရှိသည်။ ပထမတန်းမှ စတုတ္ထတန်းအထိ အတန်းစုံကို မယဉ်သန့် တစ်ယောက်တည်းကသာ မနိုင်မနင်း သင်ရရှာလေသည်။

ဦးအောင်ခက် ဝင်ကူညီတော့ မယဉ်သန့် အနည်းငယ် သက်သာလာသည်။ အတန်းများ ခွဲကိုင်လိုက်၍ ကျောင်းသားများကို ပို၍ ဂရုစိုက်နိုင်လာသည်။

သည်အတွက် ဆရာမလေးမယဉ်သန့်က ဦးအောင်ခက်ကို ကျေးဇူးတင် မဆုံးတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး မယဉ်သန့်မှာ ကျောင်းသားများအပေါ် စေတနာထားသည်။ တစ်ရွာလုံးကလည်း ဆရာမလေးကို ချစ်သည်။

ဦးအောင်ခက်သည် အနီးကပ်နေရမှု မယဉ်သန့်၏ စေတနာကောင်းပုံ၊ ရိုးသားပုံကို သိလာရသည်။

ယခင်ကတော့ မယဉ်သန့်ကို မြင်ဖူးနေသော်လည်း အမှတ်မထင်သာ ရှိခဲ့သည်။ မယဉ်သန့်သည် သူကြီးအိမ်မှာ နေပါသည်။ ထိုစဉ်က မယဉ်သန့်ကို စိတ်မဝင်စားခဲ့။

စိတ်မဝင်စားမိသည့်အကြောင်းမှာ မယဉ်သန့်ကို အိမ်ထောင်သည့် တစ်ယောက်ဟု ထင်မှတ်မှားခဲ့သောကြောင့် ဖြစ်သည်။ အဲဒီလို ထင်ရအောင်လည်း မယဉ်သန့်တွင် သမီးလေးတစ်ဦး ရှိနေသည်။

အချိန်များစွာတွင် ထိုသမီးလေးအားချီပိုး၍လည်းကောင်း၊ ချော့မြှူ၍လည်းကောင်း နေတတ်ရာ မယဉ်သန့်ကို ကလေးအမေဟု ထင်ခဲ့ရခြင်းပင်။

ဟော ... ခုလို ဆရာမလေးနှင့် အနီးကပ်ရင်းရင်းနှီးနှီး၊ ခင်ခင်မင်မင် ဆက်ဆံပါမှပင် ဆရာမလေးအကြောင်းကို သိလာရတော့၏။

အမှန်မှာ ကလေးသည် မယဉ်သန့်၏သမီး မဟုတ်။

မယဉ်သန့်အစ်မ မယဉ်ခန့် ကလေးသာ ဖြစ်သည်။

မယဉ်ခန့်နှင့် သူ့ခင်ပွန်း ကိုရွှေရိုးတို့ အိမ်ထောင်ရာတွင် ပါဝင်သေဆုံးခဲ့ရသည်။ သူတို့၏ သမီးလေး ခင်ဖြူဖြူ မှာ မသေဘဲ ကျန်ရစ်ခဲ့သည်။

မယဉ်သန့်က တူမလေးကို ခေါ်ယူမွေးစားထားခြင်းသာ ဖြစ်ပါလေ၏။

မယဉ်သန့်သည် အပျိုမှ အပျိုစစ်စစ်။ အပျိုဘဝကနေ ကလေးတစ်ယောက်အမေ ဖြစ်နေရခြင်းပါ။

သူ့လိုပါပဲလား။ ဦးအောင်ခက်နဲ့ မယဉ်သန့် ဘဝအကျိုးပေးခြင်း တူလှချေလား။

နောက်ပိုင်းတော့ ...

ဦးအောင်ခက် ဆရာမလေးမယဉ်သန့်ကို ချစ်ရေးဆိုခဲ့သည်။ ရွာလူကြီးများ၏ ကူညီနားဖောက်ပေးမှုဖြင့် အကြင်လင်မယားဘဝ ရောက်ခဲ့ကြသည်။





မယဉ်သန့် သမီးလေးနှင့်အတူ ဦးအောင်ခက်တို့သားအဖ၏ အိမ်ကလေးဆီ ပြောင်းလာခဲ့သည်။

အတူနေရမှ မယဉ်သန့်၏မိန်းမပီသပုံ၊ လင်ယောကျ်ားကို ရိုသေတတ်ပုံ၊ သားနှင့်သမီးအပေါ် ကြင်နာမှုရှိပုံများကို ကြည်နူးချမ်းမြေ့ဖွယ်ကောင်းစွာ သိခွင့်ရလာခဲ့သည်။

ဩော် ... မယဉ်သန့် ... မယဉ်သန့် ...

သန့်ရယ် ...

ခုထိ ကိုအောင် မင်းကိုမမေ့နိုင်သေးပါလား။

ချစ်ဇနီးမယဉ်သန့်ကို ဦးအောင်ခက် ယနေ့တိုင်တမ်းတနေရဆဲပါ။

မယဉ်သန့်ထံမှ သမီးလေး ခင်ဖြူဖြူနှင့် ပတ်သက်သည့် အကြောင်းစုံကို သိရှိလာခဲ့ရခြင်း ဖြစ်ပါသည်။

"အမှန်တော့ သမီးလေး ခင်ဖြူဖြူဟာ သန့်ရဲ့တူမလေးဆိုပေမဲ့ တူမအရင်းလည်း မဟုတ်ပြန်ဘူး ကိုအောင်။ အစ်မ မယဉ်ခန့်တို့ကိုယ်တိုင်က ဒီကလေးကို မွေးစားခဲ့ကြတာ"

"ဩော် ... ကိုရွှေရိုးတို့ မယဉ်ခန့်တို့ရဲ့ သမီးအရင်း မဟုတ်ဘူးလား"

"မဟုတ်ဘူး ကိုအောင်၊ သမီးလေးအကြောင်းကလည်း စိတ်ဝင်စားဖို့ အကောင်းသား ကိုအောင်ရဲ့။ သမီးလေးရဲ့ အမေနာမည်က မနှင်းဖြူတဲ့"

"ဩော် ... ဩော်"

"တစ်နေ့မှာ အဲဒီမနှင်းဖြူဆိုတဲ့ မိန်းကလေးဟာ သမီးလေးကို ပိုက်ပြီး အစ်မ မယဉ်ခန့်တို့အိမ်ကို ရောက်လာတယ်တဲ့။ အဲဒီတုန်းက သမီးလေးက လသမီးလေးပဲရှိဦးမယ်တဲ့ ကိုအောင်"

"အဲဒီမနှင်းဖြူဆိုတာကို သန့် မြင်ဖူးမှာပေါ့"

"မမြင်ဖူးလိုက်ဘူး ကိုအောင်ရဲ့။ သန့်က ဒီရွာမှာသာ အနေများတာ မဟုတ်လား။ မမတို့ရှိတဲ့မြို့ပေါ်ကို သိပ်ပြန်တာ မဟုတ်ဘူး။ တစ်လမှ တစ်ခေါက်လောက်ပဲ ပညာရေးမှူးရုံးကို လခသွားထုတ်ရင်း ပြန်တာလေ။ သန့်မရှိတဲ့အတွင်းမှာ အစ်မမယဉ်ခန့်တို့ဆီကို မနှင်းဖြူ ရောက်လာတာ။ သမီးလေးကို ပေးပစ်ခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ... "

"သမီးလေးကို သူမှည့်ပေးခဲ့တဲ့နာမည်ကလည်း အဆန်း ကိုအောင်ရဲ့။ ဖြူ... ဖွေး... ဖော့တဲ့"

"ဖြူ... ဖွေး... ဖော့"

"မနှင်းဖြူဟာ သူ့သမီးကို အပြီးအပိုင်မွေးစားဖို့ ပေးခဲ့တာတော့ မဟုတ်ဘူးတဲ့။ ကလေးအရွယ်ရောက်ရင် ပြန်လာခေါ်မှာတဲ့။ ကလေးကို ထိန်းသိမ်းခဆိုပြီး ငွေသုံးထောင်တောင် ထုတ်ပေးခဲ့သတဲ့လေ"

"သုံးထောင်... များလှချေလား။ ငွေသုံးထောင်ပေးနိုင်တဲ့မိန်းမက ကိုယ့်ကလေးကို ဘာလို့မမွေးနိုင်ရတာလဲ သန့်ရယ်"

"ကလေးက သူ့မိဘတွေသဘောမတူတဲ့သူနဲ့ ရခဲ့တာတဲ့လေ။ သူ့မိဘတွေ မရှိတော့တဲ့အခါကျ ပြန်လာခေါ်မယ်လို့ မှာသွားတယ်ဆိုတာပဲ။ ငွေသုံးထောင်တင် ဘယ်ဟုတ်ဦးမလဲ ကိုအောင်ရယ်။ ဘယက်ကြီးတစ်ကုံး ပါပေးခဲ့သေးတာ"

"ဪ... ဟုတ်လား"

"အစ်မ ပယဉ်ခနဲ့ တစ်ခါပြလို့ သန့် ဘယက်ကြီးကို မြင်ဖူးခဲ့တယ်။ ကျောက်ကိုးမျိုးနဲ့ လုပ်ထားတဲ့ဘယက်ကြီး။ လက်ရာကလည်း ပြောက်လိုက်တာ။ ဒီဘယက်ကို ပေးခဲ့တဲ့ရည်ရွယ်ချက်က သမီးလေးကြီးလာတဲ့အခါကျ မှတ်မိအောင်လို့တဲ့။ သူဟာ သမီးလေးကို တစ်နေ့မှာ မလွဲမသွေ ပြန်လာခေါ်မှာတဲ့လေ"

"အင်း... မနှင်းဖြူဆိုတဲ့ မိန်းကလေးဟာ သနားစရာပဲ။ မဖြစ်သာလို့ သူ့ကလေးကို ပစ်ထားခဲ့ရပုံပဲနော်"

"ဒါပေါ့ ကိုအောင်"

"ဒါနဲ့ မယဉ်ခနဲ့တို့အိမ် မီးလောင်တော့ မယဉ်ခနဲ့တို့ ပါသွားပြီး သမီးလေးက ဘယ်လိုကျန်ခဲ့တာလဲ"

"ဒါက ဒီလိုလေ ... သန့်က သမီးလေးကို သိပ်ချစ်တာ မဟုတ်လား။ တစ်ခါတစ်ခါကျ သန့်က သမီးလေးကို ရွာအထိ ခေါ်လာတတ်တယ်လေ။ မီးလောင်မယ့်နေ့ကလည်း သမီးလေးကို သန့် ရွာထိ ခေါ်လာမိတယ် ကိုအောင်။ အဲဒီညမှာပဲ မြို့ပေါ်မှာ မီးလောင်တာ အကြီးအကျယ်ပဲ ကိုအောင်ရယ်"





"၅၉ ခုနှစ်က လောင်တဲ့မီး မဟုတ်လား။ ကိုအောင် သတင်းစာထဲမှာ ဖတ်လိုက်ရပါတယ်။ လူတွေလည်းသေ၊ အိမ်တွေလည်း တော်တော်ပါသွားတယ်တဲ့"

"ဟုတ်တယ် ... အဲဒီမီးထဲမှာပဲ မမယဉ်ခနဲ့ရော၊ သူ့ယောကျ်ားကိုရွှေရိုးပါ ပါသွားရှာတယ်။ သမီးလေးကတော့ ကံဖယ်လို့ ကျန်ခဲ့တာပေါ့ ကိုအောင်ရယ်"

"ကံတရားပေါ့လေ"

"ခုတော့ သမီးလေးကို သန့်တို့ပဲ တစ်သက်လုံး မွေးပါတော့မယ်။ သူ့မိခင်ရင်းကို ပြန်ပေးဖို့ စိတ်မကူးတော့ပါဘူး။ အဆက်အသွယ်လည်း ပြတ်သွားပြီလေ။ သန့်တို့ဘက်ကြည့်ရင် သမီးအမေဟာ မနှင်းဖြူဆိုတာပဲ သိတယ်။ လူလည်း မမြင်ဖူးဘူး။ သူတို့မျိုးရိုးက ကျောင်းကုန်းမြို့ကဆိုတာရယ်၊ ချမ်းမြေ့ရိပ်မြုံသုခဟုံစံအိမ်ကြီးဆိုတာရယ်လောက်ပဲ သိတော့တာ မဟုတ်လား။ ဪ... နောက်ပြီး သမီးလေးအတွက် အရေးကြီးဆုံးသက်သေခံပစ္စည်းဖြစ်တဲ့ နဝရတ်ကိုးသွယ်ဘယက်ကြီးကလည်း ပျောက်ဆုံးသွားတယ်လေ"

"ဟင်... ဟုတ်လား"

"မီးလောင်တော့ အားလုံးပါသွားတယ်လေ။ မီးလောင်ပြီး နောက်တစ်နေ့ မီးလောင်ပြင်မှာ သန့် သွားရှာသေးတယ်။ ဘာပစ္စည်းမှ မရတော့ဘူး။ ဘယက်ဟာ မီးလောင်သွားတာလား၊ တွေ့တဲ့လူတစ်ယောက်ယောက်ကပဲ ယူသွားသလား မသိနိုင်ဘူးပေါ့။ အဲဒါကြောင့် သမီးလေးနဲ့ ပတ်သက်တဲ့ သဲလွန်စတွေ ကုန်ပြီလို့ ပြောတာ။ မနှင်းဖြူဆိုတဲ့မိန်းကလေးကိုတော့ သန့် သနားမိပါတယ်။ သမီးလေးသတင်းကို စုံစမ်းလို့ ရမှာ မဟုတ်တော့ဘူး"

"သမီးလေးကို သူ့အမေ မှည့်ပေးခဲ့တဲ့နာမည်လေးက လှသားပဲ သန့်ရဲ့၊ ဖြူဖွေးဖော့တဲ့။ ဘာလို့ အဲဒီနာမည်အတိုင်း ဆက်မခေါ်တာလဲ"

"ဖြူဖွေးဖော့ဆိုတဲ့နာမည်ဟာ ဆန်းလွန်း၊ ကောင်းလွန်းနေတယ်လေ။ သန့်တို့ တောအရပ်နဲ့ မတန်ပါဘူး ကိုအောင်ရယ်။ နောက်ပြီး သူ့မိခင်ရင်းနဲ့ ပတ်သက်တဲ့ သဲလွန်စတွေကိုလည်း ဖျောက်ပစ်ချင်တာရယ်။ သမီးကို သိပ်ဓိးပိုးခန့်ညားတဲ့ နာမည်မျိုးနဲ့ ရှိမနေစေချင်တာကြောင့် သန့်ကိုယ်တိုင် ခင်ဖြူဖြူဆိုတဲ့ နာမည်ရိုးရိုးလေး ပြောင်းပေးလိုက်တာပါ ကိုအောင်"

၀

www.burmeseclassic.com

www.burmeseclassic.com

မယဉ်သန့် ပြောပြ၍ သမီးလေးခင်ဖြူဖြူ အကြောင်းစုံကို ဦးအောင်ခက် သိခဲ့ရသည်။

ဒီဟုန်းကတော့ ထိုအကြောင်းများကို သိရုံသာ မှတ်ထားခဲ့သည်။ တစ်နေ့တွင် အသုံးချဖြစ်မည်ဟု စိတ်မကူးခဲ့။

မယဉ်သန့်သာ မောစောစီးစီး မကွယ်လွန်ခဲ့လျှင် သားအဖိသားအဖ လေးယောက် စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားဖို့သာ ရှိပါသည်။

ဘဝဆိုသည်မှာ ပဖြစ်ချင်တာလည်း ဖြစ်ရသည် မဟုတ်ပါလား။ မယဉ်သန့်မှာ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် လေဖြတ်၍ ကွယ်လွန်ရရှာသည်။

ဦးအောင်ခက် စိတ်တွေလေခဲ့သည်။ မယဉ်သန့် ခေါင်းချသွားသည့် အရပ်တွင် ဆက်လက်နေထိုင်လိုစိတ် မရှိတော့။

တစ်မြို့တစ်ရွာကို ပြောင်းဖို့စိတ်ကူးတော့သည်။

ဒီမှာပင် ကျောင်းကုန်းမြို့သို့ ပြောင်းရွှေ့ရန်အကြံရခဲ၏။ ကျောင်းကုန်းမှာ သမီးလေးရဲ့ အမျိုးအနွယ်တွေ ရှိသည်။ ချမ်းမြေ့ရိပ်မြုံသုခဘုံ စံ အိမ်ကြီးမှာတဲ့။

သမီးလေးခင်ဖြူဖြူ သူ့မိခင်ရင်းနှင့် ပြန်တွေ့လိုက တွေ့ပါစေတော့။ မနှင်းဖြူတို့မှာ ကြွယ်ဝချမ်းသာသူတွေဆိုတော့ သမီးလေးကို ဒီအသိုင်းအဝိုင်း ထဲ ပြန်ရောက်စေချင်လှသည်။

ထိုအတွေးများဖြင့် ခင်ဖြူဖြူ၏မိခင်ရင်း မနှင်းဖြူရှိသည်ဆိုသော ကျောင်းကုန်းမြို့သို့ ပြောင်းရွှေ့လာခဲ့ကြပါလေ၏။

ဆုပြည့်စုံထွန်းစာပေ



ကျောင်းကုန်းမှာ အိမ်ငှားနေ၍ ကုန်စုံဆိုင်လေးဖွင့်ကာ စီးပွားရှာရသည်။ သားကြီး မောင်သက်ဆွေကလည်း အရွယ်ရောက်နေပြီဖြစ်၍ အားကိုးရပါပြီ။

ကျောင်းကုန်းကိုရောက်တော့ ချမ်းမြေ့ရိပ်မြုံနှင့် ချက်ချင်းကြီး ဆက်သွယ်လို့ မဖြစ်သေးပေ။ သူတို့မှာ အဓိကသက်သေခံ ဘယက်ကြီးက ရှိမနေ။ ဒေါ်နှင်းဖြူက ယုံချင်မှယုံပေမည်။

ဒီလိုနှင့်ပဲ ချမ်းမြေ့ရိပ်မြုံကို ခပ်လှမ်းလှမ်းမှ အကဲခတ်ကာ နေနေရသည်။

ခင်ဖြူဖြူသည်လည်း ဦးအောင်ခက် ပြောပြထား၍ အကြောင်းစုံကို သိရှိပြီး ဖြစ်ပါသည်။ သူမသည်လည်း ဒေါ်နှင်းဖြူဆိုသည့် သူမ၏ မိခင် ဆိုသူ တစ်ခါတစ်ရံ ထွက်လာမှ ငေးကြည့်ရင်း အဝေးတစ်နေရာမှ ချမ်းမြေ့ရိပ်မြုံသို့ အကဲခတ်ချောင်းကြည့်ရင်းဖြင့်သာ နေနေရသည်။ သက်သေသက်ကန် မပါဘဲ ချမ်းမြေ့ရိပ်မြုံကို ရုတ်တရက် မဝင်ရဲကြ။

ဒီလိုနှင့် အခွင့်အရေးကို စောင့်မျှော်နေဆဲမှာပင် သူ့ကိုယ်သူ ဖြူဖွေးဖော့ ပါဟုဆိုသော မိန်းကလေးတစ်ဦး ရောက်ရှိလာခြင်း ဖြစ်လေသည်။

ဦးအောင်ခက် အံ့လည်းအံ့ဩသည်။ ဒေါသလည်း ထွက်ရသည်။

ဤမိန်းကလေးသည် အယောင်ဆောင်သာလျှင် ဖြစ်ရပေမည်။

ယနေ့တော့ ဖြူဖွေးဖော့ လာလည်တယ်ဆိုသော အသံကြား၍ တွေ့မြင်ချင်ဇောဖြင့် အိမ်ရှေ့သို့ ထွက်လာလိုက်သည်။

မိန်းကလေးကိုတွေ့ရတော့ ဦးအောင်ခက်အထင်နှင့် တက်တက်စင် လွဲရသည်။ အလိမ်အညာမလေးဟု ထင်ရက်စရာမရှိ။ ပကတိရိုးသားသန့်ရှင်းသည့်ပုံ၊ မိန်းမလည်ပုံ မဟုတ်။ ကောက်ကျစ်မည့်ပုံလည်း မပေါ်ပါ။

ဦးအောင်ခက် စဉ်းစားရကျပ်လာသည်။

သားမောင်သက်ဆွေ ပြောသလို တစ်နေရာရာမှာ အမှားအယွင်း တစ်ခုခုတော့ ရှိနေပေပြီ။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ယခုလို သမီးလေး ရောက်လာပြီး ပြုပြင်သင့်တာတွေ ပြုပြင်လိုက်တော့ အိမ်ကြီးမှာ သူတို့ငယ်ငယ်ကအတိုင်း ထည်ဝါခန့်ညားသွားခဲ့သည်။

ဒေါ်ခင်မေဘသည်လည်း ချမ်းမြေ့ရိပ်မြုံသို့ နေ့စဉ်ရက်ဆက် ရောက်လာခဲ့သည်။ အိမ်ပြုပြင်ရေးလုပ်ငန်းများမှာ ဝိုင်းကူခဲ့သည်။

ခုတော့ ချမ်းမြေ့ရိပ်မြုံသည် ပြန်လည်အသက်ဝင်ခဲ့ပြီ။

လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ် အစိတ်ကအတိုင်း ပြန်၍ ခန့်ထည်ခဲ့ပြီ။

ဖြူဖွေးဖော့သည်လည်း မြို့လူထု၏ စိတ်ဝင်စားဖွယ်ရာ ချမ်းမြေ့ရိပ်မြုံသုခဘုံ၏ အရှင်သခင်မလေးဘဝသို့ ရောက်ခဲ့ရပါလေပြီ။

ပတ်ဝန်းကျင်နှင့် အဆက်အသွယ် ပြတ်နေသော ချမ်းမြေ့ရိပ်မြုံသည် ဖြူဖွေးဖော့ကြောင့် ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့ပါလေ၏။

ချမ်းမြေ့ရိပ်မြုံ၏ ခြံတံခါးသည်လည်း ပွင့်ဟသွားခဲ့ပြီ။ နှစ်ပေါင်းများစွာ ပတ်ဝန်းကျင်နှင့်အဆက်ပြတ်နေခဲ့သော ချမ်းမြေ့ရိပ်မြုံမှ ဖြူဖွေးဖော့၏ လှုပ်ရှားမှုများကို တွေ့မြင်လာရသည်။

ညနေတိုင်း ကိုသက်ဆွေတို့၏ စာအုပ်အငှားဆိုင်လေးသို့ ရောက်လာကာ စာအုပ်ငှားသည်။ ကိုသက်ဆွေ၊ ခင်ဖြူဖြူတို့ မောင်နှမနှင့်လည်း တစ်စထက် တစ်စ ရင်းနှီးမှု တိုးမြင့်လာခဲ့သည်။

ဖြူဖွေးဖော့သည် ဟိုဘက်ကမ်းရှိ ဒေါ်ခင်မေဘအိမ်သို့လည်း အလည်အပတ် သွားရောက်တတ်ပါသေး၏။

ခြုံ၍ဆိုရသော် ချမ်းမြေ့ရိပ်မြုံသုခဘုံသည် ဖြူဖွေးဖော့ ရောက်လာမှ တစ်ဖန်ပြန်လည်လန်းဆန်းလာသည်ဟုပင် ဆိုရပါတော့မည်။

◈◈◈

—၆—

ဆယ်ရက်ခန့်အကြာမှာပင် နေသားကျလာခဲ့သည်။

ချမ်းမြေ့ရိပ်မြုံသုခဘုံသည် ဖြူဖွေးဖော့ရောက်လာပြီး နောက်ပိုင်းမှာ များစွာပြောင်းလဲလာခဲ့၏။

ဖြူဖွေးဖော့က အလုပ်သမားများ ငှားကာ ခြံတွင်းရှိ မြက်ပင်ပေါင်းပင်များကို ခုတ်ထွင်ရှင်းလင်းစေခဲ့သည်။ ခြံစည်းရိုးကို ပြန်လည်ပြုပြင်သည်။ ဆေးအသစ် သုတ်သည်။

အိမ်မကြီးကိုလည်း ပြတင်းတံခါးများ နေ့စဉ်ဖွင့်စေခဲ့သည်။ အိမ်ကြီးက ကြီးမားပြီး နေတဲ့လူဦးရေက နည်းနေရာ အခန်းပိုတွေ ရှိနေသည်။ ကြွက်လို၊ ပိုးဟပ်လို၊ ပင့်ကူလို အကောင်တွေအတွက် ပျော်စရာ ဖြစ်နေသည်။ ဖြူဖွေးဖော့က ရှိသမျှတံခါးပေါက်တွေအားလုံးကို ဖွင့်ပစ်ကာ တစ်အိမ်လုံးကို သန့်ရှင်းရေးလုပ်ပစ်သည်။ ရေနံသုတ်သင့်သည့်နေရာသုတ်၊ ဆေးသုတ်သင့်သည့် နေရာသုတ် လုပ်ပစ်လိုက်သည်။

ဒေါ်နှင်းဖြူသည် ဖြူဖွေးဖော့၏လုပ်ရပ်များကို ကြည့်၍ သဘောကျကျေနပ်နေခဲ့သည်။ ဖခင်ကြီးဆုံးပါးကတည်းက စီးပွားရေးလုပ်ငန်းများကို ရပ်ဆိုင်းပြီး ရှိတာလေးနှင့် ထိုင်စားရင်း ဖြစ်သလိုနေခဲ့သည်။ မိမိ၏အကျိုးပေးမကောင်းသောဘဝကို မကျေမနပ်ဖြစ်ကာ ရေစုန်မျှောခဲ့ခြင်းဖြစ်သည်။ ဖြူဖွေးဖော့ ရောက်မလာခင်အချိန်ထိ သူမဘဝသည် ပျော်စရာမဲ့ မျှော်လင့်ချက်ကင်းနေခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## -၇-

"ဟော ... ကိုသက်ဆွေ"

လှေပေါ်မှဆင်း၍ မြစ်ကမ်းပေါ်တက်လာသော ကိုသက်ဆွေကို ဖြူဖွေးဖော့က လှမ်းမြင်လိုက်၏။

ဖြူဖွေးဖော့က ဒီဘက်ကမ်းရှိ ဒေါ်ခင်မေဘာအိမ်သို့ အလည်ရောက်နေသည့်အချိန်ပါ။ ဒေါ်ခင်မေဘာအိမ်က ကမ်းနဖူးမှာပင် ရှိသည်မို့ ကူးတို့ဆိပ်ကို လှမ်းမြင်နေရပါ၏။

ကိုသက်ဆွေကို မြင်လိုက်၍ နှုတ်ဆက်ရန် ဖြူဖွေးဖော့က အိမ်ရှေ့သို့ ထွက်လာလိုက်၏။

"ကိုသက်ဆွေ... ဘယ်သွားမလို့လဲ"

"ဟော... ဖွေး... ဖွေးလည်း ဒီဘက်ကမ်းကို ရောက်နေတယ်"

"အဒေါ်တစ်ယောက်ဆီ လာလည်တာလေ။ ကိုသက်ဆွေ လှေပေါ်က ဆင်းလာတာ မြင်လိုက်လို့"

"ကိုယ် အသုတ်သွားမလို့။ ဖွေး လိုက်သည့်ပါလား"

ထိုစဉ် ဒေါ်ခင်မေဘာက အနားသို့ ရောက်လာ၏။ ကိုသက်ဆွေနှင့် ဒေါ်ခင်မေဘာကို မိတ်ဆက်ပေးလိုက်သည်။

"ကိုသက်ဆွေ... ဒါ ဖွေးအဒေါ်ပါ၊ ဒေါ်ခင်မေဘာတဲ့။ ဒေါ်ဒေါ်မေ ဒီအစ်ကိုကလေ ... သမီး ကျောင်းကုန်းကိုလာတုန်းက ကားကြုံခေါ်လာတဲ့ အစ်ကိုပေါ့။ ဟိုဘက်ကမ်းမှာနေတာ။ ကိုသက်ဆွေတဲ့"





"အေး ... အေး ... ကလေးတွေကို ပြင်ဖူးနေပါတယ်ကွယ်။ ဟိုစာအုပ်ဆိုင်က မဟုတ်လား။ ညီမလေးတစ်ယောက်လည်း ရှိတယ်လေ"

"ဟုတ်ကဲ့ ... ကျွန်တော့်ညီမလေး ခင်ဖြူဖြူပါ ခင်ဗျ"

"အေးကွယ် ... တစ်ယောက်နဲ့တစ်ယောက်က ပြင်ဖူးနေကြပေမဲ့ အကြောင်းမသင့်တော့ မရင်းနှီးကြဘူးလေ။ နောက်ဆို ဒေါ်ဒေါ့်အိမ်လည်း လာလည်ပေါ့ မောင်သက်ဆွေ"

"ဟုတ်ကဲ့... ကျေးဇူးပါခင်ဗျာ။ ခု ကျွန်တော် အသုတ်ကို သွားမလို့၊ ဖွေးကိုတောင် လိုက်ခဲ့ပါလားခေါ်နေတာ။ လိုက်ခဲ့ပါလား ဖွေး"

ကိုသက်ဆွေက ဖြူဖွေးဖော့ကို တစ်ဆက်တည်း ပြောလိုက်သည်။

"ကိုသက်ဆွေက အသုတ်ကို ဘာသွားလုပ်မှာလဲဟင်"

"မှသိမ်က ရထားနဲ့ပါလာမယ့်စာအုပ်တွေ ဘူတာကနေ စောင့်ယူဖို့လေ။ လကုန်နီးရက်ဆိုတော့ မဂ္ဂဇင်းအသစ်တွေ ပါလာလိမ့်မယ်။ ဒီမှာတော့ ဒီလိုပဲ။ ပုသိမ်ကတစ်ဆင့် မှာရတာ"

"ဟဲ့... ဒါဆိုရင် သွားတော့လေ မောင်သက်ဆွေရဲ့။ ရထားက ၁ နာရီဆိုက်မှာဆိုတော့ နီးနေပြီပဲ။ ဒီကထွက်တဲ့ နောက်ဆုံးကားတောင် မီပါတော့မလား"

"ကျွန်တော်က ကိုယ့်ကားနဲ့ကိုယ် သွားမှာပါ ခင်ဗျ။ မီတော့မီပါတယ်၊ ဟိုဘက်တည်ခြကျော်က ဦးဘလုတို့အိမ်မှာ အပ်ထားတဲ့ဂျစ်ကားလေးဟာ ကျွန်တော်တို့ကားလေးပါ"

"ဩော် ... ကိုဘလုကို အပ်ထားတဲ့ကားက မင်းတို့ကားကိုး။ အေးကွယ် ... ကိုယ့်ကားနဲ့ကိုယ်ဆိုတော့ မြန်ပါတယ်။ သမီးရော လိုက်ချင် လိုက်သွားလေကွယ်။ ခဏပဲဟာ"

လိုက်သင့် မလိုက်သင့် စဉ်းစားနေသော ဖြူဖွေးဖော့မှာ ဒေါ်ခင်မေဘာ တိုက်တွန်းလိုက်သောကြောင့် လိုက်ရန် ဆုံးဖြတ်ပြီး ဖြစ်သွားသည်။

"ဒီလိုဆို ခဏနေဦးနော်။ ကိုယ်ကားသွားထုတ်လိုက်ဦးမယ်"

ကိုသက်ဆွေက ပြောပြောဆိုဆို တစ်ခြံကျော်ရှိအိမ်ကို ခပ်သုတ်သုတ် ထွက်သွားသည်။

"ကြဲကြဲဖန်ဖန်နော်၊ ဒီချောင်းကြီးက ခြားနေတော့ ကားရှိတောင် ကိုယ့်အိမ်ကိုယ် ယူမသွားနိုင်ဘူး။ ဒီဘက်ကမ်းမှာ အပ်ထားခဲ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com



"မြို့ကလည်း အဆန်း"

"ဟုတ်ပါရဲ့ ဒေါ်ဒေါ်မေရယ်"

ကိုသက်ဆွေ ဂျစ်ကားလေး မောင်း၍ရောက်လာ၏။

"တက်... ဖွေး"

"အပြန်ကျရင် ထမင်းစားပြီးမှ ပြန်ရမယ်နော် မောင်သက်ဆွေ"

"အားနာစရာ ဒေါ်ဒေါ်ရယ်"

"အို... လုပ်မနေနဲ့၊ ထမင်းပွဲပြင်ထားလိုက်မှာပဲ။ ကဲ... သွားကြ... သွားကြ၊ ရထားမမီပဲ နေမယ်"

◈ ◈ ◈

—၈—

လမ်းက ကြမ်းသည်။

ကိုသက်ဆွေကလည်း ကားမောင်းကြမ်းသည်မို့ ဖြူဖွေးဖော့မှာ ကားထဲတွင် ခုန်လှုပ်နေရသည်။ ဂျစ်ကားဆိုတော့ တံခါးမရှိ၊ အပေါက်ဝမှ ထွက်ကျသွားမည်စိုး၍ ဖြူဖွေးဖော့က အတွင်းဘက်သို့ တိုးထိုင်လိုက်သည်။

ထိုအခါ ကားမောင်းနေသောကိုသက်ဆွေနှင့် အသားချင်းထိ[illegible] သွားပါ၏။

"ဖြည်းဖြည်းမောင်းပါ ကိုသက်ဆွေရယ်၊ လမ်းကြမ်းရတဲ့အထဲ"

ကိုသက်ဆွေက ရယ်မောရင်း ကားအရှိန်ကို လျှော့ပေးလိုက်သည်။

"ကိုယ့်ကို ကိုသက်ဆွေလို့ပဲ ခေါ်နေတော့မှာလား ဖွေးရဲ့"

"ရှင်..."

"ဩော်... ဒါလောက် ရင်းနှီးနေပြီဟာ၊ ကိုသက်ဆွေလို့ပဲ စိမ်းစိမ်းကားကား ကြီးခေါ်နေတော့မှာလားလို့"

"ဟင်... ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"

"အိမ်နားက ကလေးတွေက ကိုယ့်ကို ကိုကြီးဆွေလို့ ခေါ်ကြတယ်လေ"

"ဟင်း... မကြိုက်ပါဘူး၊ အဲဒီလိုမျိုးတော့ မခေါ်ချင်ဘူး"

"ကိုယ်ကလည်း အဲဒီလို မခေါ်စေချင်ပါဘူး၊ ညီမလေး ခေါ်သလိုရော"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလို့လား။ မကောင်းပါဘူး။ ဖွေးက ကိုသက်ဆွေ ညီမမှ မဟုတ်တာ။ အဲဒီလိုလုပ်။ အစ်ကို . . . အန်ကိုလို့ဆိုရင် မကောင်းဘူးလားဟင်"

"ဟာ . . . သိပ်ကောင်းတာပေါ့ကွာ"

နှစ်ယောက်သား သဘောကျစွာ ရယ်လိုက်ကြသည်။

ရှေ့မှာ ကားကြီးတစ်စီးက သွားနေသည်။ နှေးတုံ့ နှေးတုံ့ သွားနေသော ကားကြီးက လမ်းကျဉ်းကျဉ်းတွင် ပိတ်ဆို့ထားသလို ဖြစ်နေသည်။ ကိုသက်ဆွေက ကျော်တက်ရန် ကားဟွန်းတီး၍ အချက်ပေးလိုက်သည်။ ရှေ့ကားမှ စပယ်ယာက ကျော်တက်နိုင်ကြောင်းသက်ပြခါး၊

လမ်းသည် ကျဉ်းသည်။ ရှေ့ကားကို ကျော်တက်လိုက်သောအခါ ကားဘီးတစ်ဖက်ခြမ်းသည် လမ်းဘေးသို့ ကျသွားပါ၏၊ ကားက စောင်းသွားသည်။

ရုတ်တရက် စောင်းကျသွားသည်မို့ ဖြူဖွေးဖွေးမှာ လန့်လန့်နှင့် ကိုင်မိကိုင်ရာ ကိုင်လိုက်သည်။ ကိုသက်ဆွေ၏ပေါင်တံကြီးကို ကိုင်မိလျက်သား ဖြစ်သွားပါ၏။

ဘာရယ်မဟုတ်ဘဲ ကိုသက်ဆွေ၏ခြေထောက်ဆီ ငုံ့ကြည့်လိုက်မိသည်။

ဟင် . . . ကိုသက်ဆွေညာဘက်ခြေထောက်မှာ ခြေချောင်း ခြောက်ချောင်း ဖြစ်နေသည်။ ခြေသန်းနှစ်ခု ဖြစ်နေသည်။

"ဟင် . . . အစ်ကို့မှာ ခြေချောင်း ခြောက်ချောင်းတောင်"

ကိုသက်ဆွေက ရယ်လိုက်သည်၊

"ခြေပွားလေးလေ။ ခြေသန်းမှာ ပွားနေတဲ့ခြေပွားလေးကြောင့် ခြေခြောက်ချောင်းဖြစ်နေတာ ဖွေးရဲ့"

"ကောင်းတယ် အစ်ကို။ ခြေပွားလက်ပွားပါတဲ့သူတွေဟာ ချမ်းသာတတ်တယ်တဲ့"

ဖြူဖွေးဖွေးက ကိုသက်ဆွေ၏ ခြေပွားလေးကိုကြည့်ပြီး သဘောကျနေမိသည်။

ကိုသက်ဆွေက ဖွေးကိုကြည့်ရင်း ဖေဖေပြောခဲ့သည့် စကားများကို ကြားယောင်လာမိသည်။





"ဒီမိန်းကလေးဟာ ဒေါ်နှင်းဖြူရဲ့ သမီးအရင်းတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ သားမေမေ မယဉ်သန့် ပြောသွားတဲ့ အကြောင်းတွေကို သားလည်း သိပြီးသားပဲ။ သူဟာ ဘယ်လိုနည်းနဲ့ အယောင်ဆောင်လာတာလဲ ဖေဖေ သိချင်တယ်။ တကယ်တော့ မနှင်းဖြူသမီး ဖြူဖွေးဖွေးအစစ်ဟာ သားညီမလေး ခင်ဖြူဖြူပဲ။ ခင်ဖြူဖြူသာ မနှင်းဖြူသမီး အစစ်ဖြစ်ကြောင်း ဖော်ထုတ်ရမယ်။ ချမ်းမြေ့ရိပ်မြုံက လူတွေသိအောင် ကြေညာရမယ်။

"ဒါဟာ ဖေဖေက ချမ်းမြေ့ရိပ်မြုံရဲ့ အမွေအနှစ်တွေကို မက်မောလို့ မဟုတ်ဘူး။ အမှန်အတိုင်း ဖြစ်စေချင်လို့။ အမှန်ကို သိချင်လို့၊ ဒီတော့ သားရယ် . . . သားက ယောကျ်ားလေးပဲကွာ။ ဒီကိစ္စကို အမှန်အတိုင်းပေါ်အောင် စုံစမ်းကြည့်ပါလား။ သားအနေနဲ့ဆိုရင် ဖြူဖွေးဖွေးကို ကပ်နိုင်လိမ့်မယ်။ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ဒီမိန်းကလေးကို ရင်းနှီးအောင်ပေါင်းပါ။ သူ ယုံကြည်လာတဲ့အထိ လုပ်ပါ။ ပြီး ဒီအရှုပ်တော်ပုံ ပေါ်အောင် သား ကြိုးစားပေတော့။ ဖေဖေပြောတာ သား နားလည်တယ် မဟုတ်လား။ အေး ဒီလိုလုပ်တဲ့နေရာမှာ မိန်းကလေးကို ဘဝပျက်စေတဲ့အထိတော့ မထိခိုက်စေနဲ့ပေါ့ကွယ်"

ကိုသက်ဆွေ သက်ပြင်းချမိပါသည်။

ဖခင်ကြီးစကားအရဆိုလျှင် ဖြူဖွေးဖွေးကို သမီးရည်းစား ဖြစ်သည်အထိ အယုံသွင်းရပေမည်။ သူက ဒီလိုမလုပ်ချင်ပေ၊ အဘယ်ကြောင့်ဆိုသော် သူသည် ဖွေးကို အမှန်တကယ် ချစ်နေမိပြီဖြစ်သောကြောင့်တည်း။

ဖေဖေရေ . . . သားက ဖေဖေတာဝန်ပေးလို့ ဒီကောင်မလေးကို ဟန်ဆောင်ရည်းစားလုပ်မှာ မဟုတ်ဘူးဗျ။ သားကိုယ်တိုင်က ဖွေးကို အရမ်းချစ်နေမိပြီဗျာ။

"ဟေး . . . အစ်ကို။ ဘာတွေစဉ်းစားနေတာလဲ၊ ခုတော့ ကားက နှေးသွားပြန်ပြီ၊ ဟိုမှာ ရထားလာနေပြီ တွေ့လား"

ဖြူဖွေးဖွေးက ကားလမ်းနှင့်ပြိုင်လျက်ရှိသော ရထားလမ်းပေါ်တွင် ပုသိမ်ဘက်မှ ခုတ်မောင်းလာသော ရထားကြီးကိုညွှန်ပြရင်း ပြောလိုက်သည်။

ကိုသက်ဆွေက လီဗာကို မြှင့်လိုက်၏။

"အစ်ကို မီအောင်မောင်းနိုင်ပါတယ် ဖွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

''မောင်သက်ဆွေ ... ထည့်စားပါကွယ့်''

ဒေါ်ခင်မေဘာက ပြောပြောဆိုဆို ထမင်းတစ်ဇွန်းကို ကိုသက်ဆွေ ပန်းကန်ထဲသို့ ထည့်ပေးလိုက်ပြန်၏။

''ဟာ ... တော်ပါပြီ ဒေါ်ဒေါ်။ ကျွန်တော် ဝပါပြီ''

''စားစမ်းပါကွယ့်။ ယောက်ျားလေးဖြစ်ပြီး၊ အစားနည်းလှချည်လား။ ဟင်းမကောင်းလို့လားကွယ်''

''သိပ်ကောင်းပါတယ် ဒေါ်ဒေါ်၊ သုံးပန်းကန်တောင် စားတာပါ။ ဝပါပြီ''

''အေး... အေး... ဒေါ်ဒေါ်က အားရပါးရစားတာမြင်မှ ကျေနပ်တာ။ ဒေါ်ဒေါ်က တစ်ယောက်တည်း နေရတဲ့သူဆိုတော့ အမြဲတမ်း ငေးသည် မျှော်နေတော့တာပဲ ငါ့သားရေ။ ဧည့်သည်လာရင်လည်း ထမင်းစားပြီးပြန်မှ ကြိုက်တယ်''

ကိုသက်ဆွေနှင့် ဖြူဖွေးဖေ့မှာ စားပွဲခုံအဝိုင်းလေးနှင့် ထမင်း စားနေကြခြင်းဖြစ်ရာ ကြမ်းပြင်ပေါ်တွင် ဖျာခင်း၍ ကျုံ့ကျုံ့ကလေး ထိုင်စား ရပါ၏။

ဒေါ်ခင်မေဘာက ထမင်းစားပြီး လက်ဆေးရန် ကြမ်းပြင်ပေါ် ချထား သည့် လက်ဆေးရေဇလုံလေးကို ယူလိုက်သည်။

ထိုအခါ တင်ပျဉ်ခွေထိုင်နေသော ကိုသက်ဆွေ၏ ညာဘက်ခြေ ထောက်ကို အမှတ်မထင် မြင်လိုက်ရလေ၏။





ဒေါ်ခင်မေဘာသည် ခြေပွားလေးကို အသေအချာ ငုံ့ကြည့်သည်။ သေချာအောင် ခြေချောင်းလေးတွေကို ရေတွက်၍ ကြည့်လိုက်သေး၏။

ရုတ်တရက်တော့ ဒေါ်ခင်မေဘာ မျက်နှာပျက်သွားလေသည်။ ကို သက်ဆွေနှင့် ဖြူဖွေးဖေ့တို့ကတော့ မရိပ်မိလိုက်ပါ။

''ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဒေါ်ဒေါ်''

''အို ... ချက်ချင်းကြီးကွယ်''

''ဟုတ်သားပဲ။ အစ်ကိုကလည်း''

''မဏ္ဍပ်ဖင်းအသစ်တွေကို စောင့်ယူမယ့်သူတွေ ရှိလို့ပါ ဖွေး။ ကျွန်တော့် ကို ခွင့်ပြုပါဦးဒေါ်ဒေါ်၊ အေးအေးဆေးဆေး လာလည်ပါဦးမယ်''

''အေးကွယ် ... နောက်တစ်ခါလာရင်တော့ သားညီမလေးပါ ခေါ်ခဲ့ပါကွယ်''

''ဟုတ်ကဲ့ပါ ဒေါ်ဒေါ်။ ဖွေးရေ အစ်ကိုသွားမယ်''

စာအုပ်များကိုပိုက်၍ ထွက်သွားသော ကိုသက်ဆွေကို မိန်းမသား နှစ်ဦးစလုံးက မျက်စိတစ်ဆုံး ငေးကြည့်၍ကျန်ခဲ့သည်။

ဒေါ်ခင်မေဘာ ရင်ထဲမှာတော့ ဝေဒနာတစ်စုံတစ်ခု စွဲထင်၍ကျန်ခဲ့ပါ တော့သည်။

မောင်သက်ဆွေဆိုသည့် ကောင်လေးကိုမြင်တော့ ဒေါ်ခင်မေဘာ ရင်မှာ လှိုင်းထရသည်၊ အတိတ်ဖြစ်ရပ်များကို ပြန်၍ သတိရမိသည်။

''ဒေါ်ဒေါ်မေ ... ထမင်းစားတော့မလားဟင်။ သမီး ခူးလိုက်မယ်''

ဖြူဖွေးဖေ့က မေးလိုက်မှ ဒေါ်ခင်မေဘာ သတိပြန်ဝင်လာသည်။

''ဒေါ်ဒေါ်မေ ထမင်းမဆာသေးပါဘူးကွယ်''

ဖြူဖွေးဖေ့က ဒေါ်ခင်မေဘာ မျက်နှာအိုနေသည်ကို သတိပြုမိလိုက် သည်။

''ဒေါ်ဒေါ်မေ နေမကောင်းဘူးလားဟင်။ ခေါင်းကိုက်လို့လား''

''သမီးရယ်။ ဒေါ်ဒေါ်မေလေ''

ဒေါ်ခင်မေဘာ တစ်ခုခု ပြောချင်နေသည်ကို ဖြူဖွေးဖေ့ သိလိုက် သည်။

''ဘာဖြစ်လို့လဲ ဒေါ်ဒေါ်မေ''

''ဒေါ်ဒေါ်မေလေ ... မောင်သက်ဆွေတို့ အရွယ်ယောက်ျားလေး



www.burmeseclassic.com

www.burmeseclassic.com



မမှုကိုပြင်တိုင်း ဒေါ်ဒေါ်ခမ့်ရဲ့သားလေးကို သတိရမိတယ်ကွယ်၊ ကြော် သား... သား။ ခုဆို မောင်သက်ခွေတို့ အရွယ်လောက် ရှိရောပေါ့"

"ဟင်... ဒေါ်ဒေါ်မှာ သားရှိတယ်"

"အခု... ပျောက်ဆုံးနေပါတယ်ကွယ်"

"အို... ဟို... သမီးငယ်ငယ်က မေမေဒေါ်ခင်စမ်းတို့ဆီမှာ ထားခဲ့ပြီးအပြန် ပြည်မှာ အိမ်ထောင်ကျခဲ့တုန်းကရခဲ့တဲ့ သားပေါ့နော်"

"မဟုတ်ဘူး သမီး၊ အဲဒါက ဒေါ်ဒေါ့်ရဲ့ဒုတိယအိမ်ထောင်။ သား လေးက ပထမအိမ်ထောင်နဲ့ရတာ"

ဒေါ်ခင်မေဘ အိမ်ထောင်နှစ်ဆက်ကျခဲ့တာကို၊ ဖြူဖွေးဖော့က ဘာမျှဝင်မမေးတော့။ ပြောသမျှကိုသာ နားထောင်နေမိတော့သည်။

"ချမ်းမြေ့ရိပ်မြုံမှာ အိမ်ဖော်လုပ်နေစဉ်ကာလတုန်းက ဒေါ်ဒေါ်မေ အိမ်ထောင်ကျခဲ့သေးတယ်။ ဒီတုန်းက ဘာရှိဦးမှာလဲ၊ အသက် ၁၈ နှစ် ကျော်ရုံပဲ ရှိသေးတာ။ သမီးဘိုးဘိုးဦးသုခမှာ အဲဒီတုန်းက မော်တော်ကြောက် စီးအပိုင်ရှိတယ်။ အဲဒီထဲကနှမ်းစီးက အိမ်ပါနဲ့ ကျွဲပျော်ကို ခရီးသည်တင်တယ်၊ သင်္ဘော ကျောင်းကုန်းမှာ နားတဲ့အချိန်ဆိုရင် သင်္ဘောသားတွေဟာ ချမ်းမြေ့ ရိပ်မြုံအိမ်ကြီးမှာပဲ စားကြသောက်ကြ ဝင်ကြထွက်ကြနဲ့ နေတာပဲ။ အဲဒီမှာ ဒေါ်ဒေါ်ဟာ သင်္ဘောသားတစ်ယောက်နဲ့ ချစ်ကြိုက်ပြီး အိမ်ထောင်ကျခဲ့တယ်။ သူ့နာမည်က ကိုတင့်တယ် တဲ့"

ဒ

ခင်မေဘကလေး အိမ်ထောင်ကျစက အသက် ၁၈ နှစ်ပဲ ရှိသေး သည်။

ခင်မေဘခင်ပွန်း ကိုတင့်တယ်ကတော့ အသက်အစိတ် ရှိပေပြီ။ ကိုတင့်တယ်သည် ဦးသုခပိုင် မြစ်သုခသင်္ဘောမှ သင်္ဘောသားတစ်ဦး ဖြစ်ပါ ၏။

သင်္ဘော ကျောင်းကုန်းကိုရောက်လာတိုင်း သင်္ဘောသားများ ချမ်း မြေ့ရိပ်မြုံအိမ်ကြီးသို့ ဝင်ရောက်လည်ပတ်ကြရာမှ ခင်မေဘနှင့် ကိုတင့်တယ် တို့ တွေ့ဆုံချစ်ကြိုက်မိကြခြင်း ဖြစ်သည်။

ဦးသုခသည် ကိုတင့်တယ်နှင့်ခင်မေဘတို့ကို ကောင်းကောင်းမွန်မွန် လက်ထပ်ပေးခဲ့သည်။

အိမ်ထောင်သည်ဖြစ်လာသည့်အခါ ခင်မေဘက ကိုယ့်အိမ်ကိုယ့်ရာ လေးနှင့် နေလိုသည်။

ကိုတင့်တယ်က သင်္ဘောသားမို့ သင်္ဘောနှင့် မြို့အနှံ့လိုက်နေရ၏။ ခင်မေဘမှာ အိမ်ဖော်အဖြစ်နှင့်ပင် ချမ်းမြေ့ရိပ်မြုံမှာ ဆက်နေနေရသည်။

လင်မယားနှစ်ယောက်မှာ တစ်ကြိမ်၊ နှစ်ကြိမ်သာ တွေ့ဆုံခွင့်ရကြ ၏။

တစ်နှစ်ခန့်အကြာတွင် ကလေးတစ်ယောက် ရခဲ့သည်။ သား ယောက်ျားလေးဖြစ်သည်။

ဒီသားလေးကို လင်မယားနှစ်ယောက်လုံးက အသက်ပေးချစ်ကြ၏

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်မေဘက သားကလေးရယ်၊ ခင်ပွန်းသည်ရယ်နှင့် အိမ်တစ်ဆောင် မီးတစ်ပြောင်နေလိုသည်။ ဆင်းရဲလိုက ဆင်းရဲပါစေ၊

ကိုတင့်တယ်ကတော့ ဒီလိုမဟုတ်။ ဇနီးနှင့်သားကို ချမ်းမြေ့ရိပ်မြုံမှာပဲ ဆက်ထားချင်သည်။ အိမ်ကြီးအိမ်ကောင်းမှာ အဆင်သင့်နေနေရမှတော့ ဒီမှာပဲ ဆက်နေပေါ့ဟု ဆိုသည်။

အမှန်က ကိုတင့်တယ်သည် ခပ်ပေပေလူစားမျိုးဖြစ်၏။ ဇနီးနှင့်သားကို ချစ်သော်လည်း အိမ်ထောင်တာဝန်ကို ဦးဆောင်ချင်သူ မဟုတ်။ ရေစုန်မျှောလိုက်ချင်သူမျိုး ဖြစ်သည်။

ခင်မေဘကတော့ အိမ်ထောင်ကျပြီးမှ သူများအိမ်မှာ အစေအပါးလုပ်မနေချင်။ ကိုတင့်တယ်ကို လက်ထပ်ခဲ့သည့်မှာလည်း အိမ်ဖော်ဘဝက လွတ်ချင်သည့် ရည်ရွယ်ချက်ပါသည်။

ဦအတွင်းမှာ ကိုတင့်တယ်၏ အစ်မနှင့်ယောက်ဖတို့ ချမ်းမြေ့ရိပ်မြုံကို လာလည်ကြ၏။ ခင်မေဘကို လာ၍ အကဲခတ်ကြခြင်း ဖြစ်သည်။ ကိုတင့်တယ် အစ်မ မတင်ဝင်းနှင့်သူ့ယောကျ်ား ကိုသက်ထွန်း တို့က ခင်မေဘကို သဘောမတွေ့ကြပေ။ သူများအိမ်မှ အစေခံမကို ယူရပါမည်လားဟု ပြောဆိုနေသံကိုလည်း ခင်မေဘ ကြားရသည်။ ခင်မေဘကိုယ်တိုင်ကလည်း ကိုတင့်တယ်အစ်မ မတင်ဝင်းကို ကြည့်မရခဲ့ပါ။

ကိုတင့်တယ်တို့က ပေတောမြို့ဇာတိများ ဖြစ်သည်။ ပေတောမှာ ကိုတင့်တယ်ကို ဆွေနီးမျိုးစပ်တော်သော မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ချပေးရန် ပြောဆိုပြီးပြီဟုလည်း သိရသည်။

ကိုတင့်တယ်အစ်မလင်မယား ပြန်သွားချိန်မှစ၍ ခင်မေဘတို့ အိမ်ထောင်ရေးမှာ အဆင်မပြေတော့ပေ။ ကိုတင့်တယ်သည် ခင်မေဘကို အပြစ်မရှိ အပြစ်ရှာနေတတ်သည်။ တစ်လတစ်ကြိမ်ခန့်သာ လာတော့သည်။ ဒါလဲ သားလေးရှိနေလို့။ သူ့သားကို သံယောဇဉ်မပြတ်နိုင်လို့ လာနေခြင်းဖြစ်၏။ လင်မယားအိမ်ထောင်ရေးကား အေးစက်ခဲ့လေပြီ။

ထိုသို့သော အကျိတ်အခဲလေးများသည် ကိုမြင့်နိုင်ဆိုသူနှင့် ပတ်သက်လာသည့်အခါ အကြီးအကျယ် ပေါက်ကွဲခဲ့လေတော့သည်။

ကိုမြင့်နိုင်ဆိုသူမှာလည်း ဦးသုခပိုင်မော်တော်တစ်စင်းမှ သဘော်သားတစ်ဦးဖြစ်ပါ၏။





ကိုမြင့်နိုင်တို့သဘော်ာ ကျုံးပျော်မှ အပြန်တွင် ကိုမြင့်နိုင် အဖျားဝင်လာသည်။ ကိုမြင့်နိုင်ကို ချမ်းမြေ့ရိပ်မြုံတွင် ထားခဲ့ကာ သဘော်ာဆက်ထွက်သွားသည်။ ကိုမြင့်နိုင်ကို ပြုစုဖို့လိုလာသည်။ ခင်မေဘကပင် ပြုစုရပါ၏။ စတိုခန်းလေးကိုရှင်းကာ နေမကောင်းသူကို ထားရသည်။

ဖြစ်ချင်တော့ လူမမာကို ဆေးတိုက်နေသည့်အချိန်တွင် ကိုတင့်တယ် ရောက်လာသည်။ ထိုစဉ်က အဖျားသိပ်ကြီးနေသော ကိုမြင့်နိုင်ကို ခေါင်းမှ ပွေ့ကာ ဆေးတိုက်နေသည့်အချိန်။

ထိုမြင်ကွင်းကို ကိုတင့်တယ် မြင်သွားသည်တွင် ဒေါသပေါက်ကွဲတော့၏။

''ဟဲ့ ... ကောင်မ၊ နင် ဒီကောင်နဲ့ ဖောက်ပြန်နေတာ ဘယ်လောက်ကြာပြီလဲ''ဟု ကျုံးအော်တော့သည်။ တိုးတိုးပြောပါ၊ မေမေကြီးတို့ ကြားသွားပါမယ်ဟု တောင်းပန်သော်လည်း နားမဝင်။ သူ နေမကောင်းဖြစ်နေလို့ပါဟု ရှင်းပြသော်လည်း လက်မခံ။ ခင်မေဘကို နောက်မီးလင်းသည်၊ ဖောက်ပြန်သည်။ မှောက်မ ထားသည်ဆိုကာ အမျိုးမျိုး စွပ်စွဲလေတော့သည်။ အရက်ကလည်း မူးလာသည်မို့ ဘယ်လိုမှပြောမရ။ သွေးကလည်း ဆိုးနေသည်။

တဖျစ်တောက်တောက် ပြောမဆုံးတော့။ နောက်တော့ လက်ကပါပါလာသည်။ ခင်မေဘပါးကို ဘယ်ပြန်ညာပြန် ရိုက်သည်။ ဒီအထိ ဇော်ကားလာတော့ ခင်မေဘ မခံနိုင်တော့ပေ။ အနီးမှာတွေ့တဲ့ ထမင်းအိုးမွှေသည့် ယောက်မကြီးဖြင့် လင်ယောကျ်ားကို ပြန်ရိုက်မိတော့သည်။ ကိုတင့်တယ် နဖူးကွဲသွားသည်။ သွေးတွေထွက်လာသည်။

ဒေါသသည် အထွတ်အထိပ်သို့ ရောက်ရလေတော့၏။

"ကောင်မ... ကွာမယ်... ကွာမယ်။ နင့်လိုဟာမမျိုးနဲ့ မပေါင်းဘူး''

"ကွာ ... ကွာ ... ကျုပ်ကလည်း ရှင်လိုလူမျိုးနဲ့ ပေါင်းနေရတာ''

''ဟော့... စကားမရှည်နဲ့။ နင် ဒီနေ့ကစပြီး ငါ့မျက်နှာကို မမြင်ရတော့ဘူး မှတ်။ လာ... သား... သွားမယ်။ ဒီအမေလို ဖောက်ပြန်တဲ့ မိန်းမမျိုးနဲ့ ငါ့သားကို မထားနိုင်ဘူး။ အဖေနဲ့လိုက်ခဲ့''

ကိုတင့်တယ်က အဖေနှင့်အမေ ရန်ဖြစ်နေသည်ကို မျက်နှာငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ရှုံကြည့်နေရှာသော သားငယ်လေးကို ကောက်ချီလိုက်သည်။ ပြီး အိမ်ထဲမှ ခပ်မြန်မြန်လှည့်ထွက်သွားပါ၏။

"ဟင်... ကိုတင့်တယ်၊ ရှင်... ရှင် ဒါဘာလုပ်တာလဲ။ ထားခဲ့ပါ။ သားကို ထားခဲ့ပါ"

ခင်မေဘက သားငယ်ကို အတင်းလိုက်ဆွဲသည်။

"ကောင်မ... ဖယ်၊ ငါ့သားကို နင့်လိုဟာမနဲ့ မထားဘူး"

"ကိုတင့်တယ်... ရှင် ကျွန်မကို မဟုတ်တာတွေစွပ်စွဲတာ ခံနိုင်တယ်။ အပြစ်မရှိ အပြစ်ရှာပြီးလည်း ရိုက်ခဲ့ပြီးပြီ။ သားကို ခေါ်မသွားပါနဲ့။ ထားခဲ့ပါ"

"မထားနိုင်ဘူး ... ကဲကွာ"

ကိုတင့်တယ်က ခင်မေဘကို တွန်းပစ်လိုက်သည်။ ခင်မေဘ မြေကြီးပေါ်လဲအကျတွင် ကလေးကိုချီကာ ခပ်သုတ်သုတ် ထွက်သွားပါတော့၏။

"ကိုတင့်တယ် ... ရှင်ထားခဲ့၊ သားကို ထားခဲ့။ ရှင့်လို သဘော်သားက ဒီကလေးကို ဘယ်လိုမွေးမှာလဲ၊ ရှင် ရူးနေသလား။ ရှင့်သားလေးပဲ ဒုက္ခရောက်မှာနော်။ ထားခဲ့ပါဆို"

ခင်မေဘက မြေကြီးပေါ်မှ ကျုံးထ,ရင်းအော်သည်။ ကိုတင့်တယ်က မကြားယောင်ပြုကာ ထွက်သွားလေတော့သည်။

"ဖေဖေကြီးရေ... မေမေကြီး မနှင်းသူ... မနှင်းဖြူ လုပ်ကြပါဦး။ ကိုတင့်တယ် သားလေးကိုခေါ်သွားပြီ၊ အမေယ်လေး"

ကိုယ်ရေးကိုယ်တာကိစ္စမို့ ဝင်မစွက်ချင်၍ မသိချင်ဟန်ဆောင်နေသော အိမ်ကြီးရှင်များလည်း မနေသာတော့။ အိမ်ပေါ်မှ ဆင်းလာကြသည်။

"ငိုမနေနဲ့ မေဘ။ သူ့သား သူ ခေါ်ရင်ခေါ်သွားပစေ။ သွေးပူနေတုန်း သူ့အရှိန်နဲ့ သူလိမ့်ပစေ၊ နောက်မှ ငါ ဆုံးမမယ်။ ကလေးလည်း ဘာမျှမဖြစ်နိုင်ပါဘူး။ သူလည်း အဖေပဲ"

ဦးသုခက ဝင်ဖြေရှင်းပေးတော့ ခင်မေဘ အတွန့်မတက်သာတော့။

ထိုစဉ်က သားလေးကို နောက်ဆုံးမြင်တွေ့လိုက်ရခြင်းပဲ ဖြစ်ပါသည်။

ကိုတင့်တယ်က ကလေးကို ပေပုဒေါရှိ သူ့အစ်မမတင်ဝင်းတို့ထံ ပို့ထားသည်ဟု ကြားရသည်။ မတင်ဝင်းတို့မှာ ကလေးမရှိပါ၍ သားအတွက် နည်းနည်းတော့ စိတ်အေးရသည်။ ဒီလိုနဲ့ သုံးလေးလကြာသွား၏။





ကိုတင့်တယ်လည်း ကျောင်းကုန်းသဘော်လိုင်းကို မလိုက်တော့။ ခင်မေဘနှင့် မတွေ့လိုဟု ဆိုသည်။ ပုသိမ်၊ ငပုတော၊ ဖျာပုံ၊ ဟိုင်းကြီးကျွန်းတို့ထိ ပြေးဆွဲသော ဦးသုခပိုင် သဘော်တစ်စီးသို့ ပြောင်းလိုက်သည်။

ခင်မေဘကတော့ မိန်းမသားမို့ စိတ်ဆိုးသော်လည်း လင်ယောကျ်ားကိုတော့ ပြန်လာလိုလာငြား မျှော်မိသေးသည်။ ကလေးတစ်ယောက် ရသည်ထိ ပုဆိုးတန်းတင်ပေါင်းလာသော လင်မယားမို့ စိတ်ဆိုးတုန်းခဏသာ။ စိတ်ပြေတော့ ကလေးပိုက်ပြီး ကိုတင့်တယ် ပြန်လာလိမ့်မည်ဟု မျှော်လင့်မိသည်။

မနှင်းသူနှင့် မနှင်းဖြူညီအစ်မကလည်း ဒီကိစ္စမှာ ညည်း လွန်တာ မဟုတ်ဘူး။ အောက်ကျခံပြီး လိုက်ခေါ်စရာမလိုဘူးဟု ဆိုကြသောကြောင့် သားလေးကို လွမ်းပါသော်ငြား ချုပ်မြေ့ရိပ်မြုံမှာပင် ခပ်တင်းတင်း နေခဲ့ရသည်။

သို့ပါသော်လည်း မမြင်ရသော ကြမ္မာဆိုးတစ်ခုက ဝင်မွှေလိုက်လေသည်။

ကိုတင့်တယ်တို့ သဘော်ပင်လယ်ပြင်တွင် မုန်တိုင်းမိကာ နစ်မြုပ်သွားခဲ့သည်။ လူအားလုံး သေသည်။

အလောင်းပင် မမြင်လိုက်ရသော ခင်ပွန်းသည်အတွက် ငိုရှုံသာငိုခဲ့ရပြီး အလိုလို မုဆိုးမ ဖြစ်ခဲ့ရလေသည်။

ကိုတင့်တယ်ဆုံးပြီးနောက် ငပုတောရှိ မတင်ဝင်းတို့ထံမှာ သားလေးကို သွားခေါ်ဖို့ပင် အစီအစဉ်များပင် လုပ်ပြီးပါပြီ။

ထိုအချိန်မှာ မနှင်းဖြူ ပြဿနာက ဝင်လာခဲ့သည်။

မနှင်းဖြူ၏ဒိုင်းစေချက်အရ ဖြူဖွေးဖော့လေးကို ပိုက်ကာ အထက်အညာသို့ ထွက်ခဲ့ရသည်။ မွေးစားသူများ တွေ့၍ပေးခဲ့ပြီး ကျောင်းကုန်းကို ပြန်လာခဲ့သော်လည်း လမ်းခရီးမှာ နေမကောင်းဖြစ်ကာ ပြည်မှာ သောင်တင်နေတော့သည်။

ခင်မေဘကို အိမ်ခေါ်ထား၍ ပြုစုပေးသော ကားဒရိုင်ဘာ ကိုတုပ်ဓား ဆိုသူမှာ လူပျိုကြီး၊ လူရိုးကြီး ဖြစ်သည်။ ကိုတုပ်ဖားက သူ့ကိုလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ နားပူနားဆာလုပ်လာရာ ခင်မေဘာက သူ့ဘဝဖြစ်စဉ်ကို မခြွင်းမချန် ပြောပြလိုက်သည်။

ကိုတုပ်ဖားက အားလုံးကို ခွင့်လွှတ်သည်။ ခင်မေဘာမှာ ကာမပိုင် မရှိတော့သော မုဆိုးမမို့ သူ့ကိုလက်ထပ်ရန်သာ ပူဆာနေတော့၏။

ခင်မေဘာသည် သူမျှားအိမ်က အစေအပါးဘဝကို စက်ဆုပ်လှပါပြီ၊ ကျောင်းကုန်းပြန်လျှင် ချမ်းမြေ့ရိပ်မြိုမှာ နိုင်လုံပြီး အိမ်စေဘဝ ပြန်ရောက်ရဦး မည်။ ကိုတုပ်ဖားက ပေုတောမှာရှိနေသည့် ခင်မေဘာ သားလေးကို သွားခေါ် ဖို့ သူကိုယ်တိုင် လိုက်ပို့ပေးပါမည်ဟုလည်း ကတိပေးတော့ ခင်မေဘာသည် ကိုတုပ်ဖား၏ တောင်းဆိုချက်ကို လက်ခံသိုက်တော့သည်။

ငွေအတော်အသင့် စုဆောင်းမိပြီးဖြစ်သော ကိုတုပ်ဖားနှင့် နေခဲ့ရ သောဘဝတွင် စိတ်ချမ်းသာမှုအပြည့်ရှိခဲ့ပါသည်၊ ကိုတုပ်ဖားကလည်း ခင်မေ ဘာကို ကြင်နာရှာပေသည်။

သို့သော် ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသကဲ့သို့ ခင်မေဘာမှာ အိမ်ထောင်ရေး ကံမကောင်းရှာ။ ကြင်နာတတ်သော လင်ယောကျ်ားကို ရ ပြန်တော့လည်း ယောကျ်ားက သက်ဆိုးမရှည်ရှာပေ၊ ကိုတုပ်ဖား၏ နှလုံက တည်းက ရှိနေသော အစာအိမ်ရောဂါမှာ တစ်စတစ်စ ပိုဆိုးလာပြီး အိမ်ထောင် သက် တစ်နှစ်အကြာမှာပင် ကွယ်လွန်ခဲ့လေသည်။

စိတ်ဦးထားသလို သားကလေးကို ပေုတောသို့ သွားမခေါ်နိုင်ခဲ့။

ကိုတုပ်ဖားဆုံးပြီးတော့ မြည်မှာ ဆက်မနေလိုတော့။ ဒီလိုနှင့် အိမ် ကလေးကို ရောင်းချကာ ကိုတုပ်ဖားထားခဲ့သည့် ငွေအနည်းငယ်နှင့်အတူ ကျောင်းကုန်းသို့ ပြန်လာခဲ့တော့သည်။

ချမ်းမြေ့ရိပ်မြိုမှာတော့ အလုပ်ပြန် မလုပ်တော့ပေ။ သူမမှာ ကိုတုပ် ဖားထားခဲ့သည့် အမွေအနှစ်ကလေးဖြင့် ကိုယ်ပိုင်အိမ်လေးဆောက်ကာ ငွေ တိုးပေးရင်း သက်သက်သာသာ နေနိုင်ခဲ့လေပြီ။

ဖြူဖွေးဖော့လေးကိုပိုက်သျက် ချမ်းမြေ့ရိပ်မြိုမှ ထွက်ခွာသွားခဲ့သည် မှာ ယခုကျောင်းကုန်းကို ပြန်လာချိန်အထိ ကြားထဲတွင် အချိန်ကာလ ၂ နှစ် ကြာမြင့်ခဲ့လေသည်။



"ဒေါ်ဒေါ်မေ ကျောင်းကုန်းကို ပြန်ရောက်တော့ ပေုတောက ဒေါ်ဒေါ်မေရဲ့သားလေးကို သွားမခေါ်ဘူးလားဟင်"

"ဘယ်နေ့လိမ့်မလဲကွယ်။ ဒေါ်ဒေါ်ပေုတောကို သွားခဲ့ပါတယ်"

"အဲဒီတော့"

"မတွေ့တော့ဘူးကွယ်။ သားလေးကို မွေးစားထားတဲ့ မတင်ဝင်းတို့ လင်မယားနှစ်ယောက်လုံး ပေုတောမှာ မရှိကြတော့ဘူး"

"အို ... ဘယ်ကိုပြောင်းသွားကြလို့လဲ"

"အဲဒါလည်း စုံစမ်းလို့ မရခဲ့ဘူး။ အိမ်နီးချင်းတွေလည်း မသိကြဘူး။ အိမ်တံခါးကြီးက သော့ခတ်လို့။ နောက်သုံးနှစ်လောက်ကြာတော့ ဒေါ်ဒေါ်မေ တစ်ခါထပ်သွားပါသေးတယ်။ မတင်ဝင်းတို့ ပြန်မလာကြလို့ အိမ်က အိမ်ငှား ဆိုတော့ကာ အိမ်ရှင်က သော့ဖျက်ပြီး သူ့အိမ်သူ ပြန်သိမ်းထားတာ တွေ့ရ တယ်။ မတင်ဝင်းတို့ သတင်းကတော့ စုန်းစုန်းမြုပ်ရော။ ဒါနဲ့ပဲ သားလေး ဟာ သေမှန်းမသိ၊ ရှင်မှန်းမသိ၊ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိဘဲ အဆက်ပြတ်ခဲ့ရတယ်"

"ဖြစ်ရလေ ဒေါ်ဒေါ်ရယ်"

"အဲဒါကြောင့် မောင်သက်ခွေတို့အရွယ် ယောကျ်ားလေးတွေကို မြင်တိုင်း ဒေါ်ဒေါ်မေ့သားလေးကို သတိရမိတယ်။ သားလေးဟာလည်း ရှိ သေးရင် ဒီအရွယ်လောက် ရှိနေပြီပေါ့"

ဒေါ်ဒေါ်မေတစ်ယောက် သားနဲ့ ပြန်လည်ဆုံတွေ့ခွင့်ရပါစေလို့ ဖြူဖွေးဖော့ ဆုတောင်းပေးမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## -၉-

မိုးက တဖွဲဖွဲစွေ၍ ရွာနေပါ၏။

ဖြူဖွေးဖော့သည် အိပ်ရာပေါ်တွင် လဲလျောင်းရင်း ဟိုရောက် ဒီရောက် အတွေးများဖြင့် အိပ်မပျော်သေးဘဲ ရှိနေမိ၏။

အချိန်ကား ညဆယ်နာရီခန့် ရှိပေပြီ။ နယ်မြို့ကလေးလည်း ဖြစ်ပြန်၊ ချမ်းမြေ့ရိပ်မြုံသည့် မြို့ပြင်ဘက်ကျသော အပိုင်းတွင်ရှိနေသည်မို့ တိတ်ဆိတ်နေချေပြီ။

မြစ်ထဲမှ တစ်ချက်တစ်ချက် ဖြတ်သန်းသွားသည့် မော်တော်စက်သံများက မိုးသံကိုထိုးဖောက်၍ တစ်ခါတစ်ခါ ထွက် ပေါ်လာတတ်၏။

အိပ်မပျော်သေးသော ဖြူဖွေးဖော့သည် ပြတင်းပေါက်ကို မပိတ်သေးဘဲ မိုးရေထဲတွင် ယိမ်းနွဲ့နေသည့် သစ်ပင်ကြီးများကို အိပ်ရာပေါ်လှဲရင်း မျှော်ကြည့်ကာ ရောက်တတ်ရာရာ တွေးတွေးနေမိ၏။

ပြတင်းတည့်တည့်ရှိ ညောင်ပင်ကြီးမှ လေရိုက်ခတ်မှုကြောင့် အရွက်ချင်းထိသံများက တရှဲရှဲ အော်မြည်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးက မှောင်မည်းနေ၏။ စားပွဲတင်နာရီလေးဆီမှ စက်သံ တချက်ချက်ကသာ ပုံမှန်ထွက်ပေါ်နေသည်။

မိုးအေးအေးနှင့် အတွေးများပျံ့လွင့်ရင်း ကံမမြို့ကလေးကိုရော၊ မေမေ ဒေါ်ခင်စမ်းကိုပါ သတိရလွမ်းဆွတ်နေမိ၏။

မေမေဒေါ်ခင်စမ်းကို မွေးစားမိခင်ဟု သိလိုက်ရသော်လည်း အချစ်





က ပျယ်မသွားခဲ့။ ဖြူဖွေးဖော့ ယခုတိုင်လွမ်းရဆဲ မေမေ့ကျေးဇူးများကို အောက်မေ့ဆဲပါ။ ညစဉ်ဘုရားရှိခိုးတိုင်း မေတ္တာပို့ အမျှအတန်းဝေရမြဲပါ။

မေမေသည် ဖြူဖွေးဖော့ကို တစ်ခါမျှပအော်ဖူး၊ ပငေါက်ဖူးခဲ့။ လေသံမာမာနှင့်ပင် မပြောခဲ့ဖူးပေ။ မေမေ ဆိုဆုံးမမှုများဖြင့် ကြီးပြင်းခဲ့ရသော ဖြူဖွေးဖော့သည် မိန်းမပီသခဲ့သည်။ ယဉ်ကျေးသိမ်မွေ့ခဲ့သည်။ အိပ်မှုကိစ္စ နိုင်နင်းခဲ့ရသည်။ ဒီလိုဖြစ်အောင် ဆုံးမသွန်သင်ခဲ့တဲ့ မိန်းမတစ်ယောက်ဟာ မွေးစားအမေဆိုတာကို ဘယ်လိုမျှ ယုံနိုင်စရာမရှိခဲ့ပေ။ အဖြစ်မှန်မို့သာ လက်ခံလိုက်ရသော်လည်း ဖြူဖွေးဖော့ရင်ထဲမှာတော့ ဒေါ်ခင်စမ်းကို မိခင်ရင်းတစ်ယောက်သဖွယ် ချစ်ဆဲ တမ်းတဆဲပါ မေမေ။

ဒေါ်ခင်စမ်းကို လွမ်းသော်လည်း အလွမ်းပြေကြည့်စရာကား များများစားစား မရှိပါချေ။ ခုတင်ခေါင်းရင်းတွင် ချိတ်ထားသော ဖေဖေနှင့်မေမေ အိမ်ထောင်ကျစဉ်က တွဲရိုက်ထားသည့် ဓာတ်ပုံလေးတစ်ပုံရှိသည်။

ငယ်ငယ်ကပုံလေးများပါသော အယ်လ်ဘန်လေးကို သတိရလိုက်ပါ၍ အလွမ်းပြေကြည့်ရန် ခုတင်ပေါ်မှထလိုက်သည်။ အခန်းမီးချောင်းကိုဖွင့်ကာ ဗီရိုဆီသွားပြီး အယ်လ်ဘန်လေးကို ထုတ်ယူလိုက်သည်။ ထိုအခါ အယ်လ်ဘန်နှင့်အတူ ထည့်ထားသော ဘူးအနက်ကလေးကိုပါ တွေ့လိုက်ရပါ၏။ ဘူးအနက်ကလေးက မေမေ မသေခင်က ဖြူဖွေးဖော့ကို သေချာမှာကြားပြီး ပေးခဲ့သော ဘူးကလေးပါ။

ဖြူဖွေးဖော့က အယ်လ်ဘန်ရော၊ ဘူးအနက်ကလေးကိုပါ ဗီရိုထဲမှ ထုတ်ယူခဲ့ပြီး၊ စားပွဲတွင်ထိုင်ကာ ဓာတ်ပုံများကို အလွမ်းပြေ ကြည့်နေမိသည်။ ဓာတ်ပုံက များများစားစား မဟုတ်။ ငယ်စဉ်ကမိသားစုသုံးယောက် ရိုက်ထားသည့်ပုံတွေရယ်၊ နားသတုန်းက ပုံလေးတွေရယ်၊ ရွှေစက်တော်ဘုရား သွားလည်တုန်းက ရိုက်ထားတဲ့ ပုံကလေးတွေ ဖြစ်သည်။ ကြီးလာမှ ဖြူဖွေးဖော့ ဓာတ်ပုံသိပ်မရိုက်ဖြစ်ပါ။

ဘူးအနက်ကလေးကတော့ ပဖောင်ဦးဆန်သော ဘူးကလေးဟု ဆိုရပါမည်၊ ဒေါ်ခင်စမ်းက ဖြူဖွေးဖော့ ဘဝတည်ငြိမ်မှုရသည့်အခါမှ တစ်ဦးတည်း ဖွင့်ကြည့်ရန်မှာကြားခဲ့သော ဘူးနက်ကလေး။ ဘူးကလေးကို သံဖြင့် အသေရိုက်ပိတ်ထားကာ ဖွင့်မရအောင် လုပ်ထားသည်။ ဖွင့်လိုပါက ဘူးကို အပြီးဖျက်ဆီးပြီးမှ ဖွင့်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖွေးဖော့သည် တစ်ချက်သမ်းဝေလိုက်သည်။

အယ်လ်ဘန်နှင့် ဘူးနက်ကလေးကို စားပွဲပေါ်တွင်ထားခဲ့ကာ မီးချောင်းကို မှိတ်လိုက်သည်။

ခုတင်ပေါ် ပြန်သွား၍ လဲလျောင်းနေလိုက်သည်။

ပြတင်းပေါက်မှ တိုက်လာသော အေးစိမ့်စိမ့်လေကြောင့် မေးခနဲ အိပ်ပျော်သွားမည်ကဲ့သို့ ရှိနေဆဲ . . .

"ဒုတ် . . . "

အသံတစ်သံကို မသဲမကွဲ ကြားလိုက်ရသလို ရှိသည်။ မိုးသံများကြောင့် မသဲမကွဲ။ အိပ်ချင်သလိုလည်း ဖြစ်နေသည်မို့ လှည့်မကြည့်မိချေ။

နောက်တစ်ဖန် အပြင်ဘက်မှ ကုတ်ခြစ်သံလိုလို၊ အခန်းထဲသို့ တစ်စုံတစ်ခု ဝင်ရောက်လာသလိုအသံမျိုးကို ကြားလိုက်ရပြန်သည်။

ဒီတစ်ခါတော့ သံသယဝင်လာပါ၍ မျက်လုံးကိုဖွင့်၍ ပြတင်းပေါက်ဆီ ခေါင်းထောင်ကြည့်လိုက်ရာ . . .

"အမယ်လေး"

"အမယ်လေး" ဟု အော်မိသတတ် လန့်ဖျပ်သွားရပါလေတော့သည်။

ဖြူဖွေးဖော့ ပိတ်မထားခဲ့မိသော ပြတင်းပေါက်ပေါင်ပေါ်တွင် မည်းမည်းအကောင်ကြီးတစ်ကောင်က ကားရားခွထိုင်နေသည်။ ကြောက်လန့်လွန်း၍ အော်ဟစ်ရန်ကြိုးစားသော်လည်း အသံကထွက်မလာ။ မည်းမည်းအကောင်ကြီး၏ခြေတစ်ဖက်မှာ အခန်းထဲသို့ပင် ရောက်နေပေပြီ။

ကြည့်နေစဉ်မှာပင် ထိုအကောင်ကြီးက အခန်းထဲသို့ ဂုန်းခနဲ ခုန်ချလိုက်ပါ၏။

ဖြူဖွေးဖော့ ချေးချေးများ ပြန်လာသည်။

အကောင်ကြီးက နံရံဘွင် ကပ်နေပါ၏။ ဖြူဖွေးဖော့အိပ်ရာမှ နိုးလာပြီကို သူသိဟန်မတူ။

ယခုတော့ သဲသဲကွဲကွဲ မြင်ရပါပြီ။ မည်းမည်းအကောင်ကြီးမှာ ခန္ဓာကိုယ် တောင့်တင်းသောလူထစ်ယောက်သာ ဖြစ်သည်။ အနက်ရောင်ဘောင်းဘီပွနှင့် အကျီအနက်ကို ဝတ်ဆင်ထားခြင်း ဖြစ်ပါ၏။ သူခိုးဟု သိလိုက်သည်။





သူခိုးသည် ညင်သာစွာပင် ဖြူဖွေးဖော့အဝတ်အစား ထည့်သည့် ဗီရိုဆီသို့ လျှောက်သွားနေပါ၏။ သတိဝင်လာပြီဖြစ်သော ဖြူဖွေးဖော့က အသံကုန် ဟစ်၍အော်လိုက်ပါသည်။

"သူခိုး . . . သူခိုး . . . လုပ်ကြပါဦး။ မေမေရေ . . . နော်ထူး လာကြပါဦး၊ ဒီမှာ သူခိုး . . . သူခိုး"

ဖြူဖွေးဖော့၏ ကျယ်လောင်စွာ အော်ဟစ်သံကြောင့် သူခိုးက တန့်သွားသည်။ ပြတင်းပေါက်ဘက်သို့ ကိုယ်ကိုပြန်လှည့်လိုက်၏။

ဖြူဖွေးဖော့အော်သံကြောင့် တစ်အိမ်လုံး နိုးလာကြပြီ။ အပေါ်ထပ်သို့ ပြေးလာသံ၊ တံခါးခေါက်သံများ ဆူညံသွားတော့သည်။

သူခိုးက အခန်းထဲမှထွက်မသွားသေးပါ၍ ဖြူဖွေးဖော့ ခုတင်ပေါ်မှ မထရဲ။

သူခိုးသည် စားပွဲပေါ်မှာ အဆင်သင့် ရှိနေသည့်ပစ္စည်းများကိုပင် ရရာကောက်၍ ဆွဲယူလိုက်သည်။ ပြတင်းပေါက်ရှိရာသို့ပြေးကာ လျင်မြန်စွာ ခုန်ချသွားပါ၏။

ဝုန်းခနဲအသံကြီးကို ကြားလိုက်ရသည်။ အိမ်ကြီးမှာ အတော်မြင့်သောကြောင့် သူခိုးမှာ ထချင်မှ ထနိုင်ပေတော့မည်။

"သမီး . . . သမီး . . . တံခါးဖွင့်လေ၊ တံခါးဖွင့်"

"မမ . . . မမ . . . ဘာဖြစ်သေးလဲ၊ တံခါးဖွင့်ပါ"

ဒေါ်နှင်းဖြူနှင့် နော်ထူးတို့ အပြင်မှအော်နေသံကြောင့် ဖြူဖွေးဖော့က တံခါးထဖွင့်ပေးလိုက်သည်။

"ဘာဖြစ်သွားသေးလဲ သမီး။ သူခိုး ဟုတ်လား"

"ဟုတ်တယ် မေမေ၊ ပြတင်းပေါက်က ကျော်တက်လာတာ။ ထွက်ပြေးသွားပါပြီ"

နော်ထူးက မီးခလုတ်ကို ဖွင့်လိုက်သည်။ တစ်ခန်းလုံး လင်းထိန်သွား၏။

ကြမ်းပြင်ပေါ်တွင် သူခိုးခြေရာများကို တွေ့ရ၏။ မိုးရေထဲမှ လာသည်မို့ ရွှံ့များ ပေကျံနေသည်။

စားပွဲတင်နာရီလေးမှာ ကြမ်းပြင်ပေါ်တွင် ကျကွဲနေပါ၏။

"ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်ကြလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသသော်အခန်းထဲ ဝင်လာရင်း မေးလိုက်သည်။ ခုမှ နိုးလာပုံရသည်။

"သမီး အခန်းထဲ သူခိုးဝင်လို့ ကိုဘသော်"

"ဟင် . . . ဘာတွေပါသွားသေးလဲ"

"စစ်ကြည့်ပါဦး သမီး"

နော်ထူးက နာရီမှန်ကွဲစများကို သိမ်းနေ၏။

သူခိုးက ဗီရိုရှေ့ရောက်သော်လည်း ဗီရိုကို ဖွင့်ချိန်မရလိုက်။ စားပွဲပေါ်မှ ပစ္စည်းများကိုသာ ကမန်းကတန်း ဆွဲယူသွားခဲ့၏။

"ဟင် . . . အယ်လ်ဘန်နဲ့ ဘူးကလေး ပါသွားပြီ။ မရှိတော့ဘူး။ အို . . . သမီးရဲ့ ဒိုင်ယာရီစာအုပ်လေးလည်း ပါသွားပြီ"

"တော်သေးတာပေါ့ကွယ်၊ အဖိုးတန်တွေ မဟုတ်လို့"

"မေမေရယ် . . . အယ်လ်ဘန်ထဲမှာ သမီးငယ်ငယ်ကပုံတွေပါတယ်၊ ဘူးကလေးက မေမေဒေါ်ခင်စမ်းပေးခဲ့တာ။ သမီး သိပ်နှမြောတာပဲ မေမေရယ်"

အောက်သို့ ဆင်းကြည့်သော ဦးဘသော် ပြန်ရောက်လာသည်။

"သူခိုးက မြစ်ကမ်းဘက်က တက်လာတာပေါ့။ အုတ်တံတိုင်းပြိုကျနေတော့ ဝင်ရလွယ်တာပေါ့"

"အင်း . . . ဝင်းထရံတွေ ပြန်ပြင်ဦးမှ ကိုဘသော်ရေ"

"ပစ္စည်းတွေ ပါသွားသေးလား"

"သမီး ဓာတ်ပုံစာအုပ်ကလေး ပါသွားတယ်တဲ့"

"တော်သေးတာပေါ့။ ကဲ . . . ကဲ . . . တံခါးတွေ ပိတ်။ သမီး အိပ်ရဲသလား။ နော်ထူးကို ခေါ်အိပ်မလား"

"ရပါတယ် မေမေ၊ အိပ်ရဲပါတယ်"

သူတို့အားလုံးထွက်သွားကြတော့ ဖြူဖွေးဖော့ အခန်းတံခါး ပိတ်လိုက်သည်။

သူခိုးနောက်ပါသွားသော ပစ္စည်းများကို တန်ဖိုးမရှိဘူးဟု သူတို့က ယူဆကြသည်။ ငယ်ငယ်က ဓာတ်ပုံတွေကို ဘယ်လိုပြန်ရိုက်လို့ ရတော့မှာလဲ၊ ဒိုင်ယာရီက ထားပါတော့။ အရေးအကြီးဆုံးက မေမေပေးခဲ့တဲ့ အမွေပစ္စည်း ဘူးနက်ကလေး။





ဒါတွေဟာ သူခိုးအတွက်တော့ ဘာမျှအသုံးဝင်မယ့် ပစ္စည်းတွေ မဟုတ်။

မေမေပေးခဲ့သည့် ဘူးအနက်ကလေးကို နှမြောတသစွာဖြင့် ဖြူဖွေးဖော့ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

-၁၀-

ဒီကနေ့ ချမ်းမြေ့ရိပ်မြုံသို့ ကိုသက်ဆွေနှင့် ခင်ဖြူဖြူတို့ မောင်နှမ လာလည်ကြပါသည်။

ဖြူဖွေးဖော့က ဖိတ်ခေါ်ခဲ့ခြင်းကြောင့် ဖြစ်ပါ၏။

တစ်နေ့တွင် ဒေါ်နှင်းဖြူက သမီး ဒီမြို့ရောက်နေတာ အတော်ကြာနေပြီ။ အသိမိတ်ဆွေတွေ မရှိသေးဘူးလားဟု မေးခဲ့ရာ ဖြူဖွေးဖော့က ကိုသက်ဆွေတို့မောင်နှမအကြောင်းကို ပြောပြလိုက်သည်။

ဒေါ်နှင်းဖြူက အိမ်ကို အလည်ခေါ်ခဲ့ဖို့ ပြောသည်မို့ ဖိတ်ကြားထားခြင်းပဲ ဖြစ်ပါသည်။

ကိုသက်ဆွေနှင့် ခင်ဖြူဖြူကို ဒေါ်နှင်းဖြူကိုယ်တိုင် လှိုက်လှိုက်လှဲလှဲ ထွက်၍ ကြိုဆိုပေသည်။

"သားတို့သမီးတို့ မိဘတွေကရော၊ ဘာအလုပ်အကိုင် လုပ်ကြသလဲ ကွယ့်"

"ဖေဖေက စစ်မှုထမ်းဟောင်းပါ။ တပ်ကြပ်ကြီးအဆင့်နဲ့ စစ်တပ်က ပင်စင်ယူထားပါတယ်။ နာမည်က ဦးအောင်ခက်တဲ့။ မေမေကတော့ ကျောင်းဆရာမပါ။ ဒေါ်ယဉ်သန့်တဲ့။ မေမေက ဆုံးသွားပါပြီ အန်တီ"

"ဖြစ်ရလေကွယ်။ သားတို့က ဒီဇာတိတော့ ဟုတ်ဟန်မတူဘူး။ သားတို့မိဘတွေ နာမည်လည်း မကြားဖူးဘူး။ မြို့ကလေးက ကျဉ်းတော့ တစ်ယောက်နဲ့တစ်ယောက် သိနေကြတယ်လေ"





"ဟုတ်ပါတယ် အန်တီ။ ကျွန်တော်တို့ ဒီမြို့ကို ပြောင်းလာတာ လေးနှစ်ပဲ ရှိပါသေးတယ်ခင်ဗျာ။ ဇာတိက သရက်မြို့ကပါ။ မကွေးတိုင်းထဲက မြို့တစ်မြို့ပေါ့။ အန်တီ သရက်မြို့ကို ရောက်ဖူးပါသလား"

ဒီမေးခွန်းကို အလွန်တရာသတိထား၍ စိတ်အားထက်သန်စွာ မေးလိုက်ခြင်း ဖြစ်သည်။

သရက်မြို့ဆိုသည့်အသံကို ကြားလိုက်ရလျှင် ဒေါ်နှင်းဖြူ မျက်နှာထား ပြောင်းလဲသွားလေမည်လားဟု အကဲခတ်ကာ မေးလိုက်ခြင်းဖြစ်၏။ ဒေါ်နှင်းဖြူ အမူအရာက တစ်စုံတစ်ရာထူးခြားမှု ဖြစ်မသွားပါ။

"သရက်မြို့ . . . ဟုတ်လား။ ဘီလပ်မြေစက်ရုံရှိတဲ့မြို့ မဟုတ်လားကွယ်။ မရောက်ဖူးပါဘူး။ အညာလို့ဆိုရမှာပေါ့နော်။ အဲဒီဘက်က မကွေး မြသလွန်တို့၊ ပုဂံဘုရားတို့ကို သိပ်ဖူးချင်တာပေါ့ကွယ်။ စိတ်သာရှိတယ်။ အညာဘက်ကို တစ်ခါမှ မရောက်ဖူးပါဘူးကွယ်"

ဒေါ်နှင်းဖြူစကားကြောင့် ကိုသက်ဆွေ စိတ်ပျက်သွားရသည်။

ပို၍ စိတ်ပျက်သွားမိသူက ခင်ဖြူဖြူ။ မေမေဒေါ်ယဉ်သန့် ပြောခဲ့သော ဇာတ်ကြောင်းများသည် တစ်စုံတစ်ရာ လွဲချော်နေပြီလား။

စကားဝိုင်းတွင် စကားတစ်ခွန်းမျှမပြောဘဲ တိတ်ဆိတ်နေသူမှာ ခင်ဖြူဖြူ ဖြစ်သည်။ ခင်ဖြူဖြူက ရောက်ကတည်းက ဒေါ်နှင်းဖြူကိုသာ အကဲခတ်နေမိသည်။ ငေးကြည့်နေမိသည်။ မိခင်ရင်းဆိုသည့်အသိဖြင့် ဝေဒနာတစ်မျိုးကိုလည်း ခံစားနေရပါ၏။

ထိုစဉ် ညေ့ခန်းထဲသို့ ဦးဘသော် ဝင်လာသည်။

ဒေါ်နှင်းဖြူက ဦးဘသော်ကို ကလေးများနှင့် မိတ်ဆက်ပေးလိုက်သည်။

"သမီးသူငယ်ချင်းတွေဆိုတော့ ခဏခဏ လာလည်ကြပါကွယ်။ အန်ကယ်လည်း လူငယ်တွေနဲ့ စကားမပြောရတာတောင် ကြာပြီ"

"အင်း. . . သူကတော့ ပြောပြပါလိမ့်မယ်။ မင်းအန်ကယ်က ကိုလေအိုး မောင်သက်ဆွေရဲ့"

"ပြောသင့်တာတော့ ပြောရမယ်လေကွာ။ လူငယ်တွေနဲ့ဆိုတော့ ပိုပြီးပြောရမှာပေါ့။ ဆုံးမသင့်တာ ဆုံးမရမှာပေါ့။ ဟုတ်တယ် မဟုတ်လား မောင်သက်ဆွေ"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ် အန်ကယ်''

''အေးဟေ့... အန်ကယ် အကဲခတ်နေတာ။ စကားဝိုင်းမှာ ဟောဒီ သမီးလေးက စကားအများဆုံးပဲကွ''

ဦးဘသော်က ခင်ဖြူဖြူကို လက်ညှိုးထိုးပြရင်း ပြောလိုက်ရာ အားလုံးက ဝိုင်းရယ်လိုက်မိကြသည်။

ခင်ဖြူဖြူကိုယ်တိုင်လည်း ရယ်မိပါ၏။

ရယ်လိုက်သည့်အခါ ထုံးစံအတိုင်း ညာဘက်ပါးမှပါးချိုင့်လေးက ပေါ်လာသည်။

ဒေါ်နှင်းဖြူသည် ခင်ဖြူဖြူ၏ ပါးချိုင့်လေးကို မြင်လိုက်သည့်အခါ ရင်ထဲမှာ လှပ်ခနဲ ခုန်သွားသည်။

ပါးချိုင့်လေး။ ပါးချိုင့်လေးကိုမြင်မှ ဖြူဖွေးဖော့ငယ်စဉ်က ပါးချိုင့်လေးပါတာကို သတိရမိသည်။ ဒေါ်နှင်းဖြူသည် သမီးလေး ဖြူဖွေးဖော့ လသမီးအရွယ်အထိ အတူနေခဲ့ရာ သမီးလေးကို ချော့မြှူသည့်အခါတိုင်း ရယ်လိုက်လျှင် ပါးချိုင့်လေးပေါ်လာတတ်တာကို ပြန်သတိရလာသည်။ ယခင်က မေ့နေခဲ့ပြီး ခင်ဖြူဖြူ၏ပါးချိုင့်လေးကို မြင်ပါမှ ရုတ်တရက် ပြန်၍ သတိရမိခြင်း ဖြစ်ပါသည်။

ယခုတော့ သမီးဖြူဖွေးဖော့တွင် ပါးချိုင့်ရှိမနေပါတော့။ ပါးချိုင့်ဆိုသည်မှာ ကြီးလာလျှင် ပျောက်ကွယ်သွားတတ်သည့်အရာမျိုးလား။

''သားတို့ကရော ပညာသင်ကြတုန်းပဲလား''

''ကျွန်တော်က ဘွဲ့ရပြီးပါပြီ အန်ကယ်။ လောလောဆယ် အိမ်အလုပ်ပဲ လုပ်နေပါတယ်။ ဆိပ်ကမ်းထိပ်က စာအုပ်အငှားဆိုင်နဲ့ ကုန်စုံဆိုင်လေးက ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းပါ။ ညီမလေးကတော့ ဥပဒေအဓိကနဲ့ ပုသိမ်ကောလိပ်မှာ တက်နေပါတယ်။ အခုကျောင်းပိတ်ထားလို့ပါ''

''ကောင်းပါလေ့ကွယ်။ အန်ကယ်တို့ သမီးလေးလည်း ဒီနှစ်ဆယ်တန်းအောင်ထားတာပေါ့။ သမီးရေ ... အမှတ်စာရင်းတွေ ရနေပြီမို့လား။ တက္ကသိုလ်ဝင်ခွင့်လျှောက်ဖို့ စီစဉ်ရမယ်လေကွယ်''

ဦးဘသော်က ဖြူဖွေးဖော့ကို တစ်ဆက်တည်းမေးရင်း ပြောလိုက်သည်။





''သမီးအမှတ်စာရင်းတွေ ကံမကို လှမ်းတောင်းထားပါတယ် ဖေဖေ။ သမီး တက္ကသိုလ်ဆက်မတက်တော့ပါဘူး။ စာပေးစာယူသင်တန်းပဲ လျှောက်တော့မလို့ ဖေဖေရဲ့''

''ဘာဖြစ်လို့လဲ သမီး။ ကျောင်း ဆက်မတက်ချင်ဘူးလားကွယ့်''

''သမီးက မေမေတို့နဲ့ အခုမှအတူနေရတာ မဟုတ်လား ပြန်ပြီး ခွဲမနေချင်တော့လို့ပါ။ ပြီးတော့ သမီး ရမှတ်တွေကနည်းတော့ လိုင်းကောင်းကောင်းလည်း တက်ခွင့်ရမှာ မဟုတ်ဘူး။ တက္ကသိုလ်စာပေးစာယူသင်တန်းပဲ အိမ်နေရင်းက တက်ပါတော့မယ် ဖေဖေ''

ဖြူဖွေးဖော့စကားကြောင့် ဒေါ်နှင်းဖြူ ပီတိဖြစ်သွားရသည်။ သမီးလေးက သူနှင့်ခွဲရမှာစိုး၍ တစ်မြို့တစ်ရွာမှာ ကျောင်းသွားတက်တော့ဘူးတဲ့လေ။

ခကားဝိုင်းက အခြားအကြောင်းများဆီသို့ ရောက်သွားကြပြန်သည်။ စကားဝိုင်းကို ဦးဆောင်သူက ဦးဘသော်။ သူက သူ့ငယ်စဉ်က အတွေ့အကြုံများကို ပြောပြနေသည်။

ထိုနေ့သည် ကိုသက်ဆွေတို့ မောင်နှမနှင့် ချမ်းမြေ့ရိပ်မြုမိသားစုတို့ ရင်းနှီးမှုတိုးတက်ခဲ့သော နေ့တစ်နေ့ပင် ဖြစ်ပါတော့သည်။

◈ ◈ ◈

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဆွေတို့ မောင်နှမ ကားပေါ်ရောက်လျှင်ပင် လူပြည့်သွား၍ ကားက ထွက်ခွာသွားလေသည်။

ဖြူဖွေးဖော့ လက်ပြရင်း ကျန်ရစ်ခဲ့၏။

မြင်ကွင်းထဲမှာ ကားကွယ်ပျောက်သွားမှ ဖြူဖွေးဖော့ ဒေါ်ခင်မေဘာ အိမ် ရှိရာသို့ ထွက်လာခဲ့လိုက်သည်။ ဒေါ်ဒေါ်မေ့ဆီ ဝင်လည်လိုက်ဦးမည်။

◈◈◈

## –၁၁–

ခင်ဖြူဖြူက မသွားမီ ဦးအောင်ခက်ကို ထိုင်၍ကန်တော့လိုက်သည်။

''အေးကွယ်. . . သမီးလေး ပညာထူးချွန်ပါစေ။ ပညာဆုံးခန်းတိုင် အောင် သင်နိုင်ပါစေကွယ်။ တစ်မြို့တစ်ရွာသွားပြီး ပညာသင်ရတာ။ စာ ကြိုးစားနော် သမီး''

ဦးအောင်ခက်က ခင်ဖြူဖြူကို ဆုပေးရင်း ဆုံးမစကား ပြောသည်။

''သမီးအတွက် စိတ်ချပါ ဖေဖေ''

ဖြူဖွေးဖော့က ခင်ဖြူဖြူ၏ လက်ဆွဲအိတ်ကလေးကို ကောက်ယူ လိုက်သည်။ ကိုသက်ဆွေက သေတ္တာနှင့် အိပ်ရာလိပ်ကို လက်တစ်ဖက်စီ ဖြင့် မ,ရင်း ထွက်သွားနှင့်ပေပြီ။

တက္ကသိုလ်ကောလိပ်များ ပြန်ဖွင့်ချိန်မို့ ခင်ဖြူဖြူ ပုသိမ်ကောလိပ် သို့ ပြန်ရပါတော့မည်။ ယခုနှစ်မှာ တတိယနှစ် တက်ရောက်သင်ကြားရမည် ဖြစ်သည်။

ကိုသက်ဆွေက ပုသိမ်အထိ လိုက်ပို့လိမ့်မည်။ ဖြူဖွေးဖော့က တစ် ဖက်ကမ်းအထိသာ လိုက်ပို့နိုင်ပါ၏။ သုံးယောက်သား ကူးတို့လှေဖြင့် တစ် ဘက်ကမ်းသို့ ကူးခဲ့ကြသည်။

စ်ဖက်ကမ်းရောက်တော့ အသုတ်သို့ သွားမည့်ကားများက ခရီး သည် ယူလျက်ရှိသည်။ ပုသိမ်ထိ လိုက်ပို့ရမည်ဖြစ်၍ ဂျစ်ကားလေး ကို ယူမသွားနိုင်ပေ။ အသုတ်ထိ ခရီးသည်တင်ကားနှင့်လိုက်ကာ အသုတ် ရောက်မှ ပုသိမ်ရထားကို စောင့်စီးရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## -၁၂-

ကမ်းစပ်ဆီမှ လက်ခုပ်တီးသံ တဖြောင်းဖြောင်း ကြားလိုက်ရသောကြောင့် ဖြူဖွေးဖော့က လှမ်း၍ကြည့်လိုက်သည်။

ဖြူဖွေးဖော့သည် သူနိုးဝင်ခဲ့သည်ဟုဆိုသည့် အုတ်တံတိုင်း ပြိုကျနေသည့်နေရာကို ပြုပြင်ရန်အတွက် ကိုယ်တိုင်လာကြည့်နေခြင်းဖြစ်သည်။

အုတ်တံတိုင်းမှာ မြစ်ကမ်းဘက်ခြမ်း၌ အတော်ပြိုကျနေပြီး လူတစ်ယောက် အသာလေးကျော်ဝင်လို့ရရုံ အနေအထားမှာ ရှိနေပါ၏။ အိမ်နောက်ဘက် ခပ်ကျကျတွင် ဖြစ်နေပါ၍ သတိမထားမိခဲ့ကြခြင်း ဖြစ်သည်။

ဖြူဖွေးဖော့က ပြိုကျနေသည့် တံတိုင်းကိုကျော်၍ အပြင်ဘက်သို့ ထွက်လိုက်သည်။ ခြံအပြင်ဘက်မှ နေ၍ ချမ်းမြေ့ရိပ်မြုံအိမ်ကြီးကို မျှော်ကြည့်လိုက်သည်။

ချမ်းမြေ့ရိပ်မြုံ၏ နောက်ဘက်ကျသော ဤနေရာကို ဖြူဖွေးဖော့ ပထမဆုံးအကြိမ် ရောက်ရခြင်းဖြစ်၏။

အုတ်တံတိုင်းပြင်ရန် လေ့လာအကဲခတ်နေဆဲမှာ ကမ်းစပ်ဆီမှ လက်ခုပ်တီးသံကို ကြားလိုက်ရခြင်း ဖြစ်သည်။

လက်ခုပ်သံကြောင့် မြစ်ဘက်ဆီသို့ လှည့်ကြည့်လိုက်ရာ မြစ်ထဲတွင် ပဲ့ထောင်တစ်စီးနှင့် ကိုသက်ဆွေကို မြင်လိုက်ရပါ၏။

ကိုသက်ဆွေက ပဲ့ထောင်ကိုစက်ရှိန်သတ်ကာ ကမ်းစပ်သို့ မောင်းလာလိုက်သည်။ ကမ်းစပ်အရောက်တွင် စက်လှေပေါ်မှ ခုန်ဆင်းလိုက်ပြီး သစ်ပင်တစ်ပင်တွင် ပဲ့ထောင်ကိုကြိုးဖြင့် ချည်ထားလိုက်သည်။





ဖြူဖွေးဖော့လည်း ကမ်းစပ်ဆီ လျှောက်လာခဲ့လိုက်၏။

"အစ်ကို ... စက်လှေတစ်စီးနဲ့ တစ်ယောက်တည်းပါလား။ ဘယ်သွားမလို့လဲဟင်"

"ပဲ့ထောင်က ငှားလာတာ ဖွေး။ အစ်ကို ရွာတစ်ရွာကို ကုန်သွားပို့ပြီး ပြန်လာတာ။ ဖွေးရော ဘာလုပ်နေတာလဲ"

"အုတ်တံတိုင်းပြိုကျနေတာ လာကြည့်တာ အစ်ကို။ ဟိုတစ်လောက သူနိုးဝင်တာ ဒီအပေါက်ကလို့ ဖေဖေက ပြောလို့"

"ဟုတ်သားပဲ။ ပြိုကျနေတဲ့နေရာက ကလေးတောင် ကျော်ဝင်လို့ရတယ်"

"သူနိုးဝင်တုန်းက ဖွေးငယ်ငယ်က ပုံတွေပါတဲ့ တတ်ပုံအယ်လ်ဘန်ရယ်။ ဒိုင်ယာရီရယ် ပါသွားတယ် အစ်ကို။ ဖွေး နှမြောလိုက်တာ"

"အင်း..ပါလေ ... ဒါနဲ့ ဖွေး ဟိုနောက်ဘက်က ကြိုးတံတားကို ရောက်ဖူးပြီလား"

"ဟင် ... ကြိုးတံတားရှိတယ်။ ဖွေး သိတောင် မသိဘူး"

"လာ ... အစ်ကို လိုက်ပြမယ်"

ချမ်းမြေ့ရိပ်မြုံမှာ မြို့အစွန်အကျဆုံး အဆောက်အအုံဖြစ်ပါ၍ ဟိုးတစ်ဘက်တွင် လူနေအိမ်ခြေမရှိတော့ပေ။ ရွာများသို့သွားသော တောလမ်းသာ ရှိပါ၍ ဖြူဖွေးဖော့ တစ်ခါမျှ မသွားဖူးသေး။ ကြိုးတံတားရှိတာကိုပင် ကိုသက်ဆွေ ပြောမှသိတော့သည်။

ကိုသက်ဆွေက ကမ်းစပ်အတိုင်း ဖြူဖွေးဖော့ကို ဦးဆောင်၍ ခေါ်သွားသည်။

ခပ်လှမ်းလှမ်းအရောက်တွင် မြစ်ထဲသို့ စီးဝင်နေသော ချောင်းလက်တက်လေးတစ်ခုကို တွေ့ရပါ၏။ ကြိုးတံတားကိုလည်း မြင်လိုက်ရသည်။ ကြိုးတံတားမှာ ထိုချောင်းလက်တက်ကလေးကိုကျော်၍ ပြုလုပ်ထားခြင်း ဖြစ်သည်။

"ဟယ် ... လှလိုက်တာ"

ဖြူဖွေးဖော့က ရှုခင်းလေးကိုကြည့်ရင်း နှုတ်မှ ချီးကျူးလိုက်မိသည်။

ကြိုးတံတားလေးသည် ပေတစ်ရာလောက် အရှည်ရှိကာ ချောင်းကို ခွ၍ ပြုလုပ်ထားသည်။ ဟိုဘက်သည်ဘက် လူတစ်ယောက်သာ ကူးနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



[illegible]။ ခြေနင်းကြမ်းပြင်ကို ဝါးလုံးများအား ကြိုးနှင့် တွဲသီထားသည်။ လက်ရန်းမှာ တစ်ဖက်သာရှိ၍ ကြိုးတံတားလေးသည် လေထဲတွင် အလှုပ်လှုပ် ယိမ်းနွဲ့နေပေသည်။

တံတားကို ဆိုင်းထားသော လျှော်ကြိုးအတုတ်ကြီးများကိုတော့ ကမ်းတစ်ဖက်တစ်ချက်ဆီက သစ်ပင်ကြီးနှစ်ပင်တွင် မြဲမြံစွာ ချည်နှောင်ထားလေ၏။

''အို... တံတားလေးက ချစ်စရာလေး''

ဖြူဖွေးဖော့က ကလေးငယ်တစ်ယောက်သဖွယ် စိတ်ပေါ့ပါးသွားကာ ကြိုးတံတားဆီ ပြေးသွားလိုက်သည်။ ကိုသက်ဆွေက ဖြူဖွေးဖော့ ချစ်စရာ အမူအရာလေးကို ပြုံးကြည့်နေသည်။

ဖြူဖွေးဖော့သည် တံတားအရင်းသို့ရောက်အောင် ပြေးသွားလိုက်ပြီးမှ ယိမ်းနွဲ့လှုပ်ရှားနေသော ပံတားပေါ်ကို ဟေက်ရဲသေးဘဲ ရပ်နေလိုက်သည်။

''ဟား... ဟား... ဖွေး မတက်ရဲတော့ဘူး မဟုတ်လား။ လက်ရန်းကို အသာကိုင်ပြီးလျှောက်သွားလိုက်လေ။ ကြောက်စရာမလိုပါဘူး ဖွေးရဲ့''

''ဟင့်အင်း... ဖွေး ကြောက်တယ်။ အစ်ကို အနားလာနေပါ''

ကိုသက်ဆွေက တံတားထိပ်တွင်ရပ်ကာ ဆိုင်းကြိုးစကို ကိုင်ပေးထားလိုက်သည်။

''ကဲ... တက်''

ဖွေးက တံတားပေါ်ကို မရဲတရဲတက်ရင်း တရွေ့ရွေ့ လျှောက်သွားလိုက်သည်။

ကိုသက်ဆွေမှာ ဖွေး၏ မဝံ့မရဲပုံစံလေးကိုကြည့်ရင်း စချင် နောက်ချင်စိတ်ပေါက်လာသည်။

သူကိုင်ထားသော တံတား၏တစ်ဖက်ကြိုးစကို လှုပ်ယမ်းပစ်လိုက်၏။

''အယ်... အစ်ကို''

ဖွေးက အလန့်တကြား အော်လိုက်သည်၊ ဖွေးမှာ တံတားအလယ်နားသို့ပင် ရောက်နေချေပြီ။

''ဟာ... အစ်ကို မလုပ်နဲ့ကွာ။ ဖွေး လိမ့်ကျသွားလိမ့်မယ်ဆို''

ဖွေးက လက်ရန်းမရှိသော တစ်ဖက်ခြမ်းမှ အောက်ဘက်ချောင်းရေ





ထဲကို ငုံ့ကြည့်ရင်း ကြောက်လန့်စွာ အော်နေသည်။

ဖွေးကြောက်နေလေ ကိုသက်ဆွေက ပို၍စချင်လေ ဖြစ်လာရသည်။ ကြိုးစကို ထပ်၍လှုပ်လိုက်၏။

''ဟင်... အစ်ကို မကောင်းဘူးကွာ။ အစ်ကိုက သိပ်ညစ်တာပဲ''

ဖွေးက ငိုမဲ့မဲ့လေးအော်ရင်း တံတားလက်ရန်းကို မလွှတ်တမ်း ဆုပ်ကိုင်ကာ လာလမ်းအတိုင်း တရွေ့ရွေ့ ပြန်လာသည်။

တံတားထိပ်ရောက်သည်နှင့် ကိုသက်ဆွေ၏ လက်မောင်းကြီးကို ဖမ်းကိုင်ကာ တံတားပေါ်မှ ဆင်းလိုက်သည်။ ကိုသက်ဆွေက သဘောကျစွာ ရယ်ရင်း အလိုက်သင့်ဆောင်ကာ ဖွေးကိုယ်လေးကို ထိန်းပေးထားလိုက်သည်။

ဖြူဖွေးဖော့ မဟန်နိုင်တော့ဘဲ ကိုသက်ဆွေ၏ ရင်ခွင်ကျယ်ကြီးထဲသို့ ယိုင်ကျသွားရပါတော့၏။

ကိုသက်ဆွေသည် သူ့ရင်ခွင်ထဲ ယိုင်ကျလာသော ဖွေး၏နူးညံ့သော ကိုယ်လေးကို အယောင်ယောင်အမှားမှားဖြင့် ဖက်၍ထားလိုက်မိသည်။

ဖွေးသည်လည်း ရုတ်တရက် မှင်တက်မိစွာ ကိုသက်ဆွေ ရင်ခွင်ထဲဝယ် ကြောင်၍နေမိသည်။ နောက်မှ မိန်းမသားဖြစ်တဲ့ ဖွေးက သတိဝင်လာကာ ရုန်းဖယ်လိုက်၏၊ ကိုသက်ဆွေ၏လက်မောင်းကြီးများက ဖွေးခန္ဓာကိုယ်ကို တင်းကျပ်စွာ ရစ်ပတ်ထားပြီး ဖြစ်နေပါပြီ။

''အို... အစ်ကို လွှတ်တော့လေ''

ကိုသက်ဆွေ ဖွေးခန္ဓာကိုယ်လေးကို လွှတ်မပေးချင်တော့ပေ။

''ဟာ... အစ်ကိုကလည်း လွှတ်ပါဆို''

''ဖွေးရယ်''

ကိုသက်ဆွေက ဝမ်းခေါင်းသံကြီးဖြင့် ညီးညူလိုက်သည်။

ဖွေးသည် မိန်းကလေးတို့ အသိစိတ်ဖြင့် ကိုသက်ဆွေထံမှ ပေါက်ကွဲလာတော့မည့် ခံစားချက်များကို အလိုလို သိလိုက်သည်။

ဖွေးက နုတ်ဖြင့် တောင်းဆိုမနေတော့ဘဲ ကိုသက်ဆွေ ရင်ပတ်ကြီးကို တွန်းပစ်ကာ လူချင်းကွဲကွာသွားအောင် ကြိုးစားလိုက်သည်။ သို့ရာတွင် စပါးကြီးမြွေအရှုံးပေးရအောင် ရစ်ပတ်ထားပြီးဖြစ်သည့် ကိုသက်ဆွေ လက်မောင်းတုတ်တုတ်ကြီးများကို ဖွေး၏အင်အားဖြင့် ဖယ်ရှားလို့ မရတော့ပေ။

''ဖွေးရယ် ... အစ်ကို... အစ်ကို ဖွေးကို သိပ်ချစ်တယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဆွေ၏ ခံစားချက်များက ပွင့်ဟလာလေပြီ။

''ယုံလား ဖွေး၊ အစ်ကိုလေ... ဖွေးကို ရထားပေါ်မှာ မြင်စကတည်းက ချစ်ခဲ့ရတာပါ''

''ဖယ်ပါ အစ်ကိုရယ်''

ဖွေးအသံများက တုန်နေသည်။

''ဟင်... ပြောပါဦး ဖွေးရယ်။ အစ်ကို့ကို ပြန်ချစ်နိုင်လားဟင်''

''အို... ဖယ်ပါဆို''

''ဖြေပါဦး ဖွေးရယ်။ အစ်ကို့ကို ချစ်သလားလို့''

ကိုသက်ဆွေသည် ငုံ့နေသောဖွေးမျက်နှာလေးကို မေးစေ့မှ ကိုင်ဆွဲရင်း မော့ယူလိုက်သည်။ ဖွေးမျက်နှာနုနုလေးက ရှက်သွေးဖြင့် ရဲနေ၏။

ကိုသက်ဆွေ သူ့စိတ်ကို မထိန်းနိုင်တော့ပေ။ သူ့အနမ်းတစ်ချက်က ဖွေး၏ပါးပြင်ဖွေးဖွေးပေါ်သို့ မရဲတရဲ ကျရောက်သွားလေသည်။

''အို... ''

နမ်းမိပြီးမှ မိန်းကလေးတစ်ယောက်ကို သိပ်အနိုင်ကျင့်သလိုများ ဖြစ်သွားပလားဟု တွေးမိကာ ကိုသက်ဆွေက ဖွေးကိုယ်လေးကို ဖက်ထားရာမှ လွှတ်ပေးလိုက်သည်။

ဖွေးက အနည်းငယ် တွန့်ကြေသွားသောအင်္ကျီကို ဆွဲချရင်း အရှက်သည်းစွာ ခေါင်းငုံ့နေသည်။ နှုတ်ခမ်းကလည်း စူနေပါ၏။

''ဟင်... ဖွေး... ဖွေး။ အစ်ကို့ကို စိတ်ဆိုးသွားပြီလားဟင်''

'' – – – – – ''

''ဖွေး... စိတ်မဆိုးပါနဲ့ ဖွေးရယ်။ အစ်ကို ဖွေးကိုချစ်လွန်းလို့ပါ။ အစ်ကို့ကို ပြန်ဖြေပါဦးဖွေးရယ်။ အစ်ကို့ကိုချစ်လားဟင်''

ဖွေး၏ငုံ့နေသော ဦးခေါင်းလေးက ပြန်မတ်လာသည်။ ကိုသက်ဆွေကို ကြည့်၍ မျက်စောင်းထိုးသည်။

''အစ်ကိုဟာလေ''

''ဘာ... ဘာဖြစ်လို့လဲ ဖွေး''

''အစ်ကိုဟာ အ,တာလား၊ လူလည်ကြီးလားဟင်''

''ဘာ... ဖွေး''

''ဟွန်း ... မိန်းကလေးတစ်ယောက်ကို အတင်းကြီးလည်း ဖက်





ထားသေး၊ နမ်းလည်း နမ်းသေး။ အဲဒါကိုမှ မိန်းကလေးက ဘာမျှ ပြန်ပြီး ရန်မလုပ်ဘူးဆိုရင် သဘောပေါက်တော့ပေါ့''

''ဟာ... ဖွေး''

''ဘယ်လိုမိန်းကလေးမျိုးပဲဖြစ်ဖြစ် သဘောမတူရင် အစ်ကိုလုပ်ပုံမျိုးကြီးနဲ့များ အစ်ကို့ပါးကို ပြန်တောင်ရိုက်ပြီးပြီ''

''ဟာ... ဖွေးရယ်၊ ဒါဆို ဖွေးက ဘာမျှပြန်မလုပ်တာ အစ်ကို့ကို ချစ်လို့ပေါ့နော်''

''သွား... မသိဘူး။ အ,ချင်ယောင် ဆောင်မနေပါနဲ့။ ဟွန်း''

''အစ်ကိုက ဒါမျိုးတော့ တကယ်ကို အ,မိပါတယ် ဖွေးရာ''

''အောင်မယ်... လည်လို့ ဒီနေရာကို ညာခေါ်လာတာများ။ ဒီလိုမျိုးဖြစ်အောင် ကြိုးတံတားရှိတဲ့နေရာကို ညာခေါ်လာတာ မဟုတ်လား''

''မဟုတ်ရပါလား ဖွေးရယ်။ အစ်ကို ကုန်ပို့ပြီးပြန်လာလို့ ကမ်းဘက်ကို လှည့်အကြည့်မှာ ဖွေးကို မမျှော်လင့်ဘဲ မြင်လိုက်ရတာပါ။ အစ်ကို ဖန်တီးတာမှ မဟုတ်တဲ့။ အဲ... တမင်ဖန်တီးပေးတယ်ဆိုရင်တော့ အဲဒါဖူးစာရေးနတ်ဆိုတဲ့ ကောင်လေးပဲ ဖြစ်မယ်''

''သွားပါ... ဒီနေရာမှာ ဘယ်သူကများ ဘာစိတ်ကူးနဲ့ ကြိုးတံတားလာလုပ်ထားပါလိမ့်''

ဖွေးက ကြိုးတံတားလေးကို ပြန်ကြည့်ရင်း ပြောလိုက်၏။

ကြိုးတံတားက လူအသွားအလာအတွက် အသုံးပြုသော တံတားဟုတ်ပုံ မရပေ။ ဖြတ်သန်းသွားလာသူလည်း ရှိပုံမရ၊ ရွာဘက်သို့သွားသောလမ်းလည်း မဟုတ်။ ရွာသို့သွားသောလမ်းမှာ ခပ်ဝေးဝေး၌ ဖြူးဖြူးဖြောင့်ဖြောင့်ကြီး ရှိနေပြီးဖြစ်သည်။ ကြိုးတံတားမှာ အလှသက်သက် ပြုလုပ်ထားသလို ဖြစ်နေ၏။

''ဪ... ဖွေးက ဒီကြိုးတံတားအကြောင်း မသိသေးဘဲကိုး။ တကယ်က ဒီကြိုးတံတားက ချမ်းမြေ့ရိပ်မြုံအပိုင် ကြိုးတံတားပဲ။ ချမ်းမြေ့ရိပ်မြုံက ဆောက်ထားတဲ့ ကြိုးတံတားတဲ့ ဖွေးရဲ့''

''ဟင်... ဟုတ်လား''

''အစ်ကိုလည်း သူများပြောလို့ သိရတာ။ ချမ်းမြေ့ရိပ်မြုံ ကောင်းစားစဉ်က သဘောသားတွေ အပျင်းပြေဆောက်ပေးသွားတဲ့ ကြိုးတံတားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖွေးရေ့၊ ခုတော့... ကလေးတွေ တံတားပေါ်က ဒိုင်ဗင်ထိုးချဖို့ လာကစားပွဲ သုံးကြပါတော့တယ်။ အစ်ကိုက ငါးမျှားလာရင်းက ကြိုးတံတားနားကို ရောက်ဖူးနေတာ"

ချမ်းမြေ့ရိပ်မြုံ ကောင်းစားစဉ်ကဆိုတော့ အနည်းဆုံး အနှစ်နှစ်ဆယ်လောက်တော့ ရှိပေမည်။ ဒီလောက်ကာလကြာတာတောင် တံတားက နိုင်ခံ့နေဆဲပင်။

"ကဲ... ပြန်ကြစို့အစ်ကို"

"နေပါဦး ဖွေး။ အစ်ကို့ကို အဖြေပေးပါဦး"

"အို... လိုသေးလို့လား၊ အစ်ကိုကလဲ"

ကိုသက်ဆွေက ဖွေးကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

"လိုတာပေါ့ ဖွေးရယ်။ ဖွေးပါးစပ်ကမှ အစ်ကို့ကို ချစ်ပါတယ်လို့ အဖြေမပေးသေးဘဲ"

"အို... ရှက်စရာကြီး အစ်ကိုရယ်။ ဖယ်ပါ"

"ဟင့်အင်း... ဖွေးဆီက ချစ်ပါတယ်ဆိုတဲ့စကားကြားရမှ ကျေနပ်မယ်ကွာ"

"အစ်ကိုဟာလေ... သိပ်ဆိုးတာပဲ။ ကဲ... "

ဖွေးက ချစ်ပါတယ်ဆိုသည့်စကားကို နားနားကပ်၍ တိုးတိုးလေး ပြောလိုက်သည်။

"ကျေနပ်ပြီလား။ ဒါပဲနော် ကို။ ဖွေးနဲ့အစ်ကိုနဲ့ ချစ်သွားပြီဆိုတာကို ဘယ်သူ့မှ မပြောရဘူး။ ဘယ်သူမှမသိစေနဲ့"

"ဘာဖြစ်လို့လဲ ဖွေးရဲ့"

"မေမေတို့ ဖေဖေတို့ သိသွားရင်လည်း အခုမှ မိဘဆီ ရောက်လာတယ်။ အခုပဲ ရည်းစားထားပြီဆိုပြီး ပြောစရာ ဖြစ်မှာစိုးလို့ပါ"

"တခြားလူတွေသိမှာကျရော ဘာဖြစ်လို့စိုးရိမ်တာလဲ"

"ရှက်လို့ပေါ့ အစ်ကိုရဲ့။ ဦးလေးဦးအောင်ခက်လည်း မသိစေနဲ့"

"အင်း... "

"မမဖြူကိုလည်း ပြန်မပြောနဲ့"

"မပြောပါဘူးဗျာ"

"ဒေါ်ဒေါ်မေလည်း မသိစေနဲ့နော် အစ်ကို"





"စိတ်ချ"

"ဘယ်သူမှမသိလေ ကောင်းလေပဲ"

"စိတ်ချပါဖွေးရယ်၊ အစ်ကိုကလည်း ဖွေးဆီက ချစ်အဖြေရတာနဲ့တင် ကျေနပ်ပါပြီ။ ဖွေးနဲ့ချစ်နေတာကို ကြွားချင်တာတောင် မကြွားတော့ပါဘူး။ ဘယ်သူမှမသိအောင် မြှုပ်ထားပါ့မယ်ဗျာ"

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ခေွမှာလည်း ဘွဲ့ရပြီးသည့်တိုင် စာပေလေ့လာမှုကို မပျက်တမ်း ပြုလုပ်နေရဆဲပင်။ သူက အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် ကြိုးစားနေသူဖြစ်သည်။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ တစ်ဆင့်ခေါ်ယူသော ပြန်တမ်းဝင်အရာရှိရာထူးစာမေးပွဲများကို ဝင်ဖြေနေသူ ဖြစ်ပါသည်။ သည့်အတွက် ဗဟုသုတရသော စာပေများကို လေ့လာနေရသည်။ အင်္ဂလိပ်စာကို ကျွမ်းကျင်ရန် ပြန်၍လေ့ကျင့်နေရပါသည်။

ယင်းသို့ဖြင့် အချိန်ကုန်လွန်လာခဲ့ရာ မိုးဖြိုင်ဖြိုင်ကျသော ကာလသို့ ရောက်ရှိလာခဲ့လေပြီ။

◈ ◈ ◈

## -၁၃-

ဖွေးနှင့်ကိုသက်ခေွ တစ်ဦးနှင့်တစ်ဦး ချစ်နေကြသည်ကို ဘယ်သူကမျှ မရိပ်မိခဲ့ကြချေ။ မရိပ်မိရအောင်လည်း သူတို့ အနေအထိုင်က ပိရိခဲ့ကြသည်။

ဖွေးက ကိုသက်ခေွတို့ စာအုပ်ဆိုင်ကို ညနေတိုင်း အသွားမပျက် သွားခဲ့သော်လည်း လူရှေ့သူရှေ့မှာ သာမန်လိုပဲ ဆက်ဆံခဲ့ကြသည်။ ဦးအောင်ခက်လည်း မရိပ်မိ။ ဒေါ်ခင်မေဘလည်း မရိပ်မိခဲ့ချေ။ ဒေါ်နှင်းဖြူနှင့် ဦးဘသော်တို့ကတော့ အိမ်ထဲမှ မထွက်သူများမို့ ပို၍ပင်မသိကြသေးချေ။ ခင်ဖြူဖြူကလည်း ပုသိမ်မှာ ကျောင်းတက်နေ၍မသိသေးပေ။

ချစ်သူနှစ်ဦးမှာ တစ်ခါတစ်ရံ ကြိုးတံတားနားတွင် ချိန်းတွေ့သည့်အခါများတွင်သာ ချစ်သူများလို လွတ်လပ်ပွင့်လင်းစွာ နေထိုင်ခဲ့ကြ၏။

ထိုအတောအတွင်းမှာ ဖွေး တင်ထားသောတက္ကသိုလ် စာပေးစာယူသင်တန်းတက်ရောက်ခွင့်ကျလာသည်။ မကြာခင်မှာ ပို့ချချက်စာစဉ်များ စာတိုက်မှရောက်လာ၏။ စာပေးစာယူသင်တန်းမှာက ပို့ချချက်စာစဉ်များကို ကျက်မှတ်ပြီး စာစဉ်မေးခွန်းများကို ဖြေဆို၍ သတ်မှတ်ထားသောအချိန်အတွင်း ပြန်လည်ပေးပို့ပေးရပါသည်။ စာစဉ်မေးခွန်းဖြေဆိုမှု ရာခိုင်နှုန်းပေါ်မူတည်၍ စာမေးပွဲဖြေခွင့်ပေးခြင်း ဖြစ်သည်။ အဖြေလွှာဖြေဆိုပေးပို့မှုကို ကျောင်းတက်ချိန်သဖွယ် မှတ်ယူထားခြင်းဖြစ်ပါ၏။

ဒီလိုနှင့် ဖွေးမှာ ကျောင်းစာများကို လုံးပန်းကာ အချိန်ကုန်မှန်းမသိ ကုန်လွန်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## -၁၄-

ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုသည့်စကားမှာ မြစ်ဝကျွန်းပေါ်ဒေသအတွက် ပို၍လိုက်ဖက်သည့် ဆိုရိုးစကားဖြစ်မည် ထင်သည်။

ဖြူဖွေးဖော့ နေထိုင်ခဲ့သည့်ဒေသတွင် ဤမျှမိုးမများပေ။ မြစ်ဝကျွန်းပေါ်အရပ်မှာတော့ မိုးကျပြီဆိုသည်နှင့် ရပ်နားသည် မရှိတော့။ တစ်လကိုးသီတင်း မပြတ်တမ်းရွာသွန်းနေသည်မှာ အုံ့ဆိုင်းညို့မှိုင်းနေသော မိုးငွေ့မိုးသက်များအလယ်တွင် ပျင်းစီဆိုင်းမှိုင်းလာသည်အထိပင်။

ရေများကလည်း မိုးပေရနှင့်အတူ မြစ်များချောင်းများထဲတွင် လျှံတက်လာသည်။

မနေ့က ဒေါ်ခင်မေဘာအိမ်သို့ အလည်ရောက်ခဲ့ရာ ချောင်းရေများက အိမ်လှေကားရင်းထိ တက်နေတာကို တွေ့ခဲ့ရသည်။ တစ်ဖက်ကမ်းသည် ပို၍မြေနိမ့်သည်မို့ နှစ်စဉ်ရေလျှံသည်ဟု သိရပါသည်။

ဖြူဖွေးဖော့မှာ ဒေါ်ခင်မေဘာ အခြေအနေကိုသိချင်ပါ၍ မိုးရွာထဲမှာပင် အိမ်မှထွက်လာခဲ့လိုက်သည်။ မိုးက အထက်ကရွာရုံမက လေပြင်းများဖြင့် ဘေးကပါပက်သည်မို့ မိုးကာကိုလည်း ခြုံ၊ ထီးကိုပါ ဆောင်း၍ လာခဲ့ရပါသည်။

ကူးတို့ လှေကလေးနှင့် တစ်ဖက်ကမ်းကို ကူးလာတော့ ဟိုဘက်ကမ်းကို မျှော်ကြည့်လိုက်သည်နှင့် ရေတွေ ကုန်းပေါ် တအားရောက်နေတာမြင်လိုက်ရသည်။





ဒေါ်ခင်မေဘာအတွက် စိုးရိမ်စွာဖြင့် လာခဲ့လိုက်ရာ လှေက ဒေါ်ခင်မေဘာ အိမ်ရှေ့ရောက်သည်ထိ ပို့ပေးလိုက်ပါ၍ ဖြူဖွေးဖော့မှာ အံ့သြတကြီး ဖြစ်ရတော့သည်။

ဟော... မနေ့ကပဲ လှေကားရင်းလောက်သာရှိသည့် ရေသည် ကနေ့တော့ အိမ်အောက်ထပ်တစ်ခုလုံး မြုပ်သည်ထိ လျှံတက်နေပေပြီ။

ဒေါ်ခင်မေဘာတစ်ယောက် တဘက်ကြီးကိုခေါင်းပေါင်း၍ ထမိတိုတိုဝတ်ကာ တစ်ယောက်တည်း အလုပ်များနေသည်ကို တွေ့ရပါ၏။

"ဟင်... ဒေါ်ဒေါ်မေ။ ရေတွေက တအားတက်တာပဲနော်"

"ဒီနှစ်ကို အရင်နှစ်တွေကထက် ပိုဆိုးပါတယ် သမီးရယ်။ မနှစ်ကဆို ခါးလောက်ပဲ မြုပ်တာ"

ဒီနှစ်တော့ ရင်ခေါင်းလောက် မြုပ်သောရေထဲတွင် ဒေါ်ဒေါ်မေတစ်ယောက် ပစ္စည်းပစ္စယများဖြင့် မနိုင်မနင်း ဖြစ်နေရလေပြီ။ ဖြူဖွေးဖော့က လှေပေါ်မှ အိမ်ပေါ်ထပ်အထိ ချက်ချင်း လှမ်းတက်လိုက်နိုင်၍ ဒေါ်ခင်မေဘာနှင့် အပေါ်အောက် လှမ်းစကားပြောနေကြခြင်းဖြစ်သည်။

"ဒေါ်ဒေါ်မေ ... အခုဘာလုပ်နေတာလဲ"

"ခုတင်ကြီးကို တိုင်မှာကြိုးနဲ့ ချည်နေတာ သမီးရဲ့။ မျောသွားမှာစိုးလို့"

"အို ... ဒေါ်ဒေါ်မေကလည်း အလုပ်သမားလေး ဘာလေးခေါ်ရောပေါ့"

"ဘယ်အလုပ်သမားမှ ခေါ်လို့မရပါဘူး သမီးရယ်။ အိမ်တိုင်းရေမြုပ်နေတာကို။ ကိုယ့်အိမ်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာကလား။ ဒေါ်ဒေါ်မေတစ်မနက်လုံး လုပ်လိုက်တာ မီးဖိုတွေ၊ ကုလားထိုင်တွေ၊ ရေအိုးစင်တွေအကုန်အပေါ်ထပ်ရောက်ကုန်ပြီ။ ဒါကြီးတွေသာ ကြီးလွန်းလို့ မနိုင်လို့ ရေမျောမသွားအောင် ကြိုးနဲ့ချည်နေတာ"

"မဖြစ်သေးပါဘူး ဒေါ်ဒေါ်မေရယ်၊ သမီး ကိုသက်ဆွေကို သွားခေါ်လိုက်မယ်။ အိမ်မှာ မြင်ခဲ့တယ်။ ဒေါ်ဒေါ်မေအပေါ် တက်နေပါ။ အအေးမိနေဦးမယ်"

ဖြူဖွေးဖော့က ကူးတို့လှေကို အိမ်ပေါ်ထပ်ကနေပဲ လက်ခုပ်တီးခေါ်လိုက်သည်။ ဟိုဘက်ကမ်းကို ပြန်၍ကူးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဝိမှာ ကိုသက်ဆွေ အဆင်သင့်ရှိနေပါ၏။ အကျိုးအကြောင်း ပြောပြလိုက်တော့ ဘေးအိမ်က လူငယ်လေးတစ်ယောက်ကိုပါ ခေါ်ခဲ့ကာ ချက်ချင်းလိုက်လာသည်။

"ဟာ ... ဒေါ်ဒေါ်ရယ်၊ ဒီဘက်ကမ်းမှာ ရေတွေ ဒါလောက် တက်နေမှန်း မသိလို့ပါ။ နို့မို့ ကျွန်တော် စောစောကတည်းက လာပါတယ်။ ကဲ ... ကဲ ... မောင်အေးရေ ... ရောက်ရောက်ချင်း လုပ်အားပေးလိုက် ရအောင်ကွာ။ ဒေါ်ဒေါ်နဲ့ဖွေး ပစ္စည်းတွေ နေရာချဖို့ အပေါ်ထပ်ကပဲ စောင့်နေပါ"

ကိုသက်ဆွေတို့က ပုဆိုးများကို ခါးတောင်းကျိုက်လိုက်ကာ စားပွဲခုံကြီးကို ဦးစွာသယ်လိုက်ကြသည်။

ရေများမှာ ကိုသက်ဆွေလို အရပ်ရှည်သူအတွက်ပင် ခါးလယ်ကျော် အောင် မြုပ်နေပါ၏။

နှစ်ယောက်သား စားပွဲခုံကြီးကို အပေါ်ထပ်အထိ မ, တင်ပြီး နေရာချပေးလိုက်သည်။

"ကိုကြီးဆွေ ... ကျွန်တော်တို့ အင်္ကျီတွေ ချွတ်ထားမှ ဖြစ်မယ်ဗျို့။ အကုန်စိုကုန်လိမ့်မယ်"

"အေး ... ချွတ်ပုံက်တာပေါ့ကွာ"

ကိုသက်ဆွေက အင်္ကျီကို ချွတ်ပစ်လိုက်ရာ အချိုးအစားကျနလှ၍ ယောက်ျားပီသသော ခန္ဓာကိုယ်ကြီးက ဝင့်ကြွားစွာ ထွက်ပေါ်လာလေသည်။

ဖြူဖွေးဖော့က ကိုသက်ဆွေ၏ ယောက်ျားပီသသော ခန္ဓာကိုယ်ကြီး ကို ငေးကြည့်နေမိသည်။

ဖြူဖွေးဖော့ကဲ့သို့ပင် ဒေါ်ခင်မေဘသည်လည်း ကိုသက်ဆွေ၏ အင်္ကျီမဲ့သောကိုယ်ခန္ဓာကို အံ့သြစွာ ငေးစိုက်ကြည့်နေလေသည်။

ကိုသက်ဆွေက နောက်တစ်ခေါက် ပစ္စည်းသယ်ရန် အိမ်အောက် ထပ်သို့ ဆင်းမည်ကြံဆဲမှာပင်–

"မောင်သက်ဆွေ... မောင်သက်ဆွေ၊ ခဏနေဦး... နေပါဦး"

ဒေါ်ခင်မေဘက အရေးတကြီး လှမ်း၍အော်လိုက်၏။

ဒေါ်ခင်မေဘသည် ကိုသက်ဆွေရှိရာသို့ ပြေးသွားကာ...

"မောင်သက်ဆွေ... ဟိုဘက်ကိုလှည့်စမ်း။ မင်းကျောမှာ အမှတ်





ကြီးတစ်ခု တွေ့မိသလားလို့"

ကိုသက်ဆွေက သူ့နောက်ကျောကို ဒေါ်ခင်မေဘဘက်သို့ လှည့်ပြ ရင်း ...

"ဟုတ်တယ် ဒေါ်ဒေါ်။ ကျွန်တော့်နောက်ကျောမှာ မည်းမည်း အမှတ်ကြီးတစ်ခု ရှိတယ်တဲ့။ ကျွန်တော်ကတော့ ကျွန်တော့် နောက်ကျောကို ဘယ်မြင်ရပါ့မလဲ"

ဟုတ်ပါသည်။ ကိုသက်ဆွေ၏နောက်ကျောတွင် အမှတ်အကွက် မည်းမည်းတစ်ခု ရှိနေပါ၏။ ဒေါ်ခင်မေဘက ထိုအမှတ်ကလေးကို သေချာ ကိုင်ကြည့်လိုက်သည်။

"အမယ်လေး ... ဟုတ်ပါပြီ။ ဒါဆိုရင်တော့ ဟုတ်ပါပြီ"

ဒေါ်ခင်မေဘအသံများက တုန်ယင်နေသည်။ မျက်ရည်များလည်း စီးကျလာသည်။

"ဒေါ်ဒေါ်မေ မထင်မှတ်တာတွေတော့ ဖြစ်လာတော့မယ်ထင်တယ်။ ဒေါ်ဒေါ် ပွင့်ပွင့်လင်းလင်းပဲ မေးပါရစေတော့ မောင်သက်ဆွေရယ်၊ မင်းဟာ မင်းအဖေ ဦးအောင်ခက်ရဲ့ သားအရင်းပဲလားဟင်"

"ဗျာ... "

"သားဟာ ဦးအောင်ခက်သားအရင်းလား။ ဒေါ်ဒေါ့်ကို ပြောပြပါ ကွယ်"

"မ... မဟုတ်ပါဘူး ခင်ဗျာ။ ဖေဖေက ကျွန်တော့်ကို မွေးစား ထားတာပါ"

"ဟင် ... ဟုတ်ပါပြီ။ ငါ ထင်သလိုတော့ ဖြစ်နေပြီ။ သမီး ကြည့်စမ်း ... ဟောဒီအမှတ်ဟာ ညောင်ရွက်ပုံလေး ဖြစ်မနေဘူးလားဟင်"

ဖွေးက အနီးကပ်၍ သေချာကြည့်လိုက်သည်။

"ဟုတ်တယ် ဒေါ်ဒေါ်။ ညောင်ရွက်ပုံလေးပဲ"

အသည်းပုံလိုလို၊ ညောင်ရွက်ပုံလိုလို သေချာရေးဆွဲထားသလို ထင်ရှားစွာ ရှိနေပါ၏။

"ဟုတ်ပါပြီ။ လူတစ်ယောက်နဲ့တစ်ယောက် အမှတ်အသား နှစ်ခုလုံး တော့ မတူနိုင်ဘူး။ မောင်သက်ဆွေဟာ ဒေါ်ဒေါ် ထင်သလိုများ ဖြစ်နေမလား။ ကဲ ... ပြောနေကြာတယ်ကွယ်။ မင်းအဖေ ဦးအောင်ခက် အိမ်မှာ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"ဟုတ်ကဲ့ . . . ရှိပါတယ်"

"လာ . . . သွားကြရအောင်။ သူ့ဆီသွားကြရအောင်"

"ဒီမှာ သယ်စရာပစ္စည်းတွေ"

"အို . . . ဒါနောက်မှ သယ်လာစမ်းပါဟယ်။ ဦးအောင်ခက်ဆီ မြန်မြန်သွားရအောင်ပါ။ အမယ်လေး . . . ငါ့ရင်တွေ ထိတ်လိုက်တာနော်"

ဒေါ်ခင်မေဘအမူအရာတွေ အလွန်အကျွံပျက်ယွင်းနေတာကို သုံးယောက်စလုံးက အံ့ဩစွာ သတိထားမိလိုက်ကြသည်။

"မောင်သက်ဆွေရော . . . ဟိုသူငယ်ရော . . . အင်္ကျီတွေပြန်ဝတ်။ လှေမြန်မြန်ခေါ်စမ်း။ လုပ်ကြစမ်း မြန်မြန်။ ဟိုဘက်ကမ်းကို ကူးရအောင်"

အင်္ကျီများ ပြန်ဝတ်လိုက်ကြရသည်။

ဖြူဖွေးဖော့က ကူးတို့လှေကို လှမ်းအော်ခေါ်လိုက်၏။

"မြန်မြန် လှော်ခဲ့စမ်းပါဟဲ့"

လှေပေါ်ရောက်တော့လည်း စိတ်မရှည်နိုင်စွာ လောဆော်နေပြန်သည်။

"ဒေါ်ဒေါ် . . . ဖေဖေနဲ့တွေ့မှာ ဘာကိစ္စလဲ ဒေါ်ဒေါ်"

"ဟိုရောက်တော့ သိမှာပေါ့ကွယ်"

၀

"ကျွန်မ ဦးအောင်ခက်နဲ့ ဆွေးနွေးစရာရှိလို့ လာခဲ့တာပါ။ ကျွန်မ သိချင်တာလေးတွေ နည်းနည်းလောက် မေးခွင့်ပြုပါရှင်"

"ဟုတ်ကဲ့ . . . မောင်သက်ဆွေက ပြောပါတယ်၊ သူဟာ ဦးအောင်ခက်ရဲ့သားအရင်း မဟုတ်ပါဘူး။ မွေးစားသားပါတဲ့"

"ဗျာ . . . "

"စိတ်မရှိပါနဲ့ရှင်။ ကျွန်မ စပ်စုနေတာ မဟုတ်ပါဘူး။ မောင်သက်ဆွေဟာ ကျွန်မနဲ့များ ပတ်သက်နေမလားလို့ ကျွန်မ မေးကြည့်ရတာပါ။ မောင်သက်ဆွေကို ဘယ်သူတွေဆီကယူပြီး မွေးစားခဲ့တာပါလဲရှင်"

"ဒီလိုရှိပါတယ် ဒေါ်ခင်မေဘ၊ ကျွန်တော် သားကိုမွေးစားတော့ သူ့အသက် ၅ နှစ်လောက် ရှိနေပါပြီ။ ရန်ကုန်–မန္တလေး ရထားမိုင်းမိုးထိတော့ သူ့မိဘနှစ်ပါးစလုံး ဆုံးပါးသွားကြတယ်လို့ သိရပါတယ်။ ကလေးကိုတော့ အဲဒီမြို့ကရဲစခန်းက ခေတ္တထိန်းသိမ်းထားခဲ့ပါတယ်။ အဲဒီမှာ သူနဲ့ကျွန်တော်တွေ့ပြီး သားကို မွေးစားခဲ့တာပါပဲ"

"အို . . . ဘုရား . . . ဘုရား"

"သူ့မိဘတွေ ဘယ်သူဆိုတာတော့ ကျွန်တော်လည်း မသိနိုင်ခဲ့ပါဘူး"

"ဟင် . . . လမ်းစပျောက်ပြီပေါ့"

"ဒါပေမဲ့ သားက အဲဒီတုန်းက ငါးနှစ်သားလောက်ရှိပြီဆိုတော့ သူ့မိဘတွေကို မှတ်မိရင်လည်း မှတ်မိမှာပါ"

ဘုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့.. သားမှတ်မိပါတယ် ဖေဖေ၊ သားရဲ့မိဘတွေ နာမည်က ဦးသက်ထွန်း၊ ဒေါ်တင်ဝင်းပါ"

"အမယ်လေး"

ဒေါ်ခင်မေဘက သူ့ရင်ဘတ်သူ ဖိလိုက်သည်။

"သူတို့.. သူတို့.. ကိုသက်ထွန်းနဲ့ မတင်ဝင်းဟာကော သားရဲ့ မိဘအရင်းတွေလားဟင်"

"မဟုတ်ပါဘူး ... ကျွန်တော့်ဦးကြီးနဲ့ဒေါ်ကြီးပါ၊ ကျွန်တော့်အဖေနဲ့ အမေက ကွဲနေတယ်လို့ ပြောဖူးပါတယ်။ အမေကိုတော့ ကျွန်တော် မမှတ်မိဘူး။ အမေနာမည်လည်း အဖေတို့က ပြောမပြပါဘူး"

"ဟင် ... "

"အဖေကိုလည်း ကျွန်တော် သိပ်မတွေ့ရပါဘူး။ အဖေက သင်္ဘောသားပါ၊ သင်္ဘောထွက်နေချိန်ကများတော့ ဦးသက်ထွန်းနဲ့ ဒေါ်တင်ဝင်းကိုပဲ အဖေအမေလို့ ခေါ်ပြီးနေခဲ့ရတာပါ"

"သား ... သားရဲ့အဖေနာမည်ကကော"

"ဦးတင့်တယ်တဲ့ခင်ဗျ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... သားရယ်။ ဟောဒီမှာ မင်းအမေလေကွယ့်။ ဒေါ်ဒေါ်ဟာ မင်းအမေပါကွယ့်။ အမေလို့ ခေါ်လိုက်ပါတော့ သားရယ်။ သားကိုလေ အမေရှာခဲ့ပါသေးတယ်။ မတွေ့ခဲ့ဘူး။ တွေ့မယ့်တွေ့တော့ မမျှော်လင့်ဘဲ တွေ့ရပြီသား။ အမယ်လေး ... သားကြီးရယ်"

ဒေါ်ခင်မေဘက ကိုသက်ဆွေကို ပြေးဖက်ကာ ဘယ်ပြန်ညာပြန် နမ်းရှုတ်ရင်း တတွတ်တွတ် ပြောနေပါတော့သည်။

အားလုံးသည် အံ့ဩမှင်တက်မိစွာ ...

၀

"သားကိုယ်တိုင်ကရော၊ ဦးအောင်ခက်ကပါ ကျွန်မ ပြောခဲ့တာတွေကို ယုံရခက်နေလိမ့်မယ် ထင်တယ်။ မယုံရင် မနှင်းဖြူကို မေးကြည့်နိုင်ပါတယ်။ ချမ်းမြေ့ရိပ်မြုံက မနှင်းဖြူဟာ ကျွန်မ ဇာတ်ကြောင်းအားလုံးကို သိတဲ့သူပါ။ သားကြီးအသက် တစ်နှစ်အရွယ်မှာ ကျွန်မနဲ့ကွဲသွားခဲ့တယ်။ သားမှာ ထင်ရှားတဲ့အမှတ်အသားအနေနဲ့ ကျောကုန်းမှာ အသည်းပုံအမှတ်ကြီးတစ်ခုရယ်၊ ညာဘက်ခြေသန်းမှာ ခြေပွားလေးတစ်ခုရယ် ပါပါတယ်။ မောင်သက်ဆွေနဲ့ သိစကတည်းက ခြေသန်းပွားလေးကို မြင်ခဲ့ပေမဲ့ ဒါလောက်တော့ တိုက်တိုက်ဆိုင်ဆိုင် မဖြစ်နိုင်ဘူးထင်ပြီး မမေးမိခဲ့တာပါ။ ဒီနေ့အင်္ကျီချွတ်လိုက်မှ ကျောကအမှတ်ကို တွေ့ပြီး မေးမိတော့တာပါ"

"ဒေါ်ခင်မေဘ ပြောတာတွေကို ယုံပါတယ်ခင်ဗျာ။ ဖြစ်လည်း ဖြစ်နိုင်ပါတယ်။ ပိုပြီးသံသယရှင်းသွားအောင် ကျွန်တော် ဓာတ်ပုံတစ်ပုံ ပြပါ့မယ်။ အဲဒီဓာတ်ပုံဟာ သားတို့မိသားစု မိုင်းဗုံးမိတော့ သားမှာပါလာတဲ့ အိတ်ထဲကရတဲ့ပုံပါ။ ရထားမိုင်းဗုံးမိပြီး မိဘတွေပါသွားတော့ မောင်သက်ဆွေကို ရဲစခန်းက ထိန်းသိမ်းထားခဲ့ပါတယ်။ သားရဲ့ပြောပြချက်အရ သူ့မှာ တခြားဆွေမျိုးသားချင်းလည်း မရှိတော့ဘူးဆိုလို့ ဘယ်ကိုမျှ ပြန်မပို့ပေးနိုင်ကြဘူးလေ။ အဲဒီမှာ ကျွန်တော်နဲ့တွေ့ပြီး ကျွန်တော်ကပဲ ခေါ်မွေးစားခဲ့တာပါ"

"ကျေးဇူးကြီးပါပေ့ရှင်။ ဦးအောင်ခက်လို သူတော်ကောင်းနဲ့ တွေ့လို့သာ ကျွန်မသားကို ခုလိုပြန်တွေ့ရတာပါ။ ကံကြမ္မာကလည်း ဆန်းကြယ်လှချည်လားနော်"



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့အတူပါလာတဲ့ ဓာတ်ပုံလေးကို ကျွန်တော် သိမ်းထားပါတယ်။ အဲဒီပုံလေးကို ကျွန်တော်ပြပါ့မယ်"

ဦးအောင်ခက်က ဓာတ်ပုံယူရန် အခန်းထဲဝင်သွားသည်။

"သားလေး"

ဒေါ်ခင်မေဘက ကိုသက်ဆွေ၏ကျောလေးကို တယုတယ ပွတ်သပ်ရင်းမှ ခေါ်လိုက်သည်။

"အမေဟာ သားရဲ့အမေအရင်းဆိုတာ ယုံရဲ့လားဟင်"

"ယုံပါတယ် အမေ။ ဒါပေမဲ့ ဒီလိုအခြေအနေမျိုးကို သား မျှော်လင့်မထားခဲ့ဘူး။ သားရဲ့အမေအရင်းနဲ့ ဒီတစ်သက် ပြန်တွေ့တော့မှာ မဟုတ်ဘူးလို့ ထင်ခဲ့တယ်"

"အမေလည်း ဒီလိုပါပဲကွယ်။ သားနဲ့ ပြန်တွေ့နိုင်တော့မယ် မထင်ခဲ့ဘူး။ အမျိုးမျိုးစုံစမ်းပေမဲ့ အစပျောက်နေပြီကိုး။ ဒါပေမဲ့ သားကို စမြဲမြဲချင်း အမေ့ရင်မှာ လှုပ်ရှားရတယ်။ သိပ်ချစ်နေခဲ့တယ်။ ဒါဟာ မိခင်နဲ့သားသွေးက ပြောလို့ပဲပေါ့ကွယ်"

ဦးအောင်ခက်က ဓာတ်ပုံကိုယူရင်း ပြန်ထွက်လာသည်။

"သားနဲ့အတူ ပါလာတဲ့ဓာတ်ပုံက ဒါပါပဲ ဒေါ်ခင်မေဘ"

ဦးအောင်ခက်က ဓာတ်ပုံကို ဒေါ်ခင်မေဘလက်ထဲ ထည့်လိုက်သည်။

ဖြူဖွေးဖော့သည့် သိချင်ဇောဖြင့် ဒေါ်ခင်မေဘလက်ထဲမှ ဓာတ်ပုံကို ကျော့်ရှုကြည့်လိုက်သည်။

ဓာတ်ပုံထဲတွင် မိန်းမကြီးတစ်ဦးနှင့် ယောကျ်ားကြီးတစ်ဦးက ကုလားထိုင်တစ်လုံးစီနှင့် ရှေ့ဘက်တွင် ထိုင်နေသည်။ သူတို့နောက်တွင် လူတစ်ယောက်က မတ်တတ်ရပ်ကာ ကလေးငယ်တစ်ဦးကို ပွေ့ချီထားပါ၏။

ကလေးငယ်မှာ ကိုသက်ဆွေဖြစ်ကြောင်း သိသာလှသည်။ ငယ်စဉ်ကလည်း အခုရုပ်ရည်မျိုးအတိုင်းပင်။

"အမယ်လေး ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ ဒီဓာတ်ပုံတွေ့မှပဲ သားဟာ ကျွန်မသားဆိုတာ ပိုသေချာသွားတော့တာပဲ။ ရှေ့မှာထိုင်နေတဲ့ လင်မယားက သားရဲ့ဦးကြီးနဲ့ ဒေါ်ကြီးလေ။ ကျွန်မယောကျ်ား ကိုကင့်တယ်ရဲ့ အစ်ပနဲ့ ယောက်ဖပေါ့။ ကိုသက်ထွန်းနဲ့ မတင်ဝင်းလေ။ ဟင်း ... ဟင်း





ဟင်း... မတင်ဝင်း။ တော်တော် မကောင်းတဲ့မိန်းမ။ ကျွန်မတို့ လင်မယားကွဲတာ သူ့စနက်တွေပါတယ်။ သူသွေးထိုးတာ။ ဒါကြောင့် ဝဋ်လည်တာလေ။ သေတာတောင် မိုင်းဗုံးမိပြီး သေရတာပေါ့"

ဒေါ်ခင်မေဘက ဓာတ်ပုံကိုကြည့်ပြီး နောက်ကြောင်းများကို ပြန်သတိရလာသည်။ ကျလာသော မျက်ရည်များကို သုတ်လိုက်သည်။

"သားကိုချီထားတဲ့လူက ကျွန်မ ယောကျ်ားလေ ကိုတင့်တယ်ပေါ့။ အမယ်လေး ... လူစွမ်းကောင်းကြီး၊ သူရဲကောင်းကြီး၊ ဟင်... အစ်မက မြှောက်ပေးတိုင်း ယုံ၊ လူမမာကို ဆေးတိုက်မိတာလေးနဲ့ ဖောက်ပြန်ပါတယ်လို့ စွပ်စွဲ၊ ရှင်လုပ်လို့ ရှင်မကောင်းလို့ ကျူပ်သားလေးနဲ့ ကျူပ်ကွဲရတာလေ၊ အမယ်လေး"

ဒေါ်ခင်မေဘက ဓာတ်ပုံထဲမှ ခင်ပွန်းသည်ကို ကြည့်ပြီး စိတ်နာလာဟန်တူသည်။ ဓာတ်ပုံကိုကြည့်ပြီး ရန်တွေ့နေပြန်တော့သည်။

"ဒေါ်ခင်မေဘကလဲဗျာ၊ အိမ်နီးချင်းတွေကြားလို့ တစ်မျိုးထင်နေပါဦးမယ်။ ဝမ်းသာရမယ့်ဟာကို ဘာပြုလို့ ငိုနေရတာလဲ"

"ဟုတ်ပါရဲ့ရှင်... ဟုတ်ပါရဲ့။ ဝမ်းသာလွန်းလို့ပါရှင် ... ဝမ်းသာလွန်းလို့ပါ။ ပြီးတော့လေ... သူ့အဖေ လုပ်ပုံတွေပြန်သတိရမိလို့ ငိုမိတာပါ။ ကျွန်မ မငိုတော့ပါဘူး"

ဒေါ်ခင်မေဘက မျက်ရည်များကို ပြန်သုတ်ပစ်လိုက်၏။

၀

www.burmeseclassic.com

www.burmeseclassic.com

''ဒါဆို သားဟာ ချမ်းမြေ့ရိပ်မြုံ့အိမ်ကြီးထဲမှာပဲ မွေးခဲ့တာပေါ့နော်''

ဒေါ်ခင်မေဘက အဖြစ်အပျက်အသေးစိတ်များကို ဦးအောင်ခက်နှင့် ကိုသက်ခွေအား နောက်ကြောင်းပြန်ပြလိုက်သည်။

''ဟုတ်တာပေါ့သား။ သားကို ချမ်းမြေ့ရိပ်မြုံ့မှာပဲ မွေးခဲ့တယ်။ သားတစ်နှစ်အရွယ်လောက်ထိ ချမ်းမြေ့ရိပ်မြုံ့မှာ နေသွားခဲ့ဖူးတယ်သား''

''ဒါကြောင့် ဒီအိမ်ကြီးထဲရောက်တော့ သိဖူးသလိုလို၊ နေခဲ့ဖူးသလိုလို အကျွမ်းတဝင် ဖြစ်နေမိတာကိုး။ အခုတော့ ဒေါ်နှင်းဖြူကိုလည်း သားစိတ်ထဲမှာ ရင်းနှီးပြီးသား ဖြစ်နေတယ်''

''ဒါပေါ့ကွယ်၊ သားငယ်ငယ်က ဒီအိမ်ထဲမှာပဲ ပြေးလွှားဆော့ကစားခဲ့တာ။ တစ်အိမ်လုံးဟာ သားခြေရာတွေချည်းပဲ။ မနှင်းဖြူတို့ ညီအစ်မကလည်း သားကိုချစ်ကြတယ်။ အင်း... မနှင်းဖြူသာ ဒီအကြောင်းတွေသိရင် အံ့သြဦးမှာပဲ''

ဦးအောင်ခက်သည် မိခင်ရင်းနှင့် ပြန်တွေ့သွားသော သားကြီးအတွက် ဝမ်းသာဝမ်းနည်းခံစားနေရသည်။

သူသည် ဤမြို့သို့ ပြောင်းလာခြင်းမှာ သမီးလေးခင်ဖြူဖြူအတွက် ဖြစ်သည်။ ခင်ဖြူဖြူကို မိခင်ရင်းနှင့် နီးစပ်စေလို၍ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။ ခုတော့ သမီးကိစ္စကမထူးခြားဘဲ သားက မိခင်ရင်းနှင့် ပြန်တွေ့သွားပြီ။

ခုတ်ရာတခြား ရှရာတလွဲတွေ ဖြစ်ကုန်ပါရော။

ဦးအောင်ခက်သည် သက်ပြင်းမောကြီးကို လေးတွဲ့စွာ ချလိုက်မိပါလေတော့၏။

## -၁၅-

ကိုသက်ခွေတို့ အကြောင်းများကို ဖြူဖွေးဖော့ကပဲ ခင်ဖြူဖြူဆီ စာရေးအကြောင်းကြားပေးလိုက်သည်။

ခင်ဖြူဖြူက ဖြူဖွေးဖော့ဆီကိုရော၊ သူ့အိမ်ကိုပါရေးလိုက်သည့်စာထဲတွင် ကိုကို မိခင်ရင်းနှင့်ပြန်တွေ့၍ ဝမ်းသာရသော်လည်း သူတို့ကို အချစ်ပေါ့သွားမှာ စိုးရိမ်မိကြောင်း၊ ဒုက္ခိတဖခင်ကြီးကို ပစ်မထားဖို့အကြောင်း ရေးရှာသည်။

ကိုသက်ခွေကား အလွန်ကျေးဇူးသိတတ်သော စိတ်ထားပြည့်သည့် လူငယ်တစ်ယောက်ပါပင်၊ ငယ်စဉ်ကတည်းက ထိန်းကျောင်းပြုစုပြင်ခဲ့သော ဦးအောက်ခက်အပေါ် အချစ်ပျက်မသွားခဲ့။ ဦးအောင်ခက် ဝမ်းနည်းသွားမည်စိုး၍ ယခင်ကထက်ပင် ပို၍ဂရုစိုက်ပြုရှာသေးသည်။

နေတော့လည်း ဒေါ်ခင်မေဘ အိမ်မှာတစ်လှည့်၊ ဦးအောင်ခက်အိမ်မှာ တစ်လှည့် လူကြီးတွေ စိတ်ကျေနပ်အောင်နေပေးရှာသည်။ ဆိုင်အလုပ်ကိုလည်း မလစ်ဟင်းစေရပါ။

''အမေက ပြောတယ်၊ မွေးကို ငယ်ငယ်လေးကတည်း ကိုယ်တိုင်ချီပိုးထိန်းကျောင်းခဲ့ရလို့ သမီးအရင်းလေးလို ချစ်တယ်တဲ့။ သားကလည်း ညီမလေးလို စောင့်ရှောက်ရမယ်တဲ့''

''ဟွန်း... ညီမလေးလို စောင့်ရှောက်လိုက်တာ။ ကြည့်ပါဦး၊ လူကို ဖက်ထားလိုက်တာ၊ မွေးသာ ဘောလုံးဆိုရင် ပေါက်ကွဲသွားလောက်ပြီ။ ဖယ်ပါဦး အစ်ကိုရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ညီမအရင်းလို စောင့်ရှောက်ရင် တစ်ချိန်ကျ သူများ နောက်ထည့်လိုက်ရမှာစိုးလို့ ပိုပြီးရင်းနှီးအောင် အစ်ကို့ ရင်ခွင်ထဲမှာထားပြီး စောင့်ရှောက်တာလေ... ဟဲ... ဟဲ"

"သွား..."

ချစ်သူတို့ဘဝမှာ စကားနိုင်လုပြီး ရှုံးဖြစ်လိုက်၊ စိတ်ကောက်လိုက်၊ ပြန်ချော့လိုက်နဲ့ နေရတာလဲ ပျော်စရာတစ်မျိုးပါလား။

"ဒါပဲနော် အစ်ကို၊ အစ်ကို့အမေကို ဖွေးနဲ့ချစ်နေတဲ့အကြောင်း သွားမပြောရဘူး"

"မပြောပါဘူး ဖွေးရယ်။ အစ်ကို အလုပ်အကိုင် အတည်တကျ ဖြစ်မှ အမေ့ကိုရော၊ အန်ကယ်နဲ့ အန်တီ့ကိုပါ ဖွင့်ပြောပြီး တစ်ခါတည်း လက်ထပ်ယူမယ်။ ဒီကြားထဲမှာ ဖွေးအလိုကျ ဘယ်သူ့မှ မသိစေရပါဘူးကွာ"

◈ ◈ ◈

—၁၆—

ချမ်းမိပြီဆိုသည့်အခါ ချစ်သူ၏ လိုအင်ဆန္ဒကို လိုက်လျောချင်သည်မှာလည်း ချစ်မိသူမိန်းမသားတို့၏ ချစ်သူအပေါ် ယုံစားမှုဟု ဆိုရပါတော့မည်။

ထိုတစ်ညတွင် ကိုသက်ခွေ၏ ချိန်းဆိုမှုကို လက်ခံလိုက်မိခြင်းက ဖွေးအတွက် ကြမ္မာငင်ခြင်းပေလား။ ဖွေးသည် ချစ်သည့်စိတ်တစ်ခုတည်းဖြင့်ပင် ချစ်သူ၏အလိုကို လိုက်လျောခဲ့မိလေပြီ။

ညကိုးနာရီအချိန်တွင် ဖွေး အိမ်ထဲမှ ထွက်ခဲ့သည်။

ချမ်းမြေ့ရိပ်မြုံအိမ်သားများမှာ စောစောစီးစီး အိပ်လေ့ရှိသည်မို့ ကိုးနာရီအချိန်၏ အားလုံးအိပ်မောကျကုန်ပေပြီ။

ဖွေးသည် အမှောင်ထဲမှာပင် လှေကားပေါ် ခြေဖွနင်းပြီး တိတ်ဆိတ်စွာ ဆင်းလာခဲ့သည်။

မီးဖိုခန်းထဲအရောက်တွင် တံခါးကို အသံမမြည်အောင် ဖြည်းညင်းစွာ တွန်းဖွင့်လိုက်သည်။ အပြင်ဘက်မှလရောင်သည် မီးဖိုထဲသို့ တိုးဝင်လာ၏။ ဖွေးက အပြင်သို့ အသာထွက်လိုက်ကာ မီးဖိုခန်းတံခါးကို အသင့်ယူလာသော သော့ခြင့် အပြင်မှခတ်လိုက်၏။

တန်ဆောင်မုန်းလပြည့်ည၏ လရောင်က ရွှန်းပစွာသာလျက် ရှိသည်။

ဖွေးသည် ငြိုကျနေသော အုတ်တံတိုင်းဘက်သို့ ထွက်လာလိုက်၏၊ အုတ်တံတိုင်း အပြင်ဘက်မှာ အစ်ကိုက အသင့်စောင့်ကြိုနေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွေးနှင့် အစ်ကိုတို့ ထောင့်ကြီးဆိုသောရွာမှ တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ ပဲ့ထောင်စက်လှေကလေးနှင့် သွားကြမည်ဖြစ်သည်။

ဤအစီအစဉ်ကို အစ်ကိုပြောပြခါစက ဖွေး ငြင်းသေးသည်။ အစ်ကိုက တောင်းဆိုလွန်းတော့လည်း ဖွေးက ချစ်သူစိတ်ချမ်းသာရန် လိုက်လျောမိတော့သည်။ ချောင်းရိုးအတိုင်း စက်လှေကလေးစီး၍ အစ်ကိုနဲ့ နှစ်ယောက်တည်း သွားရတဲ့ခရီးက ပျော်စရာလည်း ကောင်းလိမ့်မည်။ စွန့်စားရာလည်း ကျမည်။

"ဒီက ကိုးနာရီလောက် ထွက်သွားရင် ဟိုကို ဆယ်နာရီ ရောက်မယ်။ အစ်ကိုတို့ ပွဲဈေးတန်းလျှောက်ပြီး အငြိမ့်ခဏ ကြည့်တာပေါ့။ ဆယ့်နှစ်နာရီ မထိုးခင် ပြန်ရောက်မှာပါ။ ဖွေး တိတ်တိတ်ကလေး အိမ်ပေါ် ပြန်တက်ပြီး အိပ်နေလိုက်ရင် ဘယ်သူမှမသိပါဘူးကွာ"

ချစ်စိတ်ဖြင့် မိဘများမျက်ကွယ်မှာ ချစ်သူခေါ်ရာနောက်လိုက်ဖို့ သဘောတူခဲ့သည်။

ဖွေးသည် လရောင်မကျသော သစ်ပင်ရိပ်များကိုကွယ်ရင်း အိမ်နောက်ဘက်သို့ ထွက်လာခဲ့၏။ အုတ်တံတိုင်းအပျက်ကို ကျော်၍ ထွက်လိုက်သည်နှင့် အမှောင်ရိပ်ထဲမှ ကိုသက်ဆွေက ဖွေးကို လှမ်းခေါ်လိုက်သည်။

"ဖွေး"

"အစ်ကို"

ကိုသက်ဆွေက ဖွေးလက်ကို ဆွဲ၍ဆီးကြိုလိုက်သည်။

"ရင်တွေခုန်လိုက်တာ အစ်ကိုရယ်"

"သွားကြစို့ ဖွေး"

ကိုသက်ဆွေက ဖွေးကို မြစ်ကမ်းစပ်သို့ တွဲခေါ်ခဲ့သည်။ ကမ်းစပ်တွင် ပဲ့ထောင်စက်လှေလေးတစ်စင်း အသင့်ဆိုက်ကပ်ထား၏။ သူငယ်ချင်းတစ်ယောက်ဆီမှ စက်လှေကို ငှားလာခဲ့ခြင်း ဖြစ်သည်။

ပဲ့ထောင်စက်ကို နှိုးလိုက်သည်။

စက်လှေကလေးသည် ရေထဲတွင် လျင်မြန်စွာ ပြေးလွှားသွားတော့၏။

ကျောင်းကုန်းမြို့နှင့် တစ်စတစ်စ ဝေးကွာလာသည်။ မြို့မှ မီးရောင်မှိန်မှိန်များက နောက်တွင်ကျန်ခဲ့၏။ ချောင်းထဲမှာတော့ လရောင်ဖြင့် ရောင်ပြန်





ဟပ်ကာ ငွေရောင်လှိုင်းများ ထနေသည်။

လမ်းခရီးမှာ အိပ်မောကျနေသော ရွာကလေးအချို့ကို ဖြတ်ကျော်ခဲ့ကြသည်။

လတ်ဆတ်သောလေများက ဖွေး၏ဆံစများကို လေထဲတွင် ဝဲနေစေ၏။

ဖွေးသည် ပတ်ဝန်းကျင်ရှုခင်းကြောင့် လွတ်လပ်မှုကို ခံစားလိုက်ရကာ အိမ်အတွက် စိုးရိမ်ကြောင့်ကျစိတ်များကို မေ့ပျောက်သွားရသည်။

တစ်နေရာတွင် ပဲ့ထောင်သည် လျင်မြန်သွားသွားနေရာမှ ရုတ်တရက် တုန့်ဆွဲလိုက်သလို နှေးသွားသည်။ ကိုသက်ဆွေက စက်ကိုရပ်ကာ ပန်ကာတွင်ရစ်ပတ်နေသော ဗေဒါပင်များကို ဖယ်ထုတ်ပစ်လိုက်သည်။ ဗေဒါများ ပန်ကာကို ရစ်တွယ်လိုက်သောကြောင့် စက်လှေနှေးသွားရခြင်း ဖြစ်၏။

ဗေဒါပင်များက ချောင်းတစ်ပြင်လုံး အပြည့်မျောပါနေကြသည်။ ဘစ်စတစ်စ ဗေဒါပင်တွေ ပိုများလာခဲ့၏။ တစ်နေရာရောက်တော့ စက်ရပ်သွားပြန်သည်။

ကိုသက်ဆွေက ပန်ကာကို မ,ကာ ဗေဒါပင်များကို ဖယ်ထုတ်ရပြန်၏။

"ဗေဒါပင်တွေက သိပ်ဒုက္ခပေးတာပဲနော် အစ်ကို"

"ဒါ ဘာဟုတ်သေးလဲ ဖွေးရယ်။ ရှေ့လလောက်ဆို ဗေဒါပင်တွေ ဒီ့ထက် ပိုများလာတော့မှာ။ အဲဒီလိုအခါဆို သင်္ဘောတောင် သွားလို့မရတော့ဘူး။ ရပ်ထားရတာ"

"တကယ်"

"တကယ်ပေါ့။ အဲဒါမျိုးကို ဗေဒါကျပ်တယ်လို့ ခေါ်တယ်။ ဗေဒါပင်တွေက များလွန်းတော့ ကျစ်ပြီးကျပ်နေတာလေ။ ဗေဒါပင်တွေပေါ်မှာ လူတက်ပြီးလမ်းလျှောက်လို့တောင် ရတယ်။ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို ဗေဒါပင်တွေပေါ်ကနေ လမ်းလျှောက်သွားလို့တောင် ရတယ်"

"ထူးဆန်းလိုက်တာနော်"

ဗေဒါတွေ ပိုပိုများလာ၍ ခရီးက သိပ်မတွင်တော့။

ဖွေးက လက်မှနာရီကို ကြည့်လိုက်သည်။

ဆယ်နာရီထိုးပါကော။ ဖွေး စိုးရိမ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဖွေး လန့်လာပြီ အစ်ကို။ အစ်ကို ပြောတော့ ရွာကို ဆယ်နာရီ ရောက်မှာဆို။ ဒီအတိုင်းဆို အိမ်ပြန်ပါ၊ နောက်ကျတော့မှာပဲ''

''ရောက်တော့မှာပါ ဖွေးရယ်။ ရှေ့တစ်ကွေ့ဆို ရောက်ပါပြီ''

ကိုသက်ဆွေက ဗေဒါပါးသည့်နေရာများကို ကွေ့ပတ်၍ မောင်းပေးသည်။

ပဲ့ထောင်သည် လျှင်မြန်စွာ ရွေ့လျားသွားပြန်၏။

ဆိုင်းသံဗုံသံသဲ့သဲ့ကို ကြားလာရပေပြီ။

လက်ဝဲဘက်ကမ်းစပ်တွင် မီးရောင်မှိန်မှိန်လေးများ မြင်လာရ၏။

''ရှေ့က မြင်ရတဲ့ရွာဟာ အစ်ကိုတို့ လာတဲ့ထောင့်ကြီးရွာပဲ ဖွေး''

ရွာတည့်တည့်အရောက်တွင် ပဲ့ထောင်ကို ကွေ့၍ ကမ်းစပ်တွင် ကပ်လိုက်၏။

''ကဲ . . . ဆင်းကြစို့''

ကိုသက်ဆွေက ဖွေးကို တွဲ၍ချပေးသည်။

ကမ်းနှင့်မနီးမဝေးတွင် ပွဲဈေးတန်းကို တွေ့ရသည်။

ဆိုင်းသံဗုံသံများဖြင့် ဆူညံနေ၏။

လူတွေက ကြိတ်ကြိတ်တိုး စည်ကားနေပါ၏။

စားစရာဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ အရုပ်ဆိုင်များ၊ အလှကုန်ဆိုင်များဖြင့် ပွဲဈေးတန်းမှာ ရှည်လျားလှပေသည်။ ဆိုင်များတွင် အောက်လင်းဓာတ်မီးကြီးများ ချိတ်ဆွဲထား၏။

ဖွေးနှင့် ကိုသက်ဆွေ လူအုပ်ကြားထဲ တိုးဝှေ့ရင်း လျှောက်လာကြသည်။ လူတွေ ဒီလောက်များနေသည့်တိုင် ဖွေးတို့နှစ်ယောက်ကို ပွဲခင်းတစ်ခုလုံးက သတိထားမိကြသေးသည်။ လူတွေက ဖွေးတို့ကို ကွက်ကြည့်၊ ကွက်ကြည့်နှင့် လှမ်း၍ကြည့်နေကြ၏။ ဖွေးတို့အသွင်ပုံစံက ဒေသခံများနှင့် ခြားနားနေ၍ပဲ ဖြစ်ပါလိမ့်မည်။

''ဖွေး ဘာစားဦးမလဲ''

စားသောက်ဆိုင်တန်းဘက်မှ အကြော်နံ့ညှော်နံ့များ၊ မီးခိုးများလုံးတက်နေသည်။ ဖွေး ဘာမျှစားချင်စိတ် မရှိပေ။ လူတွေ အကြည့်ကြောင့် စိတ်ကျဉ်းကျပ်နေမိ၏။

''မစားချင်ဘူး အစ်ကို''





''ဒါဆို အငြိမ့်စင်ဘက် သွားကြည့်ရအောင်''

''ခဏပဲကြည့်ပြီး ပြန်ကြစို့နော် အစ်ကို''

အငြိမ့်စင်ရှေ့မှာလည်း လူတွေ ပြည့်ကျပ်နေသည်။

ခေါင်းဆောင်မင်းသမီးပင် ထွက်နေပေပြီ။

ဖွေးတို့နောက်ကို လူတွေ တစ်စတစ်စ တိုးလာ၏။ ယောကျ်ားများဆီမှ အရက်နံ့များရသည်။ ရှုန့်ရင်းကြမ်းတမ်းသော စကားများကို ကြားလိုက်ရသည်။ ကိုသက်ဆွေက ဖွေး၏နောက်ကျောမှရပ်ကာ လူတွေ မကပ်မိအောင် ကာပေးထားရ၏။

အငြိမ့်ကလည်း မကောင်းပေ။ အတော်အဆင့်အတန်း နိမ့်သော အငြိမ့် ဖြစ်နေသည်။ လူရွှင်တော်များ၏ပြက်လုံးများကလည်း ညစ်ညမ်းလှ၏။

''ပြန်ကြပါစို့ အစ်ကိုရယ်''

''ဟုပ်တယ် ပြန်ကြစို့''

ဖွေးက နာရီကိုကြည့်လိုက်တော့ ၁၁ နာရီ ၄၅ မိနစ်။ ၁၂ နာရီ အိမ်ပြန်အရောက် စိစဉ်ထားတာ ဘယ်နည်းနဲ့မျှ မရောက်နိုင်တော့။

နှစ်ယောက်သား ကမ်းစပ်သို့ ခပ်သုတ်သုတ် ဆင်းခဲ့ကြသည်။ ကမ်းစပ်နားတွင် မူးနေသူလူငယ်အချို့က ကြမ်းတမ်းသောစကား တစ်ခွန်းနှစ်ခွန်း လှမ်းပြောလိုက်သေးသည်။

''မြန်မြန်မောင်းပါ အစ်ကိုရယ်''

ကိုသက်ဆွေက ပဲ့ထောင်ကိုစက်နှိုးကာ အရှိန်မြှင့်၍ မောင်းထွက်ခဲ့လိုက်သည်။ ပွဲဈေးတန်းကား နောက်တွင်ဝေး၍ ကျန်ခဲ့လေပြီ။

၀



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်တွင် ကြယ်ကလေးများ လင်းလက်နေသည်။ လရောင်က ဟိမ်ကင်းစင်သော ကောင်းကင်ထယ် လွတ်လပ်စွာ ထိန်လင်းတောက်ပနေ၏။ လရောင်အောက်တွင် ချောင်းပြင်နှင့်အပြည့် ဗေဒါပန်းများ စီးမျောနေပုံမှာ ပန်းသမုဒ္ဒရာကြီး ရွေ့နေသည်နှင့် တူလှသည်။

ခုတော့ သဘာဝအလှများကို ဖွေး ပြည့်ပြည့်ဝဝ မခံစားနိုင်တော့ပါ။ အိမ်ပြန်နောက်ကျမည်ကို စိုးရိမ်စိတ်က ရင်ထဲမှာ တစ်နေသည်။

မတော်တဆ မေမေတို့များ သိသွားလေမလား။ သိဖို့တော့ ခဲယဉ်းပါသည်။ ညပိုင်း အပေါ့အပါး ထသွားတယ်ဆိုရင်တောင် အိမ်သာက အိမ်ထဲမှာပင်ရှိသည်မို့ ဖွေးကို သူ့အခန်းထဲမှာပဲ ရှိတယ်လို့ ထင်နိုင်သည်၊ တံခါးကိုလည်း သူခိုးသူဝှက်မဝင်နိုင်ရန် အပြင်မှ သော့ခတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဖွေး အချိန်မီ အိမ်ပြန်ရောက်ဖို့ပဲ လိုသည်။

"မြန်မြန်မောင်းပါ အစ်ကိုရဲ့"

ဖွေးက လောလိုက်မှပင် စက်လှေမှာ လုံးဝရပ်သွားပါတော့၏။

"မရတော့ဘူး။ ဗေဒါတွေ သိပ်ကျပ်နေပြီ ဖွေး"

"ဟယ် . . . ဒုက္ခပါပဲ အစ်ကိုရယ်"

လှေကချောင်းအလယ်တည့်တည့်တွင် ရပ်နေ၏၊ ကမ်းနှစ်ဖက်စလုံးနှင့်လည်း အဝေးကြီး။

"စိတ်မပူပါနဲ့ ဖွေးရယ်။ တစ်နာရီ နှစ်နာရီလောက် စောင့်လိုက်ရင် ဗေဒါတွေ ပြန်မျောသွားမှာပါ"





"အမယ်လေး . . . တစ်နာရီ နှစ်နာရီ"

"စိတ်ပျက်သွားပလား ဖွေး"

ဖွေး သက်ပြင်းချလိုက်သည်။

"ဖြစ်လာမှတော့ ဘာတတ်နိုင်တော့မှာလဲ အစ်ကိုရယ်"

"ဖွေး . . . ဒီမှာကြည့်၊ အစ်ကိုဗေဒါပင်တွေပေါ်မှာ လမ်းလျှောက်ပြမယ်"

ကိုသက်ဆွေက လှေပေါ်မှဆင်း၍ ဗေဒါပင်များပေါ်မှာ မတ်တတ်ရပ်ပြလိုက်သည်။

"ဟင် . . . အစ်ကို ရေထဲမှာ မြုပ်မသွားဘူး"

"ဆန့်တစ်အိတ်ထမ်းပြီး လမ်းလျှောက်တာတောင် မနစ်ဘူး ဖွေးရဲ့။ လာလေ . . . ဆင်းလျှောက်ကြည့်ပါလား"

ဖွေး စိတ်ဝင်စားလာကာ ပဲ့ထောင်ပေါ်မှဆင်းလိုက်သည်။ ကိုသက်ဆွေက ဖွေး လက်ကိုကိုင်၍ ဖေးမ,ပေးထား၏။

ဖွေးသည် အသည်းယားစွာ ဗေဒါပင်များပေါ် မတ်တတ်ရပ်လို့ရနေ၏။ သို့သော် အောက်မှရေများကြောင့် ဗေဒါပင်အုပ်က တအိအိ လှုပ်နေသည်။ ဖွေး ခဏပဲရပ်ကြည့်ပြီး စက်လှေပေါ် ပြန်တက်လိုက်၏။

ကိုသက်ဆွေက သဘောကျစွာ ရယ်နေသည်။

"အစ်ကို ပြန်တက်ခဲ့တော့။ မတော်တဆရေထဲ မြုပ်သွားမှဖြင့်"

ကိုသက်ဆွေက ပဲ့ထောင်ပေါ်ပြန်တက်ကာ ဖွေး နံဘေးမှာ ဝင်ထိုင်လိုက်သည်။ ဖွေးကိုယ်လေးကို ပွေ့ဖက်ထားလိုက်သည်။

"အိပ်ချင်လိုက်တာ အစ်ကိုရယ်"

လေကလေးက တဖြူးဖြူး တိုက်နေသည်မို့ ဖွေး အိပ်ငိုက်လာသည်။

"အိပ်ချင်ရင် အိပ်လေ။ အောက်အခင်းက သန့်ပါတယ်။ ရော့ အစ်ကိုအင်္ကျီကို ခေါင်းအုံးအိပ်"

ကိုသက်ဆွေက သူ့အင်္ကျီကို ချွတ်ပေးလိုက်၏။

"အို . . . အစ်ကို ချမ်းနေမှာပေါ့။ ဖွေးလက်မောင်းကိုပဲ ခေါင်းအုံးအိပ်ပါ့မယ်။ ကြည့်စမ်း . . . အောက်ခံစွပ်ကျယ်လည်း မပါဘူး"

"ရပါတယ် ဖွေးရာ။ သက်သက်သာသာဖြစ်အောင် အိပ်စမ်းပါ"

ကိုသက်ဆွေက သူ့အင်္ကျီကို ခေါက်ပေးလိုက်သည်၊ အင်္ကျီချွတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ကိုသက်ဆွေ၏ အရုပ်အပေါ်ကိုအဖုအထစ်များနှင့် ပေဟာကျွံးပိသသော ခန္ဓာကိုယ်က ပေါ်လာသည်။

ဖွေးသည် လှဲလိုက်သည့်ခဏလေးမှာပင် အိပ်ပျော်သလို ဖြစ်သွား၏။

ကိုသက်ဆွေက အိပ်ပျော်နေသောဖွေးကို မျက်တောင်မခတ်တမ်း ငေးကြည့်နေမိလေသည်။

လရောင်အောက်ဝယ် လဲလျောင်းနေသော ဖွေးအသွင်မှာ ဆင်စွယ်ပန်းပုရုပ်ကလေးတစ်ရုပ် ချထားသည့်နှယ်။ ဖွေး၏ ဖြူစင်ညံ့သက်သောအသားအရေမှာ လရောင်အောက်တွင် ဝင်း၍နေ၏။

ပုံပုံလေး အိပ်နေသည့် ချစ်စရာကောင်းလွန်းသော ဖွေးကိုကြည့်ကာ ကိုသက်ဆွေ မနေနိုင်တော့။ သူ့အနမ်းများက ဖွေးပေါ် ညင်သာစွာ ကျရောက်သွားသည်။ ပထမတော့ ဖွေးမသိအောင် နမ်းမိုပါသဲ။ သူ့အချစ်တွေက ဖွေးရဲ့အတွေ့မှာ တားမရတော့။ ဖွဖွလေး ထိရုံသိထားရာမှ စိတ်နမ်းမိသည်။ ပြီးတော့ ပါးပြင်။ လည်တိုင်တဝ်ီလျှောက် . . .

"ဟင် . . . အစ်ကိုရယ်"

ဖွေး လန့်နိုးသွားသည်။

ဖွေးလည်း အစ်ကို့အနမ်းများမှာ သာယာနေမိသေးသည်။ ခဏနေမှ သတိဝင်လာကာ သူ့ကိုယ်လုံးကြီးကို တွန်းပစ်လိုက်သည်။

"ဖယ်ပါတော့ အစ်ကိုရယ်"

ဖွေး၏အင်အားနှင့် ကိုသက်ဆွေဖလကြီးကို တွန်းဖယ်လို့ မရပါလေတော့။

"ချစ်တယ် ဖွေးရယ်"

ကိုသက်ဆွေအချစ်များက တစ်စတစ်စ ကြမ်းတမ်းလာ၏။

"အို . . . အစ်ကိုရယ်"

တိမ်တစ်အုပ်က လမင်းရှေ့မှ ကွယ်လိုက်သည်။

ဖွေးသည် ကိုသက်ဆွေ၏ ပခုံးကျယ်ကြီးကို အားမလို အားမရစွာ ပြန်၍ဖက်ထားလိုက်မိ၏။

အစ်ကို့ပခုံးပေါ်မှကျော်၍ ကြယ်လေးတစ်ပွင့် ကြွေကျသွားသည်ကို မြင်လိုက်ရလေသည်။

ဝ



ရှတ်တရက် လန့်နိုးလာသည်။

ဖွေးက လရောင်အောက်တွင် နာရီကို ကြည့်လိုက်၏။

၃ နာရီ၊ မနက် ၃ နာရီရှိပေပြီ။

ဖွေးက လှဲနေရာမှထလိုက်သည်။

ကိုသက်ဆွေကတော့ အိပ်ပျော်နေဆဲ။

ဖွေးသည် ကိုသက်ဆွေ ရင်ဘတ်ကြီးကို ထုကာ နိုးလိုက်၏။

"အင် . . . ဟာ . . . မောမောနဲ့ အိပ်ပျော်သွားလိုက်တာ"

ကိုသက်ဆွေက လူးလဲထရင်း ချောင်းထဲသို့ ကြည့်လိုက်သည်။

"ဖေဒါတွေ ပါးသွားပြီပဲ"

"သုံးနာရီတောင်ရှိပြီ အစ်ကို . . . လုပ်ပါ . . . မြန်မြန်မောင်းပါ"

ကိုသက်ဆွေက ဖွေးခေါင်းအုံးအိပ်သည့် သူ့အင်္ကျီကိုယူ၍ ပြန်ဝတ်လိုက်သည်။ ပွဲထောင်စက်ကို နိုးလိုက်သည်။ ဗေဒါပင်များ အနှောင့်အယှက်ကင်းသွားပြီမို့ စက်လှေကလေးက ချောင်းထဲတွင် တစ်ရှိန်ထိုး ပြေးသွားလေသည်။

"ဘုရား . . . ဘုရား၊ ဖေဖေတို့ မနိုးကြပါစေနဲ့"

လေးနာရီမထိုးမီကလေးမှာပင် ကျောင်းကုန်းမြို့သို့ ပြန်ရောက်လာခဲ့သည်။

ချမ်းမြေ့ရိပ်မြုံသောအကမ်းစပ်သို့ စက်လှေရပ်လိုက်သည်နှင့် ဖွေးက ခုန်ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ဆွေကို နှုတ်ဆက်ကာ အိမ်ကြီးဆီသို့ လျှောက်လာခဲ့လိုက်၏။

ပိတ်ထားသော မီးဖိုခန်းတံခါးကို သော့ဖွင့်ဝင်လိုက်သည်။ တံခါးကို ဖြည်းညင်းစွာ ပြန်ပိတ်ကာ အိမ်ပေါ်ထပ်သို့ ခြေဖွနင်းရင်း တက်လာခဲ့သည်။ မည်သည့်အနှောင့်အယှက်မျှ မတွေ့ရပါ။

အပေါ်ထပ်အခန်းထဲကို ပြန်ရောက်မှပင် ဖွေး သက်ပြင်းချမိတော့၏။

ခုတင်ပေါ်သို့ နွမ်းလျစွာ လှဲချလိုက်သည်။

အိမ်မှ ညကိုးနာရီတွင် မိဘများမသိအောင် ခိုးထွက်သွားခဲ့သော အပျိုစင်မလေးမှာ မနက်လေးနာရီထိုး၍ အိမ်ပြန်အရောက်တွင်တော့ ပန်းဦးကြွေခဲ့ရပေပြီ။

ဖွေးသည် လှေပေါ်မှအဖြစ်များကို ပြန်တွေးကြည့်ရင်း ကြည်နူးသလိုလို၊ ရင်ဖိုသလိုလို၊ ဝမ်းနည်းသလိုလို ခံစားနေရလေတော့သည်။

◈ ◈ ◈

–၁၇–

"အစ်ကို့အလုပ် အဆင်ပြေပါစေလို့ ဆုတောင်းပေးနော် ဖွေး"

"ဆုတောင်းမှာပေါ့ အစ်ကိုရယ်။ ဒါပေမဲ့ ဖွေးတော့ အစ်ကို့ကို လွမ်းနေတော့မှာပဲ"

"ဆယ်ရက်တည်းပါ ဖွေးရဲ့"

"အစ်ကို့အလုပ်ရခဲ့ရင်လည်း ခွဲနေရဦးမှာပေါ့နော်"

"အလုပ်ရရင်တော့ ဖွေးကို တစ်ခါတည်း လက်ထပ်ချင်ပြီကွယ်။ တာဝန်ကျတဲ့ဒေသကို အတူသွားနေကြတာပေါ့နော် ဖွေး"

"အရင်ကတော့ ဘွဲ့မရသေးဘဲနဲ့ ဖွေး လက်မထပ်ဘူးလို့ ရည်ရွယ်ထားပါတယ် အစ်ကို။ မေမေနဲ့လည်း အတူနေချင်သေးတယ်လေ။ ခုတော့ ဖွေး အစ်ကို့နဲ့ မခွဲနိုင်တော့ဘူး အစ်ကိုရယ်"

"ဒါဖြင့် အစ်ကို့အလုပ် အဆင်ပြေတာနဲ့ လက်ထပ်ကြမယ်လေ"

"ဖွေးနဲ့ အစ်ကို့အကြောင်းကို ဘယ်သူမျှ မသိကြသေးဘူးလေ။ ဖွေး မေမေ့ကို အရိပ်အမြွက်လောက် ဖွင့်ပြောထားနှင့်လိုက်မယ် အစ်ကို"

ကိုသက်ဆွေက သူလျှောက်ထားသော အလုပ်ရာထူးတစ်ခုအတွက် ရန်ကုန်သို့ သွားရောက်ပြီး စာမေးပွဲဖြေဆိုရပါမည်။ ကျူရှင်တစ်ပတ် တက်ရမှာနှင့်၊ စာမေးပွဲဖြေရမှာနှင့် ဆယ်ရက်ကြာပေမည်။

ကိုသက်ဆွေ မသွားခင်ညနေတွင် ကြိုးတံတားလေးအနီး၌ အလွမ်းသယ်နေကြခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ပုသိမ်ကနေ သင်္ဘောနှင့် ရန်ကုန်သွားမည့် ကိုသက်ဆွေကို ဖွေးနှင့် မမခင်ဖြူဖြူတို့ အသုတ်ဘုတ်တာအထိ လိုက်ပို့လိုက်ကြသည်။ ခင်ဖြူဖြူကလည်း ဒီဇင်ဘာကျောင်းပိတ်ရက်မို့ ကျောင်းကုန်းကို ပြန်ရောက်နေသည်။

ရထားအထွက်မှာ လက်ပြသွားသည့်အချိန်မှာပင် ဖွေး အလွမ်းတွေ စတင်လာတော့သည်။

သူတို့နှစ်ယောက်ရဲ့ အချင်းချင်း ပိုထူးခြားနေတဲ့အမူအရာတွေကို ကြည့်ပြီး ခင်ဖြူဖြူတစ်ယောက် ရိပ်မိသွားပြီလား မသိပါ။

အပြန်တွင် ဂျစ်ကားလေးကို ခင်ဖြူဖြူက မောင်းလာခဲ့၏။ ဖွေးကတော့ တစ်လမ်းလုံး နှုတ်ဆိတ်နေမိလေသည်။

◈ ◈ ◈

—၁၈—

အစ်ကိုမရှိသောရက်များတွင်မှ ဖွေးမှာ ထိတ်လန့်ချောက်ချားဖွယ် အဖြစ်များနှင့် ကြုံရလေသည်။ ဖွေးတို့ ဘယ်လိုမှ ကြိုတွေးမထားမိသော ပြဿနာတစ်ရပ်သည် မထင်မှတ်ဘဲ မမျှော်လင့်ဘဲ ရောက်လာခဲ့လေ၏။

ထိုနေ့က အစ်ကို ရန်ကုန်သွားတာ တစ်ပတ်ပြည့်သောနေ့ ဖြစ်သည်။

ဖွေး နေ့လယ်ပိုင်းတွင် ဒေါ်ခင်မေဘအိမ်သို့ အလည်ထွက်ခဲ့၏။

ဟိုရောက်တော့ အဝတ်များဖွပ်ဖို့ ပြင်ဆင်နေသည့် ဒေါ်ခင်မေဘကို တွေ့ရလေသည်။

"ဒေါ်ဒေါ်မေ အဝတ်တွေလျှော်မလို့လား။ ဟင် ... အဝတ်တွေကလည်း များလှချည်လား။ ဟယ် ... အစ်ကို့အကျီတွေပဲ"

"ဟုတ်ပါ့ကွယ်။ သမီးအစ်ကိုက ရန်ကုန်မသွားခင်က ဝတ်ပြီးသားအကျီတွေ ထားခဲ့တာလေ။ ဒေါ်ဒေါ်မေလည်း အရင်နေ့တွေက ကိုယ်နည်းနည်း ပူချင်တာနဲ့ ခုမှဖွပ်ဖြစ်တော့တယ်"

"ဩော် ... အစ်ကိုကတော့ ငရဲကြီးတော့မှာပဲ။ နေမကောင်းရင် ဖယ်ပါ ဒေါ်ဒေါ်မေ။ သမီး ဖွပ်ပါ့မယ်"

ဖွေးက ပြောပြောဆိုဆို ဒေါ်ခင်မေဘနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ ကိုသက်ဆွေအကျီများကို ဆွဲယူလိုက်သည်။

"မလုပ်ပါနဲ့ သမီးရဲ့။ မနှင်းဖြူသိသွားလို့ သူ့သမီးကို အဝတ်ဖွပ်ခိုင်းတယ်ဆိုပြီး ရန်တွေ့နေပါဦးမယ်"

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဒေါ်ဒေါ်၊ မေမေ့အဝတ်အစားတွေလည်း နော်ထူးပေးတားရင် သမီးပဲ လျှော်ပေးနေကျပါ။ မေမေက သူဌေးသမီးဆိုပြီး ပေါ်ကြော့နေတာ မကြိုက်ဘူး။ အိမ်မှုကိစ္စကို တတ်နိုင်သမျှလုပ်ရမယ်တဲ့။ မေမေ ဒေါ်ခင်စမ်းကလည်း ဒီအတိုင်း သင်ခဲ့တာ"

"သြော်... သိပ်လိမ္မာတဲ့ သမီးလေးရယ်"

ဒေါ်ခင်မေဘာက မျက်ရည်ဝေသော မျက်လုံးများဖြင့် ဖွေးကို ကြည့်ရင်း ချီးကျူးလိုက်သည်။

ကဲ... ကဲ... ဒါဖြင့်လည်း သမီးအစ်ကိုအင်္ကျီတွေပဲ ဖွပ်။ ဒေါ်ဒေါ်က ပုဆိုးတွေဖွပ်မယ်"

"ဟွန်း... အစ်ကိုအင်္ကျီတွေကလည်း ချွေးစော်ကို နံ့နေတာပဲ"

ဖွေးက မဲ့ကာရွဲ့ကာ ပြောလိုက်သည်။ ပြောမယ့်သာပြောသော်လည်း အစ်ကို့ချွေးနံ့လေးများရတော့ အစ်ကိုနှင့် အနီးကပ်နေရသလို ခံစားရကာ အင်္ကျီများကို ဒူးပေါ်တင်ပြီး အစ်ကို့ကိုယ်နံ့များကို ခံစားနေမိသည်။ ဒီလိုဆိုတော့ အစ်ကို့ရင်ခွင်ကြီးထဲပဲ ရောက်နေသလိုလို။

"ဒေါ်ဒေါ်မေကလေ... သားကြီးကို အခုမှ ပြန်တွေ့ရတော့ သားကြီးအတွက် ခုလိုလုပ်ကိုင်ပေးရတာကို သိပ်ကြည်နူးတာပဲ။ အနှစ်အစိတ်လောက်ကွဲနေသမျှ အတိုးချ ချစ်နေရတာပေါ့ သမီးရယ်"

မိန်းမသားနှစ်ယောက်မှာ ကိုသက်ခွေအတွက် ခံစားချက်ကိုယ်စီဖြင့် ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်သွားကြသည်။

"ဟော... ဆပ်ပြာကုန်သွားပြီ"

"သမီး သွားယူလိုက်မယ် ဒေါ်ဒေါ်မေ"

"မီးဖိုထဲက ကြောင်အိမ်အောက်ဆုံးထပ်မှာ သမီး။ နှစ်ခဲရှိသေးတာ တစ်ခါတည်း ယူခဲ့ပေတော့"

ဆပ်ပြာသွားယူရန် ဖွေးကထိုင်နေရာမှ ထလိုက်သည်။

ရုတ်တရက် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွား၏။

"အို... "

အဘယ်ကြောင့်မသိ။ လူတစ်ကိုယ်လုံး ယိုင်သွားအောင်ပင် မူးဝေသွားလေ၏။ လဲကျသွားမည်စိုး၍ စည်ပိုင်းကို လှမ်းကိုင်လိုက်ရသည်။

"ဟဲ့... ဘာဖြစ်လို့လဲ သမီး"





"ခေါင်းထဲက မူးသွားတယ် ဒေါ်ဒေါ်"

"ထိုင်ရာက ချက်ချင်းထလိုက်လို့ ထင်တယ်"

"အင်း... ရင်ထဲကလည်း ပျို့လာတယ်။ အန်ချင်သလိုပဲ"

ဖွေး စကားပင်ဆုံးအောင် မပြောလိုက်နိုင်။ ရင်ဘတ်ကို ဖိကာ အန်ချလိုက်သည်။

"အေ့... "

ဒေါ်ခင်မေဘာက ထလာပြီး ဖွေးကျောကို နောက်မှနှိပ်ပေးထားသည်။

"အန်လေ... အန်ချလိုက်။ ဘာတွေ မတည့်တာစားလာလို့လဲ"

တံတွေးများသာ တပျစ်ပျစ် ထွက်လာ၏။ အန်လို့မရပါ။

ဒေါ်ခင်မေဘာ မျက်မှောင်ကြီး ကုပ်သွားသည်။

"လာ... သမီး။ အိမ်ထဲသွားကြအောင်"

ဒေါ်ခင်မေဘာက ဖွေးကို အိမ်ထဲ တွဲခေါ်လာခဲ့သည်။

"မူးသေးလား"

"မမူးတော့ပါဘူး ဒေါ်ဒေါ်။ ရင်ထဲမှာတော့ တလှပ်လှပ်နဲ့"

ဒေါ်ခင်မေဘာက ဖြူဖွေးဖော့ ရင်ဘတ်နားဆီသို့ စမ်းကြည့်လိုက်သည်။ ပြီး အောက်ကိုတစ်ဆင့်လျှော၍ ဝမ်းဗိုက်ကို စမ်းကြည့်၏။ ဒေါ်ခင်မေဘာ ဘာရည်ရွယ်ချက်နှင့် လုပ်နေသည်ကို ဖြူဖွေးဖော့ ရိပ်မိလာသည်။ ရင်မှာ တထိတ်ထိတ် ခုန်လာရ၏။

"သမီးလေးရယ်"

ဒေါ်ခင်မေဘာက ညည်းညူလိုက်သည်။

"ဒေါ်ဒေါ်မေ... ဘာဖြစ်လို့လဲဟင်။ သမီး... သမီး၊ ဘာဖြစ်လို့လဲ ဒေါ်ဒေါ်မေ"

"အင်း... ဆံစလေးတွေလည်း ခြောက်လို့။ ဟုတ်နေပါပြီ"

"ဒေါ်ဒေါ်မေ"

"သမီးမှာ... သမီးမှာ ကိုယ်ဝန်နဲ့ပါလားကွယ်"

"အမယ်လေး"

လူတစ်ကိုယ်လုံး ပြာဝေသွားသည်။ ကျူးလွန်မိသော အမှားအတွက် ဒဏ်ခတ်ခံရချေပြီ။ ရှက်စိတ်ကြောင့် ထူပူသွားကာ မျက်နှာမထားတတ်အောင် ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး... ဒေါ်ဒေါ်မေ့ကို ပြောစမ်း။ ဒေါ်ဒေါ်မေ့ကို ပြောစမ်းပါ။ ဒီကိုယ်ဝန် ဘယ်သူနဲ့ ရတာတုံး"

ဖြူဖွေးဖော့ ခေါင်းကိုခါယမ်းနေမိ၏။

"ပြောစမ်းပါ သမီးရယ်။ ဒေါ်ဒေါ်မေ ရင်ထိတ်လွန်းလို့ပါ"

"ဟင့်အင်း ... ဟင့်အင်း"

"သမီးချစ်သူက ဘယ်သူလဲဟင ... ဘယ်လိုလူလဲ"

ဖွေး ပြန်မဖြေနိုင်။ မဖြေချင်။ အစ်ကိုမရှိတဲ့အချိန်မှ ဒုက္ခနှင့်ကြုံရသည်။ အစ်ကိုရယ် ... ကယ်ပါဦး။

"ဘယ်သူနဲ့လဲ။ ပြောစမ်းပါကွယ်။ ဒေါ်ဒေါ်မေ ရင်ထိတ်လိုက်တာ လွန်ပါရော"

"မပြောပါရစေနဲ့ ဒေါ်ဒေါ်။ အချိန်တန်ရင် ဒေါ်ဒေါ်မေ သိလာမှာပါ"

"အိုး... ဒါ့ထက် အချိန်တန်တာ ရှိဦးမလားဟဲ့။ အခုပဲ"

ဒေါ်ခင်မေဘက စိတ်မရှည်နိုင်စွာ မာဆတ်သောလေသံဖြင့် ပြောလိုက်သည်။

"တကယ်ပဲ ဒေါ်ဒေါ်မေ့ကို ပြောမပြနိုင်ဘူးလား သမီး။ ဒေါ်ဒေါ်မေ တစ်ယောက်တည်း သိရုံတော့ ပြောပြပါ သမီးလေးရယ်"

ဒေါ်ခင်မေဘက မျက်ရည်များကျလာရင်း မရမက မေးနေသည်။

"သမီး ပြန်ပါရစေ ဒေါ်ဒေါ်။ သမီး ပြန်တော့မယ်"

ဖြူဖွေးဖော့သည် ဒေါ်ခင်မေဘ တားဆီးနေသည့်ကြားမှ ဖွတ်ပြန်လာခဲ့လိုက်၏။

ဒေါ်ခင်မေဘသည် မျက်ရည်များကျရင်း ဖွေးအတွက် ရင်မောစွာ ကျန်ရစ်ခဲ့လေသည်။

"သမီးလေး... သမီးလေး... သမီးလေးက အမေ့ကို မပြောချင်ဘူး၊ မတိုင်ပင်ချင်ဘူးကိုး။ အမေ ရင်နာလိုက်တာ သမီးလေးရယ်၊ ဝမ်းနဲ့လွယ်မမွေးခဲ့ရပေမဲ့ ဒီအမေက သမီးအတွက် ဘယ်လောက် ရင်ပူနေရတယ်ဆိုတာ သမီးက မသိရှာဘူး။ သမီးလေး တွေ့နေရတဲ့ ဒုက္ခတွေကို အမေကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းပေးမယ် သမီးရေ"

◈ ◈ ◈

—၁၉—

အိမ်ပြန်ရောက်တော့ ဖြူဖွေးဖော့အခန်းထဲ ပြေးဝင်ပြီး အိပ်ရာထဲ လှဲနေလိုက်မိသည်။ အတွေးများက ဦးနှောက်တစ်ခုလုံး ပြည့်ကျပ်ရှုပ်ထွေးနေအောင် အလုပ်ပေးလျက်ရှိ၏။

ကိုယ်ဝန်။ ငါ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့။

ဖုံးဖိထားလို့ရသည့် အရာမျိုးမဟုတ်။ အချိန်တန်လျှင် လူတွေ သိလာကြလိမ့်မည်။ ဖွေး ရှက်သည်။ သိပ်ရှက်သည်။ တစ်ကြိမ်တစ်ခါ ပြုမိသော အမှားအတွက် ကံတရားက ဖွေးကို ရက်စက်စွာ ဒဏ်ခတ်လိုက်ပြီထင်သည်။

အစ်ကိုနှင့် ယခု လက်ထပ်နိုင်သည်ထားဦး။ လူကဲ့ရဲ့ခံရမည့်အဖြစ်ပါ။ မေမေဒေါ်နှင်းဖြူ သိသွားလျှင်ကော၊ တွေးရုံနှင့် ဖွေးမှာ ကြက်သီးဖြန်းဖြန်း ထသွားရသည်။ တွေ့တာမှ မကြာသေးတဲ့မေမေ့ရဲ့ အထင်အမြင် သေးမှု ခံရတော့မည်။

အစ်ကို။

အစ်ကိုသာ ဒီအကြောင်းတွေသိရင် ဘယ်လိုနေမလဲ။ မြန်မြန် ပြန်ရောက်လာပါတော့ အစ်ကိုရယ်။ အစ်ကိုနဲ့အတူဆိုရင်ဖြင့် ဘာမဆို ဖွေး ရင်ဆိုင်ရဲပါသည်။

"ဒေါက်... ဒေါက်... ဒေါက်"

အခန်းတံခါးခေါက်သံကြားရပါ၍ ဖွေး လှဲနေရာမှ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒေါက် . . . ဒေါက်''

''ဘယ်သူလဲ''

''ဒေါ်ဒေါ်မေပါ သမီး''

ဒေါ်ခင်မေဘာ အိပ်အထိလိုက်လာပါ၍ ဖြူမွေးဖော့ အံ့သြသွားရပါသည်။ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

ဒေါ်ခင်မေဘာက အခန်းထဲဝင်လာကာ တံခါးကိုပြန်စေ့ထားလိုက်သည်။ သူမက ဖွေး၏လက်မောင်းကို ဆုပ်ကိုင်လိုက်ရင်း . . .

''သမီး . . . ငိုနေသလားဟင်''

ကာယကံရှင်နီးပါး စိုးရိမ်ကြောင့်ကြနေသည့် ဒေါ်ဒေါ်မေ့ကို ကြည့်၍ ဖွေး သနားသွားရသည်။

''မငိုပါဘူး ဒေါ်ဒေါ်မေ''

''စိုးရိမ်လို့လိုက်လာတာ။ သမီး စိတ်ညစ်ညစ်နဲ့ တင်းခုခု လုပ်ပစ်လိုက်မှာစိုးလို့''

''ဩော် . . . ဒေါ်ဒေါ်မေရယ်''

''သမီး ဒီအကြောင်းကို ဘယ်သူ့မှ မပြောရသေးဘူး မဟုတ်လား။ မနှင်းဖြူတို့ မသိသေးဘူး မဟုတ်လား''

''ဒေါ်ဒေါ်မေတစ်ယောက်ပဲ သိပါသေးတယ်''

''ဒေါ်ဒေါ်မေ အားလုံးအဆင်ပြေအောင် ဖြေရှင်းပေးမယ်။ ဘယ်သူနဲ့ ဖြစ်ခဲ့တယ်ဆိုတာတော့ ဒေါ်ဒေါ်မေ သိအောင် ပြောကွယ်''

မေးလွန်းမက မေးတော့ ဖွေး အဖြစ်မှန်ကို ပြောလိုက်ရတော့မလို ဖြစ်သွားသည်။ ဒါပေမဲ့ ကိုယ့်ချစ်သူရဲ့အမေတစ်ယောက်ကို ဖွင့်ပြောဖို့ ဖွေးမှာ အင်အားမရှိပါ။

''မပြောဘူးလား သမီး''

''မပြောပါရစေနဲ့ ဒေါ်ဒေါ်''

''ဟင်း . . . ''

ဒေါ်ခင်မေဘာမျက်နှာက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။ အံကို တင်းတင်းကြိတ်လိုက်ရာ မေးကြောကြီးများထောင် ထလာလေ၏။

ဒေါ်ဒေါ်မေ၏ ရုတ်တရက် ပြောင်းလဲသွားသော မျက်နှာထားကြောင့် ဖွေးပင် လန့်သွားမိသည်။





''ဒေါ်ဒေါ်မေ ပြောပြတာတွေကို သေချာနားထောင်။ ဒီအကြောင်းတွေကို ခုအချိန်မှာ ပြောမယ်လို့ မရည်ရွယ်ခဲ့ဘူး။ ဒါပေမဲ့ ခုတော့ ပြောရတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးက ဒေါ်ဒေါ်မေ့အပေါ်မှာ စိုးကားလွန်းလို့။ ဒေါ်ဒေါ်မေကဖြင့် သမီးကို ချစ်လိုက်ရတာ။ ဂရုစိုက်လိုက်ရတာ။ ဒေါ်ဒေါ်မေဟာ ဘာ့အတွက် သမီးကို ဒါလောက်ဂရုစိုက်နေရတယ်ဆိုတာကို သမီးသိအောင်ပြောပြတော့မယ်။ ဒေါ်ဒေါ်မေ့ စကားဆုံးတဲ့အခါ သမီးအတွက် ကမ္ဘာပေါ်မှာ အားအကိုးရဆုံးသူဟာ ဒေါ်ဒေါ်မေပဲဆိုတာ သိလာရလိမ့်သမီး။ သမီးရဲ့ပြဿနာကို ဒေါ်ဒေါ်မေ့ကို ဖွင့်ဟတိုင်ပင်စေချင်လို့ အနှစ်နှစ်အလလ ထိန်ဝှက်ထားခဲ့တဲ့ အကြောင်းတစ်ခုကို သမီး သိအောင် ပြောပြတော့မယ် သမီးရေ''

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## -၂၀-

နှစ်ပေါင်းများစွာ ထိန်ဝှက်ထားခဲ့သည့်အကြောင်းများ။

တစ်နည်းအားဖြင့် ဤကမ္ဘာပေါ်တွင် ဒေါ်ခင်မေဘာ တစ်ဦးတည်းသာ သိသော ဖြစ်ရပ်များ။

ဒေါ်ခင်မေဘာက နောက်ကြောင်းဖြစ်ရပ်မှန် အစုံအလင်ကို ဖြူဖွေးဖော့အား ဇာတ်စုံခင်း ဖွင့်ပြောပြပါလေတော့သတည်း။

၀

"မငိုပါနဲ့တော့ မနှင်းဖြူရယ်။ ကိုယ့်ကိုယ်ကို အားရှိအောင် နေရဦးမယ် မဟုတ်လား။ သွေးနုသားနုနဲ့ မငိုပါနဲ့တော့ကွယ်"

"ဩော်... မေဘာရယ်။ ငါ့ဝမ်းနဲ့ လွယ်မွေးထားတဲ့ သမီးလေး။ လူ့လောကရောက်တာ လပိုင်းပဲရှိသေးတဲ့ သမီးလေးကို ခွဲရတော့မယ်ဆိုတော့ ငါ ဝမ်းနည်းလွန်းလို့ပါအေ။ ငါ မငိုဘဲနေနိုင်ပါ့မလား"

မနှင်းဖြူကပြောရင်း ပိုသည်းစွာ ငိုလိုက်ပြန်သည်။

ခင်မေဘာက မနှင်းဖြူလက်ထဲမှ သမီးလေးကို လှမ်းယူလိုက်၏။ သမီးလေးက မိခင်နှ နှင့်ပစ်ခံရတော့မည်ကို မသိရှာဘဲ ပြုံးရယ်နေလိုက်သည်မှာ ပါးချိုင့်လေးခွက်နေသည်အထိပင်။

ခင်မေဘာက သေတ္တာကို ကောက်ယူလိုက်၏။

ချမ်းမြေ့ရိပ်မြုံမှ အပြန်ဆုံးထွက်ခွာပါတော့မည်။ မျက်စိအောက်မှာ ကလေးကို မြင်နေရလျှင် မနှင်းဖြူ တိုး၍ခံစားနေရဦးမည်။

ခင်မေဘာသည် လသမီးလေးဖြူဖွေးဖော့ကို ချီပွေ့ကာ ချမ်းမြေ့ရိပ်မြုံသုခဘုံစံအိမ်ကြီးမှ အပြန်ဆုံးထွက်ခွာလာခဲ့တော့သည်။ သူမအသက် ၁၃ နှစ်အရွယ်ကတည်းက အိမ်ဖော်အဖြစ် နေလာခဲ့သည့်အိမ်ကြီးကို နှုတ်ဆက်ကြည့်ဖြင့် ကြည့်လိုက်သည်။

သည့်နောက် လှေတစ်တန်၊ ကားတစ်တန်၊ ရထားတစ်တန်ဖြင့် သူမ ရည်ရွယ်ထားသည့်မြို့သို့ ထွက်ခွာခဲ့လေတော့သည်။

ခင်မေဘာ ရှေးရှုထွက်ခွာခဲ့သည့်မြို့က သရက်မြို့။

၀

www.burmeseclassic.com

www.burmeseclassic.com

"သမီးလေးက ချစ်စရာလေးနော်"

မယဉ်ခန့်က သမီးလေးကို ချော့မြှူရင်းမှ ပြောလိုက်၏။

"ကိုယ်တို့မှာ ဒီလိုသမီးလေးမျိုးတစ်ယောက်လောက် ရှိရင် ကောင်းမှာပဲ"

"ဟုတ်တယ် ကိုရွှေရိုးရယ်၊ ကျွန်မတို့မှာ အိမ်ထောင်သက်သာ ခြောက်နှစ်ကျော်လာတယ်။ ကလေးက မရနိုင်ဘူး"

ခင်မေဘာက အိပ်ရာပေါ်တွင် နွမ်းခွေစွာ လဲလျောင်းနေရင်းမှ ကလေး ကိုချော့မြှူရင်း ပြောနေကြသည့် ကိုရွှေရိုးနှင့် မယဉ်ခန့်တို့ လင်မယားစကားများကို နားထောင်နေမိသည်။

ခင်မေဘာ သရက်မြို့ကို ရောက်ခဲ့သည်မှာ လေးရက်ပင် ရှိခဲ့ပါပြီ။

ချမ်းမြေ့ရိပ်မြုံမှထွက်လာစဉ်ကတည်းက ကလေးကို ဘယ်သူ့ လက်မှာ အပ်ရလျှင်ကောင်းမလဲဟု စဉ်းစားခဲ့ရာ ဒေါ်လှလှနှင့်ဒေါ်ခခဆိုသည့် ကျောင်းဆရာမအပျိုကြီးနှစ်ဦးကို သတိရမိလေသည်။

ခင်မေဘာ ချမ်းမြေ့ရိပ်မြုံမှာ အလုပ်မဝင်ခင်က ဒေါ်လှလှ၊ ဒေါ်ခခ ဆိုသည့်ကျောင်းဆရာမညီအစ်မအိမ်တွင် အလုပ်လုပ်ခဲ့သေးသည်။ အပျိုကြီး ညီအစ်မက ရှမ်းပြည်နယ်မှ ပြောင်းလာကာ ကျောင်းကုန်းတွင် တာဝန်ကျစဉ် တုန်းကဖြစ်၏။ အပျိုကြီး ညီအစ်မ သရက်မြို့ကို ပြောင်းသွားရမှ ချမ်းမြေ့ရိပ် မြုံမှာ အလုပ်ဝင်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။

ဒေါ်လှ၊ ဒေါ်ခတို့ ပြောင်းသွားခါစက ခင်မေဘာ သရက်မြို့အထိ လိုက်လည်ခဲ့ဖူး၍ သရက်မြို့အရောက် သွားတတ်နေပါသည်။





ဖြူဖွေးဖော့လေးကို မွေးစားမည့်သူရှာ၍ အပ်ပေးဖို့ မနှင်းဖြူက တာဝန်ပေးလိုက်တော့ ကလေးချစ်တတ်သော အပျိုကြီးကျောင်းဆရာမ ညီအစ်မကို သတိရမိသည်။ သို့ဖြင့် ဖြူဖွေးဖော့လေးကို ဆရာမညီအစ်မထံ အပ်နှံထားရန် သရက်သို့ လာခဲ့ခြင်းဖြစ်ပါ၏။

သရက်ရောက်တော့ အပျိုကြီးနှစ်ဦး၏အိမ်ကို စမ်းတဝါးဝါး ရှာရသည်။ လွန်ခဲ့သော ဆယ့်သုံးလေးနှစ်၊ အသက် ၁၂ နှစ်သမီးအရွယ်က ရောက်ခဲ့တာမို့ သိပ်မမှတ်မိတော့။ မြို့အနေအထားကလည်း ပြောင်းသွားခဲ့ပြီ။

မေးရင်းမြန်းရင်းမှ လာခဲ့ရာ ဈေးနှင့် မနီးမဝေးရှိ ရွှေဘုံသာဘုရား ကြီးကို မြင်လိုက်မှ မှတ်မိလာသည်။ ရွှေဘုံသာဘုရားဘေးရှိ သံကြိုးလမ်း ထိပ်က အိမ်ကလေးတွင် ဒေါ်လှ၊ ဒေါ်ခတို့ ငှားနေခဲ့ကြသည်။

အိမ်ကိုမှတ်မိလိုက်၍ အိမ်ထဲဝင်ခဲ့လိုက်သည်။

"ဆရာမ . . . ဆရာမ"

ခင်မေဘာက အိမ်ထဲကို လှမ်းအော်ခေါ်လိုက်၏။

ခင်မေဘာနှင့် ရွယ်တူအမျိုးသမီးတစ်ဦး အိမ်ထဲမှ ထွက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

"ဆရာမတို့ မရှိကြဘူးလား"

"ရှင် အိမ်မှားပြီ ထင်တယ်"

"ဆရာမ ဒေါ်လှလှ၊ ဒေါ်ခခတို့အိမ် မဟုတ်ဘူးလား"

"သြော် . . . သူတို့ ပြောင်းသွားကြတာ ကြာပြီရှင့်"

"ဟင် . . . "

ခင်မေဘာမှာ မောဟိုက်သွားရလေ၏။

ထိုစဉ် အိမ်ရှေ့သို့ ယောကျ်ားတစ်ယောက် ထွက်လာသည်။

"ညည့်သည်လား ခန့်"

"ဆရာမ ဒေါ်လှလှတို့ ဒေါ်ခခတို့ကို လာမေးတာ ကိုရွှေရိုး"

"သူတို့ပြောင်းသွားတာ ကြာပြီပဲ"

အားကိုးတကြီးလာခဲ့သည့် အိမ်ရှင်များမရှိဘူးဆို၍ အင်အားများ ယုတ်လျော့သွားရသည်။ ခရီးရှည်ကြီး လာခဲ့ရကာ ကလေးကတစ်ဖက်နှင့်မို့ ပင်ပန်းလွန်းလှပါသည်။

"အိမ်ထဲဝင်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရှင်မက ဖိတ်ခေါ်၍ ဧည့်ခန်းထဲမှာ နွမ်းလျှစွာဝင် ထိုင်လိုက်မိသည်။

"ဆရာမတို့နဲ့ အမျိုးလား"

"ဟုတ်ကဲ့"

"ဆရာမတို့ ပင်စင်ယူပြီး ရှမ်းပြည်နယ် ပြန်သွားတာ လေးနှစ်လောက် ရှိပြီ"

"ဘယ်တတ်နိုင်မလဲရှင်။ ဒါနဲ့ ဒီမြို့မှာ တည်းခိုခန်းတွေ ဘာတွေတော့ ရှိမှာပေါ့နော်"

"ဒီကညီမက နေရော ကောင်းရဲ့လား"

အိမ်ရှင်မက ကြင်နာစွာ မေးလိုက်သည်။

"ခရီးပန်းလွန်းလို့ပါ။ အဖျားဝင်ချင်သလိုပဲ"

"ဒီမှာတည်းခိုခန်း ဘယ်ရှိမှာလဲ ညီမရဲ့"

"ဟင် . . . ဒုက္ခပဲ"

"ကလေးကလည်း တစ်ပေါက်နဲ့ကွယ်။ အစ်မတို့ဆီမှာပဲ တည်းနိုင်ပါတယ်။ ဆရာမတို့အမျိုးဆိုလို့ပါ။ ဆ...မတို့နဲ့လည်း ကျေးဇူးမကင်းပါဘူး"

"ဟုတ်သားပဲ။ ဒီမှာပဲ တည်းလိုက်ပါ"

အမျိုးသားကလည်း ဝင်၍ထိုက်တွန်းလိုက်၏။

"ညီမက ဘယ်ကလာခဲ့တာလဲ"

"ကျောင်းကုန်းမြို့ကပါ"

"အလို . . . ပုသိမ်ကျောင်းကုန်းလား၊ အဝေးကြီးပါလား"

"ခရီးရှည်ကြီးကို နှစ်ရက်တည်းနဲ့ အရောက်လာခဲ့တာ အစ်မ။ ကလေးက တစ်ဖက်နဲ့မို့ ပင်ပန်းသွားတာပါ"

"ကဲ... ကဲ... ရောက်မှတော့ ဒီမှာပဲ တည်းနေပါတော့။ ဒါနဲ့ ညီမနာမည်က ဘယ်လိုခေါ်သလဲ"

"ကျွန်မ . . . ကျွန်မ နာမည်။ အဲ . . . ကျွန်မနာမည်က မနှင်းဖြူ ပါရှင်"

"ဪ . . . မနှင်းဖြူတဲ့လား"

၈

ခင်မေဘာက သူ့နာမည်သူ မနှင်းဖြူဟု ပြောလိုက်ခြင်းမှာ အကြောင်း ရှိပါသည်။

မနှင်းဖြူကိုယ်တိုင်က စိစဉ်ပေးလိုက်သည့် အစီအစဉ် ဖြစ်သည်။

သမီးလေးကို မွေးစားမည့်သူများလက်ထဲသို့ ပေးအပ်ရာတွင် မိခင်ရင်း မနှင်းဖြူကိုယ်တိုင်က ပေးအပ်သည့်သဘောမျိုး ဖြစ်စေလိုသည်။ ထို့ကြောင့် မနှင်းဖြူက ခင်မေဘာကို သူ့အနေမျိုးဖြင့် ဟန်ဆောင်ရန် သင်ပေးလိုက်ခြင်း ဖြစ်ပါ၏။

အပျိုကြီးညီအစ်မနှင့် တွေ့လျှင်တော့ ယခုလို ဟန်ဆောင်စရာ မလိုတော့ပါ။ အကျိုးအကြောင်း ပြောပြရုံပင်။

လူစိမ်းများကိုတော့ မနှင်းဖြူအဖြစ်သာ သိစေရမည်ဖြစ်၍ ခင်မေဘာက သူ့နာမည်ကို ယခုကတည်းက မနှင်းဖြူဟု မိတ်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

အိမ်ရှင်မယဉ်ခန့်နှင့် သူ့ယောကျ်ားကိုရွှေရိုးတို့မှာ စိတ်သဘောထား ကောင်းမွန်သူများ ဖြစ်ကြသည်။

တစ်ခါမျှ မမြင်ဖူးသည့် သူစိမ်းတစ်ယောက်ကို အိမ်မှာ လက်ခံ၍ နေမကောင်းသည်ကို ပြုစုပေးရှာသည်။ ကလေးကိုလည်း ထိန်းပေးသည်။

သားသမီးမရှိနိုင်သည့်လင်မယားမို့ ကလေးလိုချင်နေကြရာ ဝဝကစ်ကစ် အိအိထွေးထွေး ဖြူဖွေးဖော့လေးကို လက်ပေါ်ကမချတမ်း ချော့မြူချီပွေ့၍ မဝတော့။



www.burmeseclassic.com

www.burmeseclassic.com



''ဖြူဖွေးဖော့လေးက သိပ်ချစ်ဖို့ကောင်းတာပဲနော်။ ကြီးရင်လည်း လှဦးမှာပဲ။ ကြည့်ပါဦး ပါးချိုင့်လေးနဲ့''

''ကျွန်မသမီးလေးကို မမတကယ်ချစ်လားဟင်''

''သိပ်ချစ်တာပဲကွယ်။ ဒီလိုကလေးမျိုး မမ ရချင်လိုက်တာ။ ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ်ပါ''

''ဒါဆိုလည်း သမီးလေးကိုသာ ယူထားလိုက်ပါတော့ မမရယ်''

''ဘာကွယ့် မနှင်းဖြူ''

''ကျွန်မ ဒီမြို့ကိုလာတာကိုက ဆရာမတို့ကို ကလေးပေးဖို့ပါ။ ကျွန်မဘဝက ဆိုးပါတယ် မမရယ်''

ခင်မေဘာက သူ့ကိုယ်သူ မနှင်းဖြူအဖြစ်နှင့် မနှင်းဖြူ၏ ဖြစ်ရပ်ကုန်စင်ကို ပြောပြလိုက်တော့သည်။

''ဖြစ်ရလေ မနှင်းဖြူရယ်။ မိဘတွေ ချမ်းသာကြွယ်ဝပါလျက်နဲ့ ကိုယ့်ကလေးကိုယ် စွန့်ပစ်ရတဲ့အဖြစ်ဆိုးပါလား''

''ဒါကြောင့် စိတ်ချယုံကြည်တဲ့သူကို ကျွန်မက အပ်ခဲ့ချင်တာပါ။ မမခန့်တို့က ကလေးလည်း မရှိ၊ ကလေးလိုချင်နေကြသူတွေ။ ကျွန်မ သမီးလေးကိုလည်း ချစ်တာတွေ့ရလို့ မမခန့်တို့ကိုပဲ ပေးခဲ့ဖို့ ဆုံးဖြတ်လိုက်တာပါ''

ကလေးကိုစောင့်ရှောက်ခအဖြစ် ငွေသုံးထောင်နှင့်အတူ ဘိုးဘွားပိုင် ဘယက်ကြီးကိုပါ ပေးခဲ့ဦးမည်ဆို၍ မယဉ်ခန့်နှင့် ကိုရွှေရိုးက အံ့သြနေကြသည်။ သူတို့အတွက်တော့ အတိုင်းထက်အလွန်ပင်။

သို့ဖြင့် ရပ်ကွက်လူကြီးစုံရာများရှေ့၌ စာချုပ်ချုပ်ကာ ကလေးကို ဘယက်ကြီး၊ ငွေသုံးထောင်နှင့်အတူ မွေးစားရန် ပေးအပ်လိုက်လေသည်။

အားလုံးက ခင်မေဘာကို မဖြစ်သာ၍ ကလေးစွန့်ပစ်ရသော သူဌေးသမီးလေး မနှင်းဖြူအဖြစ် သနားနေကြလေသည်။

''ကျွန်မ ကျွန်မရဲ့သမီးလေးကို အပြီးတိုင်စွန့်ပစ်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်မ ဖခင်ကြီး မရှိတော့တဲ့နောက်ပိုင်းမှာ ပြန်ခေါ်ပါ့မယ်။ဘယက်ကြီးဟာလည်း ကျွန်မသမီးလေးဖြစ်ကြောင်း သက်သေရအောင် ပေးခဲ့တာပါရှင်''

ကလေးကို ကိုရွှေရိုး၊ မယဉ်ခန့်တို့ မွေးစားရန် လူကြီးစုံရာရှေ့မှာ တရားဝင်ပေးအပ်ပြီး နောက်တစ်နေ့မှာပင် ခင်မေဘာ သရက်မြို့မှ ပြန်ခဲ့သည်။

''အေးအေးဆေးဆေးမှ ပြန်ပါလား မနှင်းဖြူရယ်''

ဆုပြည့်စုံထွန်းစာပေ



''မဖြစ်ဘူး မမခန့်။ ကျွန်မ ဒီကပြန်ရင် ပုသိမ်ကသူဌေးသားတစ်ယောက်နဲ့ပေးစားဖို့ ဖေဖေက စီစဉ်ထားတယ်။ ကလေးကိုသာ ဂရုစိုက်ပါရှင်။ ကျွန်မ စိတ်ချပါရစေနော်''

မနှင်းဖြူအဖြစ် သရုပ်ဆောင်ကောင်းခဲ့သော လုပ်ရပ်များကို မယဉ်ခန့်တို့၊ ကိုရွှေရိုးတို့ကလည်း အကြွင်းမဲ့ယုံကြည်ခဲ့လေသည်။

ခင်မေဘာအဖို့ ကျောင်းကုန်းကို အမြန်ပြန်ဖို့ကိစ္စက ရှိသေးသည်။ ငပုတောကို ကိုတင့်တယ်ခေါ်သွားသည့် သားလေးကို ပြန်ခေါ်ရဦးမည် မဟုတ်လား။

သို့ဖြင့် မင်္ဂလာကိစ္စရှိသည်ကို အကြောင်းပြကာ နောက်တစ်နေ့မှာပင် သရက်မြို့မှ ပြန်ခဲ့ပါတော့သည်။

၀

www.burmeseclassic.com

www.burmeseclassic.com

ပြည်သို့ ထွက်မည့်ကားပေါ် ရောက်လျှင်ရောက်ချင်း ခင်မေဘာ ဖျားလေတော့သည်။ ပယည်ခန့်တို့အိမ်တွင် ပျောက်သလိုလို ရှိလာခဲ့သော အဖျားက ပြန်ထလာခဲ့သည်။ ကားပေါ်မှာ လေကလည်း တိုးသည်မို့ ကိုယ်ပူ ရှိန်မှာ တရိပ်ရိပ် တက်လာသည်။

ကား ပြည်သို့ဝင်၍ ဂိတ်ဆုံးသိရောက်သည်ကိုပင် ခင်မေဘာ မသိ တော့။ သတိလစ်တစ်ချက်၊ ရတစ်ချက်ဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

ခရီးသည်များအားလုံး ကားပေါ်ကဆင်းသွားပြီး ပစ္စည်းများလည်း ကားပေါ်ကချအပြီးတွင် ကားပေါ်မှမဆင်းသေးသော ခရီးသည်ကို စပယ်ယာ လေးက လာကြည့်သည်၊ သတိလစ်မေ့မြောနေသော ခင်မေဘာကို တွေ့လိုက် ရတော့သည်။

''ကိုတုပ်ဖား ... ကိုတုပ်ဖား''

စပယ်ယာလေးက ဒရိုင်ဘာကို လှမ်းခေါ်လိုက်သည်။

''ဒီမှာ မိန်းမတစ်ယောက်။ မူးလဲနေတာ ထင်တယ်''

ဒရိုင်ဘာ ကိုတုပ်ဖား ရောက်လာ၍ စမ်းကြည့်လိုက်တော့ ကိုယ်တွေ ပူနေတာ တွေ့ရသည်။

''ဟာ... ကိုယ်တွေပူလို့ ဖျားနေတာပဲ။ ဒုက္ခပဲကွာ။ ဘယ်ကမှန်း မသိ၊ ဘာမှန်းမသိနဲ့''

နောက်ဆုံးတော့ ကိုတုပ်ဖားနေသည့်အိမ်ကလေးထဲသို့ မိန်းကလေး ကို ခေါ်ခဲ့ရတော့သည်။ ကိုတုပ်ဖားက ကားတားသည့်ဂိုဒေါင်ဘေးမှာပဲ အိမ် ကလေး ဆောက်၍နေသည်။





မိန်းကလေးကိုပြုစုဖို့ တစ်ဖက်အိမ်မှ အရီးလေးကို လှမ်းခေါ်အကူ အညီ တောင်းရတော့၏။

''အမယ်လေးတော်... တစ်ယောက်တည်းနေတဲ့ လူပျိုကြီးအိမ် ကိုမှ မိန်းကလေးညှော်သည်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရသေးတယ်။ အံ့ပါရဲ့''

အရီးလေးက ပြောလိုက်လေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

ခင်မေဘာ သတိရလာချိန်တွင် မိမိအိပ်နေသည့်အိပ်ရာဘေး၌ အကျအန ထိုင်နေသော ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ခင်မေဘာ လန့်သွားလေသည်။

"ရှင် . . . ရှင် . . . ဘယ်သူလဲ"

နေမကောင်းသောမိန်းကလေးက သတိရလာပြီး ရုတ်တရက် မေးလိုက်သည့်အခါ ကိုတုပ်ဖားကလည်း ပြန်၍လန့်သွားရလေသည်။

"အရီးလေးရေ . . . အရီးလေး လာပါဦးဗျ"

"ဟဲ့ . . . ဘာတုံး"

"ဒီမှာ ကောင်မလေး သတိရလာပြီ"

ကိုတုပ်ဖား အော်ခေါ်လိုက်၍ တစ်ဖက်အိပ်က အရီးလေး ရောက်လာသည်။

"ဩော် . . . တူမ သတိရလာပြီလား။ စိတ်မပူပါနဲ့ကွယ်။ အဖျားကျသွားပါပြီ။ တူမကြီး နှစ်ညတောင် သတိမေ့နေတာကွယ့်"

ထိုအခါမှ ခင်မေဘာ အကြောင်းစုံ သိလိုက်ရလေသည်။

အဖျားကျသွားသော်လည်း လုံးလုံးတော့ မပျောက်သေးချေ။ ထမင်းစားလို့ မရ၊ ဆန်ပြုတ်ကိုသာ သောက်နေရသည်။

ဒီရက်များမှာ ခင်မေဘာကို အနီးကပ်ပြုစုသူမှာ ကိုတုပ်ဖားဖြစ်သည်။ အရီးလေးကလည်း သူ့အလုပ်နဲ့သူမို့ အချိန်ပြည့်မလာနိုင်ပေ။





ခင်မေဘာကို ဆန်ပြုတ်တိုက်၊ ဆေးတိုက်၊ အိပ်သာတွဲပို့ပေးနှင့် ကိုတုပ်ဖားကသာ ပြုစုပေးနေရ၏။

သူ့ခမျာ အိပ်တော့လည်း ခင်မေဘာရှိနေ၍ အိပ်ရှေ့မှာ ပက်လက်ကုလားထိုင်လေးနှင့် ကွေးရရှာသည်။

ကိုတုပ်ဖားသည် ရိုးသားလွန်းသော လူပျိုကြီး ဖြစ်ပါ၏။

၀

www.burmeseclassic.com

www.burmeseclassic.com

ခုတော့ လူပျိုကြီး ရှာန်လျှောလေပြီ။

မိန်းမဆိုလို့ အမေအရင်းနှင့်ပင် မနေခဲ့ဖူးခဲ့ဘူးသော ကိုတုပ်ဖားမှာ ခင်မေဘကို သံယောဇဉ် တွယ်မိလေပြီ။

ခင်မေဘကို ဂေျာမှပွေ့၍ ဆေးတိုက်ရသည်။ ဆန်ပြုတ်ကို ကိုယ်တိုင် ခပ်တိုက်ရသည်။ ရှာန်မလျှောဘဲ ခံနိုင်ရိုးလား။

ခင်မေဘ နေကောင်းလာ၍ ခရီးဆက်တော့မည်ဆိုတော့ မပြန်ပါနဲ့တော့ဟု ဆိုလာသည်။ သူ့အချစ်တွေကို ဖွင့်ဟတော့သည်။

"ကိုတုပ်ဖား . . . ရှင် ကျွန်မအကြောင်း ဘာသိလို့လဲ"

"မင်းက လှတယ်လေ။ ငါ မင်းကိုမခွဲနိုင်တော့ဘူး။ မင်း ငါ့ကို ယူပါဟာ"

"ဩော် . . . ကိုတုပ်ဖား . . . ခက်ခက်ရချေသေးရဲ့။ ကျွန်မ နောက်ကြောင်းလေး ဘာလေးများ မေးစမ်းပါဦးတော့"

"ဟင် . . . "

"ကျွန်မက အပျိုမဟုတ်ဘူးရှင့်။ ကလေးတစ်ယောက် အမေ၊ မုဆိုးမ"

"ဘာ . . . "

ကိုတုပ်ဖား ကြက်ကြီး လည်လိမ်ထားသလို ဖြစ်သွားသည်။

ခဏနေမှ သူက စဉ်းစားရင်း ပြောသည်။





"'အပျိုမဟုတ်တော့ ဘာဖြစ်လဲဟာ။ မုဆိုးမဆိုတော့ ယောကျ်ားမှ မရှိတော့ပဲ။ လွတ်လပ်တာပဲ။ မင်း ငါ့ကိုချစ်ဖို့ပဲ လိုပါတယ်။ ငါနဲ့ပဲနေပါတော့ မခင်မေဘရယ်"

"ဩော် . . . ကိုတုပ်ဖား . . . ကိုတုပ်ဖား"

ခင်မေဘ စဉ်းစားရလေပြီ။

၀

www.burmeseclassic.com

www.burmeseclassic.com

အရီးလေးကလည်း တိုက်တွန်းလာပြန်သည်။

"ရိုးတာတော့ လူရိုးကွယ့်။ အရီးလေး တာဝန်ယူတယ်၊ ကားသမားသာ ဖြစ်နေတာ အသောက်အစားလည်း ကင်းတယ်။ အရီးလေးရှေ့တင် ကြီးလာတဲ့ကလေးပါကွယ်။ သူတို့က မင်းတုန်းမြို့က။ မိဘမရှိတော့လို့ မွေးစားတဲ့ဘုန်းကြီးက ကားအုံနာအိမ်ကို လာအပ်ထားတာ။ ဟော . . . ခုတော့ သူ ရိုးသားတော့ကာ အုံနာက ကားတစ်စီးလုံး မျက်နှာလွှဲပေးထားတာသာ ကြည့်တော့။ အရီးလေးကတော့ သူ့ကို အိမ်ထောင်ပြုစေချင်ပြီ၊ အရွယ်ကလည်း လွန်နေပြီ၊ အတော်လည်း စုမိဆောင်းမိရှိနေပကွယ့်။ အေးလေ တူမလည်း အိမ်ထောင်တစ်ဆက်ကျဖူးတာပဲ။ ကိုယ်တိုင်အကဲခတ်ပေ့ါ။ လေ့လာပေ့ါကွယ်"

ခင်မေဘ စဉ်းစားရလေပြီ။

ဝ

ခင်မေဘ စဉ်းစားခဲ့၏။

ကျောင်းကုန်းပြန်လျှင် ချမ်းမြေ့ရိပ်မြုံမှာ အိမ်စေအဖြစ်နဲ့ပဲ ဘဝကို မြှုပ်နှံရဦးမည်။ သူများအစေအပါးဘဝကို ခင်မေဘ စက်ဆုပ်လှပြီ၊ ကိုတင့်တယ်နဲ့ကတည်းက တစ်အိုးတစ်အိမ်နေချင်ခဲ့တဲ့ ခင်မေဘ စဉ်းစားရပါပြီ။

ကိုတုပ်ဖားက ရိုးသည်။ အသောက်အစားမရှိ၊ တခြားညီအစ်ကိုမောင်နှမလည်း သူ့မှာမရှိ။ စုမိဆောင်းမိလည်း ရှိနေပြီ။ အိမ်ပိုင်ရာပိုင်လေး နှင့်ပင် နေနိုင်သည်။ ဤအချက်များသည် ခင်မေဘ မက်မောတမ်းတခဲ့သော ဘဝ မဟုတ်ပါလား။

ပြီးတော့ ကိုတုပ်ဖားက မိမိကို သိပ်ချစ်ခင်တွယ်တာနေတာလည်း သိသာသည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် ကိုတုပ်ဖားကို လက်ထပ်ဖြစ်ခဲ့တော့သည်။

အိမ်နီးချင်းအချို့အား လက်ဖက်ရည်နှင့်မုန့်များ တိုက်ကျွေးခြင်းဖြင့် အကြင်လင်မယား ဖြစ်သွားကြတော့၏။

ကိုတုပ်ဖားမှာ သဘောထားပြည့်ဝသူတစ်ဦးလည်း ဖြစ်သည်။

"ပေ့တောကိုရောက်နေတဲ့ မင်းရဲ့သားလေးကို သွားခေါ်ချင်ခေါ်လေ။ ငါ လိုက်ပို့ပေးမှာပေ့ါ" ဟု ဆိုရှာသည်။

"ကလေးကို ဒီခေါ်ထားတော့ သူလည်း အမေအရင်းနဲ့နေရ၊ မင်းလည်း နှာဖော်ရတာပေ့ါ။ တို့မှာလည်း ကလေးရှိသေးတာမှ မဟုတ်တာ"

ကိုတုပ်ဖား သဘောထားပြည့်ဝမှုအတွက် ကြည်နူးဝမ်းသာရပါသည်။

အတူနေ၍ အိမ်ထောင်သက်ကလေး ရလာသည့်အခါ ခင်မေဘက သူမ၏နောက်ကြောင်းများကို ပြောပြဖြစ်လေသည်။ ခင်မေဘ ပြောပြသည့် အထဲတွင် မနှင်းဖြူနှင့် ဖြူဖွေးဖော့လေးတို့ အကြောင်းလည်း ပါသည်။

ခင်မေဘက မနှင်းဖြူအယောင်ဆောင်၍ ကလေးကို သရက်မြို့မှ ကိုရွှေရှိ၊ မယဉ်ခန့်တို့ လင်မယားအား မွေးစားဖို့ ပေးပစ်ခဲ့တဲ့အကြောင်းကို ပြောပြလိုက်သည့်အခါ ကိုတုပ်ဖား အရမ်းအံ့သြနေသည်။

"ဒါဖြင့် မင်းကို မယဉ်ခန့်တို့က မနှင်းဖြူလို့ ထင်နေကြမှာပေ့ါ"

"ဒါပေ့ါ ကိုတုပ်ဖားရဲ့"

"ကျောင်းကုန်းမှာ ကျန်ခဲ့တဲ့ မနှင်းဖြူကတော့ သနားစရာကွာ။





မင်း ပြန်မလာတော့ သူ့သမီးလေး အကြောင်းမသိရဘဲ စိတ်ပူနေတော့မှာပဲ။ အကျိုးအကြောင်း စာလေး ဘာလေး ရေးလိုက်ပါလားကွာ"

"ကိုတုပ်ဖားရယ် . . . ခုလောက်ဆို မနှင်းဖြူက ပုသိမ်က သူဌေးသားကိုဘသော်နဲ့ မင်္ဂလာဆောင်ပြီးနေလောက်ပြီတော့။ ကျုပ်ရေးလိုက်တဲ့စာ ကိုဘသော့်လက်ထဲရောက်သွားရင် ဘယ့်နှယ်လုပ်မလဲ။ အကျိုးတွေ နည်းကုန်မှာပေ့ါတော်"

"အေး . . . ဒါလည်း ဟုတ်သားပဲ"

"ကျုပ် စဉ်းစားထားပြီးပါပြီတော့။ ဒီနှစ်နွေပေါက်ရင် ကျောင်းကုန်းကို ပြန်မယ်။ တော်လည်း လိုက်ခဲ့။ အဲဒီကျမှ မနှင်းဖြူကို ဖြူဖွေးဖော့ကို မယဉ်ခန့်တို့ဆီ ပေးထားခဲ့ကြောင်း တိုးတိုးတိတ်တိတ် ပြောပြမယ်။ ပြီးမှ ကျုပ်တို့နှစ်ယောက် ပေ့တောသွားပြီး သားလေးကို ခေါ်ကြတာပေ့ါ"

"အေး . . . ကောင်းသားပဲ"

၀

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စိစဉ်ခဲ့သော်လည်း ကျောင်းကုန်းကို တော်တော်နှင့် မသွား ဖြစ်ခဲ့ပေ။

ခင်မေဘမှာ ကိုယ်ဝန်စွဲကပ်လာသောကြောင့်ဖြစ်၏။

ခင်မေဘ ကိုယ်ဝန်လေးလလောက်ရှိချိန်တွင် မင်းတုန်းမြို့ကို သွားရန် အကြောင်းပေါ်လာသည်။

ကိုတုပ်ဖားကို မွေးစားထားသည့် ဘကြီးဘုန်းကြီးကလည်း လင်မယားနှစ်ယောက် အတူလာခဲ့ရန် လှမ်းခေါ်သည်။ ပြီးတော့ မင်းတုန်းမှာ ဆွေမျိုးတွေလည်း ရှိကြသေး၍ ဆွေပြမျိုးပြလာခဲ့ဖို့ လှမ်း၍ဖိတ်ခေါ်ကြသည်။

ခင်မေဘ မင်းတုန်းမြို့သို့ မလိုက်ချင်ပါ။

မင်းတုန်းမြို့သို့သွားလျှင် သရက်မြို့မှ ဖြတ်သွားရပါလိမ့်မည်။ အခြားလမ်းမရှိပါ။ မင်းတုန်းမြို့သို့ သရက်မြို့မှတစ်ဆင့်သွားရသော ကားလမ်းတစ်ခုသာ ရှိသည်။ မင်းတုန်းသွားလျှင် သရက်ကို မလွဲမသွေ ဖြတ်သွားရပေမည်။

''ကျုပ် မင်းတုန်းကို မလိုက်ချင်ဘူး ကိုတုပ်ဖား''

''ဟ . . . ဘာဖြစ်လို့တုံးဟ''

''မင်းတုန်းသွားရင် သရက်ကို ဖြတ်သွားရမှာလေ''

''အေးလေ . . . ဒီတစ်လမ်းပဲ ရှိတာကို''

''အဲဒါကြောင့် ပြောတာပေါ့။ သရက်ကို ဖြတ်သွားတဲ့အချိန်မှာ မတော်တဆ မယဉ်ခန့်တို့၊ ကိုရွှေရိုးတို့နဲ့ တွေ့လိုက်ရင် ဘယ့်နှယ် လုပ်မလဲ။ သူတို့တွေက ကျုပ်ကို မနှင်းဖြူလို့ပဲ ထင်နေကြတာ။ တော်နဲ့တွဲပြီး ဗိုက်တစ်လုံးနဲ့ တွေ့လိုက်ရင် ကျုပ်လိမ်ထားတာတွေ ပေါ်ကုန်မှာပေါ့တော့''

''ဒီတော့လည်း အဖြစ်မှန် ဖွင့်ပြောလိုက်တာပေါ့''

''အို . . . မဖြစ်ဘူး . . . မဖြစ်ဘူး။ သူတို့က ဖြူဖွေးဖော့လေးကို အမေအရင်း မနှင်းဖြူကိုယ်တိုင် လာအပ်တယ်ထင်ပြီး ဂရုတစိုက် ရှိနေတာ။ ကျုပ်လို အိမ်ဖော်မကများ အယောင်ဆောင်လာတာသာသိရင် ခက်ကုန်တော့မှာပေါ့။ မဖြစ်ဘူး''

''မင်းတို့ကလည်းကွာ . . . ဖြူဖွေးဖော့လေး အရွယ်ရောက်လာရင် ပြန်ခေါ်မယ်လို့လည်း ပြောခဲ့သေးတယ်ဆို။ အဲဒီအချိန်ကျတော့လည်း မင်းတို့ အလိမ်ပေါ်မှာပဲ မဟုတ်ဘူးလား''





''အဲဒါက နောက်မှနောက်လျှောက်လျှားကော့။ အခု အလိမ်မပေါ်ဖို့ အရေးကြီးတယ်။ သရက်မြေကို နင်းလို့ကို မဖြစ်ပါဘူးတော်''

''မင်းတုန်းကိုတော့ မင်းမလိုက်လို့ မဖြစ်ဘူး ခင်မေဘ။ ဆွေပြမျိုးပြ သွားပါတယ်ဆိုမှ မင်းမပါလို့ ဖြစ်မလားကွ''

''ဒုက္ခပါပဲတော်''

''ကိုရွှေရိုးတို့၊ မယဉ်ခန့်တို့အိမ်က ဘယ်နားမှာလဲ''

''ဈေးနားတင်၊ ရွှေဘုံသာဘုရားကြီးနားမှာ။ သံကြိုးလမ်းထိပ်မှာတော့''

''ဟ . . . ဒီလိုဆိုရင် ရတယ်။ ငါတို့ သရက်ကို မိုးချုပ်မှ အရောက်သွားမယ်ကွာ။ မင်းတုန်းသွားတဲ့ကားကလည်း မနက်အစောကြီး ထွက်တာဆိုတော့ သရက်မှာ တစ်ညတော့ အိပ်ရမှာပဲ။ ဒီတော့ သရက်ကို ညပိုင်းမှာ ရောက်အောင်သွား။ ငါတို့ညအိပ်မယ့် အသိအိမ်က သဘော်ဆိပ်နားတင်ကွ။ ကမ်းနားနဲ့ ကပ်လျက်။ တည်းမယ့်အိမ်ကို တန်းသွားကြမယ်။ တည်းခိုအိမ်ကနေ အပြင်ကို လုံးဝမထွက်ဘူးကွာ။ မနက်အစောကြီး မင်းတုန်းထွက်မယ့် ကားနဲ့ လိုက်သွားရင် မယဉ်ခန့်တို့နဲ့ ဆုံစရာလမ်းမရှိတော့ဘူး''

''တော်ပဲ စိစဉ်ပေတော့တော်။ ကျုပ်တော့ ရင်တထိတ်ထိတ်ပဲ''

ထိုခရီးသည် ခင်မေဘဘဝကို ကြီးကျယ်စွာ ပြောင်းလဲစေခဲ့သော ခရီးတစ်ခုပင် ဖြစ်ခဲ့တော့သည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် မင်းတုန်းမြို့သို့သွားရာတွင် ကိုတုပ်ဖား စီစဉ်သည့်အတိုင်း သွားရောက်ခဲ့လေသည်။ အားလုံးအဆင်ပြေပါသည်။ သရက်ကို ည ၇ နာရီ ရောက်သွားရာ ကမ်းနားလမ်းရှိ တည်းခိုအိမ်ကို တန်းသွားလိုက်သည်။ ဘယ်မှမထွက်တော့၊ မလည်တော့ဘဲ တည်းခိုအိမ်မှာပဲ နေခဲ့သည်။

မနက်ကျ အစောကြီး ထွက်သောကားဖြင့် မင်းတုန်းသို့ လိုက်သွားလိုက်သည်။ ခင်မေဘ စိုးရိမ်တာတွေတစ်ခုမှ ဖြစ်မလာပါ။

မင့်းတုန်းမှာ လေးရက်နေပြီးပြန်ခဲ့သည်။

အလာတုန်းကအတိုင်း တည်းခိုအိမ်က အပြင်မထွက်ဘဲ နေခဲ့သည်။

သို့သော်...

လူ့ပေါင်းများစွာ၏ဘဝများကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေမည့် ရောမဖြစ်ရပ်ဆိုးကြီးနှင့် ကြုံလိုက်ရသည့်အခါတွင်ကား...

၀

ခင်မေဘနှင့်ကိုတုပ်ဖား တည်းခိုအိမ်မှာ အိမ်ရှင်လင်မယားနှင့် စကားပြောနေကြစဉ်...

မီးသံချောင်းခေါက်သံ ကြားလိုက်ရသည်။

''မီးလောင်တယ်ဗျို့။ မီး... မီး''

သံချောင်းခေါက်သံများ နေရာအနှံ့မှ ထွက်ပေါ်လာ၏။ လူအများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ဝေါခနဲ သံရှည်ဆွဲ၍ ထွက်ပေါ်လာသော မီးသတ်ကားဥသြသံကို ကြားလိုက်ရသည်။

''မီးလောင်နေပြီဟေ့၊ မီးလောင်နေပြီ။ ရွှေဘုံသာဘုရားနားမှာ မီးလောင်နေပြီ''

လူအချို့ အော်ဟစ်ပြေးလွှားနေကြသည်။

အိမ်ရှင်လင်မယားက ဒီဘက်ကို မီးကူးလာလျှင် အဆင်သင့် ဖြစ်စေရန် အထုပ်အပိုးများ ပြင်နေကြသည်။ ခင်မေဘတို့ လင်မယားလည်း ပါလာသည့် ခရီးဆောင်လွယ်အိတ်လေးများကို လွယ်ထားရ၏။

မီးက ဤနေရာနှင့်တော့ နည်းနည်းလှမ်းသည်။ သို့သော် အညာမီးမို့ စိတ်မချရ၊ လေဝေ့တိုက်လိုက်လျှင် ခုန်၍ကျော်၍ ကူးတတ်သည်။

''ထမီအလံထူဟေ့... ထမီအလံထူ''

အိမ်ရှင်မိန်းမက ထမီတစ်ထည်ကို ဝါးလုံးရှည်ထိပ်တွင် ချည်ကာ အလံလုပ်၍ အိမ်ရှေ့မှာ လွှင့်ထူလိုက်သည်။ အခြားအိမ်များကလည်း ဤသို့ပင် လုပ်နေကြ၏။ ထမီအလံထူထားလျှင် မီးမကူးဟု ဆိုကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သလို လှုပ်လှုပ်ရွရွ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မေဘသည် မီးခိုးများတက်လာရာအရပ်ဆီသို့ မှန်းဆကြည့်လိုက်သည်။ ရွှေဘုံသာဘုရားကြီးထိပ်ပိုင်းကို ထီးထီးမားမား မြင်နေရသည်။ ခဏနေတော့ မီးစွယ်မီးညွန့်များက ဘုရားကိုကျော်၍ တက်လာသည်။

"ကိုတုပ်ဖား ... မီးလောင်တာ မယဉ်ခန့်တို့ အိမ်နားမှာတော့။ ကျုပ် သွားကြည့်ချင်တယ်"

"ဘယ်ဖြစ်မလဲကွာ"

"ကျုပ်စိတ်ပူတယ်။ ဖြူဖွေးဖော့လေး ရှိသေးတယ်လေ"

"မင်း ဘာလုပ်နိုင်မှာမို့လဲ မိန်းမရယ်"

"ဘာပဲဖြစ်ဖြစ် အဲဒီဘက် ခဏသွားကြည့်ရအောင်ပါ"

"မင်းမှာလည်း မပေါ့မပါးကြီးနဲ့ ခင်မေဘရာ"

"လာစမ်းပါတော် ... စကားမရှည်စမ်းပါနဲ့။ ကျုပ် သွားကြည့်ရမှ ကျေနပ်မယ်"

ခင်မေဘက ဇွတ်ထွက်သွားရာ ကိုတုပ်ဖား နောက်မှလိုက်ခဲ့ရတော့၏။

လမ်းမပေါ်မှာ လူများယောက်ယက်ခတ် ပြေးလွှားနေကြသည်။

ခင်မေဘတို့ လူတွေကို တိုးဝှေ့ကာ ဘုရားကြီးနား အရောက်လာခဲ့ကြသည်။

ဘုရား ... ဘုရား ... ဖြူဖွေးဖော့လေးနဲ့ မယဉ်ခန့်တို့ မီးအန္တရာယ်က လွတ်ပါစေ။

စိုးရိမ်စိတ်တထွေးကြီးဖြင့် လျှောက်လာခဲ့ရာ လမ်းတစ်ကွေ့ကိုချိုး၍ မယဉ်ခန့်တို့အိမ်ကို လှမ်းမြင်လိုက်ရသည်တွင် ...

"ဟင်... ပါသွားပြီ... ပါသွားပြီ။ မယဉ်ခန့်တို့အိမ် မီးထဲ ပါသွားပြီ။ ကိုတုပ်ဖား ဟိုဟာ မယဉ်ခန့်တို့အိမ်ပဲတော့"

သွားမည်တကဲကဲ လုပ်နေသော ခင်မေဘကို ကိုတုပ်ဖားက ဆွဲထားရ၏။

ထိုစဉ် အိမ်ထဲမှ လူတစ်ဦး ထွက်လာသည်ကို မြင်လိုက်ရသည်။ သူသည် မီးစွယ်မီးညွန့်များကို ထိုးဖောက်၍ ခက်ခက်ခဲခဲ ထွက်လာနေခြင်းဖြစ်သည်။ ထိုသူကို သေချာကြည့်လိုက်သည့်အခါ...

မယဉ်ခန့် ...





မယဉ်ခန့်အဖြစ်က ဆိုးလှပါသည်။ မီးစွဲနေသောအိမ်ထဲမှ ခက်ခက်ခဲခဲ ရုန်းထွက်နေရှာသည်။ လက်ထဲတွင် သေတ္တာငယ်တစ်လုံးကို စွဲကိုင်ထားသည်။ ဝတ်ဆင်ထားသောအင်္ကျီနှင့် ထဘီတွင် မီးများစွဲလောင်နေ၏။

သို့သော် သူမက တစ်ကိုယ်လုံး မီးစွဲလောင်နေသည်ကို ဂရုမစိုက်။ အိမ်ပြင်သို့ ရောက်အောင် ပြေးထွက်လာနေ၏။

အဝတ်အစားများမှာ မီးစွဲနေသည်မို့ သူမ ပြေးရာတစ်လျှောက် မီးများ လိုက်ပါနေသည်။

ထိုအဖြစ်ကို မြင်လိုက်သော မီးသတ်သမားတစ်ဦးက မီးသတ်ပိုက်ကို မယဉ်ခန့်ရှိရာဘက်သို့ လှည့်၍ထိုးလိုက်သည်။ မီးသတ်ပိုက်၏ရေအားကြောင့် မယဉ်ခန့် မြေပေါ်လဲကျသွားသည်။ ကိုယ်ပေါ်က မီးတွေကတော့ ငြိမ်းသွားပါသည်။

မီးသတ်သမားက သူ့တာဝန်သူ ဆက်၍ထမ်းဆောင်နေသည်။ အိမ်မီးများကို ဆက်ငြိမ်းနေ၏။

ခင်မေဘ ပုန်းမနေနိုင်တော့။ မယဉ်ခန့်ရှိရာသို့ ပြေးသွားလိုက်သည်။

"မမခန့် ... မမခန့်"

မယဉ်ခန့်က သတိပြန်ဝင်လာကာ မော့ကြည့်လိုက်သည်။

ခင်မေဘကို မြင်သည့်အခါ အံ့ဩသွားသည်။ မယုံနိုင်သလို စိုက်ကြည့်နေသည်။ ကိုယ်ဝန်ကြီးနှင့် ခင်မေဘကို ကြည့်ပြီး မယုံနိုင်သလို ဖြစ်နေဟန်တူ၏။

"မ ... မနှင်း ... ဖြူ"

"မမခန့် ... မမခန့် ... သမီးလေးကော"

"မ ... နှင်း ... ဖြူ"

မယဉ်ခန့် ဆက်မပြောနိုင်။ မီးလောင်နေသောအိမ်ကို လက်ညှိုးထိုးပြသည်။

"ဟင် ... သမီးလေးအိမ်ထဲမှာ ... ဟုတ်လား မမခန့်"

မယဉ်ခန့်က ဘာမျှပြန်မဖြေနိုင်။ သူ ဆွဲယူလာခဲ့သော သေတ္တာလေးကို လက်ညှိုးထိုးပြပြန်သည်။

"ယူ... ယူ... အဲဒါယူ"

ဤမျှသာ ပြောနိုင်ပြီး ဇက်ကျိုးကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . . မမခန့်"

ကိုတုပ်ဖားက မယဉ်ခန့်ရင်ဘတ်ကိုကပ်၍ နားထောင်သည်။ လက်ကောက်ဝတ်မှ သွေးတိုးနှုန်းကို စမ်းကြည့်သည်။

"သူ အသက်မရှိတော့ဘူး"

"ဟင် . . . "

"ထားခဲ့တော့ . . . သေပြီ။ ဘာမျှမတတ်နိုင်တော့ဘူး။ ကိုယ့်ကို အမှုပတ်လာလိမ့်မယ် . . . သွားကြစို့"

ခင်မေဘာက ပွေ့ထားသောမယဉ်ခန့်အလောင်းကို မြေပေါ်အသာချလိုက်သည်။ မယဉ်ခန့် ဆွဲယူလာသော သေတ္တာလေးကို ကောက်ယူလိုက်သည်။

လင်မယားနှစ်ယောက် မီးလောင်ပြင်မှ အမြန်ဆုံးထွက်ခွာလာခဲ့ကြ၏။

မီးက ဆက်လောင်နေဆဲ။ လူများက အုတ်အုတ်ကျက်ကျက် ဆူညံဆဲ။ ကိုယ်ဇောနှင့်ကိုယ်မို့ ခင်မေဘာတို့အဖြစ်ကို ဘယ်သူကမျှ သတိမထားမိလိုက်ကြ။

ကိုတုပ်ဖားနှင့် ခင်မေဘာမှာ သေတ္တာလေးကို လွယ်အိတ်ထဲ ထိုးထည့်ပြီး တည်းခိုအိမ်သို့ ပြန်ခဲ့ကြလေသည်။

၀

နောက်တစ်နေ့ မနက်အစောကြီးမှာ ပြည်ကိုပြန်ခဲ့ကြသည်။

ပြည်ရောက်မှ သေတ္တာလေးကို ရိုက်ချိုး၍ဖွင့်ကြည့်ခဲ့ရာ . . .

"ဟိုက် . . . "

ဘယက်ကြီး။

ဖြူဖွေးဖော့လေးနှင့်အတူပေးခဲ့သော နဝရတ်ကိုးသွယ် ဘယက်ကြီး ဖြစ်နေပါလေ၏။

ဘယက်ကြီးသည် မမျှော်လင့်ဘဲ ထူးဆန်းစွာ ခင်မေဘာ လက်ထဲသို့ ပြန်ရောက်လာခဲ့သည်။

ဖြူဖွေးဖော့လေးလည်း မီးထဲပါသွားပြီ။

မနှင်းဖြူကို ဘယ်လိုမျက်နှာပြရပ့်ါမလဲ။

သမီးလေးကို မွေးစားသူရှာဖို့ တာဝန်ပေးလိုက်တဲ့ ခင်မေဘာ။ ဘာမျှ ပြန်မဆက်သွယ်ဘဲ အချိန်အကြာကြီးနေခဲ့သည်။ သမီးလေး ဆုံးသွားတာသာ သိရင် မနှင်းဖြူ ဘယ်လိုနေမလဲ။ မိမိကို အပြစ်ဆိုတော့မည်။ မိမိတာဝန် မကျေပါလား။ မနှင်းဖြူကို ခင်မေဘာ ရင်မဆိုင်ရဲတော့ပါ။

ဒီတစ်သက် ကျောင်းကုန်းကို မပြန်တော့ဟု ဆုံးဖြတ်လိုက်လေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

တိုနှစ်မိုးဦးကျအချိန်တွင် ခင်မေဘ ကလေးမီးဖွားခဲ့လေသည်။

သမီးလေး မွေးသည်။

သမီးလေးက ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်ကလေး။

''ကြည့်ပါဦး ကိုတုပ်ဖားရယ်။ တော့်လို မည်းမည်းသည်းသည်း ကားသမားနဲ့ ကျုပ်လို ကြမ်းကြမ်းတမ်းတမ်းမိန်းမက မွေးတဲ့ကလေးလို့ ထင်စရာ မရှိဘူး။ ကလေးက ဖြူဖွေးပြီး သန့်နေတာပဲ။ ဆုံးသွားတဲ့ ဖြူဖွေး ဖော့လေးအတိုင်းပဲရှင်''

သမီးလေးက အသားဖြူသည်၊ ဝကစ်သည်၊ ပါးဖောင်းဖောင်းလေး နှင့် ချစ်စရာ ကောင်းလှသည်။ ဂွမ်းပွင့်၊ ဂွမ်းဖတ်ကလေးနဲ့ ဘူလို့ဆိုပြီး သူ့အဖေ ကိုတုပ်ဖားက ကိုယ်တိုင် နာမည်ပေးလိုက်၏။

ဂွမ်းပွင့်

သမီးလေးနာမည်က ဂွမ်းပွင့်တဲ့လေ။

ဝ

သမီးလေးဂွမ်းပွင့်ကို မွေးလာတော့ ကိုတုပ်ဖားနှင့် ခင်မေဘတို့ အိမ်ထောင်ရေးမှာ ပို၍သာယာစိုပြည်လာသည်။ ပြည့်စုံလာသည်။

စီးပွားရေးကလည်း ချောင်လည်သည်မို့ အပျော်ဆုံးအချိန်လေးများ ဖြစ်နေရပါသည်။

သို့သော် ခင်မေဘမှာ တစ်ဘဝလုံး ကံဆိုးလာခဲ့သူ ဖြစ်သည့်အတိုင်း ဆိုးသောကံတရားက ပျော်စရာအချိန်ကို ဝအောင် မခံစားစေခဲ့ပေ။

ခင်မေဘဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေရသည့်အချိန်က နည်း ပါးခဲ့သည်။ ပျော်ရွှင်ကြည်နူးမဆုံးမီမှာပင် ဆိုးဝါးသော ကံကြမ္မာများက ဝင်ရောက်လာတတ်သည်။

ယခုလည်း ကိုတုပ်ဖား။ သမီးလေး ဂွမ်းပွင့်တို့နှင့်အတူ ပျော်လို့မှ မဝသေး။ ဂွမ်းပွင့်လေး ၇ လရှိချိန်တွင် ကြမ္မာဆိုးတစ်ခုက ဝင်နှောင့်လိုက် ပြန်သည်။

ကိုတုပ်ဖားမှာ နဂိုကတည်းက အစာအိမ်ရောဂါ ရှိခဲ့သည်။ ရောဂါ ကြောင့် အစားအသောက်ကို ရွေး၍ စားသောက်ခဲ့ရသည်။ သို့ပေမဲ့ ဒရိုင်ဘာ ဆိုတော့လည်း အခက်သား။ တစ်မြို့တစ်မြို့ လှည့်သွားနေရ၍ ရောက်ရာ အရပ်မှာ ကြုံသည့်ဆိုင်၌ စားရသည်။ ဆိုင်ထမင်းဆိုင်ဟင်း ဆိုတာကလည်း အမျိုးမျိုး။ တချို့က သန့်သန့်ပြန့်ပြန့်၊ တချို့ကဖြစ်သလို။

ဒီတော့ ကိုတုပ်ဖား အစာအိမ်ရောဂါမှာ ပို၍ဆိုးလာခဲ့သည်။

ဆေးရုံတက်ရသည်။ မသက်သာ။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ကုသရသည်။ ခွဲစိတ်မှုမအောင်မြင်ခဲ့။

မိုက်ခွဲပြီး သုံးရက်အကြာတွင် ကိုတုပ်ဖား ကွယ်လွန်ခဲ့လေသည်။

ခင်မေဘအဖို့ အားကိုးရာရွှေတောင်ကြီး ပြိုလဲရလေပြီ။ ဒုတိယအကြိမ် မုဆိုးမ ဖြစ်ရပြန်ပြီ။

ကိုတုပ်ဖားက စုဆောင်းပြီးငွေ အတော်များများနှင့် အိမ်တစ်လုံးထားရစ်ခဲ့ပါ၍ ခင်မေဘမှာ လက်လွတ်တော့ ဖြစ်မသွားခဲ့ပေ။

ရှေ့ဆက်ရမည့် ဘဝခရီးအတွက် ခင်မေဘ ရင်မောရလေပြီ။

ဆွေမျိုးသားချင်းမရှိသည့် ပြည်မြို့တွင်လည်း ဆက်မနေချင်။ ကျောင်းကုန်းပြန်ရမှာလည်း မနှင်းဖြူကို ရင်မဆိုင်ရဲ။

ဒီအတွင်းမှာ မခင်ထွေးနှင့် ဆုံခဲ့ရသည်။ မခင်ထွေးနှင့် တွေ့လိုက်ရခြင်းသည် ခင်မေဘအဖို့ ဆုံးဖြတ်ချက်တစ်ခု ပိုင်ပိုင်နိုင်နိုင်ချနိုင်ဖို့ ဖြစ်လာခဲ့ပါလေ၏။

၀

တစ်နေ့တွင် ခင်မေဘ သင်္ဘောဆိပ်သို့ရောက်သည်။

သင်္ဘောပေါ်မှ မိန်းမတစ်ယောက် "အပြေးအလွှား ဆင်းလာပြီး ခင်မေဘကို နှုတ်ဆက်သည်။

"မေဘ... ဟေ့... မေဘ"

"မခင်ထွေး"

မခင်ထွေးမှာ ခင်မေဘကဲ့သို့ပင် ချမ်းမြေ့ရိပ်မြုံမှ အိမ်ဖော်တစ်ဦးဖြစ်သည်။ ခင်မေဘ ချမ်းမြေ့ရိပ်မြုံမှ ထွက်လာချိန်တွင် မခင်ထွေးကျန်နေခဲ့၏။

"မခင်ထွေးရယ် ... ညည်း ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတာလဲ။ အခု ဘယ်သွားမလို့လဲ"

"ငါ ယောကျ်ားရပြီအေ့။ ငါ့ယောကျ်ားက မင်းဘူးက၊ ငါ မင်းဘူးကို အပြီးလိုက်နေတော့မလို့။ ချမ်းမြေ့ရိပ်မြုံက အလုပ်ထွက်ခဲ့ပြီ။ ညည်းကော ဘာလို့ ကျောင်းကုန်းကို ပြန်မလာတာလဲ။ မမနှင်းဖြူ စိတ်တွေပူနေတယ်"

မခင်ထွေးထံမှ ချမ်းမြေ့ရိပ်မြုံသတင်းများကို ရခဲ့သည်။ မနှင်းဖြူကိုဘသော်နှင့် လက်ထပ်ပြီးကြောင်း၊ သားသမီး မထွန်းကားကြောင်း၊ ကိုဘသော်မှာ ကလေးမရနိုင်သည့် ယောကျ်ားတစ်ယောက်ဖြစ်ကြောင်း၊ မနှင်းသူလည်း ကွယ်လွန်သွားပြီဖြစ်ကြောင်းများကို သိခဲ့ရသည်။

ခင်မေဘက သူမ ဤမြို့တွင် အိမ်ထောင်ကျနေကြောင်းလောက်သာ မခင်ထွေးကို ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပခင်ထွေးနှင့် တဒင်္ဂတွေ့လိုက်ရခြင်းသည် ခင်မေဘအတွက် များစွာ အဖိုးထိုက်တန်ခဲ့သည်။

ချမ်းမြေ့ရိပ်မြုံက လက်ငင်းအခြေအနေများကို သိလိုက်ရသော ခင်မေဘသည် မိမိ၏ လက်ရှိအခြေအနေနှင့် ပေါင်းစပ်ကာ အကြီးမားဆုံး အကြံအစည်တစ်ခုကို အကောင်အထည် ဖော်ခဲ့ပါတော့၏။

၀

ဒီတစ်ခါတော့ ကိုယ်ပစီအစဉ်နှင့်ကိုယ်။

ခင်မေဘသည် နယ်လှည့်ဈေးသည်တစ်ဦးအဖြစ် ဟန်ဆောင်ကာ သူ့ကိုယ်သူ မနှင်းဖြူဟု အမည်ခံ၍ နယ်လှည့်ခဲ့လေသည်။

အောင်လံမြို့နယ်မှ သမ္ဘူလရွာ အရောက်တွင် မခင်စမ်းတို့ သားအမိကို သမီးလေးအတွက် ရွေးချယ်ခဲ့လေသည်။

မခင်စမ်းတို့ သားအမိဘက်မှ သူမသည် ကျောင်းကုန်းမြို့မှ သူဌေးသမီး မနှင်းဖြူဟုလည်းကောင်း၊ မိဘသဘောမတူသူနှင့်ရခဲ့သည့်ကလေးကို လာရောက်စွန့်ပစ်သည်ဟူ၍လည်းကောင်း သိခဲ့ကြသည်။

အမှန်တော့ ခင်မေဘသည် သေဆုံးသွားသော ဖြူဖွေးဖော့လေး နေရာတွင် သူမ၏ သမီးလေးဂွမ်းပွင့်ကို အစားထိုးခဲ့ခြင်း ဖြစ်ပါသည်။

ခင်မေဘ အကြံအစည်များက အားလုံး အကွက်စေ့နေသည်။ အရွယ်ရောက်၍ သမီးလေးဂွမ်းပွင့်ကို ပြန်ခေါ်သည့်အခါ ဂွမ်းပွင့်သည် ဖြူဖွေးဖော့အနေဖြင့် ချမ်းမြေ့ရိပ်မြုံက အမွေအနှစ်များကို ခံစားရလိမ့်မည်။

ဒီလိုကြံစည်သည့်အတွက် သူ့မှာ အပြစ်မရှိဘူးဟု ခင်မေဘက ထင်၏။ မနှင်းဖြူမှာ ကိုဘသော်နှင့် သားသမီး မထွန်းကားရာ တစ်ချိန်သောအခါတွင် ချမ်းမြေ့ရိပ်မြုံ၏ အမွေဆက်ခံရေးမှာ ရင်လေးဖွယ် ဖြစ်သည်။ မနှင်းသူကလည်း ကွယ်လွန်သွားခဲ့ပြီ။ မိမိသည် အမွေဆက်ခံမည့်သူမဲ့နေသည့် မျိုးဆက်တစ်ခုတွင် မိမိသမီးလေးကို အစားထိုးလိုက်ခြင်းသာ ဖြစ်သည်။

၀

www.burmeseclassic.com

www.burmeseclassic.com

''အမယ်လေး ... ဒါ ... ဒါဖြင့် ... သမီးဟာ ဖြူဖွေးဖော့ အစစ် မဟုတ်ဖူးပေါ့။ ဒေါ်နှင်းဖြူရဲ့ သမီးအရင်း မဟုတ်ဘူးပေါ့။ သမီး သမီးဟာ ... ''

ဒေါ်ခင်မေဘ ပြောပြသည့် နောက်ကြောင်းများကို နားထောင်အပြီး တွင် ဖြူဖွေးဖော့က အံ့သြတုန်လှုပ်စွာ မေးလိုက်သည်။

''ဟုတ်ပါတယ်ကွယ် ... ဟုတ်ပါတယ်။ သမီးဟာ မနှင်းဖြူရဲ့ သမီး မဟုတ်ဘူး။ အမေ့သမီးပါ''

''အမယ်လေး''

ဖြူဖွေးဖော့တစ်ကိုယ်လုံး ထူပူသွားသည်။ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ ကမ္ဘာလောကကြီးတစ်ခုလုံး ချာချာလည်သွားလေပြီ။

◈ ◈ ◈

## -၂၁-

''သမီးဟာ ဟောဒီအမေရဲ့သမီးဆိုတာ ယုံစမ်းပါ။ ဟင်.. ခုတော့ အမေဟာ သမီးအတွက် အားကိုးရာ အစစ်အမှန်ဆိုတာကို ယုံပြီ မဟုတ်လား ဟင်''

ဖြူဖွေးဖော့ ရှိုက်၍ရှိုက်၍ ငိုလိုက်သည်။

သူမဟာ ဒေါ်ခင်မေဘသမီးဆိုတော့ ကိုသက်ဆွေနှင့် မောင်နှမ တော်စပ်နေပါပြီ။ အမေတူ အဖေကွဲမောင်နှမ။ တစ်မအေတည်းက မွေးခဲ့ သည့် တစ်အူထုံ့ဆင်း မောင်နှမ။

မောင်နှမချင်း ချစ်ကြိုးသွယ်မိတဲ့အဖြစ်ဆိုးကြီးပါလား။ တစ်လော[illegible] လုံးကို ဘယ်လိုမျက်နှာနှင့် ရင်ဆိုင်ရတော့မှာလဲ။

''ကဲ... ပြောစမ်းပါ သမီးရယ်။ သမီးကိုယ်ဝန်ဟာ ဘယ်သူနဲ့ မှားယွင်းခဲ့တယ်ဆိုတာ အမေ့ကို ပြောပြစမ်းပါကွယ်''

ဒေါ်ခင်မေဘက စိတ်မရှည်စွာ လက်မောင်းကိုကိုင်လှုပ်ရင်း မေး လိုက်သည်။

''သမီးလေး ဂွမ်းပွင့်''

ဒေါ်ခင်မေဘ အခေါ်အဝေါ်ကြောင့် ဖြူဖွေးဖော့ ဆတ်ခနဲ တုန်လှုပ် သွားရသည်။

''ခင်မေဘ ... ညည်းက သိပ်ဟုတ်နေတယ်ပေါ့လေ။ ညည်းက သိပ်ဟုတ်နေတယ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ရုတ်တရက် ဝင်ရောက်လာကာ အော်ဟစ် ပြောဆိုလိုက်သံကြောင့် နှစ်ဦးစလုံး လန့်ဖျပ်သွားလေသည်။

အခန်းထဲသို့ မမျှော်လင့်ဘဲ ရောက်လာသူမှာ ဒေါ်နှင်းဖြူ ဖြစ်ပါ၏။

''ညည်းက သိပ်ဟုတ်နေတယ်ပေါ့ မေဘာ။ ညည်း ငါ့ကို လိမ်ရက်တယ်အေ။ လိမ်ရက်တယ်''

ဒေါ်နှင်းဖြူက ဒီနေ့အိမ်ပြန်လာရာတွင် အမူအရာ ပျက်နေသည့် ဖြူဖွေးဖော့ကို သတိထားမိခဲ့သည်။ ခဏနေတော့ ဒေါ်ခင်မေဘာ ရောက်လာကာ အခန်းထဲဝင်သွားသည်။ ထူးခြားနေပါ၍ တစ်ဖက်ခန်းမှနေပြီး သူတို့ ပြောစကားများကို ချောင်းနားထောင်နေခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်ခင်မေဘာ ကြံစည်ခဲ့သည့် လုပ်ရပ်များကို ဒေါ်နှင်းဖြူအားလုံး သိလိုက်ရလေပြီ။

''ငါတို့ ကျေးဇူးတွေ ညည်းအပေါ်မှာ ဘယ်လောက်ရှိတယ်ဆိုတာ ညည်း အသိပါအေ။ ဒါနဲ့များ ညည်းမို့ ယိမ်ညာရက်တယ် မေဘာရယ်''

''မနှင်းဖြူ . . . ကျွန်မ ရှင်းပြ . . . ''

''ဟင်း . . . ငါထင်သားပဲ။ ဒီကလေးမကို တွေ့ခါစကတည်းက ငါ့သမီး မဟုတ်နိုင်ဘူးဆိုတာ ထင်ခဲ့သားပဲ။ ညည်းက ငါ့သမီးအကြောင်းကို ထိန်ချန်ပြီး ညည်းသမီး သဘောက်မကို အစားထိုးလိုက်တာပေါ့လေ''

''အမယ်လေး မနှင်းဖြူရယ်။ ပြောရက်လိုက်တာ''

''မဟုတ်လို့လား။ မဟုတ်ဘူးလား။ ကျွန်,မကမွေးရင် သဘောက်တဲ့အေ့။ ညည်းလို ကျွန်,မက မွေးတဲ့ကလေးဟာ သဘောက်မ,ပဲပေါ့''

ဒေါ်နှင်းဖြူက ဒေါသကြီးစွာ ခါးကိုထောက်လျက် သဲသဲမဲမဲ ရန်တွေ့နေပေသည်။ ဖြူသော သူမအသားအရေများ နီမြန်းကာ အသားများ တဆတ်ဆတ်တုန်နေသည်။

''ဟင်း . . . ခုတော့ ညည်းတို့ အဆင့်အတန်းက ပေါ်လာတာပဲ မဟုတ်လား။ ဘယ်က အလေလိုက်လို့ ရလာမှန်းမသိတဲ့ ဗိုက်တစ်လုံး''

''မပြောနဲ့ မနှင်းဖြူ။ အဲ့လို မပြောနဲ့။ မနှင်းဖြူလည်း ငယ်ငယ်က ကိုယ့်ချစ်သူနဲ့ လွန်ကျူးမိပြီး ဒီလိုဖြစ်ခဲ့တာပဲ မဟုတ်လား။ ကျွန်မသမီးလေးလည်း . . . ''

ဒေါ်နှင်းဖြူနှင့် ဒေါ်ခင်မေဘာ ဆက်ပြောနေသော အချေအတင်စကားများကို ဖြူဖွေးဖော့ မကြားရဲတော့ပါ။





ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

ရှက်တယ်။ သိပ်ရှက်တယ်။

ဒေါ်နှင်းဖြူ ရွတ်ချချင်စရာကောင်းလောက်အောင် ငါ့ဘဝက ဆိုးလှပါကလား။

ဖြူဖွေးဖော့သည် ဒေါ်နှင်းဖြူရှေ့မှာ ဆက်မနေရဲတော့။ အို . . . ဘယ်လူသားရှေ့မှာမျှ မျက်နှာမပြရဲတော့ပါ။ သူမအဖြစ်က ဒီလောကမှာ ဆက်နေစရာ မကောင်းတော့လောက်အောင် ဆိုးလွန်းလှသည်။

ဖြူဖွေးဖော့အခန်းထဲမှ ထွက်ပြေးလာခဲ့မိသည်။

ဦးတည်ရည်ရွယ်ချက်မရှိပါ။ လူတွေနဲ့ဝေးရင်ပြီးရော။ ခြေဦးတည့်ရာသို့ ပြေးထွက်သွားလိုက်သည်။

''သမီးလေး . . . သမီး''

ဒေါ်ခင်မေဘာက ဖြူဖွေးဖော့ကို အော်ခေါ်လိုက်သည်။

''မပြေးနဲ့လေ သမီး . . . သမီးရေ''

ချမ်းမြေ့ရိပ်မြုံ၏ အရိပ်မှကင်းဝေးချင်စိတ်သာ ရှိသည်။ လူတွေနှင့်ဝေးရာကို သွားလိုက်ချင်စိတ်သာ ရှိသည်။

''သမီး . . . သမီး ပြန်လာခဲ့''

ပြေးခဲ့သည်။

ပြေးခဲ့သည်။

ဖြူဖွေးဖော့နားထဲမှာ ဘာမျှမကြားတော့။ အမြင်အာရုံမှာလည်း ဘာမျှ မမြင်တော့။

ပြေးခဲ့သည်။

ပြေးခဲ့သည်။

လူက မူးဝေလာသည်။

ယိမ်းယိုင်လာသည်။

နောက်မှ ဟစ်အော်ခေါ်လိုက်သံတို့သည် ပျောက်သွားလိုက်၊ နီးလာလိုက်၊ ဝေးသွားလိုက်၊ ပေါ်လာလိုက် . . .

နောက်ဆုံးတွင် မိမိရောက်နေသော နေရာကို သတိသွင်း၍ ကြည့်လိုက်သည်။

ကြိုးတံတား။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတံတားပေါ်မှာပါလား။

ကြိုးတံတားသည် ယိမ်းယိုင်နေသည်။ လှုပ်ယမ်းနေသည်။

သူမခေါင်းထဲမှာလည်း ရီဝေနေသည်။

မှုးနောက်နေသည်။

တံတားအောက်မှရေများက အရှိန်ပြင်းစွာ စီးဆင်းနေ၏။

ကြိုးတံတား၏ လက်ရန်းဆီ လှမ်းလိုက်သောလက်သည် လွဲသွားသည်။ တံတားလက်ရန်းကို ဖမ်းမဆုပ်မိလိုက်။

မှုးဝေယိမ်းယိုင်သွားသော ကိုယ်ခန္ဓာနှင့်အတူ မိမိရှိရာ ပြေးလာသော ချောင်းရေထုကို မြင်လိုက်ရသည်။

ဖြူဖွေးဖော့သည် ကြိုးတံတားပေါ်မှ ယိုင်ထိုးကာ ချောင်းထဲသို့ စိုက်ကျသွားတော့သည်။

"အမယ်လေး . . . သမီး . . . သမီး"

ဝုန်းခနဲ အသံနှင့်အတူ သူမ၏ကိုယ်သည် ရေအောက်သို့ ရောက်သွားလေပြီ။

အစ်ကိုရေ . . .

သူမက ကိုသက်ဆွေကို မြင်ယောင်တမ်းတကာ အော်ဟစ်လိုက်မိသေးသည်။ ကယောင်ကတမ်း အော်ဟစ်မြည်တမ်းကာ သတိလွတ်မေ့မျောသွားလေတော့သည်။

၀

www.burmeseclassic.com

www.burmeseclassic.com

"ဟော . . . သမီး သတိရလာပြီ"

ဒေါ်ခင်မေဘာက လှုးလွန့် လှုပ်ရှားလာသော ဖြူဖွေးဖော့ကို ကြည့်ရင်း အားရဝမ်းသာပြောလိုက်သည်။

"ဟုတ်ပါတယ်နော် ဆရာမ။ သူ သတိရလာတာ မဟုတ်လားဟင်"

တစ်ဆက်တည်း အနီးရှိသူနာပြုဆရာမကို မေးလိုက်သည်။

"ဟုတ်ပါတယ် . . . သတိရလာပါပြီ။ ဒါပေမဲ့ သူ့ကို သိပ်စကားမပြောပါစေနဲ့ဦး"

"ဟိုလိုဖြစ်သွားတာကော . . . ပြောလို့ရမလား ဆရာမ"

"အင်းလေ . . . အခြေအနေကြည့်ပြောပေါ့"

ဖြူဖွေးဖော့ စကားပြောသံများကို ကြားနေရသည်။ မိမိသည် ဆေးရုံတစ်ရုံတွင် ရောက်နေကြောင်းလည်း သိလိုက်သည်။

ဟင် . . . ဒါဆို ငါမသေသေးဘူးပေါ့။

သတိရရချင်း ဝမ်းနည်းအားငယ်စိတ်က ချက်ချင်းဝင်ရောက်လာသည်။ ဘာလို့ ချက်ချင်းသေမသွားပါလိမ့်။ သေသွားလျှင် ကောင်းမည်။လူတွေနှင့် မျက်နှာချင်းမဆိုင်ချင်၊ မဆိုင်ရဲ၊

ဘယ်သူကများ ငါ့ကို ကယ်တင်ခဲ့ပါလိမ့်။

ဖြူဖွေးဖော့က အားယူ၍ မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။

သူ့မလက်ကလေးကို တယုတယကိုင်ထားသူမှာ အမေ ဒေါ်ခင်မေဘာပဲ ဖြစ်လိမ့်မည်ဟု ထင်သည်။ သေချာကြည့်လိုက်သောအခါ ဒေါ်နှင်းဖြူဖြစ်နေသည်။





ဒေါ်နှင်းဖြူမျက်နှာက ပြုံးရွှင်နေပါ၏။

"သမီး သတိရလာပြီနော်။ သမီး နေကောင်းသွားမှာပါကွယ်"

ဒေါ်နှင်းဖြူက နဖူးမှဆံစလေးများကို သပ်တင်ပေးရင်း ချိုသာစွာပြောကြားနေပါသည်။

ခုတင်ဘေးတစ်ဖက်တွင်တော့ ဒေါ်ခင်မေဘာ ရှိနေသည်။

ဒေါ်ခင်မေဘာနှင့် ယှဉ်တွဲရပ်နေသူက ခင်ဖြူဖြူ။

ဘာတွေဖြစ်ကုန်ကြပြီလဲ။

"သမီးစိတ်ထဲမှာ ဘာမျှ သံသယမထားနဲ့တော့နော်။ ပြဿနာတွေအားလုံး ရှင်းသွားပါပြီ"

"ဟုတ်တယ် သမီး။ သမီး သတိလစ်နေတာ သုံးရက်တောင်ကြာတယ်"

"အို . . . သုံးရက်တောင်"

"ဟုတ်တယ် သမီး"

"သမီး ဘာတွေဖြစ်သွားသေးလဲ"

"အားလုံးရှင်းသွားပြီ သမီး။ ဖြစ်သမျှအားလုံးဟာ ဝမ်းသာစရာချည်းပဲ။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်"

"ရှင် . . . "

"သမီးရဲ့ကိုယ်ဝန်ဟာ ပျက်ကျသွားခဲ့တယ်"

"အို . . . "

"ရေထဲကျအသွားမှာ ရေထဲက သစ်ငုတ်နဲ့ ခိုက်မိတာပဲ သမီး"

"ခုတော့ ပြီးသွားပါပြီကွယ်။ အားလုံးကုသပြီးပါပြီ။ စိုးရိမ်စရာမရှိတော့ပါဘူး"

မိန်းမသားပီပီ ကိုယ်ဝန်ကို နှမြောမိပေသည်။

ဒါတွေကို အစ်ကိုမသိသေး။ ကိုသက်ဆွေကို သတိရမိသည်၊ ချစ်သူကို တမ်းတမိပါသော်လည်း ချစ်သူက အမေတူ အဖေကွဲအစ်ကို ဖြစ်နေသည်။ ဒီကိစ္စအတွက် ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ရမှာလဲ။ အစ်ကို့ကိုရော ဘယ်လိုရင်ဆိုင်ရမှာလဲ"

ဖြူဖွေးဖော့သည် ဒေါ်နှင်းဖြူမျက်နှာကို ရဲရဲမကြည့်ဝံ့။



www.burmeseclassic.com

www.burmeseclassic.com



''သမီးစိတ်ထဲမှာ ဘာတွေတွေးနေတယ်ဆိုတာ မေမေတို့ အားလုံး ရိပ်မိတယ်''

ဒေါ်နှင်းဖြူက ပြောလိုက်သည်။

''ညီမလေးကို အကြောင်းစုံ ဖွင့်ပြောဖို့သင့်ပြီ ထင်တယ်။ ညီမလေး ရင်ထဲမှာ သံသယတွေ မတင်မကျဖြစ်နေရင် မကောင်းဘူး ထင်တယ်''

ခင်ဖြူဖြူက ပြောသည်။

''ဟုတ်တယ် . . . လူကိုထိခိုက်မှာ စိုးရတယ်။ သမီးကို အကြောင်း စုံ ဖွင့်ပြောလိုက်ရအောင်''

သူတို့ပြောနေသော စကားများကို ဖြူဖွေးဖော့ နားမလည်မိ။ သူမ သတိလစ်နေသည့် သုံးရက်အတွင်းမှာ ဘာတွေဖြစ်ခဲ့ပါလိမ့်။

ခင်ဖြူဖြူက ဖြူဖွေးဖော့ လက်ကလေးကို တယုတယဆွဲယူလိုက် သည်။

''ညီမလေးဟာ ဒေါ်နှင်းဖြူရဲ့သမီး ဖြူဖွေးဖော့အစစ် မဟုတ်ဘူး ဆိုတာ သိပြီးပြီနော်''

''ဟုတ်ကဲ့ . . . ဖွေး အဲ . . . ညီမလေးဟာ ဖြူဖွေးဖော့ မဟုတ် တော့ပါဘူးလေ။ ဂွမ်းပွင့်ပါ''

ခင်ဖြူဖြူ ပြုံးလိုက်သည်။

''ဒေါ်ဒေါ်မေဟာ ဖြူဖွေးဖော့အစစ်ကလေး သေပြီထင်ပြီး ဂွမ်းပွင့် လေးကို ဖြူဖွေးဖော့အဖြစ် အစားထိုးခဲ့တယ်။ အမှန်တော့ တကယ့် ဖြူဖွေး ဖော့အစစ် ကလေးဟာ မသေဘူးကွယ့်''

''ဘယ်လို''

''ဒေါ်နှင်းဖြူရဲ့သမီးအရင်း ဖြူဖွေးဖော့လေးဟာ ဒေါ်ဒေါ်မေ ထင် သလို မီးလောင်တဲ့အထဲ ပါမသွားခဲ့ပါဘူးကွယ်''



ထိုနေ့က ဖြူဖွေးဖော့လေး ဆေးရုံတင်လိုက်ရသည်ဟူသော သတင်း ကို ရလေသည်။

ခင်ဖြူဖြူ ဆေးရုံသို့ ပြေးခဲ့သည်။

ဖြူဖွေးဖော့လေး၏ နှစ်လရှိနေပြီဖြစ်သော ကိုယ်ဝန်ပျက်ကျခဲ့ ကြောင်း သိရသည်။

ဒေါ်နှင်းဖြူ ဆေးရုံသို့ ရောက်မလာသည့်အတွက် ခင်ဖြူဖြူ အံ့ဩရ သည်။ အပျိုစင်သမီးလေး ကိုယ်ဝန်ပျက်ကျသည့်အတွက် ရှက်ပြီး မလာတာ လား။

သို့သော် ဆေးရုံသို့ ဦးဘသော် ရောက်လာလေသည်။

ဦးဘသော်ပြောပြ၍ အကြောင်းအရာတချို့ကို ခင်ဖြူဖြူ သိခွင့်ရ ခဲ့သည်။

ချမ်းမြေ့ရိပ်မြုံသုခဘုံတွင် ဖြူဖွေးဖော့နှင့်ပတ်သက်၍ ပေါက်ကွဲမှု တစ်ခု ဖြစ်ခဲ့ကြောင်း ရိပ်မိလာခဲ့သည်။

အိမ်ပြန်ရောက်တော့ ဖခင်ဦးအောင်ခက်ကို ပြောပြလိုက်သည်။

''ချမ်းမြေ့ရိပ်မြုံရဲ့ အရှုပ်တော်ပုံထဲကို ဝင်ပါဖို့ အချိန်တန်ပြီ သမီး။ ဖေဖေတို့ သိသမျှ ဖွင့်ချလိုက်မှ ချမ်းမြေ့ရိပ်မြုံရဲ့ ပြဿနာဟာ ရှင်းတော့မယ်''

သို့ဖြင့် ဦးအောင်ခက်နှင့်ခင်ဖြူဖြူ ချမ်းမြေ့ရိပ်မြုံသို့ ရောက်ခဲ့ရ သည်။

ဒေါ်နှင်းဖြူနှင့် ဒေါ်ခင်မေဘတို့ကို မျက်နှာစုံညီ ရှိစေလိုက်သည်။

ချမ်းမြေ့ရိပ်မြုံ၏အရှုပ်အထွေးများကို သူတို့ သိထားသည့်ရှုထောင့်မှ ရှင်းလင်းတင်ပြလိုက်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လူအစုံရှေ့တွင် ဦးအောင်ခန့်က ဒေါ်ခင်မေဘာအား ဓာတ်ပုံတစ်ပုံ ယူပြလိုက်သည်။

''ဒေါ်ခင်မေဘာ ဒီဓာတ်ပုံလေးကို ကြည့်ပါဦး။ ဓာတ်ပုံထဲက လူတွေကို သိသလားလို့''

ဓာတ်ပုံသည် ယောကျ်ားတစ်ဦးနှင့်မိန်းမတစ်ဦး တွဲရိုက်ထားသော ပုံ ဖြစ်ပါ၏။

ဒေါ်ခင်မေဘာက ဦးအောင်ခက်ပေးသော ပုံကို ယူကြည့်လိုက်၏။

''အို... ဒါ... ဒါ... မယဉ်ခန့်နဲ့ ကိုရွှေရိုးတို့ လင်မယားပုံပဲ။ မနှင်းဖြူ... မနှင်းဖြူရဲ့သမီးလေးကို မွေးစားဖို့ပေးခဲ့တာ ဒီဓာတ်ပုံထဲက လင်မယားကိုပေါ့။ မီးလောင်ပြီး သေသွားကြတာ သူတို့နှစ်ယောက်လေ''

ဒေါ်နှင်းဖြူက ဒေါ်ခင်မေဘာ လက်ထဲက ဓာတ်ပုံကိုယူကြည့်လိုက်သည်။

''ဦးအောင်ခက်က မယဉ်ခန့်တို့ကို သိလို့လား''

''ဟုတ်ကဲ့... သိတယ်ဆိုပါတော့။ ဒီဓာတ်ပုံလေးကိုလည်း ကြည့်ပါဦး''

ဦးအောင်ခက်က ဒေါ်ခင်မေဘာကို နောက်တစ်ပုံ ထပ်ပေးပြန်သည်။

''ဒီပုံထဲက အမျိုးသမီးကိုရော ဒေါ်ခင်မေဘာ သိပါသလား''

''ဟင့်အင်း... ကျွန်မ မသိဘူး''

''သူ့နာမည်က မယဉ်သန့်တဲ့။ မယဉ်ခန့်ရဲ့ညီမအရင်းပဲ။ မယဉ်ခန့်နဲ့ အတူနေတယ်''

''ကျွန်မ မယဉ်ခန့်တို့ဆီ ရောက်တဲ့အချိန်ကတော့ မတွေ့ခဲ့ပါဘူး''

''မယဉ်သန့်က ကျောင်းဆရာမလေ။ သရက်မြို့နားက ရွာလေးတစ်ရွာမှာ အဲဒီအချိန်တုန်းက တာဝန်ကျနေတယ်''

''ဟုတ်ကဲ့.. ဒီဓာတ်ပုံတွေနဲ့ အခုပြောမယ့် အကြောင်းအရာတွေ ဘယ်လိုသက်ဆိုင်နေလို့လဲ ဦးအောင်ခက်ရယ်''

လိုရင်းမရောက်နိုင်၍ စိတ်မရှည်တော့သော ဒေါ်နှင်းဖြူက မေးလိုက်သည်။

''ဒီလိုပါ ခင်ဗျာ၊ ဒေါ်ခင်မေဘာက မယဉ်ခန့်တို့ လင်မယားကို ကလေးမွေးစားဖို့ ပေးပစ်ခဲ့တယ်။ ဟုတ်တယ် မဟုတ်လား''

''ဟုတ်ကဲ့''





''မမျှော်လင့်ဘဲ မယဉ်ခန့်တို့ လင်မယားနှစ်ယောက်လုံး မီးလောင်သေဆုံးသွားကြတော့ ဖြူဖွေးဖော့လေးပါ သေပြီအထင်နဲ့ သူ့သမီးလေး ဝွမ်းပွင့်ကို အစားထိုးခဲ့တယ် မဟုတ်လား''

''နေပါဦး ဦးအောင်ခက်ရဲ့... ဖြူဖွေးဖော့ သေပြီအထင်နဲ့ မေဘာက ကလေးအစားထိုးခဲ့တာဆိုတော့ ဖြူဖွေးဖော့လေးက မသေလို့လား''

''ဟုတ်ကဲ့... ဆက်ပြောပါ့မယ်။ မယဉ်ခန့်မှာ မယဉ်သန့် ဆိုတဲ့ ညီမတစ်ယောက် ရှိပါတယ်။ မယဉ်သန့်ကလည်း ဖြူဖွေးဖော့လေးကိုချစ်တော့ တစ်ခါတစ်ရံမှာ သူ ကျောင်းဆရာမလုပ်တဲ့ ရွာကလေးကို ခေါ်သွားလေ့ ရှိပါတယ်''

''ရှင်... ''

''မီးလောင်တဲ့နေ့ကလည်း ဖြူဖွေးဖော့လေးဟာ မယဉ်ခန့်တို့နဲ့ ရှိမနေပါဘူး။ အဲဒီနေ့မနက်မှာပဲ မယဉ်သန့်ဟာ ဖြူဖွေးဖော့လေးကို သူ နေတဲ့ ရွာကို ခေါ်လာခဲ့ပါတယ်''

''ဟင်... ဒါဖြင့်... ''

''ဖြူဖွေးဖော့ မသေဘူးပေါ့။ ပြောစမ်းပါ ဦးအောင်ခက်။ ကျွန်မ သမီးလေး မသေခဲ့ဘူးပေါ့။ အခုရော ရှိသေးလား။ သက်ရှိထင်ရှား ရှိသေးလား။ ကျွန်မသမီးလေး ဘယ်မှာလဲရှင်''

''ရှိပါတယ် ဒေါ်နှင်းဖြူ။ ဒေါ်နှင်းဖြူရဲ့ သမီးလေးကို မယဉ်သန့်ကပဲ ဆက်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်။ မယဉ်သန့်ဟာလည်း တခြားသူ မဟုတ်ပါဘူး။ ကျွန်တော့်ဇနီးပါ။ ကျွန်တော်နဲ့ အိမ်ထောင်ကျတဲ့အချိန်မှာ သူဟာ ဖြူဖွေးဖော့လေးကို မွေးစားပြီးပါပြီ''

''အို... ဒါဖြင့်''

''ဟောဒီက သမီးလေးခင်ဖြူဖြူဟာ ဖြူဖွေးဖော့ဆိုတဲ့ နာမည်ကို ပြောင်းထားတဲ့ ဒေါ်နှင်းဖြူရဲ့သမီးလေး ဖြူဖွေးဖော့ အစစ်ပါပဲခင်ဗျား''

''အောင်မယ်လေး သမီးရယ်''

ဒေါ်နှင်းဖြူက ခင်ဖြူဖြူကို ပြေးဖက်လိုက်သည်။

''မေမေ... မေမေရယ်''

ခင်ဖြူဖြူအဖို့ မိခင်ရင်းကို အမေခေါ်ခွင့်ရခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

''ဒါနဲ့များရှင် . . . ဦးအောင်ခက်တို့ ကျွန်မနဲ့ ဆက်သွယ်ကြပါတော့လား။ ဒီမြို့ရောက်နေတာ ကြာပြီပဲ''

''ကျွန်တော်တို့မှာ ဖြူဖွေးဖော့အစစ်အမှန် ဖြစ်ကြောင်း သက်သေပြစရာ ဘယက်ကြီး မရှိလို့ပါ ဒေါ်နှင်းဖြူ။ ဒေါ်နှင်းဖြူကို ရှင်းပြဖို့ အခွင့်အရေးကို စောင့်နေကြတာပါ။ ဒီတုန်းမှာ ဖြူဖွေးဖော့ဆိုတဲ့ မိန်းကလေး မမျှော်လင့်ဘဲ ရောက်လာတော့ ကျွန်တော်တို့မှာ အံ့လည်းအံ့ဩ၊ နားလည်းမလည်နိုင်အောင် ဖြစ်ခဲ့ကြပါတယ်။ ပြီးတော့ သူက နဝရတ်ကိုးသွယ် ဘယက်ကြီးကို သက်သေပြနိုင်တယ်ဆိုတော့ ဒီဘယက်ကြီးဟာ သူ့လက်ထဲ ဘယ်လိုရောက်သွားတယ်ဆိုတာ စဉ်းစားမရနိုင် ဖြစ်နေခဲ့ရတာပါ''

''ဘယက်က မေဘလက်ထဲ အမှတ်မထင် ပြန်ရောက်သွားခဲ့တာကိုး''

''ဟုတ်ပါတယ် မနှင်းဖြူရယ်။ ကျွန်မကလည်း ဖြူဖွေးဖော့အစစ်ကလေး သေသွားပြီ အထင်နဲ့ ကျွန်မ သမီးလေးဂွမ်းပွင့်ကို အစားထိုးမိတာပါ။ ခွင့်လွှတ်ပါ မနှင်းဖြူ''



''မေမေဒေါ်နှင်းဖြူက ဒေါ်ဒေါ်မေ့ကို ခွင့်လွှတ်ခဲ့ပြီးပါပြီ ညီမလေးရယ်။ ညီမလေးဟာလည်း ဒီအဖြစ်အပျက်ထဲမှာ ဘာမှုမသိဘဲ ပါဝင်ခဲ့ရတာမို့ မေမေက ခွင့်လွှတ်ပါတယ်ကွယ်''

ဖြူဖွေးဖော့က ခေါင်းကို ခါယမ်းပစ်လိုက်သည်။

''မဟုတ်ဘူး။ ပြဿနာအားလုံး ပြေလည်သွားပြီဆိုတာ မမဖြူတို့ အထင်ကိုး။ တကယ်တော့ . . . တကယ်တော့ . . . ''

စကားလုံးများက ဖြူဖွေးဖော့ လည်ချောင်းထဲတွင် တစ်နေသည်။ ဖြစ်ရပ်မှန်ကို နှုတ်မှပြောမထွက်ပေ။

''တကယ်ဆိုတော့ ရှက်စရာကောင်းလွန်းလှတဲ့ အဖြစ်ကြီးပါ။ သမီးရဲ့အမေရင်းဆိုတဲ့ ဒေါ်ဒေါ်မေရယ်။ သမီးရဲ့ကိုယ်ဝန်ဟာ ဘယ်သူနဲ့ ရခဲ့တယ်ဆိုတာသာ လူတွေ သိသွားကြရင်''

''မမဖြူတို့အားလုံး သိပြီးပါပြီ ညီမလေးရယ်''

''ရှင် . . . သိပြီးပြီ''

''မောင်သက်ဆွေနဲ့ သမီး ချစ်ကြိုက်နေတယ်ဆိုတာရော၊ ကိုယ်ဝန်ဟာ မောင်သက်ဆွေနဲ့ ရခဲ့တယ်ဆိုတာရော မေမေတို့ သိပြီးပါပြီသမီး''

ဒေါ်နှင်းဖြူက ဝင်ပြောသည်။

''ရှင် . . . အစ်ကိုဟာ ဒေါ်ဒေါ်မေ့ရဲ့သားလေး၊ ကျွန်မ . . . ကျွန်မကလည်း ဒေါ်ဒေါ်မေ့သမီးဆိုတော့ကာ။ အို . . . ရှက်စရာကောင်းလှပါတယ် မေမေတို့ရယ်။ သမီးတို့ဟာ မောင်နှမ . . . အမေတူအဖေကွဲမောင်နှမတွေ''



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ သမီး။ မောင်သက်ဆွေ ဝင်လာပြီး သမီးကို ရှင်းပြတဲ့ အခါ သမီး နားရှင်းသွားမှာပါ"

"ဟင် . . . အစ်ကို . . . အစ်ကို ပြန်ရောက်နေပြီလား"

"မနေ့က ပြန်ရောက်တယ် သမီး"

ဒေါ်နှင်းဖြူ စကားမဆုံးမီမှာပင် ကိုသက်ဆွေ အခန်းထဲ ဝင်လာသည်။

ဖြူဖွေးဖော့မျက်နှာကို ခေါင်းအုံးပေါ်အပ်ထားမိ၏။

အစ်ကို့ကို ရင်မဆိုင်ရဲ။ မကြည့်ရဲပါ။

ကိုသက်ဆွေ ဝင်လာသည်နှင့် ဒေါ်နှင်းဖြူ ခင်ဖြူဖြူနှင့် ဒေါ်ခင်မေဘတို့ အခန်းထဲမှထွက်သွားကြလေသည်။

၀

"ဖွေး . . . ဟော့ . . . ဖွေး . . . အစ်ကို့ကို မော့ကြည့်ပါဦးကွ"

ဖွေး မော့မကြည့်ရဲပေ။

"ဖွေးလေး . . . အစ်ကို့ဖွေးလေး"

ကိုသက်ဆွေက ဖွေးကို ပခုံးဆီမှဆွဲထူကာ မေးစေ့လေးကို ဆွဲကိုင်၍ မော့စေလိုက်သည်။

"ဖွေး . . . ဖွေး ဘယ်လိုခံစားနေရမယ်ဆိုတာ အစ်ကို သိပါတယ် ကွယ်။ ဖွေးကို အစ်ကို ပစ္စည်းတစ်ခုပြမယ်။ ကြည့်ပါဦး ဖွေး"

ကိုသက်ဆွေက သူ ကိုင်လာသောလက်ဆွဲအိတ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်ယူလိုက်သည်။ ကိုသက်ဆွေ လက်ထဲပါလာသော ပစ္စည်းလေးကို မြင်လိုက်ရသည့်အခါ ဖွေး တုန်လှုပ်သွားလေသည်။

"ဒီပစ္စည်းလေးကို မှတ်မိလား ဖွေး"

ကိုသက်ဆွေက သစ်သားဘူးအနက်ကလေးကို ပြရင်း မေးလိုက်သည်။

ဖွေးသည် ကိုသက်ဆွေ လက်ထဲမှဘူးနက်ကလေးကို အငမ်းမရ လှမ်းဖယူလိုက်၏။

"ဒါ . . . ဒါ ဖွေး ပျောက်သွားတဲ့ပစ္စည်း။ ဖွေးအခန်းထဲ သူခိုးဝင်တုန်းက ပါသွားတဲ့ ပစ္စည်းလေး အစ်ကို။ မေမေဒေါ်ခင်စမ်း ပေးခဲ့တဲ့ပစ္စည်း လေးပါ။ အစ်ကို ဘယ်လိုရတာလဲဟင်"

"အဲဒီတုန်းက ဖွေးအခန်းထဲကိုဝင်ခဲ့တဲ့ သူခိုးဟာ အစ်ကိုပါပဲဖွေး"



www.burmeseclassic.com

www.burmeseclassic.com



''ဘာ... ''

''ဖွေး သေသေချာချာ နားထောင်နော်။ အစ်ကိုတို့ဟာ ညီမလေး ခင်ဖြူဖြူသာ ဖြူဖွေးဖော့အစစ်အမှန်ဆိုတာ သိနေကြတဲ့သူတွေဆိုတော့ ဖွေး ရောက်လာတဲ့အခါ ဖွေးအပေါ်မှာ သံသယဝင်မိကြတယ် ဖွေး။ ဒါနဲ့ပဲ ဖွေးဟာ ဘာဆိုတာသိရအောင် ဖွေးအခန်းထဲရအောင်ဝင်ပြီး စုံစမ်းရတာပါကွယ်။ အစ်ကို ဖွေးအခန်းထဲဝင်တဲ့ညမှာ ဖွေးနိုးလာလို့ ဆွဲမိဆွဲရာ ဆွဲရာက ဒီပစ္စည်းလေး အစ်ကို့နောက် ပါလာတာပဲ ဖွေး''

''အစ်ကိုရယ်''

''ဒီဘူးကလေးကို ဖွင့်ကြည့်လိုက်မှ ဖွေးအပေါ်မှာ သံသယရှင်းသွားရတယ် ဖွေး''

''ဟင်... ဘူးလေးကို ဖွင့်ကြည့်ပြီးပြီ''

''ခွင့်လွှတ်ပါ ဖွေး။ ဘူးထဲမှာ စာလေးတစ်စောင်ပဲပါ ပါတယ်။ ဒေါ်ခင်စမ်းက စာတစ်စောင်အနေနဲ့ မပေးခဲ့ချင်လို့ စာခေါက်ကလေးကို ဂွမ်းစတွေကြားမှာညှပ်ပြီး ဘူးလေးထဲထည့်ပိတ်ထားခဲ့တာပါ''

''မေမေက ဖွေး အသက်ကြီးမှ ဖွင့်ကြည့်ဖို့ မှာခဲ့တာပါ အစ်ကို''

''ဘူးလေးထဲကစာကို ဖတ်ကြည့်ရင် ဖွေးအားလုံးကို နားလည်သွားပါလိမ့်မယ်။ ရော့... ဖတ်ကြည့်လိုက်ပါဦး ဖွေး''

၀

သမီးလေး ...

သမီး ဒီစာကိုဖတ်နေတဲ့အချိန်မှာ သမီးဘဝဟာ အေးချမ်းနေရော့မယ်။ သမီးအသက်ဟာလည်း ထိုက်သင့်သလောက် ရင့်ကျက်ကြီးပြင်းနေရောပေါ့။ သမီးမှာ စဉ်းစားဆင်ခြင်နိုင်လောက်အောင် ပညာနဲ့ ဘဝအတွေ့အကြုံတွေလည်း ပြည့်စုံနေလောက်ပြီလို့ မေမေ ခန့်မှန်းမိတယ် သမီး။

သမီးဟာ မေမေ့စကားကို ဘယ်တုန်းကမှ မပယ်ရှားခဲ့လို့ ခုလည်း နားထောင်လိမ့်မယ်လို့ မေမေ ယုံကြည့်ပါတယ်ကွယ်။

မေမေ ကြိုပြောထားပါရစေ သမီး။

ဒီစာဖတ်ပြီးရင် သမီး ဝမ်းမနည်းပါနဲ့။ ဒီအကြောင်းတွေကိုလည်း ဘယ်သူ့ မျှပြန်မပြောပါနဲ့။ ယုတ်စွအဆုံးကွယ် သမီး အိမ်ထောင်ကျပြီးရင်တောင် သမီးရဲ့ခင်ပွန်းကို ပြန်မပြောစေချင်ဘူး။

လွန်ခဲ့တဲ့နှစ် ၂၀ လောက် မေမေတို့အောင်လံ သမ္ဘူလရွာမှာ နေတုန်းက မနှင်းဖြူဆိုတဲ့ မိန်းမချောကြီးတစ်ယောက် ရောက်လာတယ် သမီး။ သူက သူ့ရဲ့သမီးလေးကို ငွေသုံးထောင်ရယ် ဘယက်ကြီးရယ်နဲ့အတူ မွေးစားဖို့ ပေးခဲ့တယ်။

ဒီအကြောင်းတွေကတော့ သမီး သိပြီးသားပေါ့လေ။ သမီး မသိသေးတဲ့အကြောင်းတွေကို မေမေ ဆက်ပြောမယ် သမီး။

ဖြူဖွေးဖော့လေးကို မေမေတို့ တကယ်လည်း ချစ်တဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ် သမီး။ မကြာခင်မှာ မေမေ အိမ်ထောင်ကျခဲ့တယ်။ သမီးဖေဖေ ကိုဘမောင်နဲ့ပေါ့။

နောက်တော့ မေမေတို့အောင်လံမြို့ပေါ်ကို ပြောင်းနေကြတယ်။ ဒီအချိန်မှာ ဖြူဖွေးဖော့လေးဟာ တွတ်တီးတွတ်တာတောင် ပြောတတ်နေပြီကွယ့်။ ကိုဘမောင်ကလည်း သိပ်ချစ်ရှာတယ်။

ဒါပေမဲ့ သမီးရေ . . . ကံအကြောင်းမလှချင်တော့ အဲဒီနှစ်က တစ်တိုင်းပြည်လုံး ကျောက်ရောဂါကပ်ဆိုးကြီး သင့်လိုက်တာ ဖြူဖွေးဖော့လေးဟာ ကျောက်ပေါက်ပြီး ကွယ်လွန်သွားရှာတယ် သမီး။

သမီး အံ့ဩသွားပြီလား။ စိတ်ငြိမ်ငြိမ်ထားပြီး ဆက်ဖတ်ပါဦးကွယ်။

မကြာခင် မေမေ့မှာ ကိုယ်ဝန်ရှိလာတယ်။ သမီးကို မွေးခဲ့တယ်။ မေမေတို့ဟာ ဖြူဖွေးဖော့လေးကို မမေ့နိုင်သေးလို့ သမီးနာမည်ကို ဖြူဖွေးဖော့လို့ပဲ မှည့်ခဲ့တယ် သမီး။ ဘာရည်ရွယ်ချက်မှ မရှိပါဘူး။ သမီးဟာလည်း ဖြူဖွေးဖော့ဆိုတဲ့နာမည်နဲ့လိုက်အောင် ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်လေး ဖြစ်နေတယ်လေ။ သေသွားတဲ့ ဖြူဖွေးဖော့လေးနဲ့လည်း ဆင်နေတယ်။

ဒါဆို သမီးသဘောပေါက်လောက်ပါပြီ။

မေမေတို့ဟာ သမီးနာမည်ကို ဖြူဖွေးဖော့လို့ပေးခဲ့တာ သေသွားတဲ့ ဖြူဖွေးဖော့လေးကို အလွမ်းပြေအနေနဲ့ပါ။ နာမည်ကိုလည်း ကြိုက်လို့ပါ။ တခြားရည်ရွယ်ချက် မရှိပါဘူး။

ခုတော့ သမီးကို ဖြူဖွေးဖော့လို့ နာမည်ပေးခဲ့တာဟာ မေမေလုပ်မယ့် အကြံအစည်အတွက် အဆင်ပြေဖို့ ဖြစ်လာခဲ့ပြီ သမီး။

ဒီစာရေးနေတဲ့အချိန်မှာ မေမေ့ကျန်းမာရေးဟာ မကောင်းတော့ဘူး။ မေမေ မနေရတော့ဘူး သမီး။

မေမေသေသွားရင် သမီးတစ်យောက်တည်း ဆွေမရှိ မျိုးမရှိ ကျန်ရစ်ခဲ့မှာကို တွေးပြီး မေမေ အသေဖြောင့်မှာ မဟုတ်ဘူး။

ဒါ့ကြောင့် ဒီအကြံအစည်ကို ကြံလိုက်ရတာပဲ သမီး။

ကျောင်းကုန်းက မနှင်းဖြူကို ဆက်သွယ်ကြည့်တော့ သူဟာ သူ့သမီးလေးကို မျှော်လင့်နေတယ်ဆိုတာ သိရတယ်။

ဆုပြည့်စုံထွန်းစာပေ



ဖြူဖွေးဖော့အစစ်လေးကတော့ ဆုံးသွားပြီ။

မေမေ မရှိရင် တစ်ကောင်ကြွက် ဖြစ်ကျန်ခဲ့မှာစိုးလို့ သမီးကို သေသွားတဲ့ ဖြူဖွေးဖော့နေရာမှာ အစားထိုးလွှတ်လိုက်ရတာပဲ သမီး။

မေမေ့လုပ်ရပ်ဟာ မသင့်တော်ဘူးဆိုတာ သိပါတယ်။ သမီးအတွက် စိတ်ချရအောင် မေမေ ကြံစည်မိတာပါ သမီး။

မေမေ့အကြံအစည်တွေ သမီးကို ဖွင့်ပြောရင်လည်း သမီးက လက်ခံမှာ မဟုတ်ဘူး။

ဒီလိုလုပ်ပြီးမှ သမီးက တစ်သက်လုံး မေမေ့ကို မွေးစားအမေလို့ မှတ်ယူသွားမှာကို မခံချင်ပြန်ဘူး။ ဒါ့ကြောင့် ဒီစာကို ရေးခဲ့ရတာပဲ သမီး။

စာတစ်စောင်အနေနဲ့ပေးခဲ့ရင် သမီး ဖွင့်ဖတ်မနေမှာ စိုးလို့ ဘူးကလေးထဲ ထည့်ပြီးပေးခဲ့တယ် သမီး။

ကဲ . . . သမီးရေ . . . ဒီစာရေးခဲ့တဲ့ မေမေမခင်စမ်းသာလျှင် သမီးရဲ့အမေအရင်းဆိုတာ သမီးသိသွားရင်ဖြင့် အမေ ကျေနပ်ပါပြီကွယ်။

သမီးရဲ့ဘဝရှေ့ရေးအတွက် ကြံစည်ခဲ့ရတာမို့ မေမေ့ လုပ်ရပ်ကို အထင်သေးတယ်ဆိုရင်လည်း ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် သမီးရယ်။

၀

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

"ဟင်... ဒီလိုဆို ဖွေးဟာ ဒေါ်ခင်စမ်းရဲ့သမီးပဲပေါ့။ ဒေါ်ဒေါ်မေ့သမီး မဟုတ်ဖူးပေါ့"

"ဒါပေါ့ ဖွေးရယ်။ အမေဟာ သူ့ရဲ့သမီးလေးဂွမ်းပွင့်ကို ဖြူဖွေးဖော့လေးနေရာမှာ အစားထိုးခဲ့တယ်။ အစားထိုးခံရတဲ့ ဂွမ်းပွင့်လေးဟာ ဒေါ်ခင်စမ်းလက်ထဲမှာ သေဆုံးခဲ့ရတယ်။ တစ်ခါ ဒေါ်ခင်စမ်းက သူ့သမီးအရင်းဖြစ်တဲ့ ဖွေးကို ထပ်ပြီးအစားထိုးခဲ့တာပေါ့"

"ဒါဖြင့် အစ်ကိုနဲ့ ဖွေးပဟာလည်း"

"ဘာမှမတော်ပါဘူးကွယ်၊ ဖွေးထင်သလို အမေတူအဖေကွဲမောင်နှမတွေ မဟုတ်ကြပါဘူး။ ဒါကို သံသယရှင်းအောင် ဒေါ်ခင်စမ်းရဲ့စာက သက်သေပြနေတာပဲ မဟုတ်လား"

"အစ်ကိုဟာ ဒီဘူးလေးကို ရပြီးပြီးချင်းပဲ မေမေ့စာကို ဖတ်ခဲ့တာပေါ့နော်"

"ဒါပေါ့"

"ဒါနဲ့များ အစ်ကိုတို့မိသားစုဟာ ဖွေးကို ဖြူဖွေးဖော့အစစ် မဟုတ်ကြောင်း မဖော်ထုတ်ကြဘူးနော်။ ဒီစာကို သက်သေပြပြီး မမဖြူသာ ဒေါ်နှင်းဖြူ သမီးအရင်း ဖြစ်တဲ့အကြောင်း ဖြေရှင်းခဲ့ရင်ရသားနဲ့။ အစ်ကိုတို့မိသားစုဟာ သိလျက်နဲ့ ဒီအကြောင်းကို မျိုသိပ်ထားကြတယ်နော်"

"ဒါက ဒီလိုရှိတယ်လေ။ အမှန်က ဒီကိစ္စမှာ ဖွေးက ဘာမှမသိဘဲ ရောပါနေရတာ မဟုတ်လား။ ဖွေးဘက်က ရိုးသားမှုအပြည့်ရှိတယ်ဆိုတာ





စာက သက်သေခံနေတာကိုး။ အဖြစ်မှန်ကို ဖော်ထုတ်လိုက်ရင် ဖွေး အရှက်တကွဲ ဖြစ်သွားမှာစိုးလို့ ဖေဖေကရော၊ ညီမလေးကပါ ဒီအတိုင်း ကြည့်နေခဲ့တာပါ ဖွေး"

"အို ... သဘောထားကြီးလှချည်လား အစ်ကိုတို့ရယ်"

ဖွေးက ကိုသက်ဆွေကို လေးစားစွာကြည့်လိုက်မိသည်။

"ခုတော့ ဖွေးဟာ နာမည်ပါပျောက်ရတဲ့ဘဝ ရောက်ရပါရောလား အစ်ကို။ ဖွေးမှာ ကိုယ်ပိုင်နာမည်တောင် မရှိပါလားနော်။ ဖွေးဟာ သူများအခွံထဲဝင်နေတဲ့ ဝင်ကစွပ်ကောင်လို ဖြစ်နေပါရောလား အစ်ကို၊ အမှန်တရားတွေ ပေါ်လာတော့ နာမည်ပါ ပျောက်ရပါပြီ"

"မဟုတ်တာ ဖွေးရယ်။ ဖွေး နာမည်ဖြူဖွေးဖော့ဆိုတာ မှတ်ပုံတင်ထဲမှာရော။ ကျောင်းစာရင်းထဲမှာရော တရားဝင်ရှိပြီးသားပဲ။ ညီမလေး နာမည်ဟာလည်း ခင်ဖြူဖြူလို့ပဲ တရားဝင်မှည့်ထားတာ။ ညီမလေး ခင်ဖြူဖြူကလည်း ဖြူဖွေးဖော့ဆိုတဲ့နာမည်ကို ခုမှတော့ ပြန်သုံးတော့မှာ မဟုတ်ပါဘူး။ ဖြူဖွေးဖော့ဆိုတဲ့ နာမည်ပိုင်ရှင်ဟာ ဟောဒီက ဖွေးပါပဲကွယ်"

"အစ်ကိုရယ်"

ခုတော့ ပြဿနာအားလုံးသည် ရှင်းလင်းခဲ့လေပြီ။

ဒေါ်နှင်းဖြူက ဒေါ်ခင်မေဘ၏ လုပ်ရပ်များကို ခွင့်လွှတ်ခဲ့သည်ဟု ဆိုသည်။

"လူတွေဟာ လောဘသားတွေမို့ မေဘကိုရော၊ မခင်စမ်းကိုရော အပြစ်မမြင်တော့ပါဘူးလေ။ မေဘကလည်း ဖြူဖွေးဖော့အစစ်က တကယ်သေသွားတယ်ထင်ပြီး သူ့သမီးကို အစားထိုးခဲ့တယ်။ ချမ်းမြေ့ရိပ်မြုံရဲ့ မျိုးဆက်ပြတ်သွားပြီအထင်နဲ့ သူ့သမီးလေးကို ကောင်းစားစေချင်လို့ လုပ်ခဲ့တာကိုး။ မခင်စမ်းခမျာလည်း တစ်ကောင်ကြွက်ဘဝနဲ့ သူ့သမီးလေး မျက်နှာငယ်ကျန်ခဲ့မှာကို စိုးရိမ်စိတ်နဲ့ ကြံမိကြံရာကြံခဲ့တာပဲ။ ကျွန်မသာ သူတို့နေရာမှာဆိုရင်လည်း ဒီလို လုပ်မိမှာပါလေ၊ မိခင်မေတ္တာကိုး"

ဒေါ်နှင်းဖြူက အကြောင်းစုံကိုသိရှိပြီးသော ညနေမှာပင် ခင်ဖြူဖြူကို ချမ်းမြေ့ရိပ်မြုံသို့ အပြီးအပိုင်ခေါ်ထားလိုက်ပြီဖြစ်သည်။ ဖြူဖွေးဖော့ကိုလည်း သမီးတစ်ယောက်သဖွယ် သူကပင် ဆက်ကျွေးမွေးစောင့်ရှောက်ဖို့ တာဝန်ယူရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကတော့ ဖွေးနဲ့အမြန်ဆုံး လက်ထပ်လိုက်ချင်ပြီ ဖွေး။ ဖွေးလည်း ချမ်းမြေ့ရိပ်မြုံမှာ ဆက်နေချင်မှာမဟုတ်ဘူး။ သင့်လည်း မသင့်တော်ဘူးလေ"

"ဟုတ်တယ် အစ်ကို။ ဖွေး မျက်နှာပူတယ်"

"အစ်ကိုအနေနဲ့ကျတော့လည်း တစ်သက်လုံးမွေးလာခဲ့တဲ့ ဖေဖေဦးအောင်ခက်ကို ပြုစုရဖို့ တာဝန်ရှိတယ် ဖွေး။ ဖေဖေဟာ ညီမလေး ဘဝမှန်ကို ရောက်သွားလို့ ဝမ်းသာပေမဲ့ အစ်ကိုကလည်း အမေအရင်းနဲ့ တွေ့ထားတော့ကာ သားနဲ့သမီးနှစ်ယောက်စလုံး သူ့ကို အချစ်ပေါ့သွားမလားတွေးပြီး ဝမ်းနည်းနေရှာတယ်"

"သနားပါတယ် အစ်ကိုရယ်"

"အဲဒီတော့ အစ်ကိုနဲ့ဖွေး အမြန်ဆုံးလက်ထပ်ကြပြီး ဖေဖေရော၊ အမေနဲ့ပါ တစ်စုပေါင်းစည်းတည်း နေကြပါစို့ ဖွေးရယ်"

"အင်း ... ဒီလို ပြဿနာအားလုံး ပြေလည်သွားပြီဆိုတော့လည်း ဖွေး နှမြောလိုက်တာ အစ်ကိုရယ်"

"ဘာကိုလဲ ဖွေး"

"ဖွေးရဲ့ ဖျက်ကျသွားတဲ့ကိုယ်ဝန်ကိုပေါ့"

"အစ်ကိုလည်း နှမြောတာပေါ့ကွယ်။ ဒါပေမဲ့ ဒီအတွက်တော့ မပူနဲ့ ဖွေး။ အစ်ကိုတို့ အသက်က ငယ်ငယ်ပဲ ရှိပါသေးတယ်။ သားသားလေးတွေ၊ မီးမီးလေးတွေ ဖွေးဘယ်နှစ်ယောက်လိုချင်သလဲ ပြော။ အစ်ကို တာဝန်ယူတယ်"

"ဟယ်... အစ်ကိုကလည်းကွာ။ ကဲ ... ကဲ"

ဖွေးက ရှက်ရှက်နှင့် ကိုသက်ဆွေ၏ရင်အုပ်ကျယ်ကြီးကို လက်သီးနှင့်ထုလိုက်လေသည်။

ထိုအခါ ချစ်သူနှစ်ဦးတို့ ကြည်နူးရွှင်ပျစွာ ရယ်မောသံများသည်လည်း ဆေးရုံအခန်းလေးထဲမှတစ်ဆင့် ပြင်ပသို့တိုင် ဖိတ်လျှံထွက်ပေါ်လာပါလေတော့သတည်း။

ဆောင်းလုလင်

www.burmeseclassic.com

www.burmeseclassic.com

